www.burmeseclassic.com

အင်းလျားစာအုပ်

၁၉၈၀ ပြည့်

အမျိုးသားစာပေ (ဝတ္ထုတို) ဆုရ

# မဂ္ဂဇင်း ဝတ္ထုရှည်များ

## မိုးမိုး (အင်းလျား)



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အင်းလျားစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မိုးမိုး (အင်းလျား)

၁၉၈၀ ပြည့်

အမျိုးသားစာပေ (ဝတ္ထုတို) ဆုရ

# မဂ္ဂဇင်း ဝတ္ထုရှည်များ

အမှတ် ၁၇၃၊ ၃၃ လမ်း၊
ရန်ကုန်မြို့။
ဖုန်း-၂၈၅၁၆၆

www.burmeseclassic.com

www.burmeseclassic.com

**မဂ္ဂဇင်းဝတ္ထုရှည်များ**

ပထမအကြိမ် ပုံနှိပ်ခြင်း
၁၉၈၀၊ ဇွန်
ဒုတိယအကြိမ် ပုံနှိပ်ခြင်း
၁၉၉၈၊ ဩဂုတ်
၁၀၀၀ အုပ်

မျက်နှာဖုံးပန်းချီ စိုးမိုးနိုင်၏ မိုးအမည်ရှိ ရေဆေးပန်းချီကား
တစ်စိတ်တစ်ဒေသကို ဖေညွန့်ဝေ ဒီဇိုင်းပြုလုပ်ပါသည်။ စာအုပ်ချုပ် ကိုမြင့်၊
စာအုပ်စာတမ်း စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၃၂၀/၉၈ (၆)
စာအုပ်စာတမ်း မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုပအမှတ် ၂၈၉/၉၈ (၇)

ဦးမြသန်း (၀၁၀၅၀) အသိုင်းအဝိုင်းစာပေ၊ အမှတ် ၃၅၊ သမာဓိလမ်း၊ ဖွဲ့စုံရပ်၊
ကမ္ဘာအေး၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃လမ်း၊
ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| -။ | စာရေးသူ၏ အမှာစာ | က |
| ၁။ | မြုံးထဲက ငါးနှစ်ကောင် | ၁ |
| ၂။ | ရေမှာပျော်သောငါး တောမှာပျော်သော ဆင် | ၄၃ |
| ၃။ | ထို့ကြောင့် ဤကဲ့သို့ | ၉၉ |
| ၄။ | ပြည့်စုံခြင်းနှင့် မပြည့်စုံခြင်း | ၁၅၉ |
| ၅။ | နေရဲ့သူ့ မြေနီခင် | ၁၈၉ |
| ၆။ | အမေ ဆုတောင်းလိုက်ပါသည် | ၂၂၉ |


www.burmeseclassic.com

www.burmeseclassic.com

# ၁

# မြုံးထဲက ငါးနှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

# ၁

မရေရာသည့် အဖြစ်များကို ပြောရမည်ဆိုလျှင် မောင်နှင့် ချစ်ချစ်တို့ ဇာတ်လမ်းလောက် ဖြစ်ကတတ်ဆန်းနိုင်လှသည့် ချစ်ကိုယ်တွေ့မျိုးတော့ ရှိမည်မထင်။ ကာတွန်းဇာတ်လမ်း တစ်ပုဒ်လောက်မျှပင် စိတ်ဝင်စားဖွယ် ကောင်းမည် မဟုတ်။ သို့သော် အရိုးဆုံး အဖြစ်အပျက်တစ်ခုသည် တစ်သက်တာတွင် အစွဲလမ်းရဆုံး၊ တမ်းတရဆုံး၊ လွမ်းမောရဆုံး ရှိတတ်သည်ကိုတော့ မောင် လက်ခံနိုင်လိမ့်မည် ထင်၏။

ချစ်ချစ်တို့ ဘဝကိုက မရေရာလှသည့် ဘဝမျိုး။ လေလွင့်တတ်သော၊ ပျက်စီးတတ်သော၊ ဆုပ်ကိုင်ဖမ်းယူခြင်းငှာ မစွမ်းနိုင်သော တွယ်ရာမဲ့ ဘဝမျိုးကို လေထဲတွင် လွင့်ပါးပျံဝဲနေတတ်သည့် ဒြပ်ဝတ္ထုများနှင့် နှိုင်းယှဉ်တတ်ကြမြဲဆိုပါလျှင် ချစ်ချစ်တို့သည်လည်း တေလေငှက်များ ပမာပင်တည်း။ အဘယ်ကြောင့်ဆိုသော် ချစ်ချစ်တို့ ဘဝသည် မြေပြင် ပေါ်မှာပင် လေထုထဲတွင် လှုပ်ရှားသွားလာနေရသည်က များသော ကြောင့်ပင်ဖြစ်လေ၏။ မောင့်ကို ချစ်ချစ် စတွေ့ရသည်ကပင် လေထုထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ထို့ကြောင့် မောင်က ချစ်ချစ်ကို 'လေယာဉ်ပေါ်က အရုပ်ကလေး' ဟု တင်စားခေါ်ဝေါ်ခဲ့ရသေးသည်။

မောင်နှင့် တွေ့ခဲ့ရသော ထိုတစ်နေ့ကိုတော့ ချစ်ချစ် မေ့နိုင်တော့မည် မဟုတ်။ ၁၉၇၆ ခုနှစ်၊ ဧပြီလ ၂၄ရက် စနေနေ့။ စနေနေ့ဆိုတော့ မောင်တို့ အယူအဆနှင့်ဆိုလျှင် မကောင်းဘူးထင်ပါရဲ့။ ပြီးတော့ ချစ်ချစ်က စနေသမီး၊ မောင့်ဘဝကို စနေဂြိုဟ်ဝင်ပြီ ထင်၏။

တကယ်တော့ ထိုနေ့က ချစ်ချစ် သိပ်ပင်ပန်းနေခဲ့သည်။ မနက်ပိုင်း ရေနံချာတာ တစ်ခေါက်သွားရသည်။ အပြန်တွင် ညောင်ဦး၊ မန္တလေး စပယ်ရှယ်တစ်ခေါက် လိုက်ရပြန်သည်။ သည်အခေါက်တွင် မောင့်ကို တွေ့ရခြင်းဖြစ်၏။ ခရီးသည်တွေက များသည်။ လူနာ နှစ်ယောက်က လည်း ပါသေးသည်။ မောင်သည် ကားမှောက်၍ ဒဏ်ရာရလာသော လူနာအဒေါ်ကြီး၏ ရှေ့တွင်ထိုင်နေလေသည်။ ရဲရဲနီသော စပို့ရှပ်အင်္ကျီလေးကို ဝတ်ထားသည်။ မောင့်အသားသည် ဖြူ၏။

လေယာဉ်မထွက်မီမှာပင် မောင့်ကို ချစ်ချစ် သတိထားမိသည်။ မောင့်ရုပ်သည် မြန်မာမှန်း သိသာသည့်တိုင် ဥရောပဘက်ကိုလည်း နွယ်ချင်ချင်။ မောင့်ဆံပင်များသည် ရှည်လျားသော်လည်း ပျော့ပျောင်း ပိရိသဖြင့် အမြင်မရှုပ်ထွေးလှ။ မျက်ခုံးထူထူအောက်တွင် မျက်လုံးများက နီနေလေသည်။ တန်တော့ မောင် အဖျော်ယမကာတစ်ခုခုကို သုံးဆောင်ခဲ့ဟန် တူသည်။

မောင့်အပါးသို့ ချစ်ချစ် လျှောက်လာစဉ် မောင်က ရီဝေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်ကို သတိထားမိသည်။ ချစ်ချစ်တို့ အတွက်တော့ ရိုးနေချေပြီ။ ခရီးသည်များ အားလုံးကို ဂရုစိုက်ရသည်မို့ ခရီးသည်များကလည်း ဂရုတစိုက်ရှိသည်ကို ခံယူရတတ်ပြီ။ အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေအောင် ဆက်ဆံဖို့က ချစ်ချစ်တို့တာဝန်ဖြစ်၏။ ချစ်ချစ်သည် မျက်နှာကို အချိုဆုံး ပြုံးထားမိလေသည်။

'ပလိစ် စိတ်မရှိနဲ့နော်၊ အခြားတစ်နေရာရွှေ့ပေးပါလား ရှင်၊ နောက်က လူနာကို ထိမှာစိုးလို့ပါ'

မောင်များ ငြိုငြင်သွားမလားဟု ပူပန်မိသော်လည်း စေတနာမှန်နှင့်မို့ ဖွင့်ပြောလိုက်ရသည်။ မောင်သည် ရီဝေမှေးစင်းနေသော မျက်လုံးများကို အားယူ၍ ဖွင့်လိုက်ပြန်သည်။ ပြီးတော့ နေရာမှ အေးအေးဆေးဆေး ထသွားသည်။ ရှေ့ပိုင်းကို လျှောက်သွားပြီးမှ မောင် ပြန်လှည့်လာ၏။

'အခြား ပြတင်းဘေး ထိုင်ခုံလဲမရှိလို့ ဒီမှာပဲ ထိုင်ပါရစေလားဗျာ၊ ကျွန်တော် အပြင်ကို ကြည့်ချင်လို့ပါ'

ကလေးလေးကျနေတာပဲဟု စိတ်တွင်းမှ တွေးမိသော်လည်း 'ဒီလိုဆိုလဲ ထိုင်ပါ၊ ရပါတယ်' ဟု ယဉ်ကျေးစွာပြောလိုက်ရသည်။ သူ့ခုံကြားမှ လက်တန်းကလေးကိုလည်း သူ သက်သက်သာသာရှိစေရန် ဖြုတ်ပေးခဲ့သည်။ ပြီးတော့ ချစ်ချစ် နောက်ဖက် အခန်းလေးထဲသို့ ဝင်လာခဲ့၏။ လေယာဉ်ထွက်ခွာမည့်အကြောင်း ကြေညာရန် ခွက်ကလေးကို ကိုင်လိုက်ရသည်။

'ကျေးဇူးပြု၍ နားဆင်ပါရှင်၊ ယနေ့ စီးနင်းလိုက်ပါလာကြတဲ့ ခရီးသည်များ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေ၊ အချိန်အနည်းငယ်အတွင်းမှာ ကျွန်မတို့ လေယာဉ်သည် ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းပါလိမ့်မယ်၊ အမြင့်ပေ တစ်သောင်းသုံးထောင်မှ ပျံသန်းပြီး ပျံသန်းချိန် တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ခန့် ကြာရှိပါလိမ့်မယ်ရှင်၊ ခု လေယာဉ် စတင်ထွက်ခွာတော့မှာမို့ ခရီးသည်များအားလုံး ထိုင်ခုံရှိ ခါးပတ်များကို ပတ်ထားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပိုင်းမှ အချက်ပြမီးနီ မငြိမ်းမီ ဆေးလိပ်များ မသောက်ကြပါရန် အထူး မေတ္တာ ရပ်ခံပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်''

ပြီးတော့ အင်္ဂလိပ်လိုတစ်ခေါက် ပြောရသေးသည်။ လေယာဉ် စက်သံသည် ဆူညံစွာ ပေါ်ထွက်လာလေသည်။ လေယာဉ်ဘီးများသည် ပြေးလမ်းပေါ်တွင် ရွေ့လျားစပြု၏။ အနည်းငယ် သိမ့်ခါသွားပြီး လေယာဉ် ကြွတက်သွားသည်။ လေထုထဲ ရောက်ခဲ့ပြန်လေသည်။

ချစ်ချစ်သည် သကြားလုံးဗန်းကလေးကိုကိုင်ကာ ထွက်ခဲ့သည်။ ရှေ့ဆုံးမှစ၍ဝေ၏။ မောင့်နေရာရောက်တော့ ကြိုတင်စိတ်ကူးထားသည့် အတိုင်း မောင့်မျက်နှာကို တစ်ချက် မော့ကြည့်ဖြစ်သည်။ မောင်က သကြားလုံးတစ်လုံးကို လှမ်းယူသည်။ 'ကျေးဇူးတင်ပါတယ်' ဟုလည်း ပြောလိုက်သေးသည်။ ခေတ်မီယဉ်ကျေးတဲ့ မောင်ပါပဲ။

'ကျွန်တော့်ကို ရေတစ်ခွက်လောက် ပေးပါလား ခင်ဗျာ'

မောင်သည် ဂျီကျသော ကလေးတစ်ယောက်သဖွယ်တည်း။ချစ်ချစ် တို့ တာဝန်သည်ကား ခရီးသည်များအားလုံး စိတ်ချမ်းချမ်းသာသာဖြင့် လိုရာခရီးကို ရောက်ရှိစေရေးဖြစ်သည်။ 'ရမယ်' ချိုသောအေးငြိမ့်သော အသံလေးဖြင့် ပြောလိုက်ရသည်။ ပြီးတော့ ပြာလဲ့သော လုံချည်ကလေးကို ခြေဖျား မတုပ်အောင် ခပ်သွက်သွက်လျှောက်ကာ မောင့်ဆီသို့ ရေတစ်ခွက် ပို့ပေးရပြန်သည်။

'ရေက ရေခဲရေတော့ မဟုတ်ဘူးရှင်'

မောင်က ဘာမျှမပြော။ ရေကို တစ်ခွက်လုံးကုန်အောင် မော့ချ လိုက်သည်။ ရင်သိပ်ပူနေတယ် ထင်ပါရဲ့။

ရေခွက်ကိုပြန်ထားပြီး သတင်းစာဝေရပြန်သည်။ ကပ္ပတိယှည့် ခရီးသည်နှစ်ဦးသည် မြေပြင်ကို ငုံ့ကြည့်ကာ မြန်မာပြည်မြေပုံ မှန်းဆ နေကြဟန်ရှိလေသည်။ မောင်သည် ခေါင်းကို နောက်သို့မှီကာ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များကို ပိတ်၍ထားသည်။ ချစ်ချစ်က စေတနာပိုကာ မောင့်ဘေးမှ လေပေါက်ကလေးကို ဖွင့်ပေးလိုက်သည်။ မောင်က ကျေးဇူးတင်ဟန် ပြုံးပြသည်။

ပဏာမတာဝန်များ ပြီးဆုံးပြီဖြစ်၍ ချစ်ချစ်က လူနာအဒေါ်ကြီး အနားတွင်ထိုင်ကာ ပြုစုနေလိုက်သည်။ မျက်နှာကို ပြုံးပြထား၍ စကား စမြည်ဆိုရဲ၏။ လူတိုင်းအပေါ် မေတ္တာထား၍ ကြင်နာပြုစုခြင်းသည် တာဝန်အရချည်းသက်သက် မဟုတ်တော့ ဘုရားသခင်ကလည်း နှစ်မြို့က် တော် မူပေလိမ့်မည်။

ချစ်ချစ်အလုပ်က မပြီးသေး။ ခရီးသည်များကို ကော်ဖီဝေရဦးမည်။ နောက်ဘက်ခန်းလေးသို့ ဝင်ခဲ့ရပြန်သည်။ ကော်ဖီခွက်များကို ဗန်းတွင် ထည့်ကာ မဖိတ်မစဉ်ရအောင် ညင်သာစွာလျှောက်လာခဲ့သည်။ သည်တစ်ခါ မောင့်အနားရောက်တော့ မောင်က မျက်စိကိုဖွင့်၍ ကြည့်၍။ ပိုမို ရင်းနှီးလာဟန်ဖြင့်လည်း ပြုံး၍ပြသည်။ ချစ်ချစ်လှမ်းပေးသော ကော်ဖီ ခွက်ကို မယူဘဲ ခေါင်းကို ခါပြသည်။

'ကျွန်တော် ရေပဲသောက်ချင်တယ်ဗျာ၊ ဆင်းခါနီး မိနစ်နှစ်ဆယ် လောက်ကျရင် ရေတစ်ခွက် ထပ်ပေးပါနော်'

ချစ်ချစ်က ခေါင်းညိတ်ပြမိ၏။

အလုပ်အားလုံး ပြီးစီးပြီဆိုတော့လည်း ချစ်ချစ်နားနေဖို့ အချိန် ရသည်။ ထိုအခါ မောင့်ဘေးမှ နေရာလပ်ကလေးကို မျက်စိက ရောက် သွားသည်။ မောင်ကလည်း ချစ်ချစ်ကို ဖိတ်ခေါ်ဟန်ဖြင့် ပြုံး၍ကြည့်နေ လေသည်။

'အိတ်စ်ကျူစ်နော်'

ချစ်ချစ်က မောင့်ဘေးတွင် ဝင်ထိုင်သည်။ သည်တုန်းက မောင့် အနားမှာ မထိုင်မိရင်အကောင်းသားကွယ်၊ ချစ်ချစ်တို့ ပေါ်ကြောင့်များ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ကြရသလဲ၊ ပြီးတော့ မောင်သည် ရီဝေတိမ်းမူးသောအကြည့်ဖြင့် ချစ်ချစ်ကိုကြည့်ကာ ချစ်ချစ် လက်ကလေးများကို လှမ်း၍ ဆုပ်ကိုင်လေသည်။ 'လက်ကလေးတွေက လှလွန်းလို့ ကိုင်ကြည့်မိတာ' ဟုလည်း ပြောသေး၏။ သိပ်ဆိုးတဲ့မောင်ပဲ။ ချစ်ချစ်ကလည်း အတင့်ရဲလှသည်ဟု မထင်မိဘဲ ပြုံး၍သာနေခဲ့မိသည်။ ချစ်ချစ်တို့ဘဝတွင် ပြုံးခြင်းသည်လည်း အလုပ်တစ်ခုပဲမို့ ထင်သည်။

မောင်က ချစ်ချစ်ကို 'နာမည်ဘယ်လိုခေါ်လဲ' ဟု တိုးတိုးမေးလေသည်။

'လွင်လွင်ချစ်တဲ့'

ချစ်ချစ်က ထုံးစံအတိုင်း ပြုံး၍ပင် ဖြေ၏။

'သိပ်လှတဲ့ နာမည်ပဲ'

မောင့်အပြောကလဲ သိပ်ချို၏။ အတွေ့အကြုံ နုနယ်သေးသော ကလေးတစ်ယောက်ပမာ ချစ်ချစ် သာယာကြည်နူးမိလေသည်။

'အိမ်ကိုလာလည်လို့ ရမလားဟင်'

ချစ်ချစ်ကို အထင်သေးသည်လားဟုပင် မထင်လိုက်မိ။ 'နောက်တော့ လာတာပေါ့' ဟု လွယ်လွယ်ပင် ဖြေလိုက်သည်။

'ကျွန်တော့်နာမည်က မြင့်ဦးတဲ့၊ ဖုန်းနံပါတ်ယူထားနော်၊ ငွေစာရင်းရုံးမှာ လုပ်တယ်လေ'

'အခု ခွင့်နဲ့လာတာပေါ့'

မောင်က ခေါင်းညိတ်သည်။ ပြီးတော့ သူ့ ဖုန်းနံပါတ်ကို နှစ်လက်မခန့်ရှိသော စာရွက်ပိုင်းကလေးတစ်ခုတွင် ရေး၍ပေး၏။ အိတ်တွင်းမှ မှတ်စုစာအုပ်လေးတစ်အုပ်ကို ထုတ်၍လည်း ချစ်ချစ်ကို ပေးသည်။ ချစ်ချစ်က ဖုန်းနံပါတ်လေးတစ်ခု ပြန်ရေးပေးလိုက်သည်။ ရီဝေသော မောင့်မျက်လုံးတို့သည် ရွှမ်းလဲ့လာစ ပြုံးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူတစ်ယောက်တည်းလား'

ချစ်ချစ်က ပြတ်ပြတ်သားသား မမေးဝံ့ဘဲ ခပ်ဝေ့ဝေ့လေး စူးစမ်းလိုက်သည်။

'တစ်ယောက်တည်းပဲပေါ့'

မောင်ကလည်း ခပ်ဝါးဝါးပင် ဖြေ၏။

တကယ်တော့ သည်တုန်းကတည်းက ချစ်ချစ် သိဖို့ကောင်း၏။ နားလည်ဖို့သင့်၏။ ခရီးသွားရင်း ဟန်လွှဲတတ်သည့်သဘောကို ခရီးသည်ပေါင်း သောင်းခြောက်ထောင်နှင့် ဆက်ဆံရသော ချစ်ချစ်တို့ မသိသည်လည်း မဟုတ်၊ သိသည်သာ။ သို့သော်လည်း ချစ်ချစ်ဘဝကိုက ကြမ္မာငင်၍ပဲ ထင်၏။ ဖြစ်လာသမျှသည် မောင့်အပြစ်၊ မောင့်ကြောင့်ဟု ချစ်ချစ် လွှဲမချလို။ ချစ်ချစ်ကိုယ်က ပိုက်ဖြစ်လျက် 'ယုန်' ကို တိုးမိလေသည်။

'ညကျရင် ဖုန်းဆက်မယ်နော်'

ဘာကြောင့်မှန်းမသိ။ ချစ်ချစ်ရင်သည် နွေးသွားပြန်လေသည်။

ချစ်ချစ်က နာရီကိုကြည့်သည်။ လေယာဉ်ဆင်းခါနီးပြီ။ ပေါင်ဒါရိုက်ရန် ပိုက်ဆံအိတ်ကလေးကို ဖွင့်၏။ မင်နီဖြင့်ရေးထားသော စာရွက်ကလေးတစ်ရွက်ကို မောင်က တွေ့သွားလေသည်။ 'အဲဒါ ဘာစာရွက်လေးလဲ' ဟုဆိုကာ မောင်က ယူကြည့်သည်။ ချစ်ချစ်က အမှတ်မထင်လှမ်းလုတော့ မောင်က ချစ်ချစ်လက်ကိုဖယ်ကာ ဖြန့်၍ဖတ်နေလေသည်။ မောင့် အပြုအမူသည် ရင်းနှီးကျွမ်းဝင်လွန်းလှသည်။

'ဘာမှမဟုတ်ပါဘူး၊ မေရှင်ဆိုတဲ့ သီချင်းတစ်ပုဒ်ပါ'

ချစ်ချစ်က မောင် ဖတ်နေသည်ကိုကြည့်ပြီး ဘေးမှ ဝင်ပြောမိ၏။

'ချစ်ချစ်က မေရှင့်သီချင်းလဲ ဆိုတတ်တယ်လား'

'ဘာလဲ ချစ်ချစ်တို့ကို မြန်မာသီချင်း မဆိုတတ်ဘူး ထင်လို့လား'

'ဟုတ်ပါဘူး၊ ခေတ်ဟောင်းသီချင်း တစ်ပုဒ်မို့လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ခေတ်ဟောင်းသီချင်းလဲ ရေဒီယိုက ခဏခဏ လာနေတာပဲ'

မောင်က ချစ်ချစ်ကိုကြည့်ကာ ကျေနပ်စွာ ရယ်လေသည်။

'ချစ်ချစ် စကားပြောတာ သိပ်နားထောင်လို့ ကောင်းတယ်၊ သီချင်း ဆိုရင်လဲ နားထောင်လို့ကောင်းမှာ ဆိုပြပါလားဟင်'

'ဟင့်အင်း မဆိုချင်ဘူး'

'မဆိုရင် ဒီနေရာက မသွားရဘူး'

ချစ်ချစ်သည် ရှက်စနိုးဖြင့် ရယ်နေ၏။ ပြီးတော့ သီချင်းကို တစ်ဝက်တစ်ပျက်မှ ကြားဖြတ်၍ ညည်းပြလိုက်သည်။

'ချစ်သူပန်း ပွင့်လန်းဖို့ရာ၊ ကိုရွှေမိုးကို မျှော်ကိုးမိတာပါ၊ ဪ ပင်နန်း ခင်မှန်း ပွင့်လန်းဖို့ရာလေ၊ ကိုရွှေမိုးရယ် မိုးရယ်၊ မေတ္တာရေ သွန်းဖြိုးပါ'

'အိုး ဘယ်ဆိုးလို့လဲ'

'ကဲ သွားတော့မယ်၊ ဪ ဒါနဲ့ ဘာလို့ တို့ကို ချစ်ချစ်လို့ ခေါ်တာလဲ'

မောင်က ချစ်ချစ် ပိုက်ဆံအိတ်လေးကို လက်ညှိုးထိုးပြသည်။ ချစ်ချစ် ပိုက်ဆံအိတ်မှာ ချစ်ချစ်ဟု နာမည်ထိုးထားသည်ပဲ။

ချစ်ချစ်က လေယာဉ်ဆင်းတော့မည့်အကြောင်း ကြေညာရန် အခန်းငယ်ထဲသို့ ဝင်ခဲ့ရပြန်သည်။ မောင်တော့ ချစ်ချစ်အသံကို နား ထောင်နေမှာပဲဟု တွေးကာ အသံအနည်းငယ် တုန်နေလေသည်။

'ကျေးဇူးပြု၍ နားဆင်ပါရှင်၊ အချိန်အနည်းငယ်အတွင်းမှာ ကျွန်မတို့ လေယာဉ်သည် ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကို ဆင်းသက်ပါတော့မယ်၊ ခရီးသည်များအားလုံး ထိုင်ခုံရှိ ခါးပတ်များကို ပတ်ထားကြပြီး ဆေးလိပ်

www.burmeseclassic.com

www.burmeseclassic.com



မီးများ ငြိမ်းသက်ကြရန် အထူးမေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်'

\+ \+ \+

တကယ်တော့လည်း ဇာတ်လမ်းသည် ဆုံးဖို့သင့်လေပြီ။ သို့သော် မောင်သည် မနိုင်ဇာတ်ကို ဆက်၍ကချေ၏။ သည်မျှနှင့် ရပ်တန်းက ရပ်လျှင် ကြည်နူးစရာလည်းကောင်းသည်။ စိတ်လည်းချမ်းသာမည် ဖြစ်ပါလျက် မောင်သည် ချစ်ချစ် ဘဝတွင်းသို့ သောကကို ပို့ဖြစ်အောင် ပို့ပေးနေ၏။ တဒင်္ဂ၏ သာယာချမ်းမြေ့မှုကို ချစ်ချစ် ကိုယ်တိုင်ကလည်း ရှိုက်မက်ခံမင်ခဲ့မိသည်။ ထိုညက မောင်ဖုန်းဆက်တော့ ချစ်ချစ် အမှန်ပင် ဝမ်းသာခဲ့မိသည်။ 'သတိရလို့ဆက်တာ'ဟု မောင်က အစပျိုး၏။ ချစ်ချစ်တို့ကို လေထဲမှာ တွေ့ဆုံရင်းနှီးသူတိုင်းက မေပြင်ပေါ်ရောက်လျှင်မေ့သွားတတ်ကြမြဲ။ မည်သူသည် ခရီးသွားရင် ဆာလောင်မွတ်သိပ်စဉ်က သောက်ခဲ့ရသော ရေတစ်ခွက်၏ ကျေးဇူးကို ပြန်လည် တသတတ်ပါသလဲ။

'သူ ဘယ်ကဆက်တာလဲ'

'အိမ်ကပေါ့'

'ဘယ်သူမှ မရှိဘူးလား'

ချစ်ချစ်က မေးခွန်းတစ်ခုကို ပရိယာယ်ဆင်၍ မေးမိပြန်သည်။

'မရှိဘူး၊ အိပ်ကုန်ကြပြီ'

သူကလည်း ပါးနပ်စွာပင် ဖြေလေ၏။သို့သော် ဘာကြောင့်မှန်းမသိ ချစ်ချစ်စိတ်က အလိုလိုသိနေသေည်။ မောင်သည် ချစ်ချစ် ဘဝကို တစ်နည်းတစ်ဖုံ ပြောင်းလဲစေတော့မည်ဟူ၍။ ပြီးတော့လည်း သည်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ် အငိုနှင့် ဆုံးရမည်ဟု ကြိုတင်လွမ်းထားနှင့်သည်။ မောင့်ကို ကြည့်ရတာ တစ်မျိုးပါပဲ။

နောက်နေ့ မနက်အစောကြီး မောင့်ကို လေယာဉ်ကွင်းမှာတွေ့ ရတော့ ချစ်ချစ် အမှန်ပင် အံ့သြရပြန်သည်။ ခုနစ်နာရီခွဲထွက်မည့် လေယာဉ်အတွက် ခုနစ်နာရီအရောက် လေယာဉ်ကွင်းကို လာရသည်။ သည်မျှ စောလှသည့်အချိန်တွင် မောင်တစ်ယောက် ကြိုးကြိုးစားစား ရောက်အောင်လာခဲ့သည်ဆိုတော့ မောင့်ကိုပင် သနားမိသေး၏။ ချစ်ချစ် တို့က တာဝန်နှင့်မို့သာလာရသည်။ အိပ်ရာထ ပျင်းတတ်သော ယောကျ်ား တို့၏အကျင့်ကိုသိ၍လည်း မောင့်ကို အမှတ်ပိုပေးမိ၏။ ချစ်ချစ်ဘဝတွင် ချစ်ချစ်အပေါ် သည်မျှ ဂရုစိုက်သော ယောကျ်ားမျိုးကို မတွေ့ဖူးသေးပေ။ ချစ်ချစ်ရင်မှာ ကြည်နူးလှုပ်ရှားရပြန်လေသည်။

'သိပ်ကို ကျေးဇူးတင်ပါတယ်'ဟု အထပ်ထပ် ပြောလိုက်မိလေ၏။ တကူးတကန့်လာနှုတ်ဆက်မိသော မောင့် အပြုအမူသည် ရိုးသားသည်ဟု မဆိုနိုင်သော်လည်း နှစ်သက်ကြည်နူးဖွယ်ပင် ဖြစ်သည်။ ကာလရှည်ကြာ စွာက ရင်းနှီးကျွမ်းဝင်ခဲ့ရသော ချစ်သူများသဖွယ် လွမ်းလွမ်းတတလည်း ဖြစ်ပေသည်။

ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ် ခရီးစဉ်ကို ထွက်ခဲ့ရသည်။ မောင့် ကို မြေပြင်ပေါ်မှာ ထားခဲ့ရလေသည်။ လေယာဉ်သည် အပြောကျယ် သော ကောင်းကင်ပေါ် ထိုးတက် ပျံဝဲလာသည်။ တိမ်ဆိုင်တိမ်ခဲတို့ သည် နောက်ဖက်တွင် ရွေ့လျားကျန်ရစ်ခဲ့ကြလေ၏။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မောင့်ဘဝမှန်ကို ချစ်ချစ် သိရှိနားလည်ခွင့်ရပေပြီ။ မောင့်ကို ရိုးသားသူတစ်ယောက်လို့ မဆိုနိုင်ပေမည့် ပွင့်လင်းသူတစ်ဦးဟု ချစ်ချစ်က မလျော့သော မေတ္တာဖြင့် ခွင့်လွှတ်မိ၏။ မောင်နှင့် ချစ်ချစ်တို့နှစ်ယောက် လုံး ဆယ်ကျော်သက်များသာ ကျက်စားတတ်သော တိရစ္ဆာန်ရုံအတွင်းသို့ ဝင်ရောက်ပုန်းလျှိုးကာ တွေ့ဆုံမိကြသည်။ ချစ်ချစ်တို့ နှစ်ယောက်လုံး မရိုးသားလို့ပါပဲ။ ပြီးတော့ မောင်သည် အေးဆေးတည်ငြိမ်စွာဖြင့် ဓာတ်ပုံတစ်ပုံကို ထုတ်ပြလေသည်။ သွားလေရာမှာပါတတ်တဲ့ ပုံလေးပါ တဲ့။ ဓာတ်ပုံထဲတွင် ချစ်စဖွယ် ကလေးငယ်နှစ်ဦးသည် ခိုများကို အစာကျွေးနေလေသည်။ ရွှေတိဂုံဘုရား ရင်ပြင်ပေါ်မှာ ထင်ပါရဲ့။

'မောင့် သားလေးတွေလားဟင်'

သတ္တိကို မွေးမြူကာ ချစ်ချစ်ကပင် စတင်မေးမိလေသည်။ မောင်က ချစ်ချစ်ကို မကြည့်ဘဲ ခေါင်းညိတ်ပြလေသည်။

ထိုနေ့က မောင်နှင့် ချစ်ချစ်တို့ တတိယအကြိမ်မြောက် တွေ့ဆုံမိခြင်းဖြစ်၏။ သမ္မတရုံမှာ ရုပ်ရှင်တစ်ခါကြည့်ဖြစ်ကြသည်။ ကရဝိတ်မှာ ရေခဲမုန့် အတူတူတစ်ခါစားခဲ့ကြသည်။ နှစ်ခေါက်စလုံးဟာ ပျော်စရာကောင်းခဲ့ပါသည်။ ပြီးတော့ မောင့်စကား လှလှကလေးများကို တယ်လီဖုန်းတွင်းမှ နားထောင်ရသည်မှာလည်း ချိုမြိန်လှသည်။ သည်တုန်းကတော့ လှပမြတ်နိုးဖွယ်ကောင်းသည့် သည်ဓာတ်ပုံလေးအကြောင်းကို ဘာကြောင့်များ ခြွင်းချန်ထားခဲ့ရသလဲ။ ချစ်ချစ် ကိုယ်တိုင်ကလည်း အရေးတယူ ရှိဟန်မတူ၍ ဖြစ်သည်။ ချစ်ချစ် သတ္တိနည်းခဲ့မိချေသည်။

ယခုတော့ ချစ်ချစ်သည် အချစ်သူရကောင်းမကြီးလုပ်ကာ ဓာတ်ပုံလေးကို သေချာစွာ ကြည့်သည်။

'အကြီးကောင်လေးက မောင်နဲ့ သိပ်တူတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



မောင်ကလည်း ချောမောစွာပင် ခေါင်းကို ညိတ်ပြပြန်လေ၏။ ဘာမျှ မထူးခြားသည့်ပုံ။

ချစ်ချစ်က ဓာတ်ပုံလေးကို တလေးတစားကိုင်ကာ ပြန်ပေးလိုက်သည်။ မောင်ကလည်း တရိုတသေ သိမ်းဆည်းလိုက်သည်။

ချစ်ချစ်တို့ရှေ့တွင် ခရေပွင့်ကလေးများကြွေနေ၏။ ကလေးငယ်များ ပြေးလွှားဆော့ကစားနေကြသည်။ ကြက်တူရွေးငယ်က အစာရလိုရငြား အော်ဟစ်မြည်တမ်းလိုက်၏။ လှောင်ချိုင့်သည် သူ့အတွက် ကြီးမားလွန်းနေသည်။ အချုပ်အနှောင်ခံနေရသည့် ဘဝကိုမေ့လျော့နေဟန် တူလေသည်။

\+ \+ \+

အဘ ဘုရားသခင်၏ အလိုတော်အတိုင်း ချစ်ချစ်သည် လောကတွင် တစ်ယောက်တည်း ကြီးပြင်းလာခဲ့ရသည်။ ချစ်ချစ် ငါးနှစ်သမီးအရွယ်တွင် မာမီက အမိမြေသို့ပြန်သွားသည်။ ဖေဖေသည် တစ်ပြည်သူ၏ ရင်သွေးကိုပိုက်ကာ ပိတောက်နှင့်သင်းသော မြန်မာပြည်တွင် ကျန်ရစ်ခဲ့၏။ ချစ်ချစ်သည် ဖေဖေ ပညာတော်သင်သွားရာမှ ရလာသော အမွေအနှစ်တည်း။ အိမ်ထောင်ရေးသည် ဖေဖေတို့ မာမီတို့အတွက် အဓိပ္ပာယ်လေး နက်မှုမရှိပါလေစ။သို့တည်းမဟုတ် လောက၏ ဆန်းကြယ်ထွေပြားသော အဖြစ်များသည် ချစ်ချစ်တို့ မိသားစုကို တို့ထိကျီစယ်သွားဟန်တူလေသည်။ ချစ်ချစ်အတွက် လောကကြီးသည် အနှစ်သာရကင်းမဲ့သော အခွံဗလာချည်း သက်သက်ပင် ဖြစ်၏။

ချစ်ချစ် ၁၀နှစ်သမီးအရွယ်တွင် ဖေဖေ နောက်အိမ်ထောင် ပြုလေသည်။ ချစ်ချစ်သည် အဘွားများ၊ အဒေါ်များလက်တွင် ကြီးပြင်း လာခဲ့ရသည်။ ဖေဖေသည် သမီးဖြစ်သူကို မျက်ခြည်မပြတ် လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုဆုံးမသည် မှန်သော်လည်း ချစ်ချစ်သည် ဖေဖေ လိုချင်သောပုံစံ မဝင်ခဲ့တော့ပါချေ။ အဘွားနှင့် အဒေါ်တို့သာလျှင် ချစ်ချစ်ကို အလိုလိုက်သည်ဆိုကာ အဆူခံခဲ့ရသော်လည်း ချစ်ချစ်တစ်ယောက် လေယာဉ်မယ် အလုပ်ကို လျှောက်ခဲ့သည်အထိ ဖေဖေသည် ချစ်ချစ်ကို အရှုံးပေးခဲ့ရ၏။

ချစ်ချစ်သည် စွန့်စားသွားလာမှုကို နှစ်သက်ခုံမင်၏။ ကမ္ဘာမြေထုမှ မိုင်ပေါင်းမည်မျှပင် ဝေးလံအောင် သွားရမည်ဖြစ်စေ ချစ်ချစ် ပျော်မွေ့၏။ ဖြစ်နိုင်လျှင် ဒုက္ခဆင်းရဲတို့၏ ရုပ်ထွေးရောပွမ်းရာ ဤကမ္ဘာမှသည် ဝေးရာသို့သာ ပျံလွှား လွင့်မျောနေချင်လေသည်။

မောင်နှင့် တွေ့ဆုံရခြင်းသည် စိတ်နှလုံး ကြည်နူးချမ်းမြေ့ရသည်နှင့်အမျှ မရေရာသော လူ့ဘဝအတွင်းဝယ် တုပ်နှောင်ချည်နှောင်တဲခြင်းကိုလည်း ခံရပြန်လေသည်။ သို့သော်လည်း ချစ်ချစ် နှလုံးသားသည် မောင့်ကို မငြင်းဆိုရက်ခဲ့။ မောင်နှင့် အတူသွားလာနေသမျှသည် ချစ်ချစ်အတွက် နိဗ္ဗာန်ဘုံသာတည်း။

အဘွားနှင့်ဖေဖေတို့ စည်းရုံးခေါ်ဆောင်၍မရသော စေတီ ရင်ပြင်တော်များသို့ပင် ယှဉ်တွဲ၍ ရောက်ခဲ့ရသည်။

'ချစ်ချစ်က စနေသမီး၊ မောင်ကလဲ စနေသားပဲ၊ ဒီထောင့်မှာ ရှိခိုးရမယ်'

မောင်က ပန်းနှင့်ဆီမီးများကို မျှဝေကာ အတူယှဉ်တွဲ၍ ကန်တော့စေသည်။ စိုစွတ်ပေကျံသော တလင်းပြင်ပေါ်တွင် ပုဆစ်တုပ်ထိုင်ကာ အာရုံပြုရ၏။ ပုံးထဲမှရေကို တဖွမ်းဖွမ်းမြည်အောင် ခပ်လောင်းကာ နှုတ်မှဘာတွေ ရွတ်ဆိုနေမှန်းမသိသော ရေသည်လူကြီးကို ကြည့်၍လည်း ပန်းကိုကွယ်ကာ ပြုံးမိသေး၏။ 'မောင်တို့နှစ်ယောက်အတွက် ဆုတောင်းပေးနေတာ' ဟုမောင်က ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ် အလုပ်အားသည့်ရက်တိုင်း မောင်က လာခေါ်ကာ ဘုရားပို့ပေးသည်။ ရုပ်ရှင်ကြည့်သည်။ မုန့်အတူတူစားကြသည်။ ဘုရားပေါ်ရောက်လျှင် ချစ်ချစ်သည် မောင်က မပြောရဘဲနှင့် ပန်းအစုံကို ဝယ်တတ်ပြီ။ 'ကြာပန်းလေးထည့်ပါဦး၊ ဇလပ်ပန်း မပါသေးဘူး' ဟုလည်း စုံစေအောင်ပြောတတ်သည်။ ပြီးတော့ စနေထောင့်ကို ဦးဆောင်သွားသည်။ မမှတ်မိနိုင်စရာမရှိ၊ မောင်က ကြုံကြုံဖန်ဖန် 'အချစ်ထောင့်' လို့ နာမည်ပေးထားသည်လေ။

ဘုရားပေါ်မှဆင်းတော့ ရုပ်ရှင်ရုံဘက် ခြေဦးလှည့်မိကြပြန်သည်။ မှတ်မှတ်ရရ ဂုဏ်ရုံတွင် **'The Dove'** ဆိုသည့် ရုပ်ရှင်ကားကို ကြည့်ရသည်မှာ ရင်ထဲတွင် အထိခိုက်မိဆုံးဖြစ်၏။ ဇာတ်လိုက်အမျိုးသားလေး၏ဘဝနှင့် ချစ်ချစ်ဘဝသည် တူ၏။ ကောင်လေးနှင့် ကောင်မလေးက သိပ်ချစ်ကြသည်။ ချစ်ချစ်တို့လိုပါပဲ။ ပြီးတောင့် ကောင်လေးသည် အဏ္ဏဝါတွင် ရွက်လွှင့်ကာ တစ်ယောက်တည်းခရီးနှင်ရ၏။ ချစ်ချစ်ကတော့ လေထုထဲတွင် လွင့်ပါးကျက်စားရသည်။ ကောင်လေးက ကောင်မလေးကို 'မင်းကို ငါချစ်တယ် အချစ်ရယ်၊ မင်းကို ငါ သိပ်ချစ်တာပဲ' ဟု အော်ဟစ်နှုတ်ဆက်သည်ကို ကြည့်ကာ ချစ်ချစ် မျက်ရည်ဝဲရသည်။ ချစ်ချစ်တို့ကတော့ သည့်နှယ် လူသိရှင်ကြား ဖွင့်ဟနှုတ်မဆက်ဝံ့သည့်ဘဝ။

ထိုနေ့က မောင်က ထူးထူးခြားခြား ချစ်ချစ်အလိုကို သိပ်လိုက်နေခဲ့သည်။ ရုပ်ရှင်မှအပြန် ကရဝိတ်ကို သွားကြသည်။ ထုံးစံအတိုင်း မောင်က ဘီယာသောက်သည်။ ချစ်ချစ်က ရေခဲမုန့်စားသည်။ ချစ်ချစ်က မောင့် ဘီယာခွက်ထဲကို ဘီယာ ဖြည့်၍ ဖြည့်၍ ပေးနေမိသည်။ မောင်သည် ချစ်ချစ်ကို ငေးမောကြည့်ရှု၍ နေလေသည်။ ချစ်ချစ်စိတ်မှာလည်း မရွှင်ပျလှ။ နှစ်ယောက်လုံး ငိုင်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ချစ်ချစ် မောင်နဲ့ခုလိုနေရတာ ပျော်လားဟင်'

မောင့်နှုတ်က ထွက်လာသော စကားများသည် တစ်စုံတစ်ခုသော အဓိပ္ပာယ်ကို ဆောင်နေလေသည်။ ချစ်ချစ်တို့ သတိလက်လွှတ် ပျော်နေခဲ့မိသည်ပဲ။ လက်မခံချင်သော အသိတရားသည် ချစ်ချစ် နှလုံးသားကို လာရောက် ပုတ်ခတ်နေချေသည်။

'မောင်ကော'

မောင်သည် ဘီယာခွက်ကို လှမ်းကိုင်သော ချစ်ချစ်၏လက်ကလေးကို အုပ်၍ ဆုပ်ကိုင်လိုက်သည်။

'မောင် ချစ်ချစ်နဲ့နေရတာ စိတ်ချမ်းသာတယ်၊ ပြီးတော့ ချစ်ချစ်က ခုလို ပြုစုယုယတာလေးတွေကို မောင် သိပ်ချစ်တာပဲ'

'မောင့်အိပ်မှာနေရတာ မပျော်ဘူးလား၊ ပြီးတော့ မောင့် ဇနီးက'

ချစ်ချစ် ရင်ထဲတွင် နာကျင်လာလေသည်။ မျက်လုံးအိမ်တွင်ပင် မျက်ရည်ဥလေးများ တွဲခိုလာသည်။ မျက်တောင်ကို နှစ်ချက်မျှ ခတ်လိုက်မိ၏။ အချစ်လုံးလူတစ်ယောက်ကို ရှေ့မှာထားပြီး ကိုယ်မပိုင်ဆိုင်သည့် ဘဝကို ထုတ်ဖော် ဆွေးနွေးရသည့်ဘဝ။ အို ဘယ်လိုကြောင့်များလဲ မောင်ရယ်။

'မောင့် ဇနီးက မောင့်ကို ဂရုမစိုက်ဘူးလား'

ချစ်ချစ် အသံသည် သတိထားနေသည့်ကြားမှ အဖျားခတ်၍ တုန်သွားလေသည်။

'ဂရုတော့ စိုက်ပါတယ်၊ ဒါပေမယ့် မောင် မပျော်ဘူး'

မောင်က ချစ်ချစ်ကလေးကို လွှတ်ပေးလိုက်သည်။ ပြီးတော့ ဘီယာကို မော့သော့လိုက်သည်။ မောင်နှင့်ချစ်ချစ်တို့ ပထမဆုံးအကြိမ် အလေးအနက် ဆွေးနွေးမိကြခြင်းဖြစ်၏။

'မောင့် အိမ်ထောင်ရေး အဆင်မပြေတာ ချစ်ချစ်ကြောင့်များလား'

www.burmeseclassic.com

www.burmeseclassic.com



မောင်က ခေါင်းကို ညင်ညင်သာသာ ခါယမ်း၏။

'ကြာပါပြီ'

'ချစ်ချစ်နဲ့ မတွေ့ခင်ကလား'

လိုချင်သည့် အဖြေကိုပင် မေးမိရက်သား ဖြစ်သွားလေသည်။ လူဆိုတာ ကိုယ်လိုရာ ဆွဲတတ်သူချည်းပါပဲ။

'ဆိုပါတော့'

မောင့် အသံသည် တိုးတိတ်လွန်းလှ၏။

'မောင့် သားလေးတွေက သိပ်ချစ်စရာကောင်းတယ်နော်၊ ကျောင်းနေကြပြီလား ဟင်'

မောင့် မျက်လုံးများ ဝင်းလက်လာကြလေသည်။ သားသမီးကို ချစ်သည့် ဖေပဲထင်ပါရဲ့။ ချစ်ချစ်လဲ မောင့်ကို သားလေးတစ်ယောက် မွေးပေးချင်လိုက်တာ။ ဒီလိုပြောရင် ချစ်ချစ်ကို အထင်သေးမည် စိုး၏။

'အကြီးကောင်က ဒုတိယတန်းရောက်နေပြီ၊ ဒီကောင်ကြီးက စာသိပ်တော်တယ်၊ အမြဲတမ်း ပထမချည်းရတယ်၊ အငယ်ကတော့ ခပ်ပေပေပဲ၊ ငယ်လဲ ငယ်ပါသေးတယ်လေ၊ အခုမှ သုံးနှစ်ပဲရှိသေးတာ။ ရှေ့နှစ်ဆို မူကြိုထားရတော့မယ်'

မောင်သည် ချစ်ချစ်ကို မေ့သွားဟန်တူလေသည်။ သားတွေအကြောင်းကို အားပါးတရပြောနေသော မောင့်ကိုကြည့်ကာ အမှန်ပင် ဝမ်းနည်းမိ၏။

'မောင်'

ချစ်ချစ်က တုန်ယင်စွာ ခေါ်လိုက်မိသည်။

မောင်သည် အိပ်မက်မှ လန့်နိုးလာသူလို ချစ်ချစ်ကို ထိတ်ထိတ်ပျာပျာကြည့်၏။

'ပြန်ကြရအောင်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ် အသံလေး တိမ်ဝင်သွားလေသည်။ တစ်မုဟုတ်ချင်း လိုပင် မောင့်မျက်နှာ ညှိုးရော်သွားခဲ့သည်။

'နောက်ဆိုရင်လေ ချစ်ချစ်တို့ မတွေ့ဘဲနေကြရင် ကောင်းမယ် ထင်ပါရဲ့'

အပျော်ဆုံးနေ့မှာ နောက်ဆုံးစကားကို ဆိုမိသည့်အတွက် ချစ်ချစ် ကြေကွဲမိသည်။

'မောင့်ကို ခွင့်လွှတ်ပါ ချစ်ချစ်ရယ်'

ချစ်ချစ်က မျက်တောင်ကို တွင်တွင်ခတ်ရင်း ခေါင်းကို တဆတ် ဆတ် ညိတ်ပြမိသည်။ မျက်ရည်ပွင့်များသည် မျက်တောင်ကော့များကြား မှ တိုးထွက် ခုန်ဆင်းသွားကြလေသည်။

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေညင်းသည်ပင် ရာသီဥတု၏ အပူရှိန်ကြောင့် ငွေ့ငွေ့မျှ နွေးနေလေ၏။

\+ \+ \+

ညောင်ဦး ဖလိုက်ကို ပျံသန်းရတိုင်း မောင့်ကို သတိရမိသည်။ မောင် ထိုင်သွားသည့် နေရာလေးကို ကြည့်ပြီး မောင့်ကို မြင်ယောင်လာပြန်၏။ ဝမ်းသာ ဝမ်းနည်းဖြစ်မိရပြန်သည်။ ဒီတစ်ခါ မောင့်ကို ပြန်တွေ့ရရင် တော့ 'ချစ်ချစ်တို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ချစ်ကြရအောင်' ဟုပြောလိုက်တော့ မည်။ မောင့်ကို ချစ်ချစ် မခွဲနိုင်။ မောင်နှင့်သွားလာ နေထိုင်ရတိုင်း ချစ်ချစ် ပျော်သည်။ အတွေးဖြင့်ပင် ကြည်နူးမိလေသည်။

တကယ်တော့ မောင်လည်း ချစ်ချစ်ကို မခွဲနိုင်ပါဘူး။ လခထုတ် တဲ့နေ့က လေဆိပ်ကို လာကြိုတယ် မဟုတ်လားကွယ်။ ချစ်ချစ်ရင်မှာ သိမ့်သိမ့်ခါအောင် ကြည်နူးရလေသည်။ နှစ်ယောက်စလုံး စိတ်ညစ်စရာ

www.burmeseclassic.com

www.burmeseclassic.com



စကားများကို မဆိုမိကြ။ စိတ်ညစ်စရာအဖြစ်များကို မေ့ထားမိသည်။ မောင် အရက်တွေ ဖိသောက်နေသည်ကိုတော့ မနှစ်မြို့ပေမင့် ကြည့်နေရသည်။ ချစ်ချစ်ဆီတွင် မောင် လွတ်လွတ်လပ်လပ် နေစေ့ချင်သည်။ ထို့ကြောင့်လည်း မောင့်အလိုကို လိုက်မိပြန်သည်။ ဘာပဲဖြစ်ဖြစ် သည်တစ်ခါတော့ မောင် ချစ်ချစ်ကို ခွဲထားခဲ့တော့မည်မဟုတ်။ မျက်ရည်ကြားဝမ်းသာမိပြန်လေသည်။

ပျော်ရွှင်ဖွယ်ရာရက်များကိုပင် သောကမုန်တိုင်းသည် လာရောက်တိုက်ခတ်လာ၏။ အမှန်တရားကို မျက်ကွယ်ပြု၍ မည်သည့်အရာသည် ကြာရှည်ရပ်တည်နိုင်မည်နည်း။ ချစ်ချစ်တို့ ကိုယ်တိုင်ကလည်း လက်ရှိဘဝကို မေ့လျော့၍ သတိလက်လွတ်နေမိချေသည်။

စည်ကားသော ဗိုလ်ချုပ်ဈေး၏ အလယ်ဗဟို လမ်းမတွင် ချစ်ချစ်နှင့် ယှဉ်တွဲလျှောက်နေသော မောင့် ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားလေသည်။ ချစ်ချစ် ကိုယ်တိုင်ကလည်း လန့်ဖျပ်ကာ မောင့်လက်ကို လက်တွဲဖြုတ်လိုက်သည်။ မောင့် လက်မောင်းအစုံကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင် ဟန့်တားလိုက်သော မိန်းမငယ်၏ မျက်လုံးအစုံသည် စကြာန့်ပိုင်းအတွင်း အရာအားလုံးကို အရည်ပျော်သွားနိုင်စွမ်း ရှိသည်ဟု ထင်ရလေသည်။

'ဒါက ဘယ်လိုလဲ'

တုန်ယင်မာကြောစွာထွက်လာသော စကားသံများ မဆုံးမီ ချစ်ချစ်ရှေ့ကို သွက်သွက်လှမ်းခဲ့မိ၏။ စူးစမ်းရှုပ်ချသော မျက်လုံးပေါင်းသောင်းခြောက်ထောင်၏ဒဏ်မှ တတ်နိုင်သမျှ အမြန်ဆုံး ရုန်းထွက်နိုင်ရန်အသော့ နှင်လာခဲ့မိ၏။

ရောင်းပန်းလှအောင် ချိတ်ဆွဲထားသော အလှအပ ပစ္စည်းလေးများ ပိုးဖဲ ကတ္တီပါများ၊ ရွှေငွေ ရတနာများ၊ မျက်လုံးများ၊ မော်ဟော်ကားများ၊

www.burmeseclassic.com

www.burmeseclassic.com



သက်ရှိသက်မဲ့ အရာအားလုံးသည် ချစ်ချစ်ကိုကြည့်ကာ ဟားတိုက်ရယ်မော ကြကုန်၏။ ကောင်းကင်ပြင်သည် ချစ်ချစ် ခြေဖဝါးအောက်သို့ ရောက်ကာ မဟာပထဝီမြေကြီးသည် ဦးခေါင်းထက်ဝယ် သွက်သွက်လည်အောင် ယိမ်းထိုးနေသည်တကား။

\+ \+ \+

အပင်ပန်းရဆုံး၊ အမောရဆုံးနေ့တွင်မှ မောင့်ဆီမှ အစိမ်းကားဆုံး၊ အရက်စက်ဆုံး စာကလေးတစ်စောင်ကို ဖတ်လိုက်ရလေသည်။ ဗွီအိုင်ပီ ဖလိုက်ခေါ် အရေးကြီးသည့်ပုဂ္ဂိုလ်ကြီးတစ်ဦးကို ပို့ပြီးပြန်အလာ အမော ဖြေမည်ဟု စားပွဲတွင်ထိုင်ကာမှ မောင့် စာအိတ်ကလေးကို မြင်ရလေ သည်။ ရင်တုန်ပန်းတုန် ရှိလိုက်ပါဘိ။

'လေယာဉ်ပေါ်မှာတွေ့ခဲ့တဲ့ အရုပ်ကလေးကို လေယာဉ်ပေါ်မှာပဲ ပြန်ထားခဲ့ပါပြီ' တဲ့။

ရက်စက်လိုက်တာ။ ချစ်ချစ် မောင့်ရုံးကို ဖုန်းဆက်မိလိုက်သေး၏။ 'ဟုတ်ကဲ့ပြောပါ ခင်ဗျာ၊ ကျွန်တော်ပါ ခင်ဗျာ' ဟူသော စိမ်းကားသည့် မောင့်အသံများကို ကြားရပြန်သည်။ ချစ်ချစ်စိတ်က အလိုလို သိပါသည်။ မောင်သည် တစ်စုံတစ်ခုသော အကြောင်းအရာက တိုက်တွန်း၍သာ ဤသို့ ပြုမူနေရခြင်း ဖြစ်မည်။ မောင့်သဘော မောင့်ဆန္ဒနှင့်တော့ မဖြစ်နိုင်။ မောင် ချစ်ချစ်ကို သည်မျှ ရက်စက်မည်ဟု မထင်ပါချေ။ အခြေအနေ အရပ်ရပ် ဆေးဆေးတည်ငြိမ်သွားလျှင် မောင် ချစ်ချစ်ဆီ ပြန်လာမည် သာတည်း။ သည်တစ်ခါ ပြန်တွေ့ကြလျှင် တစ်လောကလုံး မမြင်နိုင် သည့်နေရာတွင် သွားရောက် ပုန်းအောင်းနေကြမည်။ ဘာကယ်

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ချစ်ချစ်တို့နှစ်ယောက်သည် လောကအပြင်ကို ရောက်နေကြပေပြီ။

အဘဘုရားသခင်နှင့် ဗုဒ္ဓမြတ်စွာဘုရားသည် ချစ်ချစ်တို့နှစ်ယောက်ကို ဒဏ်ခတ်ပြီထင်၏။ မြေပြင်ပေါ်သို့ တစ်ခါပြန်ဆင်းရတိုင်း မောင့်သတင်းကို စုံစမ်းသော်လည်း အချည်းနှီး ဖြစ်ရလေသည်။ မောင် ရုံးက အလုပ်ထွက်သွားပြီတဲ့။ လောကတစ်ဖက်စွန်းတွင် ချစ်ချစ်ကိုထားကာ ကိုယ်လွတ်ရုန်းသွားလေပြီလား။

စွန့်စားမှုနှင့် ဝါသနာတွင် စိတ်ကို မြှုပ်နှံပစ်လိုက်သည်။ ဖော်ကာ လေယာဉ်သစ်မှ သင်တန်းသူများတွင် အထူးချွန်ဆုံး ကြိုးစားလိုက်သည်။ ယခုတော့ ကမ္ဘာ့မြေပြင်ကို ခြေဆန့်၍ မောင်နှင့်ဝေးရာ သွားခွင့်ရမည်။ ချစ်ချစ် မိခင်သည် ဘာကြောင့်များ ချစ်ချစ်ကို တစ်ပြည်တစ်ရွာမှာ မမွေးဖွားခဲ့ပါလိမ့်။ မောင်နှင့်တွေ့ဆုံ၍ စိတ်သောက ဗျာပါဒကို ခံစားရယူနိုင်စေရန် သည်မြေပေါ်တွင် ထားခဲ့လေရော့သလား၊ မည်သို့ဆိုစေ မိမိမွေးဖွားသန့်စင်ရာ အမိမြေကို ချစ်ချစ် မြတ်နိုးပါ၏။ သို့သော် မည်သူသည် ချစ်ချစ်ကို ကြင်နာခွင့်လွှတ်ပါမည်နည်း။

စိမ်းလန်းစိုပြည်သော မိခင်မြေသည် ချစ်ချစ်၏ မိုက်မဲမှုအတွက် ခွင့်လွှတ်ခြင်းဌာ မထိုက်ဟု ယူဆပါလျှင် ဆုံးစမရှိသော ကောင်းကင်ပြင်တွင်သာ ချစ်ချစ် ပျော်မွေ့ပါမည်။ တစ်ခါတစ်ရံလာရောက်နားခိုခြင်း အတွက် ခွင့်လွှတ်ပါလေတော့။

တစ်စုံတစ်ခုသောနေရာမှ မောင်သည် ချစ်ချစ်အပေါ် သံယောဇဉ်မကင်းသော စိတ်ဖြင့် ငံ့လင့်စောင့်စားနေမည်ဆိုပါလျှင် ချစ်ချစ်အတွက် လောကတွင် အသက်ရှင်နေရခြင်းသည် ပြီးပြည့်စုံသည့်အဖြစ်သို့ ရောက်ရှိချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၂

ပြဿနာကို အတူတကွ ရင်မဆိုင်ဘဲ ပြဿနာကြားမှ ရုန်းထွက်သွားခြင်းသည် ယောကျ်ားကောင်းတစ်ယောက်၏ အပြုအမူမဟုတ်ဟု မြလေး ယုံကြည်၏။ မြလေးတို့ မိန်းမသားများသည် ယောကျ်ားတစ်ယောက်ကို အားကိုးချစ်ဖြင့် ချစ်၏။ လေးစားစိတ်ဖြင့် ကြည်ညို၏။ ယုံကြည်စိတ်ဖြင့် လက်တွဲ၏။

ပြန်လည်စဉ်းစားစေချင်သည်။ အချစ်ကို ရယူပိုင်ဆိုင်ခြင်းအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လော့ဟု ယောကျ်ားတို့ကို စေ့ဆော်တိုက်တွန်းသော စိတ်ကို မည်သူက သင်ကြားပေးလေသနည်း။ထို့ပြင် ရယူပိုင်ဆိုင်ပြီးသော အချစ်ကို ဥပေက္ခာပြုရန် မည်သူက လမ်းမှားသို့ ပို့ဆောင်လေသနည်း။ မည်သူမပြု မိမိမှုသာ ဖြစ်ပေမည်။ မြလေး၏အချစ်ကို တောင်းဆိုစဉ်က မောင့်တွင်လည်း အများတကာ ယောကျ်ားများနှယ် သစ္စာတရားကို ဦးထိပ်ပန်ဆင်လျက် ရှိနေခဲ့လေသည်။ အတူတကွ လက်တွဲကြစို့ဆိုသည့် အခါတွင်လည်း မောင်သည် ခြသေ့်မင်းလို ရဲရင့်ခဲ့ပေသည်။ ယခုမှ ပြဿနာအရပ်ရပ်ကို အကြောင်းပြကာ စိတ်ချမ်းသာမှုကို ရှာဖွေရပါသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုလာရခြင်းသည် ရိုးသားသော အပြုအမူတစ်ရပ်ဟု လက်မခံနိုင်။ ဖောက်ပြန် ယိမ်းယိုင်မှု အဖြစ်သာ စွပ်စွဲလို၏။

ပြဿနာသည် ယခုမှ အိမ်ပေါ်သို့တက်လာသည် မဟုတ်။ မောင်နှင့် မြလေးတို့ လက်ထပ်စကပင် အတူပါလာခဲ့ခြင်း ဖြစ်လေသည်။ ပြဿနာသည် မြလေးတို့၏ ခန်းဝင်ပစ္စည်းပင် ဖြစ်လေသည်။

မောင်ပြောသည့်အတိုင်း ဇီဇာကျယ်သော အဒေါ်အပျိုကြီးနှစ်ဦးသည် မြလေးဘဝတွင် အဆစ်ပါလာခဲ့ကြ၏။ သူတို့၏ အုပ်ထိန်းပဲ့ပြင်မှုအောက်တွင် မြလေး ကြီးပြင်းခဲ့ရသည်။ မြလေးဘဝတွင် တတ်သင့်တတ်အပ်သော ခေတ်ပညာကို တတ်မြောက်ခဲ့ရပြီး လုပ်သင့်လုပ်အပ်သော အလုပ်တစ်ခုကို ရခဲ့ခြင်းသည်လည်း ၎င်းတို့၏ ကျေးဇူးပင်ဖြစ်၏။ တစ်အိုးတစ်အိမ် ထူထောင်သည့်ဘဝတွင်မှ ဘုရားပြီးမှ ငြမ်းဖျက်ဆိုသလို ဖျက်ချထားခဲ့၍ မဖြစ်၊ မြလေးဘဝတွင် သူတို့ကို ချန်ထားခဲ့၍ မရ။ မောင်ကပင် 'ဒါကတော့ ဟုတ်တာပေါ့ မြလေးရဲ့၊ မှန်တာပေါ့၊ မြလေး ဆုံးဖြတ်တာ တရားပါတယ်' ဟု အတိအလင်း သဘောတူခဲ့သည်မဟုတ်လား။

ပြီးတော့ မြလေးတို့နှစ်ယောက် ရုန်းကန်လှုပ်ရှားနေရသော အိမ်ထောင်တွင် သူတို့လည်း တစ်တပ်တစ်အား ပါဝင် ကျားကန်ပေးနေရသည်။ မောင့်ဘက်မှလည်း ကျောထောက်နောက်ခံမရှိ၊ မြလေးမှာလည်း တရားအားထုတ်နေသော မိခင်အိုကြီးသာ ရှိတော့သည်။ မြလေးတို့ တစ်အိုးတစ်အိမ် ထူထောင်ရခြင်းသည်ပင် စင်စစ် အဒေါ်အပျိုကြီးများ၏ အိမ်ထောင်တွင် ကပ်ပါးအဖြစ် ဝင်ရောက်ခိုတွယ်ရခြင်း ဖြစ်လေသည်။ မြလေး၏ အမွေပစ္စည်းအဖြစ် တစ်စိတ်တစ်ဒေသ ပါဝင်သည်ဟု ဆိုနိုင်သော်လည်း ဖေဖေ မရှိစဉ်မှစ၍ အိမ်၏ အတွင်းပစ္စည်း အပြင်ပစ္စည်း အတော်များများသည် လွင့်ပါးဆုံးရှုံးခဲ့ပြီး ဖြစ်၏။ မြလေး၏

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်စရိတ်သည်ပင် အဒေါ်များ၏ အိတ်ထဲမှ ခုန်ထွက်ဖြည့်ဆည်းခဲ့ရသည်။သည်တော့လည်း မြလေးတို့ခွဲထွက်ကြစို့ဆိုလျှင် သားနှစ်ယောက်၏တာဝန်ကိုပင် မည်သို့ထမ်းဆောင်ရမည်မသိ။ တစ်အိုးတစ်အိမ်ကိုသာ အစမှပြန်လည်မတ်ထူရလျှင် လူ့ဘဝကို အလယ်မှစရသည်သို့ရှိချေမည်။

မည်သို့ပင် စိတ်ဆင်းရဲစရာ ကြုံရသည်ဆိုပေမင့် နံနက်လင်းလျှင် ကော်ဖီ ပေါင်မုန့် အသင့်ရှိနေတတ်၏။ အစားကြီးသော သားနှစ်ယောက်သည် မုန့်ကို စိတ်ကြိုက်အလုအယက်စားကာ အသင့်ပြင်ပေးထားသော လွယ်အိတ်ကို ကောက်ကိုင်လျက် ကားပေါ်ခုန်တက်သွားနိုင်၏။ မောင်နှင့် မြလေးတို့ နှစ်ယောက်ပင်လျှင် အေးအေးဆေးဆေး ရေမိုးချိုးကာ ရုံးချိန်အမီ ထမင်းအသင့် ယူသွားနိုင်၏။

မငတ်ဖူးသောသူသည် မုန့်တစ်ဖဲ့၏ တန်ဖိုးကိုလည်း သိမည်မဟုတ်၊ ကျန်းမာသန်စွမ်းသူသည် ဖျားနာသူ၏ ဝေဒနာကို စာနာနိုင်မည်မဟုတ်၊ မိမိ အိမ်ပြန်ရောက်မှ ပါလာသော နေ့တွက်လုပ်အားခကို ဆီးယူကာ ဆန်ပြေးဝယ်ပြီး ထမင်းချက်ရမည့် မိသားစုအတွက်ကားခြေနင်းကို ခိုကာ အချိန်မီ အိမ်ပြန်ရသော လူ၏အဖြစ်မျိုး မောင်ကြုံဖူးမည်မဟုတ်။ ထို့ကြောင့်လည်း ဆာလာပါလျက် ထမင်းအဆင်သင့်ဖြစ်နေသည်ကို မောင် မကျေနပ်နိုင်။ ဝက်သားကြိုက်ပါလျက် ငါးနှင့်ပုစွန်ချည်း စားနေရသောအဖြစ်ကို လူဖြစ်ရှုံးသည်ဟု မောင်က ထင်ပေမည်။

'လင်မယားချင်းတောင် လွတ်လွတ်လပ်လပ် မနေရဘူးကွာ၊ အနေကျုံ့လိုက်တာ'

မောင်က မကြာခဏ ညည်းလေသည်။

ယောကျ်ားတို့ အယုအယကြိုက်တာ၊ အလုအပ မြတ်နိုးတတ်တာကို မြလေး သိပါသည်။ သို့သော်လည်း 'ညည်းတို့ နေတာ ထိုင်တာကလဲ မျက်စိရှုက်လိုက်တာ'ဟု အပြောခံရမည်ကိုလည်း မြလေး စိုး၏။

www.burmeseclassic.com



ပြီးတော့ ကလေးတွေကို ဆုံးမရာတွင် မြလေးတို့အိမ်တွင် အတိုက်အခံ ဖြစ်နေတတ်လေသည်။

'ဆိုးမှာပေါ့၊ ကလေးတွေကို ဖျက်ဆီးနေတာကိုး'

မောင့်ဘက်မှ အပြစ်တင်သော စကား။

'မကျေနပ်ရင် ဆင်းသွားကြပေါ့၊ ကလေးတွေတော့ စောင်းမရိုက်နဲ့၊ တို့မြေးတွေ တို့တာဝန်ယူတယ်'

အခြေအနေသည် အမြဲလို တင်းမာနေသည်။

\+ + +

လင်မယားနှစ်ယောက်တို့တွင်သာ ဖြစ်တတ်နားလည်တတ်သော ပြဿနာများကို လင်နှင့်မယား မဟုတ်သူများက နားမလည်တတ် ခွင့်မလွှတ်တတ်၍လည်း ပြဿနာဖြစ်တတ်ပြန်လေသည်။ ဘာမဟုတ်သည့် ကိစ္စကလေးဆိုပေမယ့် ယိုးမယ်ဖွဲ့ကာ အခြေအတင်ပြုတတ်သည့် သဘော၊ ပြီးတော့လည်း ပြီးပြီးပျောက်ပျောက်ဖြစ်ကာ အပြုံးမပျက်၊ ကြည်နူးမပျက် နေထိုင်ကြသည့်သဘောကို ဒေါ်ကြီးတို့ နားမလည်နိုင်ကြ။ ထို့ကြောင့်လည်း တိုးတိုးတိတ်တိတ်ဖြစ်သည်ကိုပင် ကြားဖြစ်အောင် ကြားကာ အကျယ်အကျယ် လုပ်ပစ်တတ်ကြလေသည်။

'ဘာလဲ၊ ညည်းက ညည်းယောကျ်ားပြောတာ ခံနေရသလား၊ ကိုယ့်ထမင်း ကိုယ်စားနိုင်ရက်သားနဲ့ ပြန်ပြောပါလားအေ၊ မပေါင်းချင်နေပေ့စေပေါ့၊ သာတောင်အေးသေး'

ယောကျ်ားတစ်ယောက်ကို ထမင်းရှာကျွေးစေဖို့ယူထားရမည်ဟု အထင်ရောက်တတ်သော အပျိုကြီးများပီပီ မာနစကားဖြင့်လည်း သွေးထိုးပေးတတ်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ မင်းအဒေါ်တွေကိုပြောလိုက်၊ ယောကျ်ားဆိုတာ လေ့ကား သုံးထစ်ဆင်းရင် လူပျိုပြန်ဖြစ်တယ်လို့၊ ဒီလိုမိန်းမမျိုး နောက်ထပ် ဘယ် လောက်ယူမလဲ ရတယ်၊ လက်ဖျောက်တစ်ခါတီးရင် တန်းစီနေတာပဲ'

မောင်ကလည်း အားကျမခံ မဆိုသင့်သည့် စကားများကို ဆိုလေ သည်။

'အမယ် တော်ပါ၊ မောင်က မောင်စွံမှန်းသိပါတယ်၊ မြလေးလဲ ရုပ်မကျသေးပါဘူး၊ မောင့်လို ယောကျ်ားမျိုးလောက်တော့ ဘယ်မှာရှာရှာ ရပါတယ်'

'ဩော် မင်းက ငါ့ကို အသုံးမကျတဲ့ယောကျ်ားလို့ ဆိုလိုသလား၊ မင်းကလဲ မင်းအဒေါ်တွေရဲ့ လေသံအတိုင်းပေါ့လေ'

ဤသို့လျှင် ပြဿနာသည် မကြီးမကျယ်သင့်ပဲ ကြီးကျယ်လာရ လေသည်။

နောက်ဆုံးတော့ မောင်လည်း အိမ်မခင်တတ်သော ယောကျ်ား တစ်ယောက်အဖြစ် အိမ်ကို ပြန်ချင်သည့်အချိန်မှပြန်၍ ရောက်ချင်သည့် အချိန်မှ ရောက်လာတော့၏။ ရောက်လာပြန်တော့လည်း မောင်သည် အသောက်အစားကလေးဖတ်၍ လာတတ်ပြီ ဖြစ်လေသည်။ ထိုအခါ ပြဿနာမီးသည် ပို၍ တောက်လောင်ပြန်လေသည်။

'ဟင်း အဝီစိချိုးကပ်မယ့်ကောင်၊ နေ့ရှိသရွေ့ အရက်လေးတမြမြနဲ့ ဒီကောင် မူးလာရင် တံခါးမဖွင့်ပေးနဲ့'

လောကီအမှုကိစ္စ နည်းပါးသူများပီပီ တရားကိုဖက်ကာ အသက် ရှည်သူများမို့လည်း မောင့် အပြုအမူကို ခါးခါးသီးသီး ရွတ်ချကြပြန် လေသည်။

'ဘာတရားလဲ၊ ဘယ်နေရာမှာများ တရားရှိသလဲ ပြောစမ်းပါဦး၊ တရားရှိရင် ရိပ်သာသွားနေကြပါလား၊ ခုတော့ ငါ့အိမ်ကမြေပြဲ ဆိုပြီး

www.burmeseclassic.com



အတွက်စွဲလိုစွဲ၊ ငါ့ပစ္စည်း ငါ့ဥစ္စာဆိုပြီး မာန်မာန တက်လိုတက်နဲ့ ရယ်စရာ ကောင်းလိုက်တာ ထွီ'

အရည်ကလေးဝင်လာပြီဆိုတော့ မောင့်နှုတ်ကလည်း သွက်ပါဘိ။ အိုးခွက်ပန်းကန်များကို ဆောင့်လိုက်သည့် အသံသည် သောသောညံ အောင် ထွက်လာလေ၏။

'ဟဲ့ မိမြလေးရဲ့၊ တစ်သက်လုံး သူများခေါင်းပေါ် စကြဲလျှောက် လာခဲ့တာ၊ ခုမှ နင့်ကြောင့် အစော်ကားခံရတယ်ဟဲ့၊ နင့်ယောကျ်ားကို ရှေ့ထွက်သမို့ ပေါင်းနေရသလားဟဲ့'

ပစ္စည်းဥစ္စာ ပြည့်ဝချမ်းသာပါလျက် စိတ်နှလုံးအေးချမ်းမှုသည်ကား လှမ်းကွာလွန်းလေစွ။

\+ \+ \+

'ဒီမှာ မြလေး၊ မြလေးရဲ့ တိုက်တွေ မြေတွေကားတွေကို မက်မောနေ တယ်ဆိုရင် မြလေး နေရစ်ပေတော့၊ မောင်တော့ ဒီလို ယောကျ်ားတန် မယ့် အစော်ကားခံပြီး မနေနိုင်တော့ဘူး'

'နေပါဦး မောင်ရယ်၊ မြလေးလဲ စဉ်းစားနေပါတယ်၊ သားတို့ စာမေးပွဲပြီးတဲ့အခါ တစ်မျိုးတစ်ဖုံ စီစဉ်ကြတာပေါ့၊ ခဏလေးတော့ သည်းခံပါဦးနော်'

သားနှစ်ယောက် ကသီလင်တဖြစ်မည့်အရေးကိုတွေးကာ မြလေး တုံ့နှေးနေမိ၏။ မောင်နှင့်မြလေးတို့၏ နှစ်ယောက်ဝင်ငွေဖြင့် အိမ်တစ် ဆောင် မီးတစ်ပြောင် ထူထောင်ကြရန် သတ္တိနည်းနေလေသည်။ မောင် လခသည် မောင့်အသုံးစရိတ်နှင့်ပင် ကာမိရုံရှိ၏။ မောင်က ချွဲတာ၍ မြလေးလက်ကို ဝကွက်အပ်လျှင်ကော။

www.burmeseclassic.com

www.burmeseclassic.com



စဥ်းစားချင့်ချိန်ရသည့်ဇောဖြင့် မောနေလေသည်။

'ညည်း ကြပ်ကြပ်စဥ်းစား၊ ညည်းယောကျ်ားက အရက်ကလေး တမြမြနဲ့ ခုတောင် ငါတို့ရှိနေလို့ ညည်းကို ကိုယ်ထိလက်ရောက် မစော်ကားဝံ့တာ၊ ညည်းအားကိုးရင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လိုက်သွားကြည့်ပါလား၊ လူမွေးတောင် ပြောင်မှာ မဟုတ်ဘူး။ ညည်း သားလေးတွေကော ခုလို နေနိုင်ပါ့မလား၊ ဟင်း ခဲယဥ်းသားပဲ၊ ဒီအိမ်နဲ့ မြေဟာ ညည်းအဖေနဲ့ ငါတို့ ဒိုးတူပေါင်ဖက် စီးပွားရှာလို့ ကျန်ခဲ့တာ တွေ၊ သူစိမ်းကောင်းစားအောင်တော့ ထုခွဲမပေးနိုင်ဘူး ဒါပဲ'

မြလေးအတွေးဖြင့် ချာချာလည်ရပြန်လေသည်။ မြလေးကိုယ်တိုင် ကလည်း ရွှေပေါ်မြတင် သက်သောင့်သက်သာ နေလာခဲ့ရ၍ သတ္တိက နည်းသည်။ ပြီးတော့ ဒေါ်ကြီး ဒေါ်လေးတို့သည် ဖေဖေ မရှိသည်မှစ၍ မြလေးကို ဖူးဖူးမှုတ်ကာ အလိုလိုက် အကြိုက်ဆောင်ထားခဲ့သည်မှာလည်း မြလေးအသိ။ မောင်နှင့် လက်ထပ်မည်ဆိုတော့ အဒေါ်နှစ်ယောက်သည် ဖေဖေဆုံးစဥ်ကလိုပင် ဝမ်းနည်းပက်လက် ငိုကြွေးကြလေ၏။ သူတို့ သဘောတူသည့်သူနှင့် ယူပါမည့်အကြောင်းလည်း ဖျောင်းဖျပြောဆိုကြ လေသည်။သည်တုန်းကတော့ မြလေးခေါင်းကို တွင်တွင်ခါ၍ ငြင်းခဲ့၏။

မောင့်ဘက်က ဆိုလျှင်လည်း အိမ်အဝင် မျက်နှာပန်းမလှခဲ့။ မောင်သည် တစ်ကောင်ကြွက်။ ကိုယ့်ဒူးကိုယ်ချွန်သမား၊ မောင့်အတွက် လခမှန်မှန်ရသော အလုပ်တစ်ခုကလွဲ၍ ဘာမျှပါမလာခဲ့။ အစပထမတွင် မလိုလား မနှစ်သက်မှုကို ဖုံးဖိထားခဲ့သော်လည်း ကြာလေလေ အိမ်တွင်း တိုက်ပွဲက ပြင်းထန်လေလေ။

တွေဝေငေးငိုင်နေဆဲမှာပင် ပြဿနာသည် အထွတ်အထိပ်သို့ ရောက်လာလေသည်။ မောင်အပြန်ကို တံခါးစောင့်ဖွင့်ပေးနေ၍ ဖြစ်ပါ လျက် သားနှစ်ယောက်ကိုသိပ်ရင်း အိပ်ကျော်သွားခဲ့၏။

www.burmeseclassic.com



ဆူညံနေသောအသံများကြောင့် လန့်နိုးလာချိန်တွင် မောင်သည် ရဲရဲနီသော မျက်လုံးအစုံဖြင့် သံတံခါးကိုကိုင်ကာ တဝုန်းဝုန်းမြည်အောင် ဆွဲလှုပ်နေလေသည်။

'မြလေး၊ မြလေး မောင်ခေါ်နေတာ မကြားဘူးလား၊ ဘာလဲ မင်းကပါ ငါ့ကို တံခါးဖွင့်မပေးတော့ဘူးလား၊ အိမ်ကြီးရှင်တွေဆိုပြီး သိပ်လုပ်ပါးဝတယ်ပေါ့ ဟုတ်လား၊ ဟေ့ သားနှစ်ယောက်ရှိလို့ ပြန်လာတာကွ၊ မင်းတို့မိန်းမတွေ တစ်ယောက်မှ သောက်ဂရုမစိုက်ဘူးကွ'

'ဒီမှာ မောင်မြင့်ဦး၊ ဒါဟာ အလေနတောတွေနေတဲ့ရပ်ကွက် မဟုတ်ဘူး၊ ပတ်ဝန်းကျင်ကို အားနာဦးကွယ့်၊ လူဆိုတာ ဂုဏ်သိက္ခာနဲ့ နေတာ၊ ကျက်သရေမဲ့အော်ဟစ်မနေနဲ့'

'အို နားမလည်ဘူး၊ အော်မယ်ဗျာ၊ အော်မယ်'

'ဟေ့ အရက်သမား၊ ငါ့အိမ်ရိပ် မနင်းရဘူး'

အပြင်းထန်ဆုံး ထိုးနက်ချက်များဖြင့် ပြဿနာသည် အမြင့်မားဆုံး ရောက်လာချေ၏။ နောက်နေ့နံနက်မှစ၍ မောင် ထွက်သွားသည်မှာ သုံးရက်တာမျှ ကြာသွားလေသည်။ မောင့်ရုံးကိုရောက်မှ စာလေးတစ်စောင်ဖတ်ရ၏။

**မြလေး၊**

မောင် ပုဂံ ညောင်ဦးဘက် ခဏထွက်သွားတယ်၊ ပြန်လာရင် မောင်တို့ကိစ္စ ပြတ်ပြတ်သားသား ဆွေးနွေးကြရအောင်၊ မြလေး အဆင်သင့် ရှိပါစေ။

မောင်

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရိပ်၊ ကျောင်းရိပ်သည် အေးမြလှပါ၏။ မေမေသည် သောက ဗျာပါဒဖြင့် ရောက်လာသော မြလေးကို တရားဖြင့်ပင် ယှဉ်၍ဆုံးမ၏။

'လောဘမီးကို ငြိမ်းပေတော့ သမီးရယ်၊ ကိုယ့်လင် ကိုယ့်သားနဲ့ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ပေါ့၊ အင်း မရွှေတို့၊ မငွေတို့ကလဲ ခုထိ ပစ္စည်းမာန တက်ကြတုန်းပဲနော်'

ယခုမှပင် မေမေသည် ယောက်မများနှင့် အတူမနေဘဲ ဘုရားရိပ်ကို စောစောစီးစီး ခိုလှုံခဲ့သည့်အဖြစ်ကို နားလည်မိတော့၏။ သားသမီး သံယောဇဉ်၊ လင်သံယောဇဉ်သာမရှိလျှင် အဘယ်မျှ အေးချမ်းလေမည် နည်း။ လောက၏ ဒုက္ခ သုက္ခကို ခံစားနားလည်စေရန် သမီးငယ်ကို လူ့ဘောင်တွင်းဝယ် ထားခဲ့သည်ထင်၏။ ယခုတော့ သားနှစ်ယောက်ကို ခင်တွယ်သည့်စိတ်၊ လင်သားကို ချစ်ခင်သည့်စိတ်ဖြင့် မြလေးတစ်ယောက် လူ့ဘဝကို ရုန်းကန်ရပေဦးမည်။

တကယ်တမ်း အရာအားလုံးကို စွန့်လွှတ်၍ အိမ်ပေါ်မှဆင်းတော့ မည်ဆိုတော့လည်း ဒေါ်ကြီး ဒေါ်လေးတို့သည် မျက်ရည်လည်ရွဲ ဖြစ်ကြပြန်လေသည်။ မောင် ပြောသလိုပင် မြေးနှင့် တူမတည်းဟူသော အတ္တသံယောဇဉ်များဖြင့် မခွဲနိုင် မခွာရက် ဖြစ်ကြပြန်လေ၏။

'စဉ်းစားပါဦး မြလေးရယ်၊ ငါတို့မြေးလေးတွေ ဆင်းရဲပါ့မယ်၊ ညည်းတို့မှာ ဘယ်မလဲအိမ်၊ ကဲ ဒီတော့ ဒီလိုလုပ်၊ မောင်မြင့်ဦးလဲ ယောကျ်ားမာနရှိရင် တစ်အိုးတစ်အိမ်ဖြစ်အောင် ကြိုးစားချည်၊ အားလုံး အဆင်ပြေတော့ လာခေါ်လှည့်'

သည်သို့နှင့်ပင် ပိုနေမြဲ ကျားနေမြဲ အခြေသို့ ရောက်ကြရပြန် ပေသည်။ မောင်သည်မူ အသောက်အစားကို လျှော့၍ မယားနှင့် သား များကို ခွဲထုတ်နိုင်ရေးအတွက် လုံးပန်းနေရသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



အစကနဦးတွင် မောင်တစ်ယောက် အပြုအမူအနေအထိုင် ပြောင်းလဲသွားခြင်းနှင့်ပတ်သက်၍ မည်သို့မျှ သံသယမဖြစ်မိ၊ တစ်စုံတစ်ခုအတွက် အားယူကြံဆနေရ၍သာ မြလေးအပေါ်တွင် အလေးတယူရှိမှု လျော့ပါးရပေသည်ဟု မြလေး တွေးထင်မိ၏။ အရက်ကို လျှော့သောက်သည့်တိုင် အိမ်ကိုမူ အပြန်နောက်ကျတတ်၏။ တစ်ခါတစ်ရံ စောစီးစွာပင် အပြင်သို့ ထွက်သွားတတ်သည်။ ရုံးသို့ပင် ရောက်သည်လား၊ မရောက်သည်လား မသိ။ ဤသည်မှာလည်း တတ်နိုင်သမျှ အိမ်သားများနှင့် မျက်နှာခင်း မဆိုင်မိစေရန် ရှောင်နေခြင်းဟု မြလေးတွေး၏။ သို့သော် မြလေးတို့ ရှေ့ရေးအတွက် အလေးအနက် ဆွေးနွေးလာမည့်နေ့ကို စောင့်နေသည့်တိုင် မောင့်နှုတ်မှ ချိုသည် ခါးသည်ဟူ၍ ထွက်မလာတော့ပါချေ။

ပတ်ဝန်းကျင်မှ လူ့သတင်း လူချင်းဆောင်ကာ မောင့်အဖြစ်ကိုကြားရသည့်အခါ မြလေး နားကိုပင် မယုံလောက်အောင် အံ့သြခဲ့ရလေသည်။

မောင်နှင့် မျက်နှာချင်းဆိုင်နိုင်အောင် စောင့်ဆိုင်း၍ သံသယကို ချေဖျေနိုင်ရန် ထုချေလွှာ တောင်းခဲ့မိသည်။ သို့သော် မောင်သည် ငြင်းဆိုချက် တစ်စုံတစ်ရာကို မပေးပါချေ။ အားလုံးကို ခေါင်းညိတ်ဝန်ခံနေသည့် မောင့်ကိုကြည့်ကာ မြလေး ရင်ထုမနာဖြစ်မိရလေသည်။

'ဘယ်လိုလဲမောင်၊ မောင်က အားလုံးအမှန်တွေချည်း ဝန်ခံတယ် မြလေး ဘာလုပ်ရမလဲ၊ ဒေါ်ကြီးတို့သိရင်ကော ဘာပြောကြမလဲ'

'သူတို့က မောင့်ကို ဘယ်တုန်းက အကောင်းပြောခဲ့ကြလို့လဲ၊ မောင် အခုလို ဖြစ်ရတာလဲ သူတို့ ပယောဂမကင်းဘူး၊ အိမ်မှာ ပြဿနာတွေ ရှုပ်လွန်းလို့ စိတ်ချမ်းသာရာ ရှာမိတာပါ'

'အိုး ဒီလို ရောမချပါနဲ့ မောင်ရယ်၊ ပြဿနာရှိရင် ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းရှာရမှာပေါ့၊ မောင့်လိုသာ ပြဿနာကလွတ်အောင် စိတ်ချမ်းသာစရာ ရှာရမယ်ဆိုရင် မြလေးတို့ မိန်းမတွေကော'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ မင်းဘာမှ မပြောနဲ့၊ မောင်ဟာ ယောကျ်ား၊ ယောကျ်ားနဲ့ ယှဉ်ပြီး မပြောနဲ့'

'ဩော် ယောကျ်ားဆိုတော့ ဘာလုပ်လုပ် တင့်တယ်တယ်ပေါ့၊ ဟုတ်လား၊ မောင်တို့ ယောကျ်ားတွေဟာ ငါ ယောကျ်ားပဲဆိုတာကို အခွင့်အရေးယူပြီး ဖောက်ပြန်နေကြတာပေါ့'

'ဒီမှာ မြလေး၊ မောင် မြလေးအပေါ်မှာ ဘာများ ဝတ္တရားပျက်သလဲ၊ မောင် မြလေးကိုလဲ မပစ်ဘူး၊ မပစ်နိုင်ဘူး၊ သားတွေအပေါ်မှာလဲ မောင် သံယောဇဉ်မပြတ်ဘူး၊ အိမ်မှာအဆင်မပြေလို့ စိတ်ထွေထွေနဲ့ဖြစ်မိတာပါ မြလေးရယ်'

ဘာပဲဖြစ်ဖြစ် ပြဿနာကို အတူတကွ ရင်မဆိုင်ဘဲ ပြဿနာမှ ရှန်းထွက်ကာ တစ်ယောက်တည်း လွတ်မြောက်ရာရှာခြင်းသည် အိမ်ထောင်သည် ယောကျ်ားကောင်းတစ်ယောက်၏ အပြုအမူမဟုတ်ဟု မြလေး ယုံကြည်၏။ ပြီးတော့ မောင်တို့ ယောကျ်ားများတွင် ကိုယ်ချင်းစာတရားမရှိ။ ကိုယ်ချင်းစာတရားထားရန်လည်း မလိုအပ်ဟု ယူဆနေသည်မှာ အဆိုးဆုံးတည်း။ မိန်းမတို့သည် မည်သည့်နည်းနှင့်မျှ ဖောက်ပြန်ခွင့်မရှိ။ ဤသည်ကိုပင် ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်ဖြင့် ကိုးကားပြဆိုကာ မဟာယောကျ်ားကြီး ဝါဒကို ဆုပ်ကိုင်ကြလေသည်။

မြလေးတို့ကလည်း ပြောချင်၏။ မိန်းမတို့တွင် စောင့်စည်းအပ်သော အကျင့်သိက္ခာရှိသကဲ့သို့ပင် ယောကျ်ားတို့တွင်လည်း တန်ဖိုးထားအပ်သော ဂုဏ်သိက္ခာ မရှိပါပြီလော။ ငါယောကျ်ားဟု ထင်တိုင်းကြဲတတ်ကြသည်ကို ပြစ်တင်ရှုတ်ချမည့် လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းများ မရှိပါပြီလော။

ဖြစ်ပြီးခဲ့သမျှ ပြဿနာအားလုံးသည် အလွန်အမင်း သေးနုပ်သိမ်ငယ်သွားကုန်ကြလေသည်။ မိန်းမတစ်ယောက်အတွက် လင်သားရဲ့ မေတ္တာကို လက်လွှတ်ဆုံးရှုံးရခြင်းသည် တစ်လောကလုံးတွင် အကြီးမားဆုံးသော မဟာဒုက္ခကြီးပင် ဖြစ်လိမ့်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ ဆင်ခြေ ဆင်လက်ကို ခိုင်လုံစွာပင် ပေးဆဲ ဖြစ်လေသည်။

'မောင့်ကို ခွင့်လွှတ်ပါ မြလေးရယ်၊ မောင် မြလေးကိုပဲ ချစ်ပါတယ်၊ မြလေးအပေါ်ထားတဲ့ မေတ္တာ လျော့မသွားပါဘူး'

'ဒီလိုဆိုတော့ ဟိုမိန်းကလေးကို မောင် မချစ်ဘူးပေါ့၊ ဒီလိုလား'

'ပြောပြီးပြီကော၊ မောင် မြလေးကိုပဲချစ်တာပါ၊ အိမ်မှာ စိတ်ညစ်စရာ ကြုံတုန်းမို့ စိတ်ဖြေရာ ရှာကြံရင်း ဖြစ်သွားရတာပါ၊ ဒီအတွက်တော့ မောင်တို့ အိမ်ထောင်ရေးကို အပျက်မခံပါရစေနဲ့'

တစ်ဖက်မှ မိန်းကလေးကြားလျှင်တော့ မည်သို့ရှိချေမည် မသိ။ မြလေး စိတ်ကမူ ကောင်းစွာမကျေနပ်သေး။ ယောကျာ်းတစ်ယောက်ကို အဘယ်မိန်းမသည် မျှဝေ၍ ချစ်နိုင်ပါသလဲ။ ယောကျာ်းကောင်း မောင်းမတစ်ထောင်ဟူသော ဆောင်ပုဒ်ဖြင့် ခွင့်လွှတ်နားလည်တတ်သော မိန်းမမျိုး ရှိပါလျှင် ထိုမိန်းမကို မြလေးက အသည်းနှလုံးမရှိသော မိန်းမအဖြစ် မော်ကွန်းထိုးလို၏။ မြလေးတွင် ထိုမျှသဘောထားကြီးသော အသည်းနှလုံးမရှိပေ။

'ပြီးခဲ့တာတွေကိုတော့ ခွင့်မလွှတ်ချင်ပေမယ့် ခွင့်လွှတ်ရတော့မှာပဲ၊ နောင်ကို မဆက်သွယ်ပါဘူးလို့ မြလေးကို ကတိပေးပါ မောင်ရယ်'

မောင်သည် ခေါင်းကို သွက်သွက်ညိတ်ပြလေသည်။

သို့သော် မြလေး၏ ရင်တွင် မည်သည့်သောကမီးနှင့်မှ မတူသော အပူမီးသည် အရှိန်တညီးညီး တောက်လောင်ခဲ့ရချေပြီတည်း'

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ စာဆိုများသည် အဘယ်ကြောင့် ယောက်ျားသားတို့၏ အချစ်ကို မျှော်ကိုးတောင့်တသော ပို့ကဗျာ လင်္ကာများကို ဖွဲ့ဆိုသီကြွေးခဲ့ရပါသလဲ။ မိန်းမသားတို့အဖို့တွင် ယောက်ျားတို့၏ အချစ်ရေးထက် အရေးကြီးသော အရာသည် မရှိပြီလော။ ဘာကြောင့်များ မိမိတို့ဘဝကို မိန်းမတို့အပေါ် အထင်သေး နှိမ်ချတတ်သော၊ ပစ်ပယ်စိမ်းကားတတ်သော၊ အရာမသွင်း ချင်သော ယောက်ျားများထံတွင် အပ်နှံလုပ်ကြွေးကြရပါသနည်း။

မိန်းမတို့၏ တန်းတူအခွင့်အရေး တောင်းဆိုမှုများသည် ယောက်ျား သားများ၏ ရှေ့မှောက်တွင် ထမင်းပွဲများ၊ သားချော့တေးများ၊ အလှအပ တန်ဆာများအဖြစ် ပြောင်းလဲဝပ်ဆင်းသွားကြလေသည်။ လူမှုရေးရာ တိုက်ပွဲများတွင်သာ မိန်းမတို့ အောင်ပွဲဆင်နိုင်မည်၊ နှလုံးသားရေးရာ တွင်တော့ မည်သည့်အခါမျှ အောင်ပွဲဆင်နိုင်မည်မသိ။ ယောက်ျားသားမို့ ဘာမဆို တင့်တယ်သည်ဟူသော ဝါဒကို ဒိုင်းသဖွယ် ကာဆီးထားသမျှ မိန်းမတို့၏ လေးမြားလက်နက်တို့သည် ပျော့ညွတ်ကောက်ကွေးကာ ခြေတော်ရင်းတွင်သာ ခစားကြရပေတော့မည် ထင်၏။

မိမိကိုသာ တကယ်ချစ်တာပါဆိုသော်လည်း တစ်ဖက်သားနှင့် ကြည်ဖြူလက်တွဲနေခြင်းကို မည်သည့်နည်းနှင့်မျှ မြလေး ခွင့်မလွှတ်နိုင်။ ယောက်ျားဘက်ကမို့ အရှုံးမရှိဟု ဆိုခြင်းကိုလည်း မြလေး လက်မခံနိုင်။ ကိုယ့်ချစ်သူကို တစ်ပါးသူက ချစ်ကြည်ရွှင်မြူးနေသည်ဆိုလျှင်ပင် အရှုံးတကာ့ အရှုံးဟု မြလေး တွက်ဆ၏။

ထို့ကြောင့်လည်း မောင့်နောက်ကို အရပ်ပမာ လိုက်ပါစုံစမ်းမိ၏။ လက်လှမ်းမီသမျှ အပေါင်းအသင်းများကိုလည်း မောင့်သတင်းကြဲ ပါးစေ၏။ မြလေးအဖြစ်က စုံနံ့သာမြိုင်မှာ ရှာပုံဖွင့်ရသည့် လင်ဟာရှုံးမ သဖွယ် ဖြစ်ရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မောင့်အပေါ် အပြစ်မြင်တတ်သော ဒေါ်ကြီး ဒေါ်လေးတို့သည် သည်ပွဲတွင် မျက်ခြည်ပြတ်သွားလေသည်။ အပူရုပ်ကို ဟန်လုပ်ဖုံးနေသော မြလေးကိုကြည့်ကာ 'သိပ်လဲ သောကရောက်မနေပါနဲ့အေ၊ ညည်းတို့ချည်းနေဖို့ မတတ်နိုင်ရင်လဲ ဒီမှာပဲနေပေါ့၊ တစ်နေ့ကျ ညည်းတို့ပစ္စည်းပါပဲ။ ခုလဲ မောင်မြင့်ဦးက အရင်လို မဟုတ်တော့ပါဘူး'ဟု ဖျောင်းဖျကြလေသည်။ တကယ်တမ်း 'မောင်အရင်လို မဟုတ်သည့်အဖြစ်'ကို ဒေါ်ကြီးတို့မသိ။ မြလေးရင်ဝယ် နေဆယ်စင်းနှယ် ပူရသည့်အဖြစ်ကို မြလေးသည် ကြိတ်မှိတ်ခံရလေသည်။

သူ့ကို ဂရုစိုက်နေမှန်းသိ၍ မောင့် ခြေလှမ်းများသည် မှုမှန်လာကြပြန်လေသည်။ တစ်ခါတစ်ရံ မြလေးက အစိုးရိမ်ပိုကာ စူးစမ်းမိသည်ကို မောင်သိလျှင် ပြုံး၍ ရယ်၍ ရွှင်မပျက်ပြောသေး၏။

'မြလေးကလဲ မောင်မဆက်သွယ်တော့ပါဘူးလို့ ပြောပြီးမှပဲ'

သို့သော် အပူသည်မ မိမြလေးသည် ဘုရားကိုပင် လောကီတွင်းသို့ ပင့်ဆောင်ကာ ဦးတိုက်လျှောက်ထားမိ၏။

'ဘုရားတပည့်တော်မသည် သည်လင် သည်သားနှင့် စိတ်ချမ်းသာစွာ အိုအောင် မင်းအောင် ပေါင်းရပါစေဘုရား'

\+ \+ \+

မြလေး စိတ်ဆင်းရဲမှာစိုးလို့ဟူ၍ ထိန်ချန်ထားကြသော သတင်းအစအနများသည် ပေါက်ကွဲ ပျံ့လွင့်လာကြပြန်လေသည်။

'မြလေးလူတော့ ဆေးမိနေပြီ ထင်ပါရဲ့ကွယ်၊ ခုဆိုရင် သူတို့က ပြောင်ပြောင်တင်းတင်းပဲ ဆရာ၊ တန်တော့ ကိုယ်ထင်တာ သူတို့ ညားနေကြပြီလား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com

အကျိုးကိုလို၍ ပြောသည်လား၊ အကျိုးမဲ့သည်ကိုမြင်၍ ပြောသည်လား မြလေး မခွဲခြားတော့။ တစ်လောကလုံးရှိ လူအားလုံးကိုပင် အားကိုးအားထားပြုရတော့မည်သို့ ရှိချေလေသည်။ မောင် ရုံးမှ ခွင့်ခဏခဏ ယူသည်ကိုလည်းသိရ၏။ မောင်တို့ သွားတတ်လာတတ်သည့်နေရာများကိုပင် မျက်စိနှင့် တပ်အပ်မြင်သူက ပြောပြလေပြီ။ မောင်ကမူ ဟန်မပျက်။ အချိန်တန်လျှင် အိမ်ပြန်လာဆဲ ဒေါ်ကြီး ဒေါ်လေးတို့ကိုလည်း ကလန်ကဆန်မပြုဘဲ တည်ငြိမ်အေးဆေးစွာ အခန်းထဲ ဝင်ခဲ့စမြဲ။ 'ကိုယ့်ဘက်က ဘာမှ ဆူဆူပူပူမလုပ်နဲ့၊ ကိုယ်လဲ မိန်းမပဲ၊ ကိုယ့်ဘက်ပါအောင် ပြန်ဆွဲ' ဟူသော ဩဝါဒများကိုလည်း ဟုတ်လိမ့်နိုးနိုးထင်ကာ မောင့်ကို စကားမာမာပင် မပြောဝံ့။ ဟုတ်သည် မှန်သည်၊ ဓာတ်ရိုက်ဓာတ်ဆင် ကောင်းသည်ဟူသော ဗေဒဝိဇ္ဇာအကျော်အမော်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ရပြီ။ မောင်သည်ကား လေကလေး တမြမြချွန်ကာ ဣန္ဒြေကောင်း၍ နေလေ၏။

သို့သော် မောင့်ကို မတွေ့ချင်မြင်ပါလျက်သား ရင်ဆိုင်တိုးခဲ့ရသည့် အဖြစ်ကို မေ့နိုင်စရာပင်မရှိ။ အကြားနှင့်ပင် ရင်တသိမ့်သိမ့်တုန်အောင် နာကျည်းပူဆွေးခဲ့ရပါလျက် မျက်စိနှင့် မြင်ရသည်ကို အဘယ်သို့လျှင် မတုန်လှုပ်ပဲ နေနိုင်ပါမည်နည်း။ တစ်လောကလုံးသည် ကျွမ်းထိုးမှောက်ခုံဖြစ်ကာ အရာရာသည် မောင်မှတစ်ပါး မှုန်ဝါးပျောက်ကွယ်သွားလေသည်။

မည်သို့ ပြုမူလိုက်သည်ကိုပင် သတိမထားမိ။ မောင့်လက်မောင်းအစုံကို ဆုပ်ကိုင်မိမှ 'ဒါက ဘယ်လိုလဲ' ဟု အစီအစဉ်မရှိ နှုတ်မှထွက်သွားမိသည်။ မောင်သည် တစ်ဖက်လူကို လက်တွဲဖြုတ်ခဲ့ကာ မြလေးကို အထိတ်တလန့် ရင်ဆိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟို အဲ မြလေးကလဲ ဈေးလယ်ခေါင်ကြီးမှာ၊ လာလာ ဒီဘက်က ပြန်ကြမယ်'

မောင့် အမူအရာကတော့ အကယ်ဒမီ ရှုံးလောက်ပါရဲ့။

ဟို မိန်းကလေးကမူ မြေကြီးနှင့် ဖဝါးပင် ထိပါတော့၏လားမသိ၊ အပြေးတစ်ပိုင်း ထွက်ခွာ ပျောက်ကွယ်သွားသည်။ မြလေး ရင်ကမူ တုန်နေ ခုန်နေဆဲ။ မောင် ဆွဲခေါ်ရာနောက်သို့ လိုက်ပါလာရပေမယ့် ခြေလှမ်းများကို ခိုင်ခိုင်လှမ်း၍မရ။ အသည်းနှလုံးကို ဆွဲနှုတ်ခံလိုက်ရသည်သို့သာ ရှိချေသည်။

'မောင် သိပ်ရက်စက်တယ်၊ မောင့်စကားကို မြလေး ယုံခဲ့တာ မှားတာပဲ၊ မထူးတော့ပါဘူး မောင်ရယ် မြလေးတို့ လမ်းခွဲကြတာပဲ အေးပါတယ်၊ ဒီအတိုင်းတော့ မြလေး မနေနိုင်ဘူး၊ စိတ်ဆင်းရဲတယ်'

လမ်းခွဲစကားကို ဆိုသူကပင် မောင့်ရင်ခွင်တွင် ချုံးချ၍ ငိုကြွေးမိ၏။ ယခုတော့ မောင်သည် ကတိစကားတစ်လုံးကိုပင် ရဲရဲပေးပြန်ပါလေပြီ။

'ဟောဒီမှာကြည့် မောင်ရေးတဲ့စာ၊ မြလေးကိုယ်တိုင်သွားထည့်ပေတော့'

'ဟင့်အင်း ဟင့်အင်း မယုံဘူး၊ စာထည့်လိုက်ပေမယ့် မောင်တို့ချင်း အချိန်မရွေး ဆက်သွယ်လို့ရတာပဲ'

'မဆက်သွယ်ပါဘူး မြလေးရယ်၊ မယုံရင်လေ မောင် ရုံးကခွင့်ယူထားမယ်၊ ခရီးထွက်မလား၊ မောင်တို့ မော်လမြိုင်ကို သွားကြမယ်'

တဒင်္ဂအားဖြင့်တော့ ယုံစားလိုက်မိပြန်လေသည်။

'မော်လမြိုင်သွားရင် လေယာဉ်နဲ့တော့ မသွားချင်ဘူး၊ ကျပ်ချင်ကျပ်ပစေ၊ ရထားနဲ့ပဲ သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မြလေးကလဲကွာ'
မိန်းမတို့၏ မျက်ရည်သည် ခန်းခြောက် လွယ်လွန်းလေစွ။

\+ + +

ကိုယ့်ပစ္စည်းကို ကိုယ်ပြန်လည် ရယူချင်းကိုပင် ကြီးစွာသော လာဘ်ကြီး တစ်ခုကဲ့သို့ ကြည်နူးပြုံးပျော်ခြင်း ဖြစ်ရပြန်လေသည်။

သို့သော် လူ့ခန္ဓာကိုယ်ကိုသာ ချုပ်ကိုင်တားဆီးခြင်းငှာ စွမ်းနိုင်လျက် စိတ်အစဉ်ကို မည်သူသည် လိုက်လံစုစည်းနိုင်ပါမည်နည်း။ မိသားစုနှင့် အတူ ပျော်ရွှင်ကြည်နူးဟန်နှင့် မောင်တစ်ယောက် ဟန်ဆောင်မည်မျှ ကောင်းစေကာမူ မောင့်မျက်လုံးများ၏ အနက်အရှိုင်းကို မှန်းဆရခက်လှ၏။ မောင့်အတွေး မောင့်ရင်တွင်းသို့ အခြားတစ်ပါးသော မိန်းမသည် မည်မျှ ကျယ်ပြန့်စွာ ထိုးထွင်းဝင်ရောက်နေမည်ကို မသိနိုင်ချေ။

ယောကျ်ားတို့သည်ကား ဟန်ဆောင်ကောင်း၏။ အမြော်အမြင် လည်းကြီးပေ၏။ သို့မို့ကြောင့်လည်း တစ်စုံတစ်ခုသော အကြောင်းအရာ မျှဖြင့် သားသမီးသံယောဇဉ်၊ ဇနီးသံယောဇဉ်ကို ဖြတ်မပစ်ကြ။ မိုက်မဲ သူတို့သာလျှင် အိမ်ထောင်ကို နှစ်ခါပြုသည်ဟု မောင်တို့ ဆိုစမှတ် ပြုကြ၏။ သူတို့၏ တွေးခေါ် မြော်မြင်ချက်ကား မှန်ကန်သည်ဟု ဆိုနိုင်သည်နှင့်အမျှ ကြောက်မက်ဖွယ်လည်း ကောင်းလှပေ၏။

သို့သော် မိန်းမတို့၏ သေးနုတ်သိမ်ဖျင်းသည်ဟု သတ်မှတ်သော ဉာဏ်ပရိယာယ်သည်ပင် ၎င်းတို့၏ သဘောတရားရေးရာ မှတ်ကျောက် များကို အမီမလိုက်နိုင်ပါချေ။ ပြဿနာတွင်းမှ ရုန်းထွက်ကာ ပြဿနာ သစ်တစ်ရပ်ကို ပွားစေခဲ့သည်မှန်ပါလျက် ပြဿနာကို ကျလည်စွာ ပင် ကိုင်တွယ်တတ်ချေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်တစ်ယောက် ဇနီးနှင့်သားများကို ချွေးသိပ်ကာ စိတ်အပန်းဖြေရာနောက်ကို နောက်တစ်ခေါက် ပြန်မကျော့ဘူးဟု မည်သို့လျှင် ယုံစားရပါနည်း။ မိန်းမဉာဏ်နှင့်ပင် တတ်သမျှ မှတ်သမျှ ကြိုးပမ်းတားဆီးခဲ့သည် မှန်သော်လည်း တစ်ဖက်မှ မိန်းကလေးသည်လည်း မောင့်ကို အရှုံးအမှုံး စွဲလမ်းတသနေသူမို့ မျှော်လင့်နေဦးမည်သာ။ တစ်ချိန်တစ်ခါက မောင့်ကို မိန်းမတွေကျလောက်တဲ့ရုပ်မျိုးဟု ချီးကျူးအမွှန်းတင်မိခဲ့သည်ကိုပင် နောင်တရနေလေသည်။ မောင်သည် မိန်းမတို့၏ ပျော့ချက်ကို သိနေပြီတည်း။ မိန်းမတို့သည် ယောကျ်ားများလောက် အတွေးအခေါ် မရှိဟူသော သဘောတရားကို မောင် ကောင်းစွာ ကြေညက်နေလေပြီ။

ရုပ်ရည်ကို အားကိုးကာ အချစ်ကို ဖမ်းစားတတ်သော မိန်းမတို့ကို အကျင့်ပျက်မိန်းမဟု လူ့စည်းကမ်းက သတ်မှတ်ပါလျက် မိန်းမတို့၏ ပျော့ညံ့ချက်ကို ကိုင်၍အချစ်ကို ရောင်းစားတတ်သော ယောကျ်ားတို့ကိုမူ လူ့လောကကြီးသည် ဥပေက္ခာပြုထားလေ၏။ ကြည်ဖြူခွင့်လွှတ်ထားလေ၏။

မည်သို့ပင်ဖြစ်စေ ယဉ်ကျေးမှုအစဉ်အလာအရ အိမ်ထောင်တစ်ခုကို မပျက်ပြယ်စေလိုသော ဆန္ဒတွင်မူ မောင်ရော မြလေးပါ တူညီစွာထားရှိမိကြ၏။ ထို့ကြောင့်လည်း သားနှစ်ယောက်၏ အနာဂတ်နှင့်အတူ မြလေးတို့ အိမ်ထောင်ရေးသည် ခရီးဆက်ရပေဦးမည်။

ကျိုက္ခမီသောင်ကမ်းမှ ပင်လယ်လှိုင်းများသည် မောင့်ဆီမှ စိတ်တလေကို ဆောင်ယူကာ အပြောကျယ်သော ပင်လယ်တွင်းသို့ ပို့ဆောင်နေလေသည်။ ကမ်းပါးကို ရိုက်ခတ်လာသော လှိုင်းများနှင့်အတူ မောင့်ကို ပြန်လည် ခေါ်ယူမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင့်စိတ်၊ မောင့်အပြုအမူ၊ မောင့်ယုံကြည်ချက်တွေ မပြတ်သား သေးသမျှ မြလေး မောရချေဦးမည်။ မောင့်အချစ်နှင့် ခန္ဓာကိုယ်ပါ အတူတကွ ပြန်လည်ရယူပိုင်ဆိုင်ရေးအတွက် မြလေး ကြိုးစားရဦးမည်။

သားနှစ်ယောက်၏ အနာဂတ်တွင် မိဘမေတ္တာ စုံလင်ပြည့်ဝစွာဖြင့် သာတောင့်သာယာ ရှိမည်ဆိုပါလျှင် မြလေး၏ အလိုဆန္ဒအားလုံး ပြည့်စုံချေပြီတကား။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

၃

တစ်ခါတစ်ရံ တစ်စုံတစ်ယောက်၏ ဖောက်ပြန်တွေဝေမှုသည် အခြားတစ်ယောက်မကသော လူများကို သောကဗာပါဒဖြင့် လောင်မြိုက်ပူဆွေးစေ၏။

[ ငွေတာရီ။ ။ နိုဝင်ဘာ၊ ၁၉၇၆ ]

www.burmeseclassic.com

www.burmeseclassic.com

# ၂

# ရေမှာ ပျော်သော ငါး တောမှာ ပျော်သော ဆင်

www.burmeseclassic.com

www.burmeseclassic.com

မိုးတွေရွာသော နေ့တစ်နေ့တွင် မောင်မောင့်ကို မိဇွန် ပြန်တွေ့ရသည်။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့သည် မိဇွန်၏ မွေးနေ့ဖြစ်နေသည်။ မိဇွန်ကို ဇွန်လ ၂၀ရက်နေ့၊ မိုးတွေရွာသော နေ့တစ်နေ့တွင် မွေးခဲ့သည်ပဲ။ မိဇွန် အသက်နှစ်ဆယ် တင်းတင်း ပြည့်သောနေ့တွင် မောင်မောင်နှင့် ပြန်တွေ့ရခြင်း ဖြစ်လေသည်။

မောင်မောင်နှင့် မိဇွန်တို့ ကွဲကွာသွားခဲ့သည်မှာ လေးနှစ်ကြာခဲ့ပါပြီ။ တစ်မြို့တည်း တစ်ရပ်ကွက်တည်းနေခဲ့သူများမို့ မိဇွန်နှင့် မောင်မောင်တို့ ရင်းနှီးကြသည်။ တစ်ကျောင်းတည်း တစ်တန်းတည်း နေခဲ့သူများမို့လည်း သံယောဇဉ်ရှိကြသည်။ ပြီးတော့ မိဇွန်နှင့် မောင်မောင်သည် ယုံကြည်ချက်ချင်းလည်း တူသည်။ ဝါသနာချင်းလည်း တူခဲ့ကြသည်လေ။ မတူသည်ကတော့ မိဇွန်နှင့် မောင်မောင်တို့၏ ဘဝပေးအခြေအနေပင် ဖြစ်လေသည်။

ကွက်သစ်ထဲတွင်နေကြသူအချင်းချင်း မောင်မောင်တို့ အိမ်ကြီးက မိဇွန်တို့တဲကို မိုးနေသည်။ မိသားစု သုံးယောက်ချင်းအတူတူ မောင်မောင်တို့ မိသားစုက သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်ရှိသည်။ မောင်မောင်တို့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှ ရေဒီယို၊ ရက်ကော်ဒါသံ အမြဲကြားနေရသည်။ မီးက ထိန်ထိန်လင်းနေသည်။

မိဖွန်တို့အိမ်ထဲတွင်တော့ နီကျင်ကျင် မီးရောင်အောက်တွင် အမေက ဆောင့်ကြောင့်ထိုင်ကာ မရိုးလှသော ညည်းချင်းကြီးတစ်ပုဒ်ကို ရွတ်ဆိုနေမည်။ အဖေက မူးမူးနှင့် ငြိမ်၍နေသည်။ နားမခံသာသည့်အဆုံးတွင် ထအော်မည်။ အော်၍မှ အမေ့အသံ မရပ်သေးလျှင် နီးရာပစ္စည်းတစ်ခုခုနှင့် အမေ့ကို လှမ်းပေါက်မည်။ ထိုအခါ ထုံးစံအတိုင်း အမေ ငိုပေမည်။

တစ်နေ့တာတွင် ကျောင်းသွားရသည့်အချိန်ကို မိဖွန်အပျော်ဆုံးဖြစ်လေသည်။မနက်မိုးလင်းသည်ဆိုလျှင် အမေ့ကို ထမင်းကူချက်ပေးကာ ရေမိုးချိုးသည်။ လမ်းထိပ်ရေဘုံဘိုင်က တပင်တပန်းသွားဆွဲထားရသော ရေကို စဉ့်အိုးထဲမှ ခပ်ကာ စိမ်ပြေနပြေ ချိုးပစ်သည်။ မောင်မောင်သည် သူတို့အိမ် ပြတင်းပေါက်မှနေ၍ ခေါင်းဖြီးရင်း မိဖွန်ကို လှမ်းကြည့်မြဲဖြစ်လေသည်။ ပြီးတော့လည်း 'မြန်မြန်လုပ်နော်၊ နောက်ကျရင် ငါမစောင့်ဘူး' ဟု ပြောနေကျစကားကို လှမ်းအော်ပြောသည်။ မိဖွန်သည် လုံချည်ရင်လျားကို ပြုတ်မကျအောင် သတိထားရင်း 'အေးပါ' ဟု ပြန်ပြောမြဲဖြစ်သည်။ မောင်မောင်တို့အိမ်နှင့် မိဖွန်တို့အိမ်သည် ခြံစည်းရိုးတစ်ခုသာခြားသည်။ မိဖွန်တို့အိမ်က ရေချိုး၊ အဝတ်လျှော်သည့် နေရာသည် မောင်မောင်တို့အိမ်ဘေး ပြတင်းပေါက်နှင့် တည့်တည့်ပင် ဖြစ်လေသည်။ မိဖွန်သည် လုံချည်လဲတိုင်း ပြတင်းပေါက်ကို မော့ကြည့်ဖြစ်သည်။ မောင်မောင် ရှိနေသေးလျှင် လုံချည်ရေစိုဖြင့်ပင် အိမ်ပေါ်ပြန်တက်ကာ အိမ်ပေါ်ရောက်မှ လုံချည်လဲသည်။ ဤသည်ကို မောင်မောင်ကလည်း ရိပ်မိသည်။ တစ်ခါတစ်ရံ မသိချင်ယောင်ဆောင်ကာ ပြတင်းပေါက်တွင် ပေ၍ ရပ်နေသည်။ နှုတ်ခမ်းစူ၍ လုံချည်ရေစိုဖြင့် အိမ်ပေါ်တက်သွားသော မိဖွန်ကို ကြည့်ကာ သဘောကျစွာ ရယ်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားလျှင်တော့ မောင်မောင်သည် လမ်းထိပ်က စောင့်နေမြဲ ဖြစ်သည်။ ပင်နီအင်္ကျီနှင့် လုံချည်နီနီကိုဝတ်ကာ သနပ်ခါးဘဲကြားနှင့် ထွက်လာသော မိဇွန်ကိုမြင်တိုင်း ကြာလိုက်တာဟု ပြောတတ်သေးသည်။ မိဇွန်တို့ ကရင်ကွက်သစ်မှ အမျိုးသားကျောင်းသို့ ဆေးရုံကြီးနောက်ဖက် လမ်းကြားကိုဖြတ်ကာ သွားကြသည်။ လူရှင်း၍ ရင်ခွဲရုံလည်း ရှိသဖြင့် မိဇွန်ကကြောက်သည်။ မောင်မောင်ကတော့ အေးအေးဆေးဆေး စကား ပြောရသည်ဆိုကာ သည်ဖြတ်လမ်းမှပင် အတင်းခေါ်တတ်လေသည်။ သည်တုန်းကတော့ မောင်မောင်သည် သူဖတ်ပြီးသော စာအုပ်များအကြောင်း၊ နိုင်ငံရေးအကြောင်း၊ ပညာရေးစနစ်အကြောင်းကို ဝေဖန်ဆွေးနွေးသံများဖြင့် စီကာပတ်ကုံး ပြောတတ်သည်။ အဖေ အရက်မူးနေတတ်သော၊ အမေ ငိုတာလောက်ကို စိတ်ညစ်စရာဟု ထင်နေသော မိဇွန်သည် မောင်မောင် ပြောသော စကားများကို တအံ့တဩ ငေးမောနားထောင်တတ်လေသည်။ အရင်းရှင်စနစ် မကောင်းဘူးဟု မောင်မောင်က ပြောလျှင်လည်း မိဇွန်က ခေါင်းညိတ်သည်။ ဘာမကောင်းမှန်း မသိပေ။ မောင်မောင်သည် ပြည့် ပြည့်စုံစုံ နေရပါလျက် ဘာကြောင့် မကျေမနပ်ဖြစ်နေသည်ကိုလည်း မိဇွန်မသိပေ။ မိဇွန်ကတော့ ဆန်အိုးထဲမှာ ဆန်မရှိသည်ကိုသာ သိသည်။ ငါးပိရည်အိုးကို ရေထပ်ထိုးကာ ကျိုနေရသည်ကိုသာ သိသည်။ ဘာ ကြောင့် ဤသို့ဖြစ်သည်ကို မသိပေ။ အမေ့ အပြောအရတော့ အဖေ အရက်သောက်ပြီး အလုပ်ကောင်းကောင်း မလုပ်လို့ပါပဲဟု နားလည် လိုက်သည်။

တစ်ခုတော့ရှိသည်။ အဖေသည်တစ်ချိန်က မောင်မောင့် အဖေလိုဖြင့် စက်ရုံတစ်ရုံတွင် မန်နေဂျာ လုပ်ခဲ့ဖူးသည်။ နိုင်လွန်စက်လား၊ စွပ်ကျယ် စက်လား မိဇွန် မမှတ်မိတော့။ မောင်မောင်တို့အဖေက အိုးသုံး အိမ်သစ်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ချိန်တွင် မိဇွန်တို့အိမ်ကို သွပ်မမိုးနိုင်တော့၍ အယိုအပေါက်များ များလာခဲ့သည်။ မောင်မောင်တို့ အဖေသည် လုပ်ရည်ကိုင်ရည်ရှိ၍ ကြံရည်ဖန်ရည်ကောင်းသည်။ ဖေဖေက ရိုးသည်။ အ သည်။ ယုံလွယ်သည်။ အားနာတတ်သည်။ မောင်မောင်တို့အဖေ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ခွဲထောင်ချိန်တွင် ဖေဖေ အရက်သမားလုံးလုံးဖြစ်ကာ အလုပ်မှ ထွက်လိုက်ရသည်။

မောင်မောင်သည် သူ့အဖေနှင့် မတူသည်ကတော့ အမှန်ပင်ဖြစ်သည်။ မောင်မောင်က မိဇွန်တို့ အဖေကို ဦးလေး၊ ဦးလေးနှင့် တရိတသေ ဆက်ဆံသည်။ သူ့အဖေ မရှိလျှင် မိဇွန်တို့အဖေနှင့် စကား အေးအေးဆေးဆေး လာပြောတတ်သည်။ အဖေက 'မင့်အဖေ လူလည်ပဲ' ဟု လျှာလေးအာလေးနှင့် ပြောလျှင်လည်း မောင်မောင်က စိတ်မဆိုးဘဲ ပြုံးနေတတ်သည်။ မောင်မောင်ကလွဲလျှင် ကျန်အိမ်သားများကတော့ မိဇွန်တို့ကို အရေးတယူမရှိလှပေ။ မောင်မောင်နှင့် မိဇွန်တို့ ငယ်စဉ်မှစ၍ ခင်မင်ခဲ့သဖြင့် ယခုတိုင် တပူးတွဲတွဲနေသည်ကို မတားမြစ်တော်လည်း နှစ်သက်ဟန်မပြချေ။ မောင်မောင်တို့အဖေနှင့်စာလျှင်တော့ မောင်မောင်တို့ အမေသည် အေးအေးဆေးဆေး ရိုးရိုးကုပ်ကုပ်နေတတ်လေသည်။ တစ်ခါ တစ်ရံအမေ့ကိုခေါ်၍ အနင်းအနှိပ်ခံကာ ဈေးဖိုးဟင်းဖိုးလည်း ပေးတတ်လေသည်။ 'ကိုမြခိုင်က တော်တော်ပေတာပဲနော်' ဟုလည်း လင်ကံဆိုးသော အမေ့ကို ပြောတတ်လေသည်။

ကျောင်းတွင်တော့ မောင်မောင်နှင့် မိဇွန်သည် စိတ်တူ ဝါသနာတူဖြစ်၏။ တန်းခွဲချင်းမတူ၍ မဆုံရသော်လည်း ကျောင်းတွင်း နံရံကပ်စာစောင်အဖွဲ့၊ စာကြည့်တိုက်အဖွဲ့တွင် အလုပ်လုပ်ရင်း ဆုံကြရ၏။ မောင်မောင်သည် စာဖတ်ဝါသနာပါသော်လည်း စာသိပ်မရေး။မိဇွန်ကတော့ စာဖတ်နည်းပေမင့် စာရေးချင်စိတ်ရှိသည်။ကဗျာတွေရေးကာ မောင်မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ မဂ္ဂဇင်းတိုက် လိပ်စာတွေမေးကာ မောင်မောင့်ကို ထည့်ပေးခိုင်းသည်။ 'မိဇွန်ကဗျာတွေကလဲ အားနည်းလိုက်တာ၊ စာများများဖတ်ပါဟာ' ဟု မောင်မောင်က ဝေဖန်တတ်သည်။ မိဇွန်ပို့ခိုင်းသော ကဗျာများကိုတော့ ပို့ဖြစ်အောင် ပို့ပေးသည်။ မဂ္ဂဇင်းတွေထဲ ပါလာသောအခါတွင်လည်း သူကပင် အရင်တွေ့ကာ ဝယ်လာတတ်သည်။

မိဇွန်တို့ ရှစ်တန်းအောင်သည့်နှစ်မှာ တိုင်းပြည်အခြေအနေက တစ်မျိုးဖြစ်လာသည်။ သူတကာတွေအတွက် မထူးခြားသည့်တိုင် မောင်မောင်တို့အတွက်က ထူးခြားခဲ့သည်။ မောင်မောင်တို့ မိသားစု အထိတ်အလန့် မအိပ်နိုင် မစားနိုင် ဖြစ်နေသည်ကိုကြည့်ကာ မိဇွန်ပင် စိတ်မကောင်းဖြစ်ရသေးသည်။အရင်းရှင်စနစ် မကောင်းဘူးဟု ပြောသော မောင်မောင်တစ်ယောက်ပင်လျှင် ခပ်ငိုင်ငိုင် ဖြစ်နေသည်ကိုကြည့်ကာ မိဇွန်အံ့ဩမိလေသည်။ နောက်တော့လည်း မကြာပါချေ။ မောင်မောင်တို့ မိသားစုသည် ပဲခူးမြို့မှ အိမ်မြေ လုပ်ငန်းအားလုံးကို ရောင်းချပြီး တောင်ငူသို့ ပြောင်းသွားလေသည်။ မိဇွန် အထင်ကြီးအားကိုးခဲ့ရသော မောင်မောင်လည်း မိဇွန်နှင့်ဝေးရာကို လိုက်ပါသွားလေသည်။

သည်တုန်းက မောင်မောင်က မိဇွန်ကို အားပေးခဲ့သည်။

'မိဇွန် ကြိုးစား၊ မိဇွန်နဲ့မောင်မောင်တို့ တက္ကသိုလ်မြေမှာ ပြန်ဆုံကြမယ် သိလား'

+ + +

ကံကော်ရိပ်မှာ၊ တမာပင်တန်းအောက်မှာ၊ စိန်ပန်းတွေကြွေသော လမ်းပေါ်မှာ မောင်မောင့်ကို မိဇွန် ရှာခဲ့သည်။ စာကြည့်တိုက်မှာ၊ ကျောင်းသားတွေ

www.burmeseclassic.com

www.burmeseclassic.com



အားကစားလေ့ကျင့်ရာဘက်မှာလည်း မျက်လုံးဝေ့၍ကြည့်ခဲ့၏။ မောင်မောင့်ကို မတွေ့။ မောင်မောင်တစ်ယောက် တက္ကသိုလ်နယ်မြေကို မလာဘဲနေတော့မည် မဟုတ်တန်ရာ။ ဆေးတက္ကသိုလ်မှာလား၊ စက်မှုတက္ကသိုလ်ဘက်မှာများ ရောက်နေမလားဟု တွေးမိပြန်လေသည်။ စာသင်နှစ်တစ်နှစ်ကုန်ဆုံးခဲ့သော်လည်း မောင်မောင့်သတင်းကို စုံစမ်း၍မရ။ မောင်မောင်သည် ခွဲခွာကာစကသာ မိဇွန်ဆီ စာရေးဖော်ရသော်လည်း ကြာတော့စာအလာကျဲသွားသည်။ တက္ကသိုလ်မြေရောက်မှ မိဇွန်ကို တွေ့တော့မည်ဟု အဆုံးသတ် ကတိပေးထားသည်။

မိဇွန်ကတော့ မောင်မောင့်ကို အမြဲ သတိရ၏။ သို့သော် မောင်မောင့်ဆီ စာမရေးချင်။ မိဇွန်၏ ဒုက္ခ၊ မိဇွန်၏ ဘဝအခက်အခဲများကို မောင်မောင် မသိစေချင်။ မိဇွန် ၁၀တန်းဖြေမည့်နှစ်မှာ အဖေဆုံးသွားတာ၊ အမေ ရပ်ကွက်ထဲမှာ အိမ်ဆိုင်လေးဖွင့်ပြီး သားအမိနှစ်ယောက် ရုန်းကန်နေရတာတွေ မောင်မောင် မသိစေချင်။ နောက်ဆုံးတော့ အဖေ့ ညီအစ်ကိုတော်သူတစ်ယောက် အကူအညီဖြင့် ကျောင်းကို မရမနေ ကြိုးစားတတ်ခဲ့ရတာကိုလည်း မောင်မောင့်ကို မပြောချင်တော့။ မိဇွန်ဘဝမှာ အခက်အခဲကြားမှ ကြိုးစားရုန်းကန်ရင်း အောင်မြင်မှုရလာသော အဖြစ်ကိုသာ မောင်မောင့်ကို မြင်စေချင်သည်။ ပြီးတော့ သည်အချိန်မှာရေးသော မိဇွန်၏ ကဗျာလေးတွေကိုလည်း မောင်မောင် ဖတ်စေချင်၏။ ယခင်လို အားနည်းတုန်းပဲလား၊ ဘဝရဲ့ခံစားချက်တွေ၊ အတွေးအခေါ်တွေ၊ ရင့်သန်ရဲ့လားဆိုတာ မောင်မောင့်နှုတ်မှ ဝေဖန်သံကို မိဇွန် ကြားလိုလှသည်။

ရှာနေစဉ်က မတွေ့သော မောင်မောင့်ကို လက်လျှော့ထားသည့်အချိန်မှာမှ တွေ့ရလေသည်။ ထိုနေ့က မိုးတွေ ဖြိုင်ဖြိုင်ရွာနေလေသည်။ ဝိဇ္ဇာခန်းမမှ သိပ္ပံအဆောက်အဦသို့ သူငယ်ချင်းတစ်ယောက်၏ ထီးရိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခိုကာ ကူးခဲ့သည်။ မိဇွန်၏ ကိုယ်တစ်ခြမ်းသည် မိုးရေတို့ဖြင့် စိုရွှဲနေသည်။ ဆင်ဝင်အောက်ကိုပြေး၍ မိုးခိုလိုက်သော မိဇွန်သည် အမျိုးအမည်မသိသော ကားပြာပြာလေးဘေးကို ပြေးကပ်မိလျက်သား ဖြစ်သွားလေသည်။ အိမ်ပြန်မည့်သူငယ်ချင်းကို ကျေးဇူးတင်စကားပြောကာ မိဇွန်က လက်ပြလိုက်သည်။ ဖြည်းဖြည်းညင်းညင်းပွင့်လာသော ကားတံခါးကို မိဇွန်က သတိပြုမိကာ ကိုယ်ကိုတိမ်း၍ ပေးလိုက်ပြီး ကျောင်းဝင်းထဲဝင်ရန်လှည့်လိုက်၏။ ကားထဲမှထွက်လာသောအမျိုးသားသည် မိဇွန်ကိုလိုက်၍ကြည့်နေလေသည်။ လှည့်မကြည့်ဘဲနှင့် မိမိကိုကြည့်နေမှန်း အလိုလိုသိနေတတ်သော စိတ်ဖြင့် မိဇွန်က ဆက်လျှောက်ခဲ့သည်။ နောက်မှလိုက်နေသော ခြေသံကို ကြားရလေသည်။ သူက မိဇွန်ကို ရှေ့မှကျော်တက်ရန် ကြိုးစားလေသည်။ မိဇွန်က အသာရှောင်ပေးလိုက်သည်။ သည်တော့မှ သူ့ကျောဘက်ကို မိဇွန်မြင်ရသည်။

‘ဟယ်’

မိဇွန်နှုတ်မှ အာမေဋိတ်သံမဆုံးမီ သူသည် မိဇွန်ကို မျက်နှာချင်းဆိုင်လိုက်လေသည်။

‘တက္ကသိုလ်ကျောင်းသူကြီးကလဲ အိုက်တင်ခံလိုက်တာ လွန်ပါရောဗျာ၊ လှည့်ကို မကြည့်ဘူး’

မိဇွန်မှာမူ အံ့သြဝမ်းသာမှုဖြင့် လှိုက်လှဲတုန်ယင်၍ လာလေသည်။

‘မောင်မောင်ရယ် ဝမ်းသာလိုက်တာ၊ မောင်မောင် ဘယ်ရောက်နေတာလဲဟင်၊ အာရ်အိုင်တီမှာလား၊ အမ်စီမှာလား၊ မနှစ်က မိဇွန် တစ်နှစ်လုံးရှာတယ် မတွေ့ဘူး၊ မောင်မောင်ကလဲ နေနိုင်လိုက်တာ၊ မိဇွန်ဖြင့် စုံစမ်းဖော်တောင် မရဘူးနော်’

ရန်တွေ့ကောင်းနေသော မိဇွန်ကို မောင်မောင်က ပြုံး၍ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိဇွန် အခု ဘယ်သွားမလို့လဲ'

'အဆောင်ပြန်မှာ'

'ဘယ်အဆောင်မှာလဲ'

'ရတနာမှာ'

'လာ တစ်ခုခုသွားစားကြရအောင်'

မောင်မောင်က မိဇွန်ကို စားသောက်ဆိုင်တန်းဘက် ခေါ်ခဲ့သည်။ မောင်မောင့် အရပ်ကြီးသည် ယခင်ကထက်ပိုမြင့်ကာ မိဇွန်ကို မိုးနေလေသည်။ ဘောင်းဘီရှည် မီးခိုးရောင်နှင့် ရှပ်အင်္ကျီဖြူဖြူကို ဝတ်ထားသော မောင်မောင်သည် ယခင်ကထက် ပို၍ ကြည့်ကောင်းနေလေသည်။ မောင်မောင်နှင့် ပြန်တွေ့ရသည်ကို မိဇွန် အားရှိလှသည်။ မောင်မောင်နှင့် ပြန်တွဲရမည်ကိုလည်း ပျော်၍နေသည်။

'ဘာစားမလဲ'

မောင်မောင်က မေးသည်။ မိဇွန်က ဆီချက်ခေါက်ဆွဲ မှာခိုင်းသည်။ မိဇွန်၏ မျက်နှာသည် တပြုံးပြုံးဖြစ်နေလေသည်။ မောင်မောင်သည် ယခင်ကလိုပင် မိဇွန်ကို ပိုင်စိုးပိုင်နင်းရှိလှကာ အစ်ကိုကြီးတစ်ယောက်လို ဆက်ဆံလေသည်။

'ကဲ မိဇွန်သိချင်တာတွေ ပြောပါဦး'

'မိဇွန်က စပြောရမယ်၊ ဘာကြောင့်လဲဆိုတော့ မိဇွန်က ကျောင်းကို မနှစ်ကရောက်တာလို့ ပြောတယ်၊ မောင်မောင်က ဒီနှစ်မှရောက်တာ'

'ဟင် မောင်မောင် မနှစ်က ဘာလို့မတက်သလဲ'

'မအောင်လို့ပေါ့ မိဇွန်ရ'

'အို မောင်မောင်က စာတော်ရက်သားနဲ့ ဘာလို့ မအောင်တာလဲ သေသေချာချာ မဖြေလို့နေမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် ပင်ကိုအားဖြင့် တော်သော်လည်း စာကို အလွန်အမင်း ကြိုးစားလိုစိတ်ရှိသူမဟုတ်ပေ။ စာမေးပွဲဖြေလျှင် မိဇွန်တို့က သိသမျှ တတ်သမျှကို အချိန်စေ့အောင် ကုန်း၍ဖြေကြသော်လည်း မောင်မောင်သည် သူအပိုင်ဆုံးကို ရွေး၍ဖြေကာ အခန်းထဲမှ စောစောထွက်သွားတတ်သည်။ 'အောင်ရင်တော်ရောပေါ့'ဟုလည်း ပြောတတ်သည်။

'ကဲ ထားပါဦးတော့ဟာ၊ ရော့ဆီချက်ရပြီ စားဦး၊ ဒါနဲ့ ပြောပါဦး မိဇွန်အဖေ သေသွားပြီဆို'

မိဇွန်က ဆီချက်ပန်းကန်ကိုယူကာ ဟင်းချိုပန်းကန်ထဲမှ ဇွန်းတစ်ချောင်းကိုယူ၍စားသည်။ မောင်မောင့်အတွက် တူတစ်စုံကို ယူပေးလိုက်သည်။ မောင်မောင်က မစားသေးဘဲ စီးကရက်သောက်နေသည်။ မောင်မောင် ဆေးလိပ်သောက်သည်ကိုပဲ မိဇွန် တစ်ခါမှ မမြင်ဘူးပေ။

'အဖေ ဆုံးသွားတယ်လေ၊ အခုတော့ မိဇွန်တို့ သားအမိနှစ်ယောက်ပဲပေါ့၊ အဖေ့အစ်ကို ဝမ်းကွဲတစ်ယောက်က မိဇွန် ကျောင်းသိပ်နေချင်မှန်းသိလို့ ကျောင်းစရိတ်တာဝန်ယူလိုက်တယ်၊ သူတို့လည်း သိပ်ချောင်လည်လို့တော့ မဟုတ်ပါဘူး၊ မိဇွန် စတိုင်ပင်လျှောက်တာလဲ မရဘူး မောင်မောင်ရယ်၊ အမေတော့ သူ့ တစ်ဝမ်းတစ်ခါးအတွက် ဈေးရောင်းပြီး ကျန်ခဲ့လေရဲ့'

မပြောဘူးဆိုပေမင့်လည်း မောင်မောင့်ကိုမြင်တော့ မိဇွင်ရင်ထဲမှ ဝေဒနာများကို ပြောမိလျက်သား ဖြစ်နေလေသည်။ မောင်မောင်ကတော့ ယခင်ကလိုပင် ရိုးရိုးယဉ်ယဉ်နှင့် ကျက်သရေရှိရှိ လှနေသော မိဇွန်ကို ငေးကာ နားထောင်နေသည်။ ပင်နီအင်္ကျီနှင့်အမြဲမြင်ခဲ့ရသော မိဇွန်ကို တက်ထရွန်အင်္ကျီပြာပြာ လုံချည်ပြာပြာလေးနှင့် မြင်ရသောအခါ မျက်စိထဲတွင်အေးပြီး ကြည်လင်နေလေသည်။ မိဇွန်၏ မျက်လုံးများသည် မျက်ရည်ဝဲနေသယောင် အရည်ကြည်လေး ဖုံးလွှမ်းနေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်ကို ကြည့်လိုက်သောအခါ အရောင်တဖျတ်ဖျတ် တောက်လာလေသည်။

'မောင်မောင် ခေါက်ဆွဲမစားဘူးလား၊ စီးကရက်ချည်း သောက်နေတာပဲ'

မိဗွန်က သူ့ကို ငေးကြည့်နေသော မောင်မောင့်ကို သတိထားမိကာ မျက်လွှာချ၍ပြောလိုက်သည်။ မောင်မောင်နှင့် ရင်းနှီးခင်မင်ခဲ့ရသည့် ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ရှက်သလို၊ ရင်ခုသလိုလည်း ဖြစ်သွားလေသည်။

'မောင်မောင် မဆာဘူး'

'မဆာဘဲနဲ့ ဘာလို့မှာတာလဲ၊ မောင်မောင်ကလဲ နှမြောစရာ'

'နှမြောရင် စားလိုက်လေ၊ မိဗွန် အစားပုပ်တာ မောင်မောင် သိပါတယ်'

မိဗွန်သည် ကလေးလိုရယ်မောကာ မောင်မောင့်ပန်းကန်ကို ယူ၍ စားသည်။ မောင်မောင်က သဘောကျစွာ ရယ်သည်။

'ကဲ မောင်မောင့်အကြောင်းလဲ ပြောပါဦး၊ စောစောက ကားကြီးက မောင်မောင့်ကားလား ဟင်၊ မောင်မောင် ဘယ်အဆောင်မှာ နေတာလဲ'

'မောင်မောင်လား အဆောင်မှာ မနေပါဘူး၊ မောင်မောင်တို့ မနှစ်က ရန်ကုန်ကို ပြောင်းလာတယ်၊ ကျောက်ကုန်းမှာ အိမ်ဝယ်လိုက်တယ်လေ'

'မောင်မောင်တို့ကတော့ ခုထိ အခြေမပျက်သေးပါဘူးနော်'

'မပျက်အောင် ကြိုးစားရတာပေါ့ မိဗွန်ရဲ့၊ ခုတော့ မောင်မောင်ကလဲ ဖေဖေ့ကိုကူရတယ်၊ ဖေဖေက အငေးပြေးကားတွေဝယ်ထားတယ်၊ မနှစ်က မောင်မောင်ကိုယ်တိုင် ကားနောက်လိုက်နေတာ လူငှားတွေ စိတ်မချလို့လေ၊ ဒါကြောင့် စာမေးပွဲမအောင်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့် စကားနားထောင်ရင်း မိဇွန် ငိုင်သွားလေသည်။ မောင်မောင်သည် ယခင်က မောင်မောင် မဟုတ်တော့ချေ။ သူ့အဖေ ဦးကြင်စိန်လို မောင်မောင်ဖြစ်လာပေပြီ။ မောင်မောင့် အဖေသည် စီးပွားရေးတွင် အကွက်မြင်လှသော သူတစ်ယောက်ဖြစ်လေသည်။ ယခုတော့ မောင်မောင်သည် ခေတ်အကြောင်း၊ စနစ်အကြောင်းကို စိတ်ဝင်စားဟန်မတူတော့၊ သူ့အဖေလို စီးပွားရေးကို စိတ်ဝင်စား၍ နေပေပြီ။

'ကဲ မိဇွန်စားလေ၊ ဘာငိုင်နေတာလဲ၊ ဒါနဲ့ မိဇွန်က ဘာမေဂျာလဲ'

'မြန်မာစာ'

'ဘာဖြစ်လို့ ဆိုင်းယင့်စ် မလျှောက်တာလဲ၊ အမှတ်မပြည့်ဘူးလား'

'မိဇွန် မြန်မာစာဝါသနာပါတာ မောင်မောင် သိသားနဲ့၊ မောင်မောင်ကကော'

'သင်္ချာ'

မိဇွန်အသံ တိတ်ဆိတ်သွားပြန်သည်။ တွေ့စက စကားကြွယ်သလောက် မိဇွန် တဖြည်းဖြည်းငြိမ်သက်လာသည်။ အားတက်ရွှင်လန်းမှုအရှိန်သည် တစ်စတစ်စ လျော့ကျလာသည်။

'ကဲ မောင်မောင် လိုက်ပို့မယ်၊ အခန်းနံပါတ်ပြောထား၊ မောင်မောင် လာလည်မယ်နော်၊ ပြီးတော့ မိဇွန် ကျောင်းအချိန်ဇယားလဲ ပေးထားဦး၊ အားတဲ့ အချိန်ချင်းတူရင် တွေ့ကြရအောင်'

'လိုက်မပို့နဲ့တော့ မောင်မောင်၊ မိဇွန် နောက်ဖေးလမ်းကပြန်မှာ၊ ရော့ အချိန်ဇယားယူသွား'

မိဇွန်က နေရာမှထကာ လမ်းခွဲရန် ပြင်ရသည်။ သိပ္ပံဘက်မှ ကျောင်းသူအသစ်လေးများက မောင်မောင့်ကို စိတ်ဝင်စားစွာ ကြည့်သွားကြသည်။ မောင်မောင်က မိဇွန်ကို ရတနာဆောင်ဘက်သွားရာ နောက်ဖက်စင်္ကြံအထိလိုက်ပို့သည်။ သွားခါနီးမှ မောင်မောင်က မိဇွန်ကို တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိဗွန်မှာ လိုတဲ့အကူအညီကို မောင်မောင့်ကို ပြောနော်၊ ငွေရေးကြေးရေးပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်'

မိဗွန်က မျက်လွှာကိုချကာ ဖြေသည်။

'မိဗွန် ဘာမှမလိုပါဘူး မောင်မောင်ရယ်'

\+ + +

မျှော်ခဲ့ရ၊ စောင့်စားခဲ့ရ၊ ရှာဖွေခဲ့ရသည့် အရာတစ်ခုကို တွေ့ရပြန်တော့လည်း မျှော်မှန်းထားသလို မဟုတ်၍ ဝမ်းနည်းအားငယ်ရပြန်သည်။လေးနှစ်လုံးလုံး မောင်မောင့်ကို မိဗွန်စောင့်ခဲ့ရသည်။ နောက်ဆုံး လက်ကို ပဲကြီးရေတွန့်အောင် ဟင်းရွက်ခူးနေရသော အမေ့လက်များ၊ သွေးပေါက်ပေါက်ကျအောင် ကင်ပွန်းရွက်အစည်းကြီးကို အစည်းလေးဖြစ်အောင် ခွဲနေသော အမေ့လက်များကို လျစ်လျူရှုကာ တက္ကသိုလ်မြေကို စွန့်စွန့်စားစား ထွက်ခဲ့သည်။ အဆောင်ကြေးနှင့် ကျောင်းလခသွင်းပြီးလျှင် စာအုပ်ဖိုးနှင့် မုန့်ဖိုးပင် မကျန်တတ်သော ငွေကို ကျစ်ကျစ်လျစ်လျစ် သုံးစွဲကာ နှုတ်ခမ်းနီမဆိုး၊ ပေါင်ဒါမလိမ်းဘဲ ကျောင်းကိုတက်ခဲ့သည်။ မျှော်လင့်ချက်က အပြည့်နှင့်ပေကိုး။မိဗွန်၏ ရည်ရွယ်ချက်၊ ကြိုးစားချက်များတွင် ပညာရေးသက်သက်ချည်းမဟုတ်ဘဲ မောင်မောင်တစ်ယောက်လည်း အပါအဝင်ဖြစ်ခဲ့သည်ကို မိဗွန် မငြင်းလိုတော့။ ယခုတော့ မောင်မောင်နှင့် ပြန်တွေ့ရပြီ။ သို့သော်လည်း မောင်မောင်နှင့်တွေ့လျှင် ခွန်အားတွေတိုးကာ ဘဝကို ကြံ့ကြံ့ခံသည့် အစွမ်းသတ္တိတွေ ပြည့်လျှမ်းလာမည်ဟု ထင်ခဲ့သော်လည်း တကယ်တမ်းလက်တွေ့တွင်မူ ဝမ်းနည်းအားငယ်စိတ်သာ ဝင်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် ယခင်က မောင်မောင် မဟုတ်တော့။မောင်မောင့် နှုတ်ဖျားမှ စကားများသည် ယခင်လို အဖိုးတန်ပြီး နားလည်ရခက်သော စကားများ မဟုတ်တော့။ နားလည်လွယ်သော သာမန်စကားများသာ ဖြစ်နေလေသည်။ သည့်အတွက် မိဇွန်နှမြောမိလေသည်။

မောင်မောင်ကမူ မိဇွန်ကို ရင်းနှီးခင်မင်စွာ ဆက်ဆံဆဲ ရှိနေသေးသည်။ သည့်အတွက်တော့ မိဇွန် ဝမ်းသာ၏။ မောင်မောင် ကျောင်းကို ရောက်သည့် နှစ်ဝက်လုံးလုံး မိဇွန်ကို ဘာကြောင့် မရှာခဲ့သည်ကိုတော့ မမေးလိုတော့။ အဖေသေသွားသော မိဇွန်တစ်ယောက် တက္ကသိုလ်မြေကို ရောက်လာလိမ့်မည်ဟု မောင်မောင် မထင်ခဲ့၍ပဲဖြစ်မည်။

ရတနာ၏ ဆင်ဝင်အောက်တွင် မောင်မောင့်ကို မှန်မှန်တွေ့နေရလေသည်။ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်သော၊ အဖိုးတန်နာရီနှင့် အဝတ်အစားကို သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန် ဝတ်တတ်သော မောင်မောင့်ကို ကျောင်းသူများက ငေးကြည့်ကြလေသည်။ ပြီးတော့ တက်ထရွန်ကလွဲလျှင် ဘာမျှ ခါးပေါ်မတင်နိုင်သော၊ အင်္ကျီဘယ်နှစ်ထည် ရှိသည်ကို ရေတွက်၍ပင် ရတတ်သော၊ အဆောင်ထမင်းဟင်းကလွဲလျှင် ဘာမျှ ဝယ်မစားတတ်သော မိဇွန်ကိုလည်း မောင်မောင်နှင့် ရင်းနှီးလှသည်ကို အံ့သြနေကြလေသည်

မောင်မောင်ကမူ အရယ်အရွှန်း စကားလုံးများကိုသုံးကာ မိဇွန်ကို အားပေးတတ်သည်။ မိဇွန်ကြိုက်တတ်သော စားစရာများကိုလည်း သတိတရဝယ်လာတတ်သည်။ ပြီးတော့ မိဇွန်မှာ သုံးစရာရှိရဲ့လားဟု မရဲတရဲ မေးတတ်သည်။

'မိဇွန် ပြောပြီးပြီကော ဘာမှ မလိုပါဘူးလို့၊ မိဇွန် ကျောင်းကိုလာခဲ့တာ အများတကာလို ပျော်ရွှင်မှု မပါပါဘူး မောင်မောင်ရယ်၊ မိဇွန်မှာ ရည်ရွယ်ချက်နှစ်ခုပဲရှိတယ်၊ ပညာသင်ဖို့ရယ်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ဘာလဲ'

မိဇွန်သည် မျက်ရည်ကြည်များဖုံးလွှမ်းနေသော မျက်လုံးအစုံဖြင့် မောင်မောင့်ကို ကြည့်သည်။

'မောင်မောင်က တက္ကသိုလ်မြေမှာ ပြန်ဆုံမယ်လို့ မိဇွန်ကို ကတိပေးခဲ့တယ်မဟုတ်လား'

မောင်မောင်သည် မိဇွန်ကို ကျေနပ်နှစ်သိမ့်စွာ ပြုံးပြလေသည်။

'ခု နှစ်မျိုးလုံးပြည့်ဝပြီ မဟုတ်လား၊ မိဇွန်ကို ကြည့်ရတာ မောင်မောင် အားမရဘူး၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဆန္ဒပြည့်ဝရင် ပျော်ရွှင်မှုရရမှာပေါ့ မိဇွန်ရယ်'

'ဒါပေမယ့် တစ်မျိုးပဲလေ'

မိဇွန်ဆိုလိုသော 'တစ်မျိုးပဲလေ'ကို မောင်မောင် နားလည်သည်လား မလည်သည်လားတော့မသိ။ မောင်မောင်သည် မိဇွန်ကျေနပ်အောင် ပြုံး၍သာပြလေသည်။

'မောင်မောင်တို့ အိမ်ကို တစ်ခေါက်လောက် လိုက်လည်စမ်းပါ။ မေမေကလဲ မိဇွန်ကို တွေ့ချင်တယ်တဲ့၊ မိဇွန်တို့အမေကိုလဲ သူ သတိရပါတယ်'

'အမေက အနင်းအနှိပ်ကောင်းတာကိုး မောင်မောင်ရဲ့'

'မိဇွန်ကလဲကွာ၊ မောင်မောင်က အကောင်းပြောတာပါ'

'ဟုတ်ပါတယ်လေ၊မိဇွန်ကိုခွင့်လွှတ်ပါ မောင်မောင်၊ခုဆို မိဇွန် သိပ်အားငယ်တတ်တာပဲ၊ ဘာကိုမဆို အားငယ်တဲ့ဘက်ကပဲ တွေးနေမိတယ်'

'ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပဲ မိဇွန်ရယ်၊ မိဇွန်ကြိုးစားစမ်းပါ။ မိဇွန်တို့မှာ သားအမိနှစ်ယောက်တည်းရှိတာ၊ မိဇွန် ကြိုးစားရင် တစ်နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုရမှာ၊ မိစ္ဆန်အမေကိုလဲ လုပ်ကျွေးနိုင်မှာ၊ မောင်မောင်ကလဲ ကူညီမှာပေါ့'

'ကြိုးစားရမှာက ဘွဲ့ရဖို့ပေါ့နော်၊ အခြားဘာတွေများ ရှိသေးသလဲ၊ မိစ္ဆန်တို့လို သုညက စရတဲ့သူအဖို့တော့ မထူးလှပါဘူး မောင်မောင်ရယ်၊ ဘွဲ့ရတော့ကော ဘာဖြစ်လာမှာလဲ'

'မောင်မောင် ရှိပါသေးတယ် မိစ္ဆန်ရယ်'

တဒင်္ဂအားဖြင့်တော့ မိစ္ဆန် အားတက်မိပြန်လေသည်။ ဘာပဲပြော ပြော မောင်မောင်သည် မိစ္ဆန်အတွက် ရပ်တည်ဆဲရှိနေသည်ကို ဝမ်းသာ ရသည်။ ဘဝချင်း၊ ယုံကြည်ချက်ချင်း ဝေးကွာသွားသယောင်ထင်ရ သော်လည်း သံယောဇဉ်ရှိနေသေးသည်က သိသာလှသည်။ မောင်မောင် မိစ္ဆန်ကို ပစ်ထားရက်ဟန် မတူချေ။ ထို့ကြောင့်လည်း မောင်မောင့် အယူအဆတွေ တစ်မျိုးပြောင်းလဲသွားသည်နှင့် ပတ်သက်၍ မိစ္ဆန် ခွင့်လွှတ်မိလေသည်။

မောင်မောင်နှင့် မိစ္ဆန်တို့ အားလပ်ချိန်ချင်း တူသည့်နေ့တွင် မုန့် အတူစားဖြစ်သည်။ တစ်ခါတစ်ရံ ကုံကော်ရိပ်တွင်ထိုင်ကာ စကားပြော ကြသည်။ တစ်နေ့ကတော့ မိစ္ဆန်က မောင်မောင့်ကို တစ်နေရာသွားရန် အဖော်ခေါ်သည်။

'မိစ္ဆန် စာအုပ်ရှာစရာရှိလို့ စာကြည့်တိုက်ထဲ ခဏဝင်ရအောင် မောင်မောင်'

'ဘာစာအုပ်ရှာမလို့လဲ'

'မြန်မာဝတ္ထုအဟောင်းတွေပါ၊ မိစ္ဆန် မဖတ်ဖူးသေးတာတွေ ပြန် လှေ့လာချင်လို့ပါ'

'အဲဒါတွေ ဖတ်နေတော့ မိစ္ဆန် စာကျက်မပျက်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'အို မပျက်ပါဘူး၊ မိဗွန်ယူတဲ့ဘာသာနဲ့လဲ ဆက်စပ်နေတာပဲ၊ မောင်မောင်ကော အရင်ကလို စာတွေ မဖတ်တော့ဘူးလား၊ အရင်က မောင်မောင် စာရေးဆရာ သခင်မြန်သန်းတို့၊ ဗန်းမော်တင်အောင်တို့ အကြောင်း သိပ်ပြောတာနော်၊ အဲဒီတုန်းကလေ မိဗွန် နားသာထောင်ရတယ် သူတို့ ဘာတွေရေးမှန်း မသိဘူး မောင်မောင်ရဲ့'

'မောင်မောင် တောင်ငူရောက်သွားကတည်းက စာမဖတ်ဖြစ်တာပဲ'

'အခုကော'

'အခုလား မောင်မောင့်ခေါင်းထဲမှာ သချ်ာပုစ္ဆာတွေ၊ ဖော်မြူလာတွေပဲ ဝင်ဝင်နေတယ်။ မောင်မောင်ကျောင်းတက်တာလဲ ဘွဲ့တစ်ခုခု ရထားအောင် တက်တာဆိုတော့ ဘွဲ့မြန်မြန်ရဖို့အရေးကြီးတယ် မိဗွန်ရဲ့၊ ပြီးမှ ကိုယ်လုပ်ချင်တာ လုပ်တော့မယ်'

'မောင်မောင်က ဘာလုပ်မှာမို့လဲ'

'စီးပွားရေးတစ်ခုခုပေါ့ကွာ'

'ခုမှ မောင်မောင်က စီးပွားရေး သိပ်လုပ်ချင်နေလိုက်တာ၊ အရင်က ဒီလို မဟုတ်ပါဘူး'

မောင်မောင့်ကို အလွန်ပြောချင်နေသော စကားတစ်ခွန်းကို ပြောချလိုက်ရ၍ ရင်ထဲတွင် ပေါ့သွားလေသည်။

'ဟုတ်တယ်၊ အရင်ကတော့ မောင်မောင် စီးပွားရေးကို စိတ်မဝင်စားဘူး၊ ခုတော့ ဖေဖေ စည်းရုံးတာလဲ အောင်မြင်သွားတယ် ထင်ပါရဲ့ ကွာ၊ တကယ်တော့လဲ အရာရာမှာ ငွေရှိမှဖြစ်တာ မဟုတ်လား မိဗွန်ရာ'

'ဒါကြောင့်ပြောတာ မောင်မောင်က တစ်မျိုးပဲလို့၊ ဘယ်လိုတစ်မျိုး လဲတော့ မိဗွန်မပြောတတ်ဘူး မောင်မောင်ရယ်၊ မောင်မောင်ပြောတာလဲ မှန်တော့ မှန်ပါတယ်လေ၊ မိဗွန်တို့လို ဆင်းရဲတဲ့လူအဖို့ ငွေတန်ဖိုးကို

www.burmeseclassic.com

www.burmeseclassic.com



ပိုသိပ်ပါတယ်၊ ကဲလေ ထားပါတော့၊ မောင်မောင် မလိုက်ချင်နေခဲ့တော့၊ မိဇွန် စာအုပ်သွားရှာတော့မယ်'

'နေပါဦး လိုက်မှာပေါ့'

ထိုနေ့က မောင်မောင် အတူပါလာသော်လည်း မိဇွန် မပျော်လှပေ။ ယခင်ကတော့ မောင်မောင်နှင့်တွေ့လျှင် မိဇွန် ဝါသနာပါသော စာပေဘက်မှာ အထူးအားထားရမည်ဟု ထင်ခဲ့သော်လည်း ယခုတော့ မောင်မောင်သည် စာအုပ်များကို စိတ်ဝင်စားခြင်း မရှိလှတော့။ ထို့ကြောင့် မောင်မောင့်ကို မိဇွန် စာတိုပေစလေးတွေ ရေးနေသည့်အကြောင်းကိုလည်း မပြောဖြစ်တော့။ ဘာစာအုပ်မှ မငှားဖြစ်ပဲ စာကြည့်တိုက်မှ ပြန်ထွက်လာခဲ့သည်။ ကျောင်းတက်ချင်စိတ်လည်း မရှိတော့ဘဲ ဖြစ်နေလေသည်။

'တစ်ခါတလေ မောင်မောင်မောင်းတဲ့ကား စီးဖူးတယ်ရှိအောင် စီးကြည့်ပါလား မိဇွန်၊ မြို့ထဲသွားပြီး ရုပ်ရှင်ကြည့်ရအောင် ပြီးတော့ ထမင်းကျွေးပြီး ပြန်ပို့မယ်လေ'

'မလုပ်ပါနဲ့ မောင်မောင်ရယ်၊ မိဇွန်ကို ဆင်းရဲလို့ မောင်မောင့်ကို အရပေါင်းနေတယ်လို့ ကျောင်းသူတွေက ထင်နေတာ၊ မောင်မောင်ကျွေးတဲ့ မုန့်ကိုပဲစားပါရစေ၊ အခြားအခွင့်အရေးတော့ မယူပါရစေနဲ့၊ ပြီးတော့ အကျင့်ပါမှာစိုးလို့ ကားတွေဘာတွေလဲ မစီးချင်ပါဘူး'

'မိဇွန်ကတော့ ပြောတော့မယ်ကွာ၊ မောင်မောင်တို့ ငယ်ငယ်ကတည်းက ခင်နေတာကို ပြောပြလိုက်ပေါ့'

'မပြောချင်ပါဘူး မောင်မောင်ရယ်၊ ထင်ချင်သလို ထင်ကြပါစေ'

မောင်မောင်နှင့် လိုက်မသွားဖြစ်သော်လည်း ကျောင်းမတက်ဖြစ်တော့။ ခေါင်းထဲတွင် နောက်ကျူလာသဖြင့် အဆောင်ကို ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင့်ကို လိုက်မပို့ရန်ပြောပြပြီး ရေတမာပင်တန်းအောင်တွင် ရပ်ထားသော ကားနားတွင် ထားရစ်ခဲ့သည်။

မောင်မောင့်ကားကို မစီးဖူးသော်လည်း မှတ်မိအောင်တော့ သေသေချာချာ ကြည့်လိုက်သည်။

'မောင်မောင့်ကားက ဘာလဲ မာစီဒီးဆိုတာလား ဟင်'

မဟုတ်ပါဘူး မိဇွန်ရယ် ဖိယက်ပါ'

'ဟုတ်လား၊ မသိပါဘူး၊ ကားနံပါတ်တော့ အလွတ်ရပါတယ် မိဇွန် သွားမယ်နော်'

မောင်မောင်က ခေါင်းညိတ်ပြသည်။

မိဇွန်၏ နောက်ကျောဘက်မှ ကားစက်နှိုးသံကို ကြားလိုက်ရလေသည်။

\+ \+ \+

စာမေးပွဲပြီး၍ စိတ်ရောကိုယ်ပါ ပေါ့ပါးသွားလေသည်။

ခါတိုင်းတော့ စာမေးပွဲပြီးလဆင် မိဇွန်တစ်ယောက် ပဲခူးကို ဒုန်းစိုင်း၍ပြန်စမြဲ။ ယခုတော့ မောင်မောင့် သံယောဇဉ်ကြောင့် သုံးရက်ခန့် ထပ်နေဖြစ်ရသည်။ မောင်မောင်က နှစ်ရက်နောက်ကျပြီးမှ ပြီးသည်။ စာမေးပွဲပြီးလျှင် အေးအေးဆေးဆေး စကားပြောရအောင် စောင့်ပါဟု မောင်မောင်က တောင်းတောင်းပန်ပန် ပြောသည်ကို လိုက်လျောမိသည်။ စကားတွေအမြဲပြောနေသည့်ကြားမှ မောင်မောင်က အေးအေးဆေးဆေး ပြောချင်သေးသည်ဆိုသဖြင့် မောင်မောင် ဘာတွေပြောဦးမလဲဟု တွေးကာ ရင်ခုန်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိဇွန်တစ်သက်တာတွင် ပထမဆုံးနှင့်အလှဆုံးအဖြစ် ပြင်ဆင်ထားလေသည်။ အိမ်ပြန်ရန် ပစ္စည်းများကို အသင့်ထုပ်ပိုးထားပြီး မောင်မောင်လာမည့် ညနေကို စောင့်ရသည်မှာ ရင်မောလှသည်။အဆောင်မှာလည်း ကျောင်းသူများ သိပ်မရှိလှတော့။ မိဇွန် အခန်းဖော်လည်း မရှိတော့။ တစ်ခန်းကျော်မှ အိမ်ကလာအကြိုကို စောင့်နေသော သန္တာက မိဇွန်ကို ကူညီပြင်ဆင်ပေးလေသည်။

အထည်စက်ရုံတွေ ပြည်သူပိုင်မသိမ်းခင်က ခေတ်စားခဲ့သော မြန်မာဖြစ် ဘရိုကိတ်လုံချည် အနက်ခံလေးကို ရွေးထုတ်သည်။ တကယ်တော့ အမေ့လုံချည်ဖြစ်သည်။ လိုလိုမယ်မယ် ထည့်လာခဲ့ပြီး တစ်ခါမှ ထုတ်မဝတ်သဖြင့် ခေါက်ရိုးများထင်နေသည်ကို မီးပူဖြင့် အတော်ပင် ဖြန့်ယူရသည်။ ဘရိုကိတ်ဆိုသော်လည်း အနက်ပေါ်တွင် အစိမ်းဖောက်ထားသည်မို့ ပြောင်ပြောင်လက်လက်ကြီး မဖြစ်လှ။ ပြီးတော့ ခြောက်နာရီခွဲပွဲကြည့်ပြီး ညစာစားဦးမှာဆိုတော့ ညဘက်မို့အဆင်ပြေသည်။ အင်္ကျီကတော့ အထူးရွေးစရာမရှိ။ တက်ထရွန်အစိမ်းကလေးကို တစ်ခါတစ်ရံမှ သာထုတ်သုံးသော တိုက်ဆပ်ပြာဖြင့် သေသေချာချာ လျှော်ထားနှင့်သည်။ မီးပူတိုက်ပြီးမခေါက်ဘဲ အင်္ကျီချိတ်တွင် ဖွဖွလေး ချိတ်ထားသည်။ ပြင်သစ်ဆံထုံးလှလှလေးကို သန္တာက ထုံးပေးသည်။ နှင်းဆီပန်းဖြူဖြူကို ပန်သည်။ သနပ်ခါးကို ညီညီလိမ်းပြီး သန္တာ့ ကရင်းပတ်ဘူးကိုပင် အားမနာဘဲ ယူလိမ်းရသည်။ နှုတ်ခမ်းကိုလည်း ပါးပါးဆိုဖြစ်သည်။ ပဲခူးဘုရားပွဲတုန်းကဝယ်ပြီး တစ်ခါမှ ထုတ်မကိုင်သော ပိုက်ဆံအိတ်အမွေးပွအနက်ကလေးကို ကိုင်သည်။

'ဒီလိုဆိုတော့လဲ မိဇွန်က အပုံစားပဲ၊ သူငယ်ချင်းတွေ မရှိတော့ လို့ကွာ၊ နို့မို့ရှိ ဝိုင်းအုံနေကြမှာ'

www.burmeseclassic.com

www.burmeseclassic.com



မိဇွန်တို့အဆောင်တွင်တော့ တစ်ယောက်ယောက်က အပြင်ထွက်ရန် ပြင်ဆင်ထားပြီးဆိုလျှင် ကျန်သည့်သူငယ်ချင်းများက ဝိုင်းအုံကြည့်ရှုစမြဲ။ လိုအပ်သည်ကို ဖြည့်စွက် ပြင်ဆင်ပေးတတ်ကြစမြဲ။

မောင်မောင်လာလျှင် စောင့်မနေရစေရန် အဆောင်မှတ်တမ်း စာအုပ်တွင် နောက်ကျခွင့်ကို ကြိုတင်ရေးထားသည်။

'ဇွန်မြခိုင်၊ ဧည့်သည် ဧည့်သည်' ဟု လာခေါ်ချိန်တွင် ငါးနာရီ ထိုးနေပေပြီ။

မောင်မောင်သည် ရပ်နေရာမှ မိဇွန်ကို အတန်ကြာ ငေးစိုက်ကြည့် နေလေသည်။ ပြီးတော့ နှစ်ခြိုက်စွာ ပြုံးသည်။ မိဇွန်သည် ပြုနေကျ အတိုင်း မျက်လွှာကိုချကာ စကားပြောလေသည်။

'မောင်မောင် ဖြေနိုင်ရဲ့လား'

'ဖြေနိုင်ပါတယ်ဗျာ၊ မိဇွန်က သိပ်လှတာပဲ၊ မောင်မောင့်ကို စောင့်နေတာကိုရော၊ ခုလို ဂရုတစိုက် ပြင်ဆင်ထားတာကိုရော သိပ် ကျေးဇူးတင်တာပဲ၊ ကဲ ဒီတစ်ခါ မောင်မောင့်ကားကိုလဲ မငြင်းပဲစီးနော်'

'မောင်မောင်သည် ဘောင်းဘီရှည် မီးခိုးရောင်နှင့် တက်ထရွန်အဖြူ အင်္ကျီကိုပင် သပ်သပ်ရပ်ရပ် ဝတ်ထားလေသည်။ မောင်မောင်က မိဇွန် ကားထဲရောက်သည်အထိ ဂရုတစိုက် စောင့်ကာ တံခါးကိုပိတ်ပေးသည်။ မောင်မောင်နှင့် တတွဲတွဲနေခဲ့သော်လည်း ကားရှေ့ခန်းတွင် အတူထိုင်ရ သည်ကို စိတ်မလုံသလို ဖြစ်မိလေသည်။

မောင်မောင်ကကားကို အေးအေးဆေးဆေး မောင်းလာသည်။

'ရုပ်ရှင်က စောသေးတယ်၊ လက်မှတ်လဲဝယ်ပြီးသားပဲ၊ ထမင်း အရင်စားမယ်နော်၊ တော်ကြာ အဆောင်ဝင် သိပ်နောက်ကျနေမယ်'

www.burmeseclassic.com

www.burmeseclassic.com



မိဇွန်က ခေါင်းညိတ်ပြသည်။ ယနေ့အဖို့တော့ မောင်မောင့်အလိုကို တတ်နိုင်သမျှ လိုက်လျောရန် ဆုံးဖြတ်ထားလေသည်။ မောင်မောင်နှင့် မိဇွန်သည် ကာလအတန်ကြာ ရင်နှီးခင်မင်စွာ ဆက်ဆံလာခဲ့သည်မို့ မောင်မောင့်ကို မယုံကြည်နိုင်စရာ အကြောင်းလည်းမရှိ။မောင်မောင်သည် မိဇွန်အပေါ် မတော်မတရားကြံစည်လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ ထို့ကြောင့်လည်း စိတ်ချလက်ချပင် လိုက်ခဲ့သည်။ မောင်မောင်ကလည်း ဣန္ဒြေရရနှင့် လေးလေးစားစားပင် မိဇွန်ကို မြို့တွင်းမှ စားသောက်ဆိုင် တစ်ခုသို့ခေါ်ခဲ့သည်။ မိဇွန်နှင့်ညစာကို အတူစားကြသည်။ မောင်မောင် က အေးအေးဆေးဆေး စကားပြောချင်သည်ဆိုသော်လည်း တကယ်တော့ ဘာစကားမျှ မပြောဖြစ်ကြ။ မိဇွန်ကို ရွှန်းရွှန်းစားစား ကြည့်လို့သာနေခဲ့ သည်။

စကားပြောကြပြန်တော့လည်း မောင်မောင်နှင့် မိဇွန်သည် သိပ်ပြီး အဆင်မပြေလှပြန်ချေ။ ထိုအခါ မိဇွန် ဝမ်းနည်းစိတ်ပျက်ရပြန်လေသည်။

'မိဇွန် ဘွဲ့ရပြီးရင် ဘာလုပ်မယ် စိတ်ကူးလဲ'

'သိပ်ကြီးကြီးကျယ်ကျယ် မျှော်မှန်းလို့လဲ ရမှာမှမဟုတ်ဘဲ မောင် မောင်ရယ်၊ မိဇွန်တော့ အမေ့နားမှာနေပြီး ကျောင်းဆရာမပဲ လုပ်နေမယ်၊ ဒါတောင် ရင်ချင်မှ ရမှာလေ'

'ဘီအေအောင်ရုံနဲ့တော့ ဘာဖြစ်မလဲ မိဇွန်ရယ်၊ မာစတာ ဆက် တက်ဦးပေါ့၊ ဒီတော့လဲ ရန်ကုန်လိုနေရာမျိုးမှာ ရချင်ရမှာပေါ့၊ ရန်ကုန် မှာဆိုရင် အခြားတက်လမ်းတွေလဲ ရှိလာဦးမယ်၊ နောက်ထပ် ဥပဒေ သင်တန်းတွေ ဘာတွေ ဆက်တက်ချင်တက်ဦး'

မိဇွန် စိတ်ပျက်သွားပြန်လေသည်။ စားလက်စ ဇွန်း ခက်ရင်းကို ခဏချထားပြီး လိမ္မော်ရည်ကို တစ်ကျိုက်သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မိဇွန်အနေနဲ့ ဘွဲ့တစ်ခုခုရဖို့တောင် မနည်းကြိုးစားရတာပါ မောင်မောင်၊ မိဇွန် ဘွဲ့ရအောင်ယူတာ ဒီပညာကို အားကိုးလွန်းလို့ မဟုတ်ပါဘူး၊ အထင်ကြီးလို့လဲ မဟုတ်ပါဘူး၊ အထင်လဲမသေးဘူး၊ ဘဝအတွေ့အကြုံနဲ့ အသိပညာပိုရအောင်လို့ပဲ၊ အရေးကြီးတာက ကိုယ်ပိုင် အရည်အချင်းပဲ မဟုတ်ဘူးလား မောင်မောင်ရဲ့'

'ကိုယ်ပိုင်အရည်အချင်းနဲ့တင်ဆိုရင် ဘာလုပ်လို့ရမှာလဲ မိဇွန်ရဲ့'

အလေးအနက်ပြောသည်လား၊ အမှတ်တမဲ့ ပြောလိုက်သည်လားတော့မသိ၊ မိဇွန် ရင်ထဲတွင် စူးခနဲဖြစ်သွားလေသည်။

'မိဇွန်ကတော့ လူတစ်ယောက်အတွက် အဓိက လိုအပ်ချက်ဟာ ကိုယ်ပိုင်အတွေးအခေါ် ရင့်ကျက်မှု၊ ပြည့်ဝမှု၊ ဖြောင့်မတ်တည်ကြည်မှုတွေပဲလို့ ထင်တယ်၊ ဒါတွေနဲ့ပဲ လူ့ဘဝကို ရင်ဆိုင်ရမှာပဲ၊ ကျန်တဲ့ငွေတို့၊ ပညာတို့ဆိုတာတွေဟာ အဲဒီကမှ တစ်ဆင့်ပေါက်ဖွားလာရမှာပါ၊ သူတို့ကို ရှေ့တန်းတင်ပြီး ကိုယ်ပိုင် အရည်အချင်းမရှိရင် အလကားပါပဲ၊ အဲဒီလူဟာ ချမ်းသာချင် ချမ်းသာမယ်၊ ရာထူးကြီးချင် ကြီးမယ်၊ ဒါပေမယ့် သုံးလို့ရမှာ မဟုတ်ပါဘူး'

မောင်မောင်သည် စကားလုံးကြီးများနှင့် သူ့ကိုပစ်ပေါက်နေသော မိဇွန်ကို အံ့ဩဟန်ဖြင့် ကြည့်နေလေသည်။ ယခင်ကတော့သူပြောသမျှ ခေါင်းညိတ်တတ်ခဲ့သော မိဇွန်သည် ယခုတော့ သူ့အယူအဆများကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားသော စကားတတ်မကြီး ဖြစ်နေလေပြီ။

'မိဇွန်ပြောတာတွေ မှန်ပါတယ် မိဇွန်ရဲ့၊ မောင်မောင်က လောကမှာ မရှိမဖြစ်တာလေးတွေကိုလဲ ရယူထားဖို့ ပြောတာပါ၊ မိဇွန် အမ်အေဆက်တက်နိုင်ရင် မိဇွန်ပြောသလို အတွေ့အကြုံနဲ့ အသိပညာ ပိုရနိုင်ဘူးလား၊ ပြီးတော့ ကိုယ်လုပ်ချင်တာလုပ်နိုင်အောင် အထောက်အကူ ပိုရတာပေါ့၊ ဥပမာ မိဇွန် ကျောင်းဆရာမလုပ်ဖို့'

www.burmeseclassic.com

www.burmeseclassic.com



မိဗွန်သည် စကားပြောလောကြီးသွားသော သူ့ကိုယ်သူအနည်းငယ် သတိထားလိုက်လေသည်။ တကယ်တော့ မောင်မောင်နှင့် ပတ်သက်၍ မကျေနပ်တာလေးတွေ သူ့ရင်မှာ ရှိနေသည်။

'ဟုတ်ပါတယ်လေ၊ မိဗွန်အဖို့တော့ တော်လောက်ပါပြီ၊ အရာရာမှာ ကိုယ့်ဖို့ချည်းပဲ ကြည့်လို့မဖြစ်သေးဘူး၊ အမေလဲ ရှိသေးတယ်၊ ဦးလေးကလဲ မိဗွန်ကို ထောက်ပံ့နေရတာ သိပ်ချောင်လည်လှလို့ မဟုတ်ဘူး'

'မောင်မောင်ရှိပါတယ် မိဗွန်ရယ်'

မိဗွန်အပေါ်ထားရှိသော မောင်မောင့်စေတနာနှင့် ပတ်သက်၍မူ မိဗွန် ကျေနပ်မိလေသည်။

'တော်ပြီ မောင်မောင်၊ အရာရာမှာ သူတစ်ပါးကိုချည်း အားကိုးနေလို့ ဘယ်ဖြစ်မလဲ'

'မိဗွန်ကလဲ မောင်မောင့်အပေါ် စိမ်းလိုက်တာ'

'မစိမ်းပါဘူး မောင်မောင်၊ မစိမ်းလို့လဲ ခုလို မောင်မောင်နဲ့ ရင်းရင်းနှီးနှီးနေတာပေါ့၊ မောင်မောင် စေတနာထားတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် မိဗွန်ဘဝကို ကိုယ့်ဘာသာ ရုန်းချင်လှပြီ'

'မိဗွန်က အရင်ကလို မဟုတ်တော့ဘူး၊ ပိုပြီး ရင့်ကျက်လာတယ်'

'မောင်မောင်ကလဲ အရင်ကလို မဟုတ်တော့ဘူး'

'ဘယ်လိုဖြစ်နေလဲ၊ မိဗွန်အမြင်မှာ သိပ်ပြီး သေးနုပ်သွားပြီလား'

'အို မဟုတ်ပါဘူး'

'ဒါဖြင့် ဘယ်လိုလဲ'

'တစ်မျိုးပဲ'

'လာပြန်ပြီ တစ်မျိုးပဲ'

သူတို့နှစ်ယောက် ရယ်မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံထဲတွင်တော့ စကားမပြောဖြစ်ကြ။ မောင်မောင်က ရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ပြီး တစ်ခါတစ်ရံ မိဖွန်ဘက်လှည့်ကာ ရုပ်ရှင်အကြောင်းကိုပင် ပြန်ရှင်းပြနေတတ်သည်။ မိဖွန် စိတ်များကတော့ ထွေပြားနေလေသည်။ မောင်မောင်နှင့် မိဖွန်တို့ လူ့ဘဝအပေါ် တွေးခေါ်ပုံချင်း မတူတော့သည်မှာ အဘယ်ကြောင့်နည်း။ ယခင်က မောင်မောင်သည် စာတွေ သိပ်ဖတ်ခဲ့ပြီး ယခု မဖတ်တော့။ သူက စာဖတ်ဖို့ထက် ငွေရှာဖို့ စိတ်ဝင်စားနေသည်။ မိဖွန်ကမူ ယခင်က မဖတ်ခဲ့ရသော စာများကို ယခုမှ အားကြိုးမာန်တက် ဖတ်နေသည်။ ခြားနားသွားသည့် အချက်အနေဖြင့် သည်အချက်ကိုသာ သတိပြုမိလေသည်။ သို့သော် မောင်မောင့်ကို မိဖွန် သံယောဇဉ် တွယ်မြဲ၊ ခင်မင်မြဲ။

ထို့ကြောင့်လည်း စကားပြောရင်း မိဖွန့် လက်ဖဝါးကို ဆုပ်ကိုင်ထားသော မောင်မောင့်ကို မည်သို့မျှ မငြိုငြင်မိပြန်ပါချေ။ ရုပ်ရှင်ပြီးပြီးချင်း အဆောင်ကို ပြန်ခဲ့ကြသည်။ အဆောင်တံခါးဝတွင် မောင်မောင်က မိဖွန်ကို စိတ်ဝင်စားစွာ ငေးစိုက်ကြည့်ရင်း တစ်စုံတစ်ရာ ပြောလိုဟန်ဖြင့် အတန်ကြာရပ်နေသေးသည်။ မိဖွန်က ရင်များခုန်လာပြီး မျက်လွှာကို ချကာ ရပ်နေမိလေသည်။

'ဒရဝမ်ကြီး တံခါးလာဖွင့်တော့မယ်၊ မောင်မောင် ပြန်တော့လေ'

မိဖွန်က သတိပေးသလို ပြောလိုက်မိသည်။

'မိဖွန်'

'မောင်မောင် ဘာပြောမလို့လဲ'

'သြော် မိဖွန် နက်ဖြန်ဘယ်အချိန် ပြန်မှာလဲလို့၊ မောင်မောင် လိုက်ပို့မလို့'

'၁၁ နာရီ လော်ကယ်နဲ့ပြန်မှာ၊ ဒါပဲလား မောင်မောင်၊ မိဖွန် သွားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ခေါင်းညိတ်သည်။ မိဇွန်သည် ဒရဝမ်ဖွင့်ပေးသော တံခါးပေါက်မှ အပြေးကလေး ဝင်ခဲ့လေသည်။

ဘယ်လိုများလဲ မောင်မောင်ရယ်။

\+ + +

အမေ့ကို မြင်ရသောအခါ မိဇွန်၏ တစ်ကိုယ်ကောင်းဆန်မှုအတွက် များစွာ နောင်တရမိလေသည်။ အမေသည် တစ်ခေါက်ထက် တစ်ခေါက် ပို၍ ပို၍ ကျသွားသည်ကို တွေ့ရလေသည်။ ပြီးတော့ အိမ်ရှေ့တွင် ပြီးစလွယ်ဆောက်ထားသော အမေ့ဈေးဆိုင်ပေါ်တွင် ဟင်းသီးဟင်းရွက်မှ လွဲ၍ ငရုတ် ကြက်သွန် တင်ထားသည်ကိုပင် မတွေ့ရတော့။ အမေ့ ဈေးဆိုင်မှ အမြတ်ငွေသည် ငါးကျပ်ပင် မပြည့်တတ်။ အမေ ဘယ်လိုများ ထမင်းစားနေသည်လဲဟု မိဇွန် တွေးရတော့သည်။ အမေသည် နေ့လယ် နေ့ခင်းဘက်တွင် ဘာမျှ မည်မည်ရရမရှိသော ဆိုင်ကိုပစ်ကာ အပြင်သို့ ထွက်သွားတတ်သည်။ အမေ ပြန်လာသောအခါ ဟင်းချက်စရာအချို့ ပါလာတတ်သည်။ မိဇွန်သည် စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ဖတ် ရင်း အမေ့ဆိုင်ကို စောင့်ပေးနေသည်။ သို့သော် တစ်ခါမှ စာအုပ်ကိုချကာ ဈေးထရောင်းပေးသည်ဟူ၍ မရှိချေ။

'အစ်မ အစ်မတို့အမေ ပြန်မလာသေးဘူးလား ဟင်'

မိဇွန် ဆိုင်ပေါ်တွင်ထိုင်ကာ စာဖတ်နေစဉ် ကောင်မလေး တစ် ယောက် လာခေါ်သည်။

'မလာသေးဘူး ညီမရဲ့၊ ဘာလိုချင်လို့လဲ ဟင်'

'ကျွန်မတို့ အမေက ပြန်ရောက်ရင် လာခဲ့ပါတဲ့၊ ခြင်ထောင် လျှော်ချင်လို့တဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ် ခြင်ထောင်လျှောင်ချင်လို့ ၊ ဟုတ်လား'

'ဟုတ်ကဲ့ အမေက ပြောခိုင်းလို့ပါ'

မိဇွန်သည် မျက်လုံးအစုံကို မှိတ်ပစ်လိုက်လေသည်။ အမေသည် ငွေကို ရသည့်နည်းနှင့် ရှာနေပါပြီကော။ မိဇွန် ကျောင်းတစ်ခေါက် ပြန်ခါနီးတိုင်း အင်္ကျီ လုံချည်စလေးများ ထည့်ပေးလိုက်မြဲဖြစ်သော အမေ့ကို မြင်ယောင်လာသည်။ မိဇွန် ရင်တွင် ပူလောင်နာကျင်၍လာလေသည်။ မိဇွန်က ပညာဗဟုသုတရှာဖွေသိမှီးနေဆဲ၊ အမေသည် လူတကာ အိမ်တွင် နင်းကာ၊ နှိပ်ကာ၊ လျှော်ကာ၊ ဖွပ်ကာနှင့် ငွေကိုရှာနေလေသည်။

ထိုနေ့က အမေဝယ်ခြမ်းလာသော မိဇွန်ကြိုက်တတ်သည့် ဟင်းလျာများကို စားသောက်နေရသော်လည်း မျို၍မကျတော့။ ဖျော့တော့ ဖြူရော်နေသော အမေ့လက်များကိုကြည့်ကာ မျက်ရည်စက်များက ထမင်းပန်းကန်တွင်းသို့ ခုန်ဆင်းကုန်ကြလေသည်။

'ဘာဖြစ်လို့လဲ သမီး'

အမေသည် ထမင်းလုတ်ကိုတန့်ကာ မိဇွန်ကို စိုးရိမ်တကြီး မေးရှာသည်။

'ကျွန်မ ကျောင်းမနေတော့ဘူး အမေ'

မိဇွန်သည် ပြောပြောဆိုဆို နေရာမှထကာ လက်ဆေးလေသည်။ အမေလည်း ထမင်းပွဲကိုသိမ်းကာ မိဇွန်အနားတွင် လာထိုင်သည်။ မိဇွန်က ဝမ်းပန်းတနည်း ရှိုက်ငိုနေသည်။

'ညည်းကို ပညာတတ်စေချင်လို့ ထားတာပဲအေ၊ အမေ့ဆန္ဒ ပြည့်ဝအောင် နေပါ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဆုံးခန်းတိုင်အောင်တော့ နေလိုက်ပါ၊ နှစ်နှစ်ဆိုတာ ဘာကြာတာမှတ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်းအင်း ဟင့်အင်း အမေ ဈေးရောင်းကျွေးတာ စားနိုင်သေးတယ်၊ အဝတ်လျှော်ကျွေးတာတော့ မစားပါရစေနဲ့တော့ အမေရယ်'

'ဒါ ခဏပါအေ မပင်ပန်းပါဘူး၊ သူများအောက်ကျလို့လဲ ဘာမှ မဖြစ်ပါဘူး၊ ရိုးရိုးသားသား လုပ်စားတာပဲ'

'အမေ့အလုပ်ကို အောက်ကျလို့ ပြောတာမဟုတ်ပါဘူး၊ အမေ့ကို သနားလို့ပါ၊ ကျွန်မ အလုပ်ထွက်လုပ်ပါရစေတော့ အမေရယ်'

'ဒီမှာ မိဇါနို ငါပြောတာ နားထောင်၊ ညည်းပဲ ပညာဆုံးခန်း တိုင်အောင်သင်၊ ဒါ ငါ့ဆန္ဒပဲ၊ ဒါပဲပြောမယ်'

အမေသည် တစ်ချက်လွှတ်ပြောကာ နေရာမှ ထသွားလေသည်။ အမေ ကျောခိုင်းသွားသဖြင့် အမေ့ မျက်ရည်စကို မိဇွန် မမြင်ရတော့။ မိဇွန်ဘဝတွင် ပညာကို ငွေနှင့်ရင်း၍ သင်ရသည်ထက် အမေ့လုပ်အားဖြင့် ရင်း၍ သင်ရပေတော့မည်။

\+ \+ \+

ကျောင်းပြန်တက်ရသော်လည်း မနှစ်ကလို မပျော်တော့ပေ။ စာသင်ခန်း ထဲတွင် ဆရာ့မျက်နှာအစား အမေ့မျက်နှာကိုသာ မြင်ယောင်နေလေသည်။ ကျောင်းတက်ရန်အဝတ်အစားများကို ထုတ်၍ဝတ်တိုင်း ဖြူလျော်သော အမေ့လက်များကို ပြေးမြင်လေသည်။ ဦးလေးသည် ကျောင်းလခနှင့် အဆောင်ကြေးကိုသာ ပို့ပေးနိုင်၍ မုန့်ဖိုးနှင့် စာအုပ်ဖိုးကို အမေ့ပိုက်ဆံဖြင့် ပင် သုံးရလေသည်။

သည်အကြောင်းတွေကိုတော့ မောင်မောင့်ကို မပြောဖြစ်တော့။ ကိုယ့်ဒုက္ခကို ဖွင့်ပြောခြင်းဖြင့် အကူအညီတောင်းရာ ရောက်မည်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



စိုးသည်။ ပြီးတော့ ငွေသည်သာ အရေးကြီးကြောင်း မောင်မောင်က သက်သေထူပြဦးမည်ကိုလည်း မကြားလိုတော့။

မောင်မောင်ကမူ မိဗွန်ဆီ မှန်မှန်လာတွေ့မြဲ။ အားလပ်ချိန်ချင်း တူလျှင် မုန့်အတူစားကြမြဲ။ သို့သော် မောင်မောင့်ကို မိဗွန် နားမလည်။။ သည်မျှ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ရှိကြပြီး ဖြစ်ပါလျက် မောင်မောင်က မိဗွန်ကို ချစ်သည်ဟု ဘာ့ကြောင့် ပြောမလာပါလိမ့်။

တစ်နေ့တွင်တော့ မိဗွန်၏ အခန်းဖော်က မိဗွန်ကို စေ့စေ့ကြည့်ကာ မပွင့်တပွင့် စကားဆိုသည်။

'ကိုယ်တစ်ခုမေးမယ်၊ ယူ စိတ်မဆိုးနဲ့နော်'

'ဘာများလဲဟာ၊ မေးစရာရှိရင် မေးပေါ့'

'ယူနဲ့ ကိုမောင်မောင်ကျော်နဲ့က ချစ်သူတွေလားဟင်'

မိဗွန် ငိုင်သွားလေသည်။ မိဗွန် ကိုယ်တိုင်လည်း သည်အဖြေကို မဖြေတတ်။ သည်မျှ တစ်တွဲတွဲနေကြပါလျက် ချစ်သူမဟုတ်ကြဘူးဆိုလျှင် မည်သူကယုံမည်နည်း။ သို့သော် မောင်မောင်နှင့် မိဗွန်တို့သည် ချစ်သူရည်စားများ မဟုတ်ကြသေးသည်ကတော့ အမှန်ဖြစ်လေသည်။

'မိဗွန်တို့ ငယ်ငယ်ကတည်းက ခင်ခဲ့ကြတာပဲ၊ ခုလဲ ခင်တယ်၊ ရင်းနှီးတယ်၊ အတူသွား၊ အတူလာကြတယ်၊ ဒါပေမယ့် ချစ်သူတွေတော့ မဟုတ်ပါဘူး'

'ချစ်သူတွေ မဟုတ်ပေမယ့် တစ်ယောက်ကိုတစ်ယောက်တော့ ချစ်ကြတာပဲ မဟုတ်လားဟင်'

ဘယ်လိုဖြေရမလဲ မောင်မောင်ရယ်၊ မိဗွန်မညာတမ်းဖြေရလျှင်တော့ မောင်မောင့်ကို ချစ်သည်။ မောင်မောင်ကလည်း မိဗွန်ကို ချစ်သည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ဘာလို့မေးတာလဲ သူငယ်ချင်းရာ'

'ဪ ချစ်နေရင်လဲ မှုမနေနဲ့လို့ ပြောမလို့ပါ၊ တစ်ခါတစ်ခါ ကိုယ်က အမူလွန်သွားရင် သူများနောက် ပါသွားတတ်တယ်လေ၊ သူ့ကို အီကိုဘက်မှာ ကောင်မလေးတစ်ယောက်နဲ့တွဲနေတာ တွေ့လို့ပါ'

ရုတ်တရက်တော့ မိဇွန် အံ့ဩမိလေသည်။ သို့သော် သေသေချာချာ တွေးကြည့်တော့ မောင်မောင့်တွင် အပြစ်မရှိ။ မောင်မောင်သည် မိဇွန်အပေါ် ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့သည်မှလွဲ၍ မိဇွန်ကို ချစ်ရေးလည်းမဆိုခဲ့ဖူး။ မိဇွန်တို့သည် ချစ်သူများ မဟုတ်ခဲ့ကြ။ သည်တော့ မောင်မောင့်ကို သစ္စာတရားနှင့် ပတ်သက်၍ စွပ်စွဲစရာ မရှိပါချေ။

သို့သော် မိဇွန် ဝမ်းနည်းရလေသည်။ မိဇွန်အပေါ် မောင်မောင် ဘာ့ကြောင့် နှုတ်မလွန်အောင် စောင့်စည်းခဲ့သည်ကို တွေးမိရလေသည်။ မောင်မောင်သည် မိဇွန်ကို အမှန်တကယ် ချစ်မြတ်နိုးသည့်တိုင် ဘဝ တစ်လျှောက်လုံး လက်တွဲရမည့်သူအဖြစ်မူ ရွေးချယ်ရန် ဝန်လေးခဲ့ပေမည်။မောင်မောင်သည် အသည်းနှလုံးထက် ဦးနှောက်ကို ဦးစားပေးသူပေတကား။ မောင်မောင့် အသည်းနှလုံးကမူ မိဇွန်ကို ချစ်မြတ်နိုးလိမ့်မည်ဟု မိဇွန် ကိုယ်လိုရာဆွဲတွေးသည့် သဘောမဟုတ်ဘဲ အမှန်တကယ်ပင် ယုံကြည်မိလေသည်။ လောကကို စီးပွားရေးဆန်ဆန် တွက်တတ်လာသော မောင်မောင်သည် အချစ်ကိုလည်း အကျိုးအမြတ်နှင့်ယှဉ်၍ ရွေးတတ်နေပြီထင်၏။

ထိုညက မိဇွန် အိပ်မပျော်။ မောင်မောင့်အတွက် သို့မဟုတ် အချစ်အတွက် ပထမဆုံးအကြိမ်အဖြစ် မျက်ရည်ကျမိလေသည်။ သို့သော် ယုံကြည်ချက်ချင်း မတူတော့ပါပဲလျက် ချစ်သူတွေ ဖြစ်မလာကြသည်က ပို၍ကောင်းသေးသည်ကိုလည်း တွေးမိရပြန်သည်။ ထို့နောက် ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် လက်တွဲဖို့ဆိုသည်က သာ၍ပင် ခဲယဉ်းပေဦးမည်။ တစ်ယောက်နှင့်တစ်ယောက် မေတ္တာမပျက်ခင်မင်နေကြရသည်က တစ်နည်းအားဖြင့်တော့ ပို၍ စိတ်ချမ်းသာပေမည်။

မောင်မောင်နှင့် တွေ့နေရသော်လည်း မောင်မောင့်အကြောင်းကို မမေးမိတော့။ မိဗွန် စိတ်မှ မောင်မောင်သည် မိဗွန်အတွက် မဟုတ်ဟု ယတိပြတ် ဆုံးဖြတ်ထားလိုက်သည်။ မိဗွန်အပေါ် မောင်မောင် ခင်မင်ရင်းနှီးလျက် ရှိနေသည်ကပင် မိဗွန်အပေါ် မေတ္တာထားကြောင်း ခိုင်လုံနေပေပြီ။ ထို့ထက်ပို၍ မိဗွန်အပေါ် အခွင့်အရေးမယူသည်ကိုပင် ကြံဖန်၍ ကျေးဇူးတင်လိုက်သေး၏။ မောင်မောင်ကသာ ဟန်ဆောင်၍ မိဗွန်အပေါ် အနိုင်ယူသွားခဲ့လျှင်လည်း မိဗွန်ဆိုသည့်အမိုက်မလေးက ဘာမျှ တတ်နိုင်မည် မဟုတ်။

သို့သော် စွန့်လွှတ်ပြီးသားအရာတစ်ခုကို ထင်ထင်ရှားရှား အသိအမှတ်ပြုရသောအခါ နှလုံးသားက ထင်သလောက် ခံနိုင်ရည် မရှိပြန်ပါချေ။

'ဒါ မောင်မောင့် မိဗွန်လေ'

မောင်မောင်ကတော့ ပွင့်လင်း ရဲတင်းလှ၏။ အပြုံးမပျက်၊ ဣန္ဒြေမပျက်။ သူ့ကောင်မလေးနှင့် မိတ်ဆက်ပေးလိုက်သည်။ ဖြူဖြူသွယ်သွယ်နှင့် မိဗွန်ထက် ပို၍ အသက်ငယ်သော ကောင်မလေးသည် ဝတ်စားဆင်ယင်ပုံ အထက်တန်းကျသလောက် လူပုံကလည်း သွက်လက်မြူးကြွ၍နေ၏။ မောင်မောင်နှင့် လိုက်ဖက်လှပါပေသည်။ မိဗွန် ကတော့ အေးစက်နေသော ပင်ကိုအမူအရာကို မနည်းကြိုး ဟန်ဆောင်ကာ ပြုံးပြရသည်။ ပြောစရာစကားကိုလည်း အပြေးအလွှား ရှာနေမိသည်။

'သူက တောင်ငူကပဲလေ၊ ဒီနှစ် ဖရက်ရှာပေါ့၊ နီနီအောင်တဲ့ မှတ်ထားနော်၊ မောင်မောင့် ညီမလေးပဲ'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က ပြောပြီး သဘောကျစွာရယ်လေသည်။ မောင်မောင့် ညီမလေးတဲ့။ မိဖွန်ကိုတော့ မောင်မောင့် မိဖွန်တဲ့။ တတ်လဲတတ်နိုင်ပါပေ့ မောင်မောင်ရယ်။ မိဖွန်ကတော့ ဘာကြောင့်မှန်းမသိ။ မျက်နှာမထားတတ် အောင်ဖြစ်ကာ ပြောစရာစကားလည်း ရှာမရဖြစ်နေသည်။ အပြုံးယဲ့ယဲ့ ကိုမူ ကြိုးစား၍ တင်းထားဆဲ။

'မမဖွန်အကြောင်းကို အစ်ကိုမောင် ခဏခဏ ပြောပါတယ်၊ တစ်မြို့တည်းနေ ငယ်သူငယ်ချင်းတွေ သိပ်ခင်တာပဲတဲ့၊ နီနီကတော့ မမဖွန်နာမည်ကို သိပ်သဘောကျနေတာ၊ လူကို ခုမှမြင်ဖူးတယ်၊ ဟော့ဒီ အစ်ကိုမောင်ကြီးက မိတ်ဆက်ပေးပါဆိုတာ တစ်ခါမှ ခေါ်မလာဘူး၊ နီနီက မာလာဆောင်မှာ လာလည်ပါနော်'

တစ်ဖက်ကတော့ အကွက်ကျကျ သယ်၍သွားလေပြီ။ စကား တစ်ပိုဒ်ထဲမှာ စကားအဓိပ္ပာယ်ပြည့်အောင် ဖော်ကျူးသွားနိုင်သော မိန်းကလေးကို ချီးကျူးမိလေသည်။ မိဖွန်ကတော့ အလွန်နုံလှသော ပါးစပ်ကို ပိတ်ရိုက်ပစ်ချင်သလိုဖြစ်ကာ သံယောင်လိုက်၍ ပြန်ပြောရသည်။

''နီနီဆိုတဲ့ နာမည်ကလေးကလဲ ချစ်စရာပါ၊ လူကလဲ ချစ်စရာ လေးပဲ၊ မမဖွန်က ရတနာဆောင်မှာလေ၊ မောင်မောင်နဲ့ အတူတူလာခဲ့ပါ'

ကောင်မလေးက သဘောကျစွာ ပြုံးလေသည်။ ဩော် အနိုင်ရ သူပေကိုး။ မိဖွန်က သူတို့နှစ်ယောက်ကို ချက်ချင်း အသိအမှတ်ပြုလိုက် သည့်အနေဖြင့် တစ်ယောက်တည်းမခေါ်ဘဲ နှစ်ယောက်တွဲ၍ ဖိတ်ခေါ်လိုက် ခြင်းဖြင့် မိဖွန် ဆုတ်လိုက်သော ခြေလှမ်းကို သူမြင်ပေမည်။

ပြုံးနေသော မောင်မောင့်မျက်နှာသည် မိဖွန် သိလိုက်ရုံမျှလေး ညိုသွားလေသည်။ မောင်မောင်တစ်ယောက် မိဖွန်ကို သည်မိန်းကလေး အကြောင်း ဘာကြောင့်မပြောခဲ့ပါလိမ့်။ မိဖွန်အကြောင်းကိုတော့ အတော် ကလေး ပြောထားဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တို့နှစ်ယောက်ရှေ့မှ လှည့်ပြန်ရန် ဟန်ပြင်ရလေသည်။ မောင်မောင် မပါဘဲ မုန့်စားခဲလှသော မိဇွန်က သည်နေ့ခါကျမှ မာလာ ဆောင်နောက်ဖက် စားသောက်ဆိုင်ကို လာခဲ့မိသည်။ ခါတိုင်းတော့ မောင်မောင်နှင့်အတူ သိပ္ပံဘက် စားသောက်ဆိုင်တန်းမှာ စားနေကျ။ ယနေ့မှ မနက်က အိပ်ရာထနောက်ကျကာ ထမင်းကို မဝတဝစားခဲ့ရပြီး အားလပ်ချိန်ကလည်းမရှိ နေ့လယ်ဆင်းချိန်မှ နီးရာပြေးကာစားလိုက်မိ သည်။ သည်နေ့ မောင်မောင်နှင့်တွေ့စရာအချိန်မရှိ၍လည်း တစ်ယောက် တည်းလာဖြစ်သည်။ မောင်မောင့်ဆီမှာ အချိန်ဇယားနှစ်ခုတောင် ရှိနေမှန်း ခုမှရိပ်မိလာတော့မယ် မောင်မောင်။

'မောင်မောင် ညနေလာခဲ့မယ်နော်'

မောင်မောင်က တစ်ယောက်တည်း ခွဲထွက်သွားရသော မိဇွန်ကို အားနာဟန်ဖြင့်ပြောသည်။ မိဇွန်ဘဝတွင်မူ တစ်ယောက်တည်း ရန်းကန် ရသည့် အဖြစ်ကို ပထမဆုံး သိသိမှတ်မှတ် ခံစားရပြန်လေသည်။ အစကမူ မိဇွန်က မောင်မောင့်ကိုပါ သူ့ဘဝထဲတွင် ဆွဲသွင်းကာ အား တက်ခဲ့မိသည်။ ယနေ့မှ မဆီမဆိုင်အဖြစ်ကို အမြန်မှန်ရလေသည်။

ထိုညနေက မောင်မောင် ရောက်မလာချေ။ ဟိုမိန်းကလေးကို ချော့နေပြီထင်ပါရဲ့။

\+ \+ \+

'မိဇွန်ကလဲကွာ အားငယ်စရာမရှိ အားငယ်နေတာပဲ၊ ပြီးတော့မောင်မောင့် အပေါ်မှာလဲ သိပ် သူစိမ်းဆန်တယ်၊ မောင်မောင် မိဇွန်အပေါ် အသန့်ရှင်းဆုံး စေတနာထားပါတယ် မိဇွန်ရာ'

www.burmeseclassic.com

www.burmeseclassic.com



‘ယုံပါတယ် မောင်မောင်၊ ဒါပေမယ့် မောင်မောင် မိဗွန်ကို ကူရုံနဲ့မဖြစ်ဘူး၊ မိဗွန်တစ်ယောက်စာ မပူမပင်နေရရုံနဲ့ အမေ့ကို ဘာဖြစ်ဖြစ် ပစ်ထားသလို ဖြစ်နေပြီ၊ ခုလဲ အမေ နေမကောင်းတာ ဦးလေးပြောမှ သိရတယ်’

‘မိဗွန် အမေဆီကို ငွေပို့ပါလား’

‘အို တော်ပါပြီ မောင်မောင်ရယ်၊ မိဗွန်အပေါ်မှာ မောင်မောင့် စေတနာတွေ များလှပါပြီ’

မိဗွန်စိတ်ကို မထိန်းနိုင်ဘဲ ငိုချလိုက်မိသည်။ အင်းလျားကန်ရိပ်မှ အပန်းဖြေသူများကတော့ မိဗွန်တို့နှစ်ယောက်ကို နှလုံးသားကိစ္စ ဖြေရှင်းနေကြသည်ဟုသာ ထင်ပေမည်။ မောင်မောင်နှင့် နှစ်ယောက်ထဲ အပြင်မလိုက်ခဲ့သည်မှာကြာပြီ။ မောင်မောင်လာလျှင် အဆောင်ရှေ့မှာသာ ထိုင်၍ စကားပြောဖြစ်ခဲ့သည်။ မိဗွန်ဘက်မှ စောင့်ထိန်းရမည့် ဝတ္တရားက ရှိလာခဲ့ပြီမဟုတ်လား။ မောင်မောင်ကမူ မိဗွန်ကို မရမက ခေါ်မြဲ၊ သည်နေ့လည်း မိဗွန် မျက်နှာမကောင်းလှသည်ကို အကြောင်းပြကာ အင်းလျားကန်ကို စိတ်ပြေလက်ပျောက် ခေါ်လာခဲ့သည်၊၊ မောင်မောင့်အပေါ်တွင် မိဗွန် နားလည်ရခက်လာလေသည်။ မိဗွန်အပေါ် သည်မျှတွယ်တာပါလျှင် မောင်မောင်အနစ်နာခံသင့်လှသည်။ ယခုတော့ မောင်မောင်သည် သူ့ဘဝနှင့် မိဗွန်အပေါ်ထားသည့် သံယောဇဉ်ကို ကဏ္ဍခြားထားလေသည်။

‘မငိုပါနဲ့ မိဗွန်ရယ်၊ ဘာပဲဖြစ်ဖြစ် မိဗွန်ပြောသလို ချက်ချင်းတော့ ကျောင်းက ထွက်မသွားပါနဲ့၊ ဒီနှစ်ကုန်အောင်ဖြစ်ဖြစ်နေလိုက်ပါဦး၊ ဒါမှ ဆက်ဖြေလို့လဲ အဆင်ပြေမယ်၊ ခုနေပြန်သွားလဲ မိဗွန်ဘာဖြစ်လို့ရမှာလဲကွယ်၊ အမေနေမကောင်းတာ ပြုစုချင်ရင် ခဏတဖြုတ်ပြန်ပေါ့’

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မောင်မောင့်စကားကိုပင် နားထောင်ဖြစ်ခဲ့သည်။ ထိုနှစ်ကုန်ဆုံးအောင် စောင့်ရသည်လောက် စိတ်ပင်ပန်းတာ မရှိ။ အမေ့ကိုလည်း စိတ်ကျေနပ်အောင် ဖျောင်းဖျရသေးသည်။ သမီးပညာတတ်ကြီး ဖြစ်စေချင်လှသော အမေ့ကို ဘွဲ့ရအောင်ယူပါမည်ဟု ကတိပေးရသည်။ နောက်နှစ် ကျောင်းမှထွက်ပြီး အမေ့နားမှာနေကာ စာမေးပွဲကို အပြင်မှ ဆက်ဖြေရပေတော့မည်။ နောက်ဆုံးတော့ အမေကလည်း သူ့အခြေအနေကိုသိကာ ခွင့်ပြုရလေသည်။

တက္ကသိုလ်ဝန်းကျင်သည် မိဇွန်ကို စိမ်းကားစွာ နှုတ်ဆက်လေသည်။ သူ့အဖို့ သည်နယ်မြေကို ပြဿနာအမျိုးမျိုး သယ်ဆောင်လာကြသည်။ ရိုးလှရှေ့မည်။ နှလုံးသားပြဿနာ၊ ဘဝပြဿနာအထွေထွေနှင့် ခရီးမဆုံးခင်ကျောခိုင်းသွားရသူတွေလည်း အသချေ်အနန္တရှိကြမည်ထင်။

သောကကို ငြိမ်းအောင် ကြိုးစားရင်း ကျောင်းစာထဲတွင် နှစ်မြှုပ်ထားလိုက်မိလေသည်။ တစ်ခါတစ်ရံ မောင်မောင်လာလျှင်ပင် 'မရှိဘူး' ဟု ညာခိုင်းတတ်ခဲ့သည်။ သည်ဝန်းကျင်နှင့်အတူ မောင်မောင့်ကိုပါ သံယောဇဉ်ဖြတ်ခဲ့ချင်သည်။ မောင်မောင်နှင့်မိဇွန်တို့ ဘဝရပ်တည်ရပုံချင်း မတူသည်ကို စိတ်ကူးယဉ်ကမ္ဘာထဲမှာ ချေဖျက်မပစ်ချင်တော့။ ပြီးတော့ မောင်မောင်သည် သူ့ရှေ့ခရီးကို သူစီစဉ်ပြီးသား။ မရေရာမပြတ်သားသော မိဇွန်ရင်ထဲမှ စိတ်အလိုဆန္ဒများကို အပြီးတိုင် ဖျောက်ဖျက်ပစ်ချင်သည်။

အဆုံးတိုင် စွန့်လွှတ်ရန် ကြိုးစားနေခါမှ မိဇွန်နှလုံးသားကို ခါးသီးသော စကားလုံးများက လာရောက်ရိုက်ခတ်လေသည်။ မောင်မောင်သည် မိဇွန်အတွက် စိတ်သက်သာရာ အရနိုင်ဆုံးသော စကားလုံးများကို ရွေး၍ ပြောသည့်တိုင် အဓိပ္ပာယ်ကတော့ တစ်ခုတည်းသာ ထွက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ မိဖွန့်စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ မောင်မောင့်ကိုလဲ စိတ်မဆိုးပါနဲ့ကွယ်၊ မောင်မောင့်ကို ကူညီတာလို့ပဲ သဘောထားပါ၊ ခက်တာက သူက ငယ်လဲငယ်သေးတယ် မဟုတ်လား၊ အတွေးအခေါ်ကလဲ မိဖွန့်လို မရင့်ကျက်သေးတော့'

'မိဖွန့်နားလည်ပါတယ် မောင်မောင်ရယ်၊ မိဖွန့်တို့ကလဲ ဘီလူးစည်းလူ့စည်းမှ မစောင့်ခဲ့ပဲကိုး၊ အထင်လွဲမယ်ဆိုလဲ လွဲစရာပေါ့၊ ပြီးတော့ သူလဲ မိန်းကလေးပဲလေ၊ သဝန်တိုမှာပေါ့၊ မိဖွန့်သွားပြီးရှင်းပြလိုက်ပါ့မယ်၊ တောင်းပန်လိုက်ပါ့မယ် မောင်မောင်ရယ်'

နောက်ဆုံးတော့ မောင်မောင့်ချစ်သူ မိန်းကလေးဆီ မိဖွန့် ရောက်ခဲ့ရသည်။ အတည်ငြိမ်ဆုံး အကြည်လင်ဆုံး ကြိုးစား၍လည်း မောင်မောင်နှင့် မိဖွန့်တို့ မည်သို့မျှ မပတ်သက်ပါကြောင်း ရှင်းပြရသည်။ နောင်ကိုလည်း ပတ်သက်စရာမရှိတော့ပါကြောင်း သိစေရသည်။ အားနာလှကြောင်းပြောလာသည့် စကားများကိုလည်း ဘာမျှမဖြစ်သလို ပြန်လည်နှစ်သိမ့်ခဲ့ရသေးသည်။

သည်တစ်ခါ မောင်မောင်နှင့် ခွဲခွာရစဉ်တွင်တော့ မိဖွန့်ရင်ထဲမှာ ဘာမျှမကျန်ခဲ့။ မျှော်လင့်ချက်လည်း မရှိတော့။ သံယောဇဉ်လည်း မထားတော့။ အနာဂတ်ဟူသည်လည်း မရှိ။ ဘဝနှစ်ခုကို လုံးဝကဏ္ဍခြား၍ ကိုယ့်လမ်းကို ကိုယ့်ဘာသာ ပြန်လျှောက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

\+ \+ \+

၁၀နှစ်တာ အချိန်ကာလသည် တရွေ့ရွေ့ကုန်ဆုံးခဲ့လေသည်။ မိဖွန့်ဘဝတွင် အပြောင်းအလဲ အမြန်ဆုံး နှစ်ကာလများလည်း ဖြစ်ခဲ့ရသည်။ လူ့ဘဝ၏

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆစ်ချိုးကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်။ ဆုံးရှုံးခြင်းတွေရှိသလို အောင်မြင်မှုများကိုလည်း ရရှိခဲ့သည်။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကြေကွဲခြင်း၊ ချမ်းမြေ့ခြင်းတို့သည် တစ်လှည့်စီ နေရာယူခဲ့ရသည်။

မိဇွန်ဘဝတွင် မပြောင်းမလဲ တည်ရှိခဲ့သည်က မိဇွန် နှလုံးသားပင် ဖြစ်လေသည်။ အချစ်နှင့်ပတ်သက်သော လှုပ်ရှားမှု လွင့်ပါးတတ်သည့် စိတ်သည် မိဇွန်ဘဝအတွင်း ဝင်မလာခဲ့သည်မှာကြာပြီ။ တစ်နည်းအားဖြင့် တော့ မိဇွန်ရင်မှာ ခံစားမှုကင်းမဲ့ကာ ကြည်နူးခြင်း၊ လွမ်းဆွတ်ခြင်းတို့ သည်ပင် မရှိတော့။ ဘဝနှင့်ယှဉ်သော အတွေးတို့သာ နေရာယူခဲ့ပြီး နှလုံးသားကမူ ပကတိအေးစက် တည်ငြိမ်နေခဲ့သည်။

၁၀နှစ် လွန်မြောက်၍ ဘဝသက်တမ်း တစ်ဝက်ကျိုးကာမှ အေး စက်နေသော နှလုံးသားကို လာရောက်ထိခေတ်လာပြန်လေသည်။

မောင်မောင်ကို မိဇွန် မေ့ထားခဲ့သည်မှာကြာပြီ။ ကံ့ကော်မြေမှ နောက်ဆုံးခွဲလာရကတည်းကပင်။ နောက်တော့လည်း မောင်မောင်နှင့် တစ်မြို့တည်းရှိနေပါလျက် ဆက်သွယ်ရန် မကြိုးစားခဲ့။ မောင်မောင့်ဘဝ အပြောင်းအလဲများကိုလည်း မိဇွန် သိနေရသည်။ မောင်မောင် လက်ထက် သည့်သတင်းကိုတွေ့သည်။ မောင်မောင်လုပ်နေသည့် စီးပွားရေးကို သိသည်။ မောင်မောင် ကြီးပွားချမ်းသာနေကြောင်းကို ကြားသည်။ မိဇွန် မသိရသည်ကတော့ မောင်မောင့်အတွေးအခေါ် အယူအဆများ ပိုမိုခိုင်မာလာသည်လား ဆိုခြင်းကိုပင်။ မောင်မောင်သည် သူ့ဘဝကိုသူ ကျေနပ်နေမည်ဟုပင် မျှော်လင့်ရလေသည်။

သည်တစ်ခါ မောင်မောင့်ကို ပြန်တွေ့ရသည်က လမ်းပေါ်မှာ အမှတ်မထင် ပြန်တွေ့ရခြင်းမဟုတ်။ မောင်မောင်လည်း ရောက်လာမည် ဟုသိထားရသော မိတ်ဆွေတစ်ဦး၏ မင်္ဂလာဧည့်ခံပွဲတွင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်နှင့်တွေ့ရမည့်အတွက် မိဗွန်ရင်တွင် လှုပ်လှုပ်ရှားရှားမဖြစ်။ ပကတိ တည်ငြိမ်အေးချမ်းလျက်ပင်ရှိသည်။ မောင်မောင့်ကိုလည်း ကောင်း၊ မောင်မောင့် မိန်းမချောလေးကိုလည်းကောင်း၊ သားနှင့်သမီးကို လည်းကောင်း ယခင်ကလို ဣန္ဒြေမပျက်စေဘဲ စကားလှလှ ပြောနိုင်ရန် ပြင်ဆင်ထားလေသည်။

သို့သော် အံ့သြရသည်က မောင်မောင်က မိဗွန်လို အေးဆေး တည်ငြိမ်စွာ မနေနိုင်ခြင်းပင်။ မိဗွန်ကိုမြင်လျှင်ပင် မောင်မောင်သည် လှုပ်လှုပ်ရှားရှားဖြစ်ကာ သူ့စားပွဲမှ ကမန်းကတန်း ထလာလေသည်။ သူ့မိန်းကလေးကိုလည်း တစ်စုံတစ်ရာ လှည့်ပြောခဲ့လေသည်။

'မိဗွန်ရယ် နေနိုင်လိုက်တာ၊ ဘယ်မှာနေလို့ ဘယ်မှာထိုင်တယ် ဆိုတာတောင်မသိ၊ ပဲခူးမှာစုံစမ်းတော့လဲ မရနဲ့၊ တစ်ခါတည်း ဇာတ်မြှုပ် ထားတာပေါ့လေ၊ ခုတောင် မြင်ရက်နဲ့ မောင်မောင်တို့ဆီ မလာဘူး'

'လူတွေကြားထဲ ဖြတ်မလျှောက်ချင်လို့ပါ မောင်မောင်၊ ပြီးမှ အေးအေးဆေးဆေး လာမလို့ပါ၊ ဒီကို မောင်မောင်လာမယ်ဆိုတာသိလို့ ရှာနေတာပဲ'

'ကဲ ဒါဖြင့်လာ၊ မောင်မောင်တို့ စားပွဲကို'

မိဗွန်က မငြင်းတော့ဘဲ ထ၍ လိုက်သွားသည်။ နီနီအောင်က ပြုံး၍ကြည့်နေလေသည်။ ၁၀နှစ်တာ ကာလအတွင်းတွင် သူမရုပ်ရည် က ပြောင်းလဲမသွား။ ခေတ်မီသောအပြင်အဆင်များကြောင့် ပို၍ပင် နုနယ်နေသည်။ ကလေးနှစ်ယောက်အမေဟုပင် မထင်ရပေ။ မောင်မောင့် ရုပ်ရည်ကမူ အနည်းငယ် အိုစာသွားသည်။

'မမဗွန်က လှလို့ဝလို့ပဲ၊ ခု ဘယ်မှာနေလဲဟင်'

'လှည်းတန်းမှာ၊ နီနီကလဲ အရင်ကထက်တောင် ပိုလှနေပါသေး တယ်၊ မိဗွန်ကပြောမလို့ နီနီက ဦးသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



နီနီအောင်သည် သဘောကျစွာ ရယ်နေလေသည်။ ယခင်က ကလေးငယ်လို မြူးမြူးကြွကြွလေးဖြစ်ပြီး ယခုမူ အရာရာကို နှံ့စပ်ခြယ်လှယ်နိုင်သော ဂုဏ်ရှိသူ၊ ငွေရှိသူတို့၏ သွက်လက်ဖော်ရွေပုံမျိုးဖြစ်လေသည်။ မိဇွန်ကတော့ သည်အမူအရာမျိုးကို မကြိုက်လှ။ အထက်တန်းလွှာဟု သာမန်အားဖြင့် သတ်မှတ်ထားသော လူတန်းစားတွင် သည်သို့သော အမူအရာမျိုးကို တွေ့ရတတ်လေသည်။ မိဇွန်ကဒါမျိုးကို အထက်တန်းကျသည်ဟု မထင်ချင်လှပေ။ ကြည့်ရသည်မှာ ပေါ့ပျက်ပျက်နိုင်လှသည်။

'မမဇွန်က အိမ်ထောင်ကျနေပြီလား'

'မကျသေးပါဘူးကွယ်'

'အို့ တစ်ကိုယ်တည်း အပျိုကြီးပေါ့နော်၊ ဘာလို့ အိမ်ထောင်မပြုတာလဲ မမဇွန်ရဲ့၊ လိုတာမရ ရတာမလိုဖြစ်နေလို့လား ဟင်၊ ဟင်း ဟင်း'

အရယ်အရွှမ်းနှင့် ပြောလိုက်သည့်တိုင် မောင်မောင် အနေကျုံ့သွားဟန်မြင်ရလေသည်။ မိဇွန်ကမူ အစစအရာရာ သတိအနေအထားမှာရှိသည်မို့ ဘာမှ မဖြစ်သလို ရယ်လိုက်နိုင်သည်။

'အေးကွယ်၊ ဒီလိုနဲ့ပဲ ကြာတော့လဲ စွံကို မစွံတော့တာ'

'ကဲ စားကြရအောင်'

မောင်မောင်က မင်္ဂလာစကားပြောခြင်း ပြီးဆုံးသွားသည်ကို သတိပြုမိဟန်ဖြင့် အစားအသောက်ဘက် သတိပေးလိုက်သည်။ နီနီ ကားပြောမှားမည်ကိုလည်း စိုးရိမ်နေဟန်တူလေသည်။ မောင်မောင့်ကို ကြည့်ရသည်မှာ ယခင်က ပွင့်လင်းရဲတင်းသလောက် ယခုမှ အစစအရာရာ သတိကြီးစွာထားနေရသည့်ပုံမျိုး ပေါ်နေလေသည်။

နီနီ့စကားသံတိတ်သွားမှ သူမေးလိုရာကို မပွင့်တပွင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိဇွန် နေတာက ကမာရွတ် လှည်းတန်းမှာလား'

'ဟုတ်တယ်'

'ဘယ်လမ်းလဲ'

'ခုနစ်လမ်းမှာ'

မောင်မောင် ဆက်မမေးတော့ပေ။ မိဇွန်ကလည်း မောင်မောင့်ကို လိပ်စာအတိအကျ ပြောလိုစိတ်မရှိ။ အလည်လာဖို့လည်း မဖိတ်ခေါ်မိ။ နောက်တစ်ခါ သူ့ဘဝထဲ ဝင်လာဦးမှာ စိုးလှသည်။ နီနီကတော့ စကားလှအောင် ဝင်ပြောသေးသည်။

''မမဇွန်အိမ်ကို လာမလည်ပါဘူးနော်၊ နီနီတို့အိမ်ကိုတော့ လာလည်ပါ၊ အချိန်မရွေးဘဲ၊ အစ်ကိုမောင်နဲ့ အေးအေးဆေးဆေး စကားပြောရအောင် လာခဲ့ပါဦး'

နီနီက မောင်မောင့် မျက်နှာကိုကြည့်ကာ ပြောလေသည်။

'ကလေးတွေနဲ့လဲ တွေ့ရအောင် လာခဲ့ပါ့မယ်'

စကားပြောတတ်နေသော မိဇွန်ကို မောင်မောင်က ငေးကြည့်နေလေသည်။ ပြီးတော့ တည်ငြိမ်အေးဆေးလှသော မိဇွန်ကို အံ့သြနေပုံလည်းရလေသည်။

'သားကြီးက ခြောက်နှစ်ရှိပြီ၊ အစ်ကိုမောင်နဲ့တူတယ်၊ ဘွားအေအချစ်တော်လေ၊ သမီးကတော့ နှစ်နှစ်ပဲရှိသေးတယ်၊ တတ်လိုက်တာ အလွန်ပဲ'

စကားဝိုင်းသည် နီနီ့လက်ထဲ ပြန်ရောက်သွားပြန်သည်။ မောင်မောင် သက်ပြင်းကို ခိုး၍ရှိုက်သည်။ သတို့သားနှင့် သတို့သမီးရောက်လာ၍ နှုတ်ဆက်ကြရသည်နှင့် စကားပြတ်သွားသည်။ သတို့သားက ပဲခူးသားမို့

www.burmeseclassic.com

www.burmeseclassic.com



မိဇွန်တို့ နှစ်ယောက်လုံးနှင့်ခင်သည်။ မိဇွန်တို့ဝိုင်းမှာရပ်ပြီး ဓာတ်ပုံရိုက်ကြသေးသည်။

'မြရေ၊ ဒါ စာရေးဆရာမ အေးမြခိုင်လေ၊ ကိုယ်တို့မြို့သူပေါ့၊ လူကတော့ မချောဘူးလား၊ စာရေးဆရာမကြီးနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ထားရသေးတယ်'

သတို့သားက သူ့ဇနီးလေးနှင့် မိတ်ဆက်ပေးသည်။ သတို့သမီးလေးက အလှမပျက် ဟန်မပျက်စေဘဲ ဖော်ရွေစွာ ပြုံးပြပြီး မိဇွန်လက်ကလေးကို နှုတ်ဆက်သည်။

သူတို့ထွက်သွားကြတော့ မောင်မောင်က အံ့ဩစွာ ဆိုပြန်သည်။

'ကြည့်စမ်း၊ မိဇွန် စာရေးဆရာမဖြစ်နေတာ မောင်မောင် မသိဘူး၊ မိဇွန် စာအုပ်တွေ မောင်မောင် ဖတ်ရသားပဲ၊ နာမည်ကြီးပဲ နီနီရဲ့'

ဝမ်းသာအားရဟန်သည် မောင်မောင့်မျက်နှာတွင် ပေါ်လွင်၍ လာလေသည်။

'ဟုတ်လား၊ နီနီတော့ ဝတ္ထုဖတ်လေ့ဖတ်ထ မရှိလို့ သတိမထားမိဘူး'

နီနီ့စကားအတွက် မောင်မောင်က အားနာသွားဟန်တူလေသည်။ မိဇွန်အဖို့တော့ ရိုးနေပြီ။ တစ်စုံတစ်ယောက်က အခြားတစ်ယောက်နှင့် စာရေးဆရာမည်သူပါဟု မိတ်ဆက်ပေးလျှင် 'ဟုတ်လား'ဟု ဝမ်းသာအားရ အသိအမှတ်ပြုသူလည်းရှိသည်။ 'ဩော် ဩော်'ဟု ဝတ်ကျေတန်းကျေ ပြောသူလည်းရှိသည်။ တချို့ကတော့ 'ကျွန်မတို့တော့ ဝတ္ထုတွေဘာတွေ မဖတ်လို့မသိဘူး၊ ညီမလေးတွေကတော့ ဝတ္ထုဆို သဲသဲမဲမဲပဲ၊ အိမ်ကျမှ ပြောပြရဦးမယ်'ဟု သိမ်းကျုံးချသွားသူလည်းရှိသည်။ တကယ်တော့ စာအုပ်ရေ သုံးထောင်လောက်ဖြင့် လူဦးရေ သန်းပေါင်းများစွာသော စိမ့်ဝင်

www.burmeseclassic.com



ထိုးဖောက်နိုင်ခြင်း မရှိသည်မှာ ဆန်းတော့ မဆန်းပါချေ။ ထို့ပြင် စာမဖတ်နိုင်သည့် လူတန်းစားသည် သီးခြားရှိနေလေသည်။ သူတို့သည် များသောအားဖြင့် 'စာမဖတ်ဘူး' ဟု ရှင်းရှင်းဝန်မခံဘဲ ဝတ္ထုတွေ ဘာတွေ ဟု ရောချပစ်တတ်လေသည်။ မိဇွန်ကတော့ မောင်မောင် စာပြန်ဖတ်သည် ကိုသိရသည့်အတွက် ဝမ်းသာမိသည်။

ပြန်ခါနီးတွင်တော့ နီနီက မိဇွန်လက်ထဲကို လိပ်စာကတ်ပြားလေး ထည့်ပေးသွားသည်။ 'နီနီတို့အိမ်မှာ ထမင်းစားဖို့ဖိတ်ပါတယ်၊ မမဇွန် လာမယ့်နေ့မှာ ဖုန်းဆက်ပါ၊ များသောအားဖြင့် နီနီတို့က အိမ်မှာ မရှိ တတ်လို့' ဟုလည်း ဖိတ်မန္တက ပြုသွားသည်။ မောင်မောင်ကမူ မိဇွန်ကို စကားပြောချင်လှပုံရသော်လည်း ပြုလျက် ဘာမျှမပြောဘဲ ငေးကြည့်နေသည်။ မိဇွန်ငှားစီးလာသော လေးဘီးကားလေးအနားအထိလည်း လိုက်ပို့သည်။ မိဇွန်က လက်ပြ၍နှုတ်ဆက်သည်ကို နီနီက လက်ကလေးပြန်ယမ်းပြ သော်လည်း မောင်မောင်က မတ်တတ်ရပ်၍သာ ငေးကြည့်နေလေသည်။

\+ \+ \+

'အိပ်နေပါတယ်ရှင်၊ ကိစ္စအရေးကြီးပါသလား၊ ဘယ်သူလို့ပြောရမလဲ'

'နေပါစေ မနှိုးပါနဲ့၊ ကျွန်တော်ထိုင်စောင့်ပါရစေ၊ ကျွန်တော် မောင်မောင်ကျော်ပါ'

မေးခနဲအိပ်ပျော်သွားစဉ် ဧည့်ခန်းမှ အသံများကိုကြားလိုက်၍ မိဇွန် ကမန်းကတန်း အိပ်ရာမှထသည်။ အခန်းဝတွင် ဒေါ်ငယ်ကို တွေ့ရ လေသည်။

'သွား သွား၊ အခုလာခဲ့မယ်လို့ ပြောလိုက်ပါ ဒေါ်ငယ်'

www.burmeseclassic.com

www.burmeseclassic.com



မိဗွန် အိပ်ပျော်နေလျှင် ဒေါ်ငယ်က ဧည့်သည်လာသော်လည်း မနှိုးပဲထားတတ်သည်။ အိပ်ရေးပျက်တတ်သော မိဗွန်ကို ခေါင်းကိုက်ဇက်လေး ဖြစ်နေမှာ အလွန်စိုးရိမ်လေသည်။ ယခုတော့ ပြုံးပြုံးပျာပျာ ဖြစ်နေသော မိဗွန်ကိုကြည့်ကာ ဒေါ်ငယ်က ဧည့်ခန်းကို ပြန်ထွက်သွားရသည်။ မိဗွန်က မျက်နှာကို ရေစက်များသပ်ချရင်း အိမ်ရှေ့ထွက်လာလေသည်။

'စာရေးဆရာမကြီးကို အနှောင့်အယှက်ပေးမိပြီနော်'

'ဒီလိုမပြောပါနဲ့ မောင်မောင်ရယ်၊ မောင်မောင့်အသံကို အိပ်ပျော်နေရင်းကတောင် မှတ်မိပါတယ်'

ပြောပြီးမှ စကားလွန်သွားသည်ကို နောင်တရမိလေသည်။

'မိဗွန် မလာစေချင်မှန်းသိပေမယ့် လာခဲ့မိတာ ခွင့်လွှတ်တယ်ပေါ့၊ အိမ်နံပါတ်မသိပေမယ့် မေးရတာလွယ်ပါတယ်လေ'

'မောင်မောင်တို့မှာ အိမ်မကပ်နိုင်အောင် စီးပွားရှာနေရသူတွေဆိုတော့ ဝတ္တရားတွေပိုနေမှာစိုးလို့ပါ မောင်မောင်ရယ်၊ ကဲ ဘာစားမလဲ ဒီတစ်ခါတော့ မိဗွန် ကျွေးပါမယ်'

မောင်မောင်သည် မိဗွန်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ကာ သူတွင်ပါသော စီးကရက်ဘူးကို ထုတ်လိုက်သည်။ မိဗွန်က ဧည့်သည်တည်ရန်ထားသော ယွန်းဘူးလေးထဲမှ စီးကရက်ကိုတည်ရန် ထုတ်လိုက်သော်လည်း တစ်လိပ်မျှမရှိ။

'ဒေါ်ငယ်ရေ မီးခြစ်'

'မောင်မောင့်မှာ ပါပါတယ်'

'နေပစေတော့ ဒေါ်ငယ်ရေ၊ သံပရာရည်လေးဖျော်ခဲ့ပါ'

www.burmeseclassic.com

www.burmeseclassic.com



‘မောင်မောင်က သံပရာရည်တို့ကော်ဖီတို့ မသောက်တတ်တော့ဘူး မိဇွန်ရဲ့’

‘မိဇွန်တို့အိမ်မှာတော့ ဘီယာတို့၊ ဝီစကီတို့ မရှိဘူး မောင်မောင်၊ မုန့်နဲ့သံပရာရည်ပဲ သောက်ရမယ်၊ မိဇွန်ကတော့ ဂလူးကို့စ်နဲ့ သံပရာရည်ကို အမြဲသောက်နေရတယ်’

‘သြော် ဒါနဲ့မေးမလို့ မိဇွန် အမေကော’

‘အမေဆုံးသွားပြီလေ မောင်မောင်၊ ငါးနှစ်တောင်ပြည့်တော့မယ်’

‘အို’

မောင်မောင်သည် အလွန် စိတ်မကောင်းဖြစ်သွားပုံရလေသည်။ သူ စိတ်မကောင်းသည်မှာ အမေဆုံးသွားသည့်အတွက် ဆိုခြင်းထက် အမေဆုံးသည့်အကြောင်းကို သူမသိခဲ့သည့်အတွက်သာ ဖြစ်ပေမည်။

‘မိဇွန်ကလဲ တစ်ခွန်းမေးမှ တစ်ခွန်း ဖြေတော့တာပဲနော်၊ ပြောပါဦး ဘယ်လိုက ဘယ်လို ဒီကို ရောက်လာရတယ်ဆိုတာ၊ မိဇွန်ကို မောင်မောင် မသိတာတွေ များနေပြီ၊ ဒီအတွက်တော့ ခွင့်လွှတ်နော်’

‘ကိစ္စမရှိပါဘူး မောင်မောင်ရယ်၊ ကိုယ့်ဘဝနဲ့ကိုယ်ပဲဟာ၊ မိဇွန် ကျောင်းကထွက်သွားပြီး ပဲခူးမှာ ဆရာမလုပ်တယ်လေ၊ စာမေးပွဲလဲ ဆက်ဖြေတယ်၊ နောက် အမေဆုံးတော့ အိမ်ကလေးကိုရောင်းပြီး ရန်ကုန်ပြောင်းလာတယ်၊ ငွေစာရင်းရုံးမှာ ဝင်လုပ်တယ်၊ အခုတော့ အလုပ်ထွက်လိုက်ပြီလေ၊ စာရေးနေတယ်၊ ကဲ ဒါပါပဲ၊ ဘာသိချင်သေးလဲ’

မိဇွန်က ဒေါ်ငယ်လာချပေးသော ပေါင်မုန့်အသားညှပ်နှင့် သံပရာရည်ကို မောင်မောင့်ဘက်တိုးပေးသည်။

‘မိန်းမကြီးက မိဇွန်တို့အမျိုးလား’

www.burmeseclassic.com

www.burmeseclassic.com



အမျိုးတော့ မတော်ပါဘူး၊ ဦးလေးက မိဇွန်ကို စိတ်မချလို့ ထည့်ပေးလိုက်တာ၊ ဒီအိမ်ကိုလဲ ဦးလေး လိုက်ငှားပေးတာပဲ၊ ဒေါ်ငယ်ကလဲ တစ်ကိုယ်ရေသမားဆိုတော့ သံယောဇဉ် ဖြစ်နေပါပြီ၊ မိဇွန်ဘဝကတော့ ပြည့်စုံပါပြီ မောင်မောင်ရယ်'

'ခုတော့ မိဇွန် ကြည့်ရတာ ကိုယ့်ဘဝကိုယ် သိပ်ကျေနပ်နေပုံပါပဲ၊ မိဇွန်စာရေးနေတာ ကြာပြီလား'

'ကျောင်းတုန်းကတည်းကပဲလေ'

'ဟင် မောင်မောင်တောင် မသိဘူး'

မိဇွန်က မချိပြုံးလေး ပြုံးလိုက်သည်။

'ဒီတုန်းက မောင်မောင်ကလဲ စာပေကို စိတ်ဝင်စားပုံ မရဘူးလေ၊ ဒါကြောင့် မိဇွန် မပြောတာပါ'

မောင်မောင်က မိဇွန် တည်ခင်းသော မုန့်ကို စားသည်။ မိဇွန်၏ ရိုးလှ ရှင်းလှသော ဧည့်ခန်းကလေးကို မျက်စိကစား၍ ကြည့်သည်။ အိမ်ရှေ့တွင် ကုလားထိုင်တစ်စုံနှင့် ရေဒီယိုတင်သော ဗီရိုကလေးတစ်လုံးသာ ရှိသည်။

နံရံတွင်အရုပ်မပါသော ပြက္ခဒိန်တစ်ခုကလွဲ၍ ဘာမျှ ချိတ်မဆွဲထား၊ ဘုရားစင်ပေါ်တွင် ဆင်းတုတစ်ဆူနှင့် ပန်းအိုးသုံးလုံး ရှိသည်။ တစ်ခန်းလုံးကိုမူ အပြာနုရောင် ဆေးခြယ်ထားသည်။ မျက်စိတွင်ရှင်း၍ ကြည်လင်နေပေသည်။

'မိဇွန်တို့ အိမ်ခန်းကလေးက နေချင်စရာပါပဲ၊ ဒါထက် ဒီထက် သန့်တဲ့ တစ်နေရာကို ပြောင်းပါလား မိဇွန်၊ မိဇွန်တို့နေတာကလဲ မိန်းမသားချည်းပဲဆိုတော့'

www.burmeseclassic.com

www.burmeseclassic.com



'မိဇွန်ကို ဘယ်သူမှ မစော်ကားရဲပါဘူး မောင်မောင်၊ မိဇွန် အေးအေးဆေးဆေး နေတာပဲ၊ ကျောင်းဖွင့်ချိန်ဆိုရင် ဦးလေးရဲ့သားအကြီး ကျောင်းလာတက်လို့ အဖော်ရတယ်၊ မိဇွန် စာရေးချင်တဲ့အခါ ရေး၊ ခရီးထွက်တဲ့အခါ ထွက်တယ်၊ အေးအေးဆေးဆေး နေရမယ့်အချိန်မှာ အမေမရှိတော့လို့ စိတ်မကောင်းတာကလွဲရင် မိဇွန် ဘဝဟာ အနည်ထိုင်နေပါပြီ၊ ကျေနပ်လောက်ပါပြီ'

'မိဇွန်ဘဝကို အားကျလိုက်တာကွယ်'

'မောင်မောင်တို့လဲ ကိုယ့်ဘဝကိုယ် ကျေနပ်နေတာပဲ မဟုတ်လား၊ မောင်မောင်တို့တိုက်တွေ တစ်လုံးပြီး တစ်လုံး ဆောက်တာ၊ ကားကို တစ်စီးပြီး တစ်စီး လဲစီးတာ မိဇွန် သိပါတယ်'

'မိဇွန်ကတော့ မောင်မောင့်အကြောင်းကို သိနေတာပဲနော်'

'မောင်မောင် နောက်ဆုံးစီးတဲ့ကားက ကိုရိုလာ ဆိုတာကအစ သိပါတယ် မောင်မောင်ရယ်၊ အရင်ကတော့ မိဇွန်က ကားမှာ စာရေးထားလို့တောင် ဘာအမျိုးအစားမှန်းသိတာ မဟုတ်ဘူး၊ ခုတော့ ရန်ကုန်မှာ အနေကြာလာလို့ နည်းနည်းပါးပါး သိပါပြီ၊ မောင်မောင်နဲ့ ပတ်သက်ရင် သိပါတယ်'

မောင်မောင်သည် စီးကရက်တစ်လိပ်ကို ထပ်၍ မီးညှိလေသည်။

'မိဇွန် မသိတာတွေ ရှိပါသေးတယ်'

'ဒါတော့ ရှိမှာပေါ့လေ၊ မိဇွန်က အပေါ်ယံက မြင်ရ ကြားရ သလောက်ပါ'

'မောင်မောင်တို့ လက်ထပ်ပြီး စီးပွားရေးနယ်ထဲကို ခုန်ပစ် ဝင်လိုက်တာပဲ၊ ဒီခေတ်မှာတော့ မှောင်ခိုနဲ့ ပွဲစားအလုပ်ပေါ့၊ လောကမှာ အကောင်းဆုံး အညွန့်ဆုံးဟူသမျှ ရယူပြမယ်ဆိုပြီး လုပ်လိုက်တာ နောက်ဆုံးတော့'

www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးတော့ ဘာဖြစ်သလဲ မောင်မောင်'

'နောက်ဆုံးတော့ ပြန်ထိန်းလို့မရတာ နီနီပဲ မိဇွန်၊ မောင်မောင်က တော်လောက်ပြီလို့ ထင်နေတဲ့အချိန်မှာ နီနီဟာ လောဘမသတ်နိုင်သေးဘူး၊ ဒီလို ရှေ့ဆက်တိုးနေရင် ဒုက္ခရောက်မှာ၊ ဒါကို တရားချလို့ကို မရဘူး၊ ခုတော့ မောင်မောင်ကို အားမရဘူးဆိုပြီး သူကိုယ်တိုင် စိန်ပွဲစား ကားပွဲစား ထွက်လုပ်နေတယ်'

မောင်မောင်သည် သံပရာရည်ကို တစ်ကျိုက်မော့ချလေသည်။ ပြီးတော့ စီးကရက်တစ်လိပ်ကို ထပ်ညှိသည်။

'ဒါပေမယ့် မောင်မောင်လုပ်ခဲ့တာတွေကိုတော့ မှားတယ်လို့ မထင်ဘူး မဟုတ်လား'

'မောင်မောင့် အတိုင်းအတာနဲ့တော့ မှားတယ်လို့မထင်ပါဘူး၊ လောကမှာ ပထမဦးဆုံး လုပ်ရမှာက ငွေရဖို့၊ ကိုယ့်ဘဝ ကိုယ်ထူထောင်ဖို့ မဟုတ်လား မိဇွန်ရဲ့၊ လွန်မသွားရင် ပြီးတာပဲ'

မိဇွန်က သက်ပြင်းကို အသာချလိုက်သည်။

'အဲဒီကစပြီး မိဇွန်နဲ့ ကွဲလွဲခဲ့တာပဲနော်၊ ငွေက အရေးကြီးတာပေါ့ မောင်မောင်၊ စားဝတ်နေရေးက ရှိသေးတာကိုး၊ စားဝတ်နေရေးကျပ်တည်းလို့ လူတွေ ဒုက္ခရောက်ကြတာ မိဇွန် သိတာပေါ့၊ မိဇွန် ကျောင်းက ထွက်ခဲ့ရတာ၊ အမေဆုံးသွားတာ ငွေမရှိလို့ ဖြစ်ခဲ့ရတာ ဒါပေမယ့် မိဇွန်က အဲဒီ ငွေရှာတဲ့အခါ ကိုယ်ပိုင်အရည်အချင်းနဲ့ ရှာချင်တယ်၊ လောကကြီးကို ကိုယ်ပိုင်အတွေးအခေါ် ယုံကြည်ချက်နဲ့ ရင်ဆိုင်လိုက်ချင်တယ်'

'ခုတော့ မိဇွန် ပြောနိုင်ပြီပေါ့၊ လက်ဖျားမှာ ငွေသီးနေတဲ့ စာရေးဆရာမကြီး ဖြစ်နေပြီကိုး'

www.burmeseclassic.com

www.burmeseclassic.com



'အိုး အဲဒီလိုထင်ရင် မှားမှာပေါ့ မောင်မောင်၊ မိဇ္ဈန် ကျေနပ်နေတာ မိဇ္ဈန် ငွေတွေ ရနေလို့လို့ ထင်လို့လား၊ မိဇ္ဈန်ရတာ မပြစ်စလောက်ပါ မောင်မောင်ရယ်၊ ဦးလေးကို ပြန်ထောက်ပံ့ရတယ်၊ မိဇ္ဈန် စားဖို့လောက်ရုံ ချန်ရတယ်၊ ဒီထက် မပိုပါဘူး၊ မိဇ္ဈန် ကျေနပ်တာက ခုချိန်ထိ မိဇ္ဈန် ဘာကိုမှ မဖောက်ပြန်ခဲ့သေးတာကိုပဲ၊ မိဇ္ဈန် ယုံကြည်လို့လုပ်နေတဲ့နယ်ပယ်မှာ လဲ မဖောက်ပြန်ဘူး၊ မိဇ္ဈန်စာရေးတယ်၊ မိဇ္ဈန် သိတာ မြင်တာကို အမှန်အတိုင်းရေးတယ်၊ မရှိတာကို အရှိလုပ်ပြီး မဟုတ်တာကို အဟုတ် လုပ်ပြီး မရေးခဲ့ရဘူး၊ အဲဒီအတွက် ကျေနပ်တာပါ'

'ဒါတော့ မိဇ္ဈန်က ထမင်းစားဖို့ ရနေတာကိုး'

'ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါကို ပြောတာ၊ မိဇ္ဈန် ကိုယ်လုပ်ချင်တာ လုပ်ရပြီး ထမင်းစားနေရတာကို ပြောတာ၊ တချို့မှာ ထမင်းတစ်လုပ်စားဖို့ ခိုးရ ဝှက်ရ လိမ်ရ ညာရတယ် မဟုတ်လား၊ မိဇ္ဈန်က အဲဒီလို မလုပ်ရဘဲနဲ့ နေလို့စားလို့ ရတယ်လေ၊ အဲဒါကို ကျေနပ်တာပေါ့'

မောင်မောင်သည် စီးကရက်ဘူးနှင့် မီးခြစ်ကို စားပွဲပေါ် ခပ်ပြင်းပြင်း ဆောင့်ချလိုက်သည်။

'ဟုတ်တယ်၊ မောင်မောင်ကတော့ ကိုယ်နေချင်သလို နေရဖို့ လိမ်ခဲ့ ညာခဲ့ ကောက်ကျစ်ခဲ့ရတယ်၊ မောင်မောင်မှာ ကိုယ်ပိုင်အရည်အချင်း မရှိဘူး'

'မိဇ္ဈန်ပြောတာ စိတ်ဆိုးသွားသလား မောင်မောင်၊ တကယ်တော့ မောင်မောင့်မှာ ကိုယ်ပိုင်အရည်အချင်းရှိပါတယ်၊ အဲဒါကို မောင်မောင် အသုံးမချဘဲ လုံးဝ ဘေးဖယ်ထားခဲ့တာပါ၊ မိဇ္ဈန် အဲဒါကို နှမြောဆုံးပဲ၊ အဲဒါကို မိဇ္ဈန် ပြောချင်ခဲ့တာ၊ မိဇ္ဈန် မောင်မောင်နားလည်အောင် မပြောတတ်ခဲ့လို့ နေခဲ့ရတာ၊ ပြောရင်လဲ မောင်မောင်က လက်ခံခဲ့မှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် နေရာမှ ထလေသည်။

'မောင်မောင်ပြန်တော့မယ် မိဇွန်'

'ကောင်းပါပြီ မောင်မောင်၊ နောက်တစ်ခါလာလည်ရင် နီနီ့ကိုလဲ ခေါ်ခဲ့ပါဦး'

'နီနီလား၊ နီနီက မောင်မောင့်ကို တရားဝင်ပြတ်စဲဖို့ ကြိုးစားနေတာ မိဇွန်ရဲ့'

'အို'

\+ \+ \+

မောင်မောင်နှင့် အချိန်အတန်ကြာ အဆက်အသွယ် ပြတ်သွားကြပြန်သည်။ မောင်မောင့်ကို အပြီးအပိုင်မေ့ပစ်ရန် ကြိုးစားခဲ့ဖူးသော်လည်း ပြန်တွေ့သောအခါ မောင်မောင်အပေါ် ခင်မင်တွယ်တာစိတ်က အလိုအလျောက် ပြန်ပေါ်ပေါက်လာရပြန်သည်။ မောင်မောင်နှင့် စကားပြောရသည်ကို မိဇွန် နှစ်သက်မြဲ ဖြစ်နေပြန်သည်။ မောင်မောင့်အပေါ် ပြောချင်တာတွေ ပြောလိုက်ရသည်ကိုလည်း ကျေနပ်နေသည်။ သို့သော် မောင်မောင် နောက်ဆုံးပြောသွားသော မောင်မောင့် အိမ်ထောင်ရေးအခြေအနေနှင့် ပတ်သက်၍ ကြားသိရသောအခါတွင်မူ ပြောခဲ့မိသော သံယောဇဉ်စကား၊ အပြစ်တင် စကားများအတွက် နောင်တရမိလေသည်။

မောင်မောင် နောက်ထပ်ရောက်မလာခြင်းအတွက် စိတ်သက်သာရာ ရမိသော်လည်း မောင်မောင့်အကြောင်းကိုမူ သိချင်နေသည်။ မောင်မောင်တို့အိမ် ဖုန်းနံပါတ်ကို မေးထားသော်လည်း ဖုန်းဆက်ရန် စိတ်မကူးမိ။ နီနီက မိဇွန်အပေါ် မည်သို့သဘောထားမည်ကို မသိနိုင်။ သူတို့ အဆင်

www.burmeseclassic.com

www.burmeseclassic.com



မပြေရသည့်ကြားထဲတွင် မိဖွန်အတွက် ထပ်၍ အနှောင့်အယှက် ဖြစ်မည်ကို စိုးလှသည်။ သူတို့ဘာကြောင့် အဆင်မပြေသည်ကိုမူ သိချင်လှသည်။ သို့သော် တကယ်တမ်း သူတို့ အဆင်မပြေသည်မှာ မိဖွန်တို့ ကူညီဖြေရှင်း နိုင်သော ကိစ္စမျိုးမဟုတ်။ စည်းစိမ်ဥစ္စာ၊ ငွေကြေးနှင့်ဆိုင်သော ငွေရေး ကြေးရေးကလည်း ထောင်ဂဏန်း ရာဂဏန်းမဟုတ်၊ သောင်းဂဏန်း သိန်းဂဏန်း ချီနေသည်။

'နီနီတို့ အဖေကလဲ ချမ်းသာတဲ့ ကုန်သည်မျိုးရိုးပဲ၊ မောင်မောင်ကို ငွေအရင်းအနှီး ထုတ်ပေးခဲ့တာ၊ နောက်ပိုင်းမှာလဲ နီနီ ကိုယ်တိုင် ဝင်ကူ ခဲ့လို့ စီးပွားက သိပ်တက်လာခဲ့တာ၊ ခုတော့ နီနီက အရာရာမှာ သူစွမ်းလို့ချည်း ထင်နေပြီ၊ မောင်မောင်ကို ကန်ထုတ်ချင်ပြီ၊ ရုပ်ကလဲ တင့်တယ်၊ အရွယ်ကလဲကောင်းတော့ သူက လွတ်လွတ်လပ်လပ် နေချင်တယ်နဲ့ တူပါတယ်'

မောင်မောင့် မိတ်ဆွေတစ်ဦးက ပြောပြလေသည်။ နောက်ဆုံး နီနီက သူတို့ လက်ရှိနေသော ကုမ္ပဏီကြီးမှ တိုက်ကိုရောင်းပြီး အင်းယား လမ်းမှာ တိုက်သစ်ဆောက်ချင်သည်။ မောင်မောင်ကမူ ရှိသမျှကို နှောင်ရေးအတွက် စုဆောင်းပြီး သည်အခြေအနေအတိုင်းနေချင်သည်။ သည့်ထက်ပို၍ တွင်ကျယ်လွန်းလျှင် ဘေးအန္တရာယ်တစ်ခုခု ကျရောက် လာမှာကို စိုးသည်။ သည်တွင် သဘောကွဲလွဲကြသည် ဆို၏။ နောက်ဆုံး နီနီက ယောက္ခမများအတွက် ဝယ်ထားသောအိမ်ကို လက်ညှိုးထိုး၍ ရောင်းပစ်သည်။ မြို့ထဲမှာ တိုက်ခန်းတစ်ခန်း ပြန်ဝယ်ပေးသည်။ ဝယ် ကတည်းက သူ့သဘောနှင့်သူမို့ ဘာမျှမပြောသာ။ ယခုလည်း သူ ဖြစ်ချင်သောအရာကို သူ့ဘာသာ အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေလေသည်။ စီးပွားရေးမှာ မိန်းမက ချယ်လှယ်လာပြီဆိုတော့ အိမ်ထောင်ရေးတွင် ယောကျ်ားများ၏ ဂုဏ်သိက္ခာလည်း ကျဆင်းမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မောင်မောင်တစ်ယောက် ရန်ကုန်မှနေ၍ ခရီးရှည်ထွက်သွားသည်ဟု ကြားရလေသည်။ မိဇွန်ကမူ မောင်မောင်ကို ကိုယ်ပိုင်ယုံကြည်ချက်နှင့် ရပ်တည်နေသော ယောကျ်ားအဖြစ် မြင်လိုလှသည်။ ပဲခူးမှာ နေရစ်ခဲ့စဉ်က အထင်ကြီးခဲ့ရသော၊ လေးနက်ခိုင်မာသော အတွေးအခေါ်များ ပြန်လည် သွတ်သွင်းပေးချင်လေသည်။ သို့သော် မိဇွန်၏ စေတနာကို တစ်မျိုးတစ်ဖုံ အထင်လွဲခံရမည်စိုး၍ မောင်မောင့်ကို တွေ့ချင်သော်လည်း ဆက်သွယ်ရန် မကြိုးစားမိတော့။

မမျှော်လင့်သော နေ့တစ်နေ့တွင်မှ မောင်မောင်က မိဇွန်ဆီကို ပြုန်းစားကြီး ရောက်လာသည်။ ထိုနေ့က ပထမဆုံးကွဲကွာပြီး တက္ကသိုလ်မြေတွင် ပြန်လည်တွေ့စဉ်ကလိုပင် မိုးများစွာရွာနေလေသည်။ ပြီးတော့ ထိုနေ့က ရောက်လာသည်မှာ ယခင်တစ်ခေါက်ကလို နောက်ဆုံးပေါ်ကားသစ်ကြီးနှင့် မဟုတ်။ မောင်မောင် ကျောင်းတက်စဉ်က စီးသော ဖိယက်ကား အပြာကလေးနှင့် ဖြစ်သည်။

ကားပေါ်မှ ဆင်း၍ အိမ်ပေါ်သို့အတက်တွင် မိုးစက်များမိ၍ အင်္ကျီတွေ စိုကုန်သည်။ ဧည့်ခန်းတွင်ထိုင်၍ စာဖတ်နေသော မိဇွန်သည် မောင်မောင့်ကို ဘွားခနဲ မြင်လိုက်ရ၍ အံ့အားသင့်သွားသည်။ မောင်မောင်က ဖိနပ်ချွတ်မှာ ရပ်နေသေးသည်။

'ရေစိုတွေနဲ့ အိမ်ပေါ်တက်ရမှာ အားနာစရာဖြစ်နေပြီ'

ဒေါ်ငယ်က ကြမ်းကို စိတ်လိုလက်ရ ဖယောင်းနှင့်တိုက်ထားသဖြင့် ဧည့်ခန်းသည် ပြောင်လက်၍ နေသည်။

'တက်ခဲ့ပါ မောင်မောင် ကိစ္စမရှိပါဘူး'

မောင်မောင်သည် ခြေကို အထပ်ထပ်သုတ်ကာ တံခါးပေါက်နှင့် အနီးဆုံး ကုလားထိုင်တွင် ထိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မတွေ့တာကြာပြီနော်၊ မောင်မောင် မိုးကုတ်ဘက်ကို ခရီးထွက်သွားတယ်ဆို'

ပြောပြီးမှ နောင်တရပြန်သည်။ မောင်မောင့်အကြောင်းကို အမြဲစိတ်ဝင်စားလျက်ရှိကြောင်း ပြရာရောက်သွားသည်။

'ဟုတ်တယ်၊ ပြန်ရောက်နေတာ တစ်လလောက်ရှိပါပြီ၊ နီနီရဲ့ စာရင်းရှင်းနေရတယ်လေ'

ထိုအစိတ်အပိုင်းကိုတော့ မိဖွန် မသိပေ။ သိလိုသော်လည်း ဆက်မေးရမှာ အားနာနေသည်။

'မောင်မောင့်ကို တိုက်တစ်လုံးနဲ့ အိမ်တွင်းပစ္စည်းတွေပေးပြီး ဆင်းသွားပြီ'

'သူ ဆောက်တဲ့တိုက်က ဆောက်ပြီးပြီလား'

'အဲဒီလောက်ထိ သူမတတ်နိုင်ပါဘူး၊ သူ့မိဘတွေနေတဲ့ဆီ ဆင်းသွာတာ၊ ပါရမီမှာလေ'

'ကလေးတွေကော'

'သားအကြီးက အစကတည်းက မေမေတို့နဲ့နေတာပဲ၊ သမီးကိုတော့ သူခေါ်သွားတယ်'

'ခေတ္တခဏ အခန့်မသင့်လို့ ဆင်းသွားရင်လဲ လိုက်ခေါ်ပေါ့ မောင်မောင်ရယ်'

'မဖြစ်ပါဘူး၊ မောင်မောင်နဲ့မနေချင်လို့ ဆင်းသွားတာပဲ၊ သူ့အမေဆီမှာ သူ ရှာဖွေစုဆောင်းပေးထားတဲ့ ပစ္စည်းတွေရှိတယ်လေ'

မောင်မောင်သည် သူ့ ဘောင်းဘီအိတ်ကိုစမ်းကာ စီးကရက်ဘူးကို ရှာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒညှိသည်ကို ဘာမှ မကျွေးရသေးဘူး၊ ကော်ဖီသောက်နော်၊ စီးကရက်လဲရှိတယ်'

မိဇွန်က စီးကရက်ယွန်းဘူးကို မီးခြစ်နှင့်အတူချပေးသည်။

'ဆေးလိပ်တွေ ဘာတွေနဲ့ မိဇွန်သောက်တာလား'

'မဟုတ်ပါဘူး၊ ဧည့်သည်တည်ဖို့ထားတာပါ'

'အမြဲလာတဲ့ ဧည့်သည်ရှိနေပြီ ထင်ပါရဲ့'

မိဇွန်က ဘာမျှပြန်မပြောဘဲ မီးဖိုထဲဝင်ခဲ့သည်။ ဒေါ်ငယ်မရှိ၍ ကော်ဖီကို ကိုယ်တိုင်ဖျော်ခဲ့သည်။ မောင်မောင်သည် သူ့စီးကရက်ကို သူထုတ်ကာ သောက်နေသည်။

'ခု မောင်မောင် ဘာလုပ်မယ် စိတ်ကူးလဲ၊ အိမ်မှာ တစ်ယောက်တည်းပေါ့'

'နောက် မိန်းမယူမှာပေါ့'

'အိုး မောင်မောင်ကလဲ'

မိဇွန်သည် မောင်မောင့်အတွက် အစစအရာရာ ပူပန်နေမိသည်ကို သတိပြုမိလေသည်။ တကယ်တော့ မောင်မောင့်ဘဝသည် ပူတောင့်ပူပန် ဖြစ်စရာမရှိ။ ငွေကြေး ပြည့်စုံသူတို့အတွက် အစစအရာရာသည် အဆင်သင့်ဖြစ်နေတတ်သည်။ အိမ်ထောင်ရေး အဆင်မပြေသည့်အတွက် မောင်မောင်သည် လည်းကောင်း၊ နီနီသည် လည်းကောင်း အခြေပျက်အနေပျက် ဖရိုဖရဲဖြစ်သွားမည့်သူများ မဟုတ်ချေ။ မိဘများနှင့် အတူမနေရ၍လည်း ကလေးများသည် ထမင်းငတ်သွားမျှ၊ ပညာမသင်ရမျှ ပူရမည် မဟုတ်ပေ။

'ကလေးတွေဆိုတာ မိစုံဖစုံနဲ့ နေရရင် ပိုကောင်းတာပေါ့။ ပြန်ပြီး စေ့စပ်ကြည့်ပါဦးလား မောင်မောင်ရယ်'

'မဖြစ်တော့ပါဘူး မိဇွန်ရာ၊ သူက မောင်မောင့်ထက် ငွေကို ပိုခင်တာ'

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ တိတ်ဆိတ်သွားကြလေသည်။ မောင်မောင်က ကော်ဖီငုံ့သောက်ရင်း မိဇွန်ကို ငေးကြည့်နေရာမှ ရုတ်တရက်မေးလိုက်သည်။

'ဒါနဲ့ မိဇွန်ကော ဒီလိုပဲတစ်ယောက်တည်းနေသွားတော့မှာလား'

မိဇွန်က ငိုင်နေရာမှ အငိုက်မိသလို ဖြစ်သွားသော်လည်း ကမန်းကတန်း ဖြေလိုက်နိုင်သည်။

'ဘယ်နေမလဲ၊ အချိန်မကျသေးလို့ပါ'

'ခုပဲ သုံးဆယ်ကျော်နေပြီ မဟုတ်လား'

'သိပ် မလိုတော့ပါဘူး'

မိဇွန်က ခေါင်းညိတ်ပြလိုက်သည်။ တကယ်တော့ မိဇွန်ကိုယ်တိုင် တိတိကျကျ မဆုံးဖြတ်ရသေးသော ကိစ္စတစ်ခုကို ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်မိဖြင်းဖြစ်လေသည်။

'အင်းပေါ့လေ၊ ဒါထက် အမျိုးသားက ဘယ်ကလဲ၊ ဘာလုပ်လဲ'

'ရန်ကုန်ကပဲ၊ ကျောင်းဆရာတစ်ယောက်ပါ'

'တက္ကသိုလ်ကလား'

'ဟင့်အင်း၊ အထက်တန်းပြ ဆရာတစ်ယောက်ပါ၊ မိဇွန်နဲ့ စာပေမိတ်ဆွေတွေပေါ့၊ မောင်မောင်ကတော့ အထင်ကြီးမှာ မဟုတ်ပါဘူး'

ကျောင်းဆရာမအလုပ်ကို မိန်းကလေးများနှင့်သာ သင့်လျော်သည့်အလုပ်ဟု မောင်မောင်ကပြောဖူးသည်ကို သတိရလေသည်။

'မိဇွန်ကို အထင်မသေးဝံ့ပါဘူးဗျာ၊ မိဇွန် ရွေးတဲ့သူကိုလည်း အထင်မသေးရဲပါဘူး၊ ဘာတဲ့ ကိုယ်ပိုင်အရည်အချင်း၊ အတွေးအခေါ်၊ ယုံကြည်ချက်ရှိရမယ် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် စီးကရက်ဘူးနှင့် မီးခြစ်ကို ကောက်၍ သိမ်းလိုက်လေသည်။

'မောင်မောင် ပြန်တော့မလို့လား'

မောင်မောင်က ခေါင်းညိတ်ပြသည်။

'မောင်မောင့်ဆီလဲ ဖိတ်စာပို့ဦးနော်၊ အဲဒီအချိန်မှာ မောင်မောင်ကလဲ နှစ်ယောက်ဖြစ်ချင်ဖြစ်နေမှာ၊ မိဇွန် မင်္ဂလာဆောင်ကို တစ်ယောက်တည်း တော့မလာဘူး'

'အို မောင်မောင်ကလဲ'

မိဇွန် ဘာပြောရမည် မသိပေ။ မောင်မောင်သည် မိုးရေထဲတွင် ခပ်နှေးနှေး လျှောက်သွားလေသည်။ ကားတံခါးကို ညင်သာစွာ ပြန်ပိတ်ပြီး လက်ကို ဝှေ့ယမ်းသွားလေသည်။

မိဇွန် လက်ပြန်မပြဘဲ ငေးကြည့်ရင်း ကျန်ခဲ့လေသည်။ ယခု တစ်ကြိမ်လည်း ဘဝချင်း ခြားကြပြန်လေပြီ။ မိဇွန်ဘဝကို ယခုမှ စိတ်ကြိုက်ပုံစံနှင့် စကြည့်ရဦးမည်။ မောင်မောင်ကမူ သူ စိတ်ကြိုက် ဖန်တီးခဲ့သော ဘဝကို မကျေနပ်၍ အသစ်တစ်ဖန်ပြန်စဦးမည်။ သို့သော် တစ်ယောက်နှင့် တစ်ယောက် ပုံစံချင်းတော့ တူကြမည် မဟုတ်ပါပေ။ မိဇွန်က ကိုယ့်ဘဝကိုယ် ကျေနပ်နေသလို မောင်မောင်ကလည်း သူ့ဘဝ တွင်သာ ပျော်ပိုက်နေပေမည်။

မတူသော ဘဝနှစ်ခုကို မပေါင်းစပ်မိခဲ့ခြင်းအတွက် မိဇွန် နောင်တ မရတော့ပေ။ မိဇွန်၏ ဘဝသစ်တွင် မောင်မောင့်ကို အပြီးအပိုင် မေ့ပစ်ရန် ကြိုးစားရပေတော့မည်။

[ ငွေတာရီ။ ။ အောက်တိုဘာ၊ ၁၉၇၇ ]

www.burmeseclassic.com

www.burmeseclassic.com

# ၃
# ထို့ကြောင့် ဤကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

# ၁

ကိုယ်တိုင်က အထူးတလည် ဝါယမ မစိုက်ထုတ်ဘဲ အဆင်သင့် အိတ်ထဲဝင်လာသော ငွေကို ရှောင်လွှဲနိုင်ဖို့ အလွန်ပင် ခဲယဉ်းပေသည်။ ပြီးတော့ ငွေဆိုသည်မှာ လက်ထဲရောက်လာလျှင် သုံးမိသည်သာချည်း။ သုံးတိုင်းလည်း အလွယ်တကူ ကုန်သွားသည်သာချည်း။ ထိုအခါ နောက်ထပ်ရောက်လာမည့်ငွေကို အလိုလို မျှော်မိသည်သာပင်။ သည်တော့ လည်းတော်ရုံစိတ်ဓာတ်နှင့် ငွေကို မျက်နှာလွှဲနိုင်ဖို့ခက်၏။ ငွေကိုမမက်ဖူး ဆိုသည့်တိုင် ငွေကို လက်မလွှတ်နိုင်။ ပြီး သည်ငွေအတွက် မည်သည့် ဆွေမျိုးအသိုင်းအဝိုင်းကမှ တားဆီးပိတ်ပင် ကန့်ကွက်ခြင်း မရှိကြသည်မှာ အံ့ဩဖွယ်ပင် ကောင်းလေသည်။ အားလုံးက တိုက်တွန်းအားပေးစကား မဆိုကြသော်လည်း ကျေနပ်နှစ်သိမ့်သည့်အသွင်ကိုသာ ဆောင်ကြလေ၏။

၁၅ရက် တစ်ခေါက်၊ သို့မဟုတ် တစ်လတစ်ခေါက် အိမ်ပြန်လာတိုင်း အမေ့လက်ထဲ ငွေဖောဖောသီသီ ထည့်ပေးလိုက်သည်ဆိုလျှင် အမေသည် မစစ်မဆေး၊ မမေးမမြန်ဘဲ အလိုလိုသိသောစိတ်ဖြင့်ပင် စိတ်လက် ကြည်လင်စွာ လက်ခံယူလေ၏။ ပြီးတော့ အိမ်ထောင်ပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ရခါမှ ယောကျ်ားနှင့်ကွဲလာသာ အစ်မလတ်သည် လည်းကောင်း၊ ထွန်းမောင် အလုပ်မရခင်က ပေးကမ်းကျွေးမွေးခဲ့သည့် အစ်မကြီး၏ ယောကျ်ား ကိုသာခင်သည်လည်းကောင်း တက္ကသိုလ်ရောက် စ လုချင်ပချင်သည့် ညီမငယ် မေရီအောင်သည်လည်းကောင်း၊ ကလေး များသည်လည်းကောင်း ထွန်းအောင်နားတွင် ဝိုင်းကာ ပျော်တပြုံးပြုံး ဖြစ်နေကြလေသည်။ သည့်တော့လည်း ထွန်းအောင်သည် ကိုယ့်ကိုယ်ကို မကျေနပ်သည့်စိတ်၊ လိပ်ပြာမလုံသည့်စိတ်၊ တစ်စုံတစ်ရာကို စိုးရိမ် ထိတ်လန့်သည့်စိတ်တို့ အလိုလိုကွယ်ပျောက်ကာ မိသားစုနှင့်အတူ ကြည်နူးမှုအရှိန်ကို ရောင်ပြန် ခံစားရပြန်၏။ ယခုတော့ ထွန်းအောင်ဘဝ သည် ရေလိုက်ငါးလိုက်ဘဝ။ ကျန်တာတွေကို မေ့ထားလိုက်တော့သည်။

အစကတော့ ခြောက်နှစ် အချိန်ကုန်ခံကာ အင်ဂျင်နီယာဘွဲ့ ယူခဲ့မိ သည်ကိုပင် အမှားကြီးမှားပြီဟု တွေးပြီးကြိတ်ခံမရ ဖြစ်ခဲ့ရလေသည်။ အလုပ် ကိုစောင့်ရင်း ရက်တွေလတွေ ကုန်လာသည်နှင့်အမျှ အိုမင်းရင့်ရော်စပြု သော အမေ့မျက်နှာကိုလည်းကောင်း၊ ကျောင်းနေစဉ်က ထောက်ပံ့ခဲ့ရပြီး ယခုလည်း ဆက်လက်ကျွေးထားရသော ယောက်ဖမျက်နှာကို လည်းကောင်း၊ မကြည့်ဝံ့ မကြည့်ရဲဖြစ်၍လာလေသည်။ နေ့တာသည် ကုန်ခဲကာ ဘဝ၏ အဓိပ္ပါယ်သည်ပင် တစ်စတစ်စ ကင်းမဲ့လာခဲ့၏။ အပေါင်းအသင်းများ စုဝေးရာ ဆူးလေဘုရားလမ်းထိပ်မှ မင်္ဂလာလက်ဖက်ရည်ဆိုင်သို့လာရန် ခရီးစရိတ်ကိုပင် အမေ့ဈေးဖိုးထဲမှ နှိုက်သည့်အခါ နှိုက်ရသည်။ ညီမငယ် မုန့်ဖိုးထဲမှ တောင်းသည့်အခါ တောင်းရသည်။ မြို့ထဲရောက်လျှင် အပေါင်းအသင်းများတိုက်သော လက်ဖက်ရည်ကိုသောက်သည်။ ထမင်း ကျွေးလျှင်စားသည်။ ၃၃လမ်းမှ သူငယ်ချင်းတစ်ယောက်၏ အလုပ်တိုက် တွင်ဝင်ကာ ထိုင်ကြသည်။ ဦးတည်ချက်ကင်းမဲ့သော စကားများကို

www.burmeseclassic.com



ဆိုကြည်သည်။လမ်းပေါ်မှ ဖြတ်သွားသော မိန်းကလေးများကို ငေးကြည့်ကြသည်။ ညနေစောင်းလျှင် လက်ဖက်ရည်တစ်ခွက် ကပ်သောက်ကာ အိမ်ပြန်ခဲ့လေသည်။ အိမ်ရောက်သည့်အခါ အဆင်သင့်၍ ထမင်းဟင်းကျန်သေးလျှင်စားသည်။ မကျန်လျှင်တော့လည်း လက်ဖက်ရည်ဖြင့်ပြည့်၍နေသော ဝမ်းကို မှောက်ကာ အိပ်လိုက်လေတော့သည်။

အိမ်သားများက မကြည်ဖြူဘူးဟု မည်သူကမျှ မပြောသည့်တိုင် သူ့မှာတော့ အစဉ်လိုပင် နောက်ကျောမလုံခဲ့ပေ။ ထို့ကြောင့်လည်း မိတ်ဆွေတစ်ယောက်၏ ကားဝပ်ရှော့မှာ သူဝင်လုပ်သည်။ ခြောက်နှစ်တာ ဆည်းပူးခဲ့ရသော သူ့ပညာများသည် လောလောဆယ်တော့ မော်တော်ကား ဝမ်းဗိုက်အောက်မှာ အဆုံးသတ်ကြလေသည်။ သူ့ပတ်ဝန်းကျင်မှလူများသည် သူ့လိုအင်ဂျင်နီယာဘွဲ့မရကြသော်လည်း သူ့ကိုပင်ပြန်လည်၍ ပညာပေးကြရသေးသည်။ သည်တော့လည်း တစ်ကိုယ်လုံး ပေကျံနေသော စက်ဆီများကိုကြည့်ကာ သူ့ပညာကိုသူပြန်၍ ကျိန်ဆဲမိပြန်လေသည်။ ငွေရသည်မရသည်က အပထားတော့၊ သူသည် ဝါသနာပါ၍လိုက်စားခဲ့သော ပညာကို သည့်ထက် ကျယ်ကျယ်ပြန့်ပြန့် အသုံးချလိုက်ချင်၏။ သို့သော် အလုပ်တစ်နေရာအတွက် တင်ပြသည့် ထောင်ပေါင်းများစွာသော လျှောက်လွှာများကြားတွင် သူ့အလိုဆန္ဒများက မပြည့်နိုင်သေး။

အဆင်သင့်ချင်တော့လည်း မမျှော်လင့်သော အလုပ်ကိုပင် အလွယ်တကူရခဲ့ပြန်သည်။ သည်တော့လည်း သူ့တွင် ခွန်အားအသစ်များ ဖြစ်ထွန်းကာ သူ့ပညာနှင့်သူ့ဘဝကို ကျေနပ်မိပြန်သည်။ သင်္ဘောပေါ်မှာ စက်ပြင်အင်ဂျင်နီယာတစ်ယောက်အဖြစ် လိုက်ရမည်ဆိုသော သူ ဝါသနာပါ၍ သင်ယူခဲ့သော ပညာကို အသုံးချရမည်မို့ ပျော်၏။ ငွေတစ်ပြားမှ မရလျှင်နေပစေ၊ အိမ်တွင်ခိုကပ်နေရသော ဘဝမှ လွတ်ကာ သူ့တစ်ဝမ်းစာ

www.burmeseclassic.com



အတွက် ဖူလုံလျှင်တော်ပြီ။ သူလုပ်ချင်သောအလုပ်ကို လုပ်ရလျှင် အဓိပ္ပါယ်ရှိပြီ။ ဤသို့ပင်တွေးကာ သဘော်ပေါ်ကို သူ တက်ခဲ့၏။ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် မျှော်လင့်ချက်ရောင်ခြည်တို့ ကွန့်မြူး နေကြလေသည်။

\+ + +

တကယ်တမ်းတွင်မူ လူ့ဘဝတွင် သူမသိသေးသော အရာများစွာရှိပါ သေးလားဟု ထွန်းအောင် ဆင်ခြင်မိရပြန်လေသည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေတတ်ရန်လည်း များစွာ လေ့ကျင့်ရသေးသည်။ အများကပြုံးလျှင် ပြုံးမှ ဖြစ်မည်။ အများက ရယ်နေလျှင် ရယ်မှ သင့် မည်။ အများကစားလျှင်စားမှ၊ အများကယူလျှင် ယူမှ၊ အားလုံးထဲမှ သူတစ်ယောက်တည်း ခွဲထွက်ရန် ဘယ်နည်းနှင့်မျှ မသင့်။ ပြီးတော့ သူကိုယ်တိုင်လည်း ဘာမျှ အပင်ပန်းခံစရာမလို။ အလိုက်သင့် နေလိုက် ရုံသာ။ နေမြဲတိုင်းနေ၊ စားမြဲတိုင်းစား၍ တုံ့ပြန်မှု တစ်စုံတစ်ရာမပေးရဘဲ အားလုံးနှင့် အဆင်ပြေမည့် အလုပ်ကို သူရှောင်လွှဲ ဖယ်ခွာ၍ မသင့်။ ငြိမ်နေလျှင် ပြဿနာမရှိ။ တုံ့ပြန်လျှင် (သို့မဟုတ်) ငြင်းဆန်လျှင် ပြဿနာတက်မည်။ မည်သည့်လမ်းကို လိုက်မည်နည်း။

သူ့လုပ်အား၏ ပြင်ပမှဖြစ်သော ငွေကြေးကို ရသောအခါ လောက ကြီးကို သူ အံ့သြမိပြန်လေသည်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့လည်း ထွန်းအောင်သည် အပေါင်းအသင်းများကို လက်ဖက်ရည်သာမက အရက်ပင် ပြန်တိုက်နိုင်ပေပြီ။ အပေါင်းအသင်းများကလည်း သူပြန်အလာကို မျှော်နေတတ်ကြသည်။ သူ့တွင်ပါလာသော ငွေကို တပျော်တပါး ဝိုင်း၍ သုံးကြသည်။ သူ့တွင်လည်း ငတ်ဖော်ငတ်ဖက် သူငယ်ချင်းများကို ပြုစုရသဖြင့် ကျေနပ်ခြင်းဖြစ်ရသည်။ ထိုအခါ သူ့ကိုယ်သူ မကျေနပ်စိတ်၊ လိပ်ပြာမလုံသည့်စိတ်၊ တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်သည့်စိတ်တို့သည် ငုပ်လျှိုးပျောက်ကွယ်ကုန်ကြပြန်သည်။ သူ ဝါသနာပါ၍ သင်ယူခဲ့သောပညာသည် သူမျှော်မှန်းသလို အံဝင်ခွင်ကျ ဖြစ်မလာသည့်တိုင် တစ်စုံတစ်ခုသော အတိုင်းအတာအထိမူ အကျိုးသက်ရောက်လျက်ရှိပေပြီ။

ယခုတော့ ထွန်းအောင်သည် သူကိုယ်တိုင် မမြင်နိုင်စွမ်းသော အနှောင်အဖွဲ့အတွင်းသို့ ကျရောက်မှန်းမသိ ကျရောက်ခဲ့ရပြီတည်း။ ထိုအနှောင်အဖွဲ့အတွင်းမှ သူရုန်းထွက်၍ မရတော့။ မိသားစု၏ ပျော်ရွှင်ကြည်နူးသံများ၊ သူကိုယ်တိုင်ခံစားနေရသော သုခချမ်းသာများ၊ အပေါင်းအသင်းများ၏ ပျော်ရွှင်ကြည်နူးသံများ၊ ထိုအရာများကို သူ လက်လွှတ်မခံဝံ့တော့။ မိမိကိုယ်တိုင် အထူးတလည် ဝါယမ မစိုက်ထုတ်ရဘဲ အသင့်ရလာသော အခွင့်အရေး နွံအတွင်းဝယ် သူနစ်၍နေလေပြီ။

ယခုလို အချိန်မျိုးတွင် သည်အလုပ်ကိုစွန့်ကာ သူ့ပညာနှင့် ထိုက်တန်သော အခြားတစ်နေရာသို့ ပို့မည်ဆိုက သူ မသွားတော့။ ယခုရသောလခထက် ပိုကောင်းသောရာထူး၊ ပိုမြင့်သောနေရာတွင် ထိုင်ခိုင်းကလည်း သူ မထိုင်ချင်တော့။ သူ့ပညာကို ပို၍ အသုံးချနိုင်သည်၊ မချနိုင်သည်ကိုလည်း သူ မစဉ်းစားနိုင်တော့။

ယခုတော့ ထွန်းအောင်ဘဝသည် ရေလိုက် ငါးလိုက်ပါ၏။

\+ \+ \+

www.burmeseclassic.com

## ၂

ထွန်းအောင် တစ်ကောင်တော့ ဟန်ကျ၍သွားပြီ။ အစက သည်ကောင် လောက် ဘိုင်ကျတာမရှိ။ လက်ဖက်ရည် သောက်ကျပြီဆိုလျှင်လည်း သူ့အိတ်ထဲက ဘယ်တော့မှ မထွက်။ ထမင်းစားလျှင်တော့ ဝေလာဝေး။ နောက်ဆုံးတော့ ဒူးယားမတတ်နိုင်၍ ခပေါင်းသောက်ကြစို့၊ ရွှေဘဲပဲ ဖွာကြစို့ ဆိုလျှင်တောင်မှ တစ်မတ် ငါးမူးထွက်မလာ။ သို့သော် သူ့တွင် တွက်ကပ်လိုစိတ်၊ စီးပိုးလိုစိတ်မရှိမှန်း အတတ်သိ၍ ခွင့်လွှတ်ကြည်ဖြူ ရသည်ပင်။ အလုပ်မရကြသေးသူချင်းတူပေမယ့် သည်ကောင်က ပိုအား ငယ်တတ်သည်။ အိမ်က တောင်းသုံးရမှာလည်း လက်ရှိန့တတ်သည်။ တစ်ခါတစ်ရံ အပြန်ကားခပင် သူ့တွင်ပါမလာတတ်။ အပေါင်းအသင်း များကို ခင်တွယ်လွန်း၍ သူမလာဘဲမနေနိုင်။ လာပြန်လျှင်လည်း ကျွေး မွေးစားကာ ခိုင်းသမျှ လုပ်ပေးတတ်သွားတတ်သည်။ မကျွေးနိုင်၍ မကျွေး ဘဲနေလျှင်လည်း အချိန်ကုန်လျှင် ပြန်သွားတတ်သည်။

ဝပ်ရှော့မှာ ဝင်လုပ်နေပြီဆိုစဉ်က သူ့ဗိုက်ကြီးကျသွားသည်မှာ အံ့ဩစရာပင်ကောင်း၏။ ညည်းလိုက်သည်မှာလည်း ချူပေပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပိုက်ဆံမရတာ ငါစိတ်မညစ်ပါဘူးကွာ၊ ကိုယ်သင်ထားတဲ့ပညာကို သေသေချာချာ အသုံးမချရတာကိုပဲ' ဟု အားမလိုအားမရ ပြောတတ်သေးသည်။ သူ သင်္ဘောပေါ် ပါသွားပြီဆိုတော့ အားလုံးက သူ့အတွက် ဝမ်းသာကြသည်။ သိပ်အလုပ်လုပ်ချင်တဲ့ ကောင်ကြီး။ လခကလည်း ကျေနပ်လောက်သည်။ အလုပ်ကလည်း ဂုဏ်ယူလောက်သည်ပေါ့။

သူပြန်လာတော့ ဝပ်ရှော့မှာကားတွန်းရစဉ်က ကျသွားသော ဗိုက်ကြီးပြန်စူ၍ ထွက်လာသည်။ ငါးသုံးလုံးစီးကရက်ကို သူငယ်ချင်းတွေ လူစေ့အောင် တည်သည်။ အရက်သောက်ဖို့ချိန်းတတ်လာသည်။ 'ဒါတောင် အိမ်ပေးလိုက်ရလို့ကွ၊ နောက်တစ်ပတ်မှ သေသေချာချာကျွေးမယ်' ဟုပင် ပြောသေးသည်။ သူ့ကို သူငယ်ချင်းတွေက အားကျကြသည်။ သူကျွေးသမျှ အဝအပြဲစားကြသည်။ သူကလည်း တပြုံးပြုံး။ အပေါင်းအသင်းတွေကလည်း တပြုံးပြုံး၊ မင်းလုပ်စာ ငါတို့မစားရက်ပါဘူးဟု မည်သူမျှ မပြောကြ။ မလုပ်ပါနဲ့ဟုလည်း မည်သူမျှ မတားကြ။ စားကြသောက်ကြရသည်ကိုး။ သူကလည်း လက်ရှိအခြေအနေကိုပင် ကျေနပ်နေပုံရလေသည်။ 'ငါ့ကို အခု လခတိုးခန့်ပြီး ရုံးချုပ်မှာထားမယ်ဆိုလဲ မနေနိုင်တော့ဘူးကွ' ဟု ရှင်းရှင်းဝန်ခံသည်။

ကျော်မြင့်ကမူ သူ့ကိုကြည့်ကာ မကျေနပ်စိတ်များ တိုးပွားလာလေသည်။ သူ့ကို မကျေနပ်ခြင်းမဟုတ်၊ ကိုယ့်ကိုယ်ကို မကျေနပ်ခြင်းသာ ဖြစ်လေသည်။ ကျော်မြင့်သည်လည်း ထွန်းအောင်လိုပင် အင်ဂျင်နီယာဘွဲ့ရသူတစ်ဦးပင်။ ဘာသာရပ်ချင်း မတူသော်လည်း ကျော်မြင့်က စာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့် အောင်ထားသူဖြစ်သည်။ သို့သော် သူ အလုပ်မရသေး။ ကြာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ထွန်းအောင်လောက်ဘိုင်ကျသည်ဟု မဆိုသာသော်လည်း ယခုတိုင် အိမ်မှ တင်ပို့ရဆဲဖြစ်သော ငွေမှာ သုံး၍မလောက်တော့။ အိမ်မပြန်ဘဲ ရန်ကုန်တွင် ကုတ်ကတ်နေရသည်မှာ သူ့တွင်ရည်ရွယ်ချက်ရှိသည်။ ဘာပဲပြောပြော ကိုယ့်ပညာနှင့်ထိုက်တန်သောအလုပ်ကလေးများ ရလိုရငြားပေါ့။ သို့သော် ထင်တိုင်းမပေါက်၍ သူ စိတ်ဓာတ်ကျလျက်ရှိပေပြီ။ ထွန်းအောင်ကျတော့လည်း ရုံးချုပ်က လခတိုးခန့်မည်ကို မလုပ်နိုင်ဘူးတဲ့။ အဲဒီနေရာရလျှင် ဘယ်လောက်ကောင်းမည်နည်း။ ထွန်းအောင်လို မသုံးရ၊ မဖြုန်းရ၊ မစားရ မသောက်ရလျှင် နေပါစေတော့။ ထိုက်ထိုက် တန်တန် အလုပ်တစ်ခုရလျှင် တော်ပါပြီ။ သို့သော် ကြာလေလေ မျှော်လင့်ချက်တို့ ကုန်ခန်းလုဆဲဖြစ်လာရလေလေပင်။

အိမ်ကပို့သောငွေနှင့် ဘော်ဒါခ၊ ထမင်းလခပေးပြီး သုံးဖို့က နည်း၍ နည်း၍လာသည်။ စားစရိတ်က ကြီးလာပေပြီ။ အိမ်ကိုလည်း မသုံးလောက်၍ ပိုပို့ပါဟု မမှာလိုတော့ပြီ။ သည်အခါကျတော့မှလည်း လက်မြှောက်အရှုံးပေး၍ ရွာကိုမပြန်ချင်တော့။ ရွာပြန်တော့လည်း ကိုယ်လုပ်ချင်သည့် အင်ဂျင်နီယာအလုပ်ကို လုပ်ရမည်ဟု မဟုတ်ဘဲ။ ဘယ်အထိ အခြေအနေဆိုးမလဲ။ မရ ရအောင်နေပစ်ချင်သည်။ ထို့ကြောင့် အသုံးစရိတ်လေးမှ ရလိုရငြား အလုပ်တစ်ခုကို ဝင်လုပ်လိုက်၏။

ဘော်ဒါဆောင်မှ သူငယ်ချင်းများက ရယ်ကြသည်။ အင်ဂျင်နီယာနှင့်စာပြင်ဆရာ ဘာဆိုင်သလဲတဲ့။ ပုံနှိပ်တိုက်တစ်တိုက်မှာ စာပြင်ဆရာ ဝင်လုပ်သည်ဆိုတော့ ကျောင်းတုန်းက သူငယ်ချင်းတွေကလည်း ပို၍ စိတ်ဓာတ်ကျကုန်သည်။ အနည်းဆုံး စက်ရိုက်သမားမှ နီးစပ်ဦးမည်တဲ့။ ၃၃လမ်းမှ အပေါင်းအသင်းတွေကတော့ အားပေးသည်။ အင်ဂျင်နီယာ မလုပ်ရသည့်အတူတူ စာပဲ ရေးစားပေတော့။ သံယောဇဉ် မပြတ်ဘူးဆိုလျှင်

www.burmeseclassic.com



လည်း ရေဒီယိုပြင်နည်းတို့၊ စက်ပြင်နည်းတို့ ရေးပြီး စာအုပ်ထုတ်စား ပေတော့။

ကျောင်းတုန်းက စာအုပ်ကြီးတွေကို ကိုးကားရန်ပြန်ကြည့်ရသည့် အခါ သူ ရင်နာမိပြန်သည်။ ၁၀တန်းအောင်စာရင်း ထွက်စဉ်က အမေက ဆရာဝန်လိုင်းလိုက်ရန် တိုက်တွန်းသည်။ သူက ဝါသနာမပါလို့ ဖြစ်မှာ မဟုတ်ဘူးဟု အကြောက်အကန် ငြင်းသည်။ 'ဝါသနာမပါလဲ လုပ်ရင် ဖြစ်တာပါပဲ' အမေက ဖွတ်ပြောသေးသည်။ ထိုစဉ်ကတော့ ဝါသနာ မပါတဲ့ အလုပ်ကို ဘယ်တော့မှမလုပ်ဘူးဟု အပြတ်ပြောမိခဲ့သည်။ ယခုတော့ သူသည် ဖောင်တိန်ကိုကိုင်၍ အကြံအဖန်လုပ်ရန် ပြင်ဆင်နေ ပေပြီ။ သူ့ကိုယ်သူပင် မည်သို့နားလည်ရမည် မသိတော့။

ပထမဆုံးရသော သူ့လခနှင့် အပေါင်းအသင်းများကို ကျွေးမွေး သောအခါ သူတို့က ချီးကျူးထောမနာပင်ပြုသေးသည်။ 'မဆိုးဘူးဗျို့'၊ ခင်ဗျား စာပေနဲ့လည်း နီးစပ်နေပြီဆိုရင် စာပြုလျှောက်ပါလားဗျ'တဲ့။ သူတို့က စေတနာနှင့် ပြောသည်ပင် ဖြစ်သော်လည်း သူ ဘဝင်မကျ။ သူ့ကို အင်ဂျင်နီယာတစ်ယောက်အဖြစ် အသိအမှတ်မပြုတော့ဟု ခံစား လိုက်ရသည်။ သူ 'ဘာ'ဆိုတာကို သူတို့ မေ့နေကြပြီ။

'ဘာဖြစ်လို့ လုပ်ရမှာလဲဗျ'

ဒီတစ်ခါတော့ သူ ဘုတောလိုက်သည်။

'ခင်ဗျားပဲ အလုပ်လုပ်ချင်တယ်ဆို'

'ကျွန်တော်လုပ်ချင်တာ အင်ဂျင်နီယာဗျ'

သူတို့က ရယ်ကြသည်။

'အင်ဂျင်နီယာတစ်ယောက်ဟာ အင်ဂျင်နီယာလုပ်ချင်တာ ဆန်း သလားဗျာ'

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာကြောင့်ရယ်သည်ကို သိလျက်နှင့် ပြောလိုက်မိသေးသည်။ သူ့အဖို့ သူ့ပညာနှင့်ဆက်နွယ်သော အလုပ်တစ်ခုကို လုပ်ရလျှင် သူ ကျေနပ်ပြီ။ သို့သော် မျှော်လင့်ချက်ကား ဝေးမြဲ ဝေးလျက်သာတည်း။ သူ သင်ကြားခဲ့ရသော စာတွေ့ လက်တွေ့ ပညာရပ်များသည် သူ့ မျှော်လင့်ချက်နှင့်အတူ တစ်စတစ် လွင့်ပါးပျောက်ကွယ်ကုန်ကြလေသည်။ ပိုးဟပ်ကိုက်၍ အနားများစုတ်ဖွာနေသော စာအုပ်ထူကြီးများကိုကြည့်ကာ အော်ဟစ် ရယ်မောချင်စိတ်ပင် ဖြစ်ပေါ်လာမိသေးသည်။

သည်ကြားထဲ ဟိုတစ်နေ့က မိတိုးနှင့် ပြန်တွေ့သည်။ မိတိုးသည် ယခင်ကလို ဝဝတုတ်တုတ်လေး မဟုတ်တော့။ ပိန်ပိန်ချည့်ချည့်လေး ဖြစ်၍နေပြီ။ ပြီးတော့ မိတိုးနှင့် စကားပြောကာမှ ငုပ်လျှိုးနေသော သူ့ မကျေနပ်ချက်များသည် တဖွားဖွား ပေါ်ပေါက်၍လာပြန်သည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

၃

ကိုကျော်မြင့်နှင့် မတွေ့ရသည်မှာ ကြာပြီ။ တွေ့ရတော့လည်း မည်သို့မျှ မမျှော်လင့်သော နေရာတွင် တွေ့ရသည်။ သူကလည်း မိတိုး၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ကာ မမျှော်လင့်သည့်အသွင့်ဖြင့် မြင်လိုက်ရသည်ကဲ့သို့ အံ့သြသွားပုံရလေသည်။

အံ့သြမည်ဆိုလျှင်လည်း အံ့သြစရာပင်။ ရွာမှာနေစဉ်ကမူ မိတိုးသည် ယောကျ်ားများနှင့် တန်းတူ ခုန်ပေါက်ပြေးလွှားဆော့ကစားနေတတ်သော ပေါက်ကျော်မလေးပင်ဖြစ်သည် မဟုတ်ပါလား။ ယခုလို လုံချည်စိမ်းနှင့် အင်္ကျီလက်စကနှင့်၊ ကြိမ်ခြင်းနှင့် ဣန္ဒြေရရ မြင်လိုက်ရတော့ မိတိုး၏ ငယ်ရုပ်ကို တွေးကာ ကွာခြားလှသည့် အဖြစ်ကို ဆင်ခြင်မိ ပေမည်။ ပြီးတော့ မိတိုးက ပြောခဲ့ဖူးသည်။

'အထင်သေးလို့ မဟုတ်ပါဘူး၊ ကျောင်းဆရာမတော့ ဘယ်တော့မှ မလုပ်ဘူး၊ ဝါသနာကို မပါလွန်းလို့'

သည်တုန်းက ကိုကျော်မြင့်ကလည်း ပြန်ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝါသနာပ်လည်း နင့်ပုံနဲ့တော့ မဖြစ်ပါဘူးဟာ တခြားစီပါပဲ'

မိတိုးသည် စိတ်မရှည်တတ်။ မောင်ငယ် ညီမငယ်များကိုပင် အပင်ပန်းခံ၍ စာတစ်လုံးသင်မပေးစဘူး။ မသိလို့မေးလျှင်လည်း မသိရကောင်းလားဟု အော်ဟစ်တတ်သည်။ မတတ်လျှင်လည်း သည်မျှ ညံ့ဖျင်းရပါမည်လားဟု ရိုက်တတ် ပုတ်တတ်သေးသည်။ ရွာမှအများတကာတွေ ဆရာမအဖြစ် လုပ်အားဝင်ပေးကြစဉ်ကလည်း မိတိုးမပါခဲ့၊ ငါ့စိတ်နဲ့ မဖြစ်ဘူးဟု ပြောခဲ့သည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်တော့ မိတိုး မျက်ရည်ကျသေးသည်။

'ငါလဲ အင်ဂျင်နီယာလျှောက်ချင်တာ အမှတ်က မပြည့်ဘူး၊ ဝိဇ္ဇာသိပ္ပံ လျှောက်ရမှာပဲ၊ ဒါမှ ငါ ဝါသနာပါတဲ့ သိပ္ပံလက်တွေ့ တွေသင်ရမယ်'

'ဘီအီးဒီ လျှောက်ပါလား၊ အမှတ်မီသားပဲ'

'ငါ့အကြောင်းသိသားနဲ့ ကျော်မြင့်ရယ်၊ ဆရာမ မလုပ်ချင်ပါဘူး၊ ဆရာမလုပ်ဆိုတာ ဝါသနာပါမှ၊ ဝါသနာမပါဘဲ လုပ်ရင် တပည့်တွေ နစ်နာတယ်၊ ငါဓာတုဗေဒ အဓိကလျှောက်ပြီး အောင်ရင် စက်ရုံတွေမှာ ဝင်လုပ်နိုင်မှာပဲ'

'အေး လျှောက်ပေါ့ဟာ'

သည်လိုနှင့် မိတိုးသည် ဓာတုဗေဒဘာသာဖြင့် သိပ္ပံဘွဲ့ယူခဲ့သည်။ သူမျှော်မှန်းသလို စက်ရုံမရောက်ဘဲ ကျောင်းလုံးချည်အစိမ်းနှင့် မြင်ရသောအခါ မအံ့သြဘဲ နေနိုင်ပါမည်လား။ သူတို့ဘဝကို ရယ်ချင် ငိုချင်ဖြစ်မိရပြန်သည်။

'ကိုကျော်မြင့် ဒီမှာ ဘာလာလုပ်နေတာလဲ ဟင်'

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဝယ်ရန်လာသော မိတိုးသည် ဆိုင်ထဲတွင် ကိုကျော်မြင့်ကို မြင်ရ၍ အံ့သြသွားသည်။ ကိုကျော်မြင့်ကလည်း အသွင်ထူးခြားသော မိတိုးကို ငေးကြည့်နေသည်။

'ငါ ဒီတိုက်မှာ စာပြင်ဆရာ လုပ်နေတယ်'

'ဟင်၊ ကိုကျော်မြင့်ကလဲ တခြားအလုပ်မရဘူးလား'

ကိုကျော်မြင့် ခေါင်းခါပြသည်။

'ငါ့တော့ပြောတယ်၊ နင်ကတော့ ခု ဆရာမ လုပ်နေတာလား'

မိတိုးက ရှက်ပြုံး ပြုံးသည်။

'ဆိုပါတော့'

'ဘာ ဆိုပါတော့လဲ ဟ'

'တခြား အလုပ်မှမရသေးတော့ လုပ်တာပေါ့၊ ကိုကျော်မြင့်တို့ တောင်မှ မရသေးတာ'

'ဝါသနာမပါဘဲလုပ်ရင် တပည့်တွေ ထိခိုက်တယ်ဆို၊ နင့်ကြောင့် ကျောင်းသားတွေ ထိခိုက်ကုန်ပြီပေါ့နော်'

'အတတ်နိုင်ဆုံးမထိခိုက်အောင် ကြိုးစားပါတယ် ကိုကျော်မြင့်ရယ်၊ ဒါပေမယ့် ဝါသနာမပါတဲ့ အလုပ်လုပ်ရတာ သိပ်စိတ်ဆင်းရတာပဲ'

'ဆရာ ဆရာမအလုပ်ဟာ ကောင်းပါတယ်ဟာ'

'ထားပါတော့လေ'

သူတို့နှစ်ဦး သက်ပြင်းကို ပြိုင်တူချမိလေသည်။ ဘာပဲပြောပြော မိတိုးသည် ယခင်ကထက် သိမ်မွေ့နူးညံ့ပြီး စကားပြောချိုသာလာသည်တွဲ့ ကြည့်ကာ ဖြစ်ချင်တာ မဖြစ်ရသော်လည်း ဖြစ်လာသည့်အခြေအနေတွင် လိုက်လျောအောင်နေရသည်ကို သတိထားမိသည်။

'ကိုကျော်မြင့်ကော ဒီအလုပ်ကို ဝါသနာပါလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဟုတ်မလဲ သုံးစရာမရှိလို့ ဝင်လုပ်တာဟ့'

ကိုကျော်မြင့်က စိတ်တိုတိုနှင့် အော်လိုက်သည်။

'ကိုကျော်မြင့်ကိုမြင်တော့ အေးမြင့်လှိုင်ကို သတိရလိုက်တာ၊ တကယ်တော့ သူမှ ဒီအလုပ်နဲ့ကိုက်မှာ၊ သူက စာပေအောင်မတန် ဝါသနာပါတာ'

'အေးနော်၊ သူအခု ဘယ်မှာလုပ်နေလဲ'

'ကုန်သွယ်ရေးမှာလေ၊ ဝယ်ရောင်း မန်နေဂျာဆိုလား'

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

၄

သည်မှျ စာရင်းတွေ၊ ဇယားတွေ၊ ငွေတွေ၊ ကြေးတွေ ရှုပ်ထွေးနေသည့် ကြားတွင် ဦးနှောက်ကို မြှုပ်နှံထားရမှတော့ အနုပညာစျာန်ကို မည်သို့လျှင် ဝင်စား၍ ရနိုင်ပါမည်နည်း။ ကျောင်းတုန်းက စာပေဟူ၍ နကန်းတစ်လုံး မျှစိတ်မဝင်စားခဲ့သော ကိုကျော်မြင့်တို့လို လူကပင် စာတွေဘာတွေ ရေးလို့ဆိုတော့ အံ့သြသည့်ကြားမှ အေးမြင့်လှိုင် ပြုံးမိရသေးသည်။ တကယ်တော့ ကိုကျော်မြင့်သည် ရည်းစားစာကိုပင် အဆီအငေါ်ထည့် အောင်ရေးတတ်သူမဟုတ်။ ခုတော့ သူက စာပေလုပ်သားအဖွဲ့ဝင်တဲ့။ ပြီးတော့ သူယူထားသည့်ဘွဲ့နှင့် မည်သို့မျှမဆိုင်။ အင်ဂျင်နီယာက အင်ဂျင်နီယာအလုပ် မလုပ်ပဲ စာပေအလုပ် ဝင်လုပ်နေသည်ဆိုပဲ။ စာရေး ဆရာမဖြစ်ချင်လှသာ သူကမူ စာရင်းဇယားတွေကြားထဲတွင် အလုပ်ရှုပ် နေလေသည်။

အစကတည်းက ဘီအေဘွဲ့ယူပြီး ကျောင်းဆရာမလုပ်ရေး အကောင်းသား။ ခေါင်းလည်းအေးမည်။ စာလည်းရေးနိုင်မည်။ အလုပ်ရှာ ပေးသည့် ဦးလေးဖြစ်သူကလည်း ဆရာမအလုပ်တော့ ရအောင်လုပ်မပေး။

www.burmeseclassic.com

www.burmeseclassic.com



သူ ကူညီနိုင်သည့်နေရာမှာပဲ သူသွင်းပေးမည်ဆိုကာ သည်ဌာနမှာ နေရာချထားပေးသည်။ ဟိုတစ်နေ့က မိတိုးနှင့်တွေ့၏။ ကြံကြီးစည်ရာ မိတိုးကတော့ ကျောင်းဆရာမဖြစ်နေသည်တဲ့။ သည်ကောင်မလေး အရင်တုန်းက နည်းနည်းမှအပိုးမကျိုး။ စိတ်ကလည်းထက်လှသည်။ ယောက်ျား လေးများနှင့် ဖက်ပြိုင်ရန်ဖြစ်နေကျ။

ကိုကျော်မြင့်နှင့်မိတိုးတို့က တစ်ရပ်တည်းသားချင်း။ ကိုကျော်မြင့်က အေးမြင့်လှိုင်ကို နောက်ပိုးကာ စာများရေးပေးသည်ကိုလည်း မကြောက် မရွံ့ယူလာပေးသည်။ ယခုတောင် ပြောသွားသေးသည်။ 'မမအေးမြင့်လှိုင် က စာပေဝါသနာပါမှန်းသိလို့ ကိုကျော်မြင့်က စာတွေရေးနေတယ်လေ' တဲ့။ ဘာစာတွေရေးတာလဲဟု မေးမည်ပြုပြီးမှ မမေးဖြစ်တော့။ ထွန်းကာမှာ မဟုတ်ပါဘူးဟု စိတ်ထဲမှ ပြောမိသည်။

သူ့မှာတော့လည်း ရေးလိုက်ရသည့်စာ၊ စပ်လိုက်ရသည့် ကဗျာ၊ သို့သော် သူ့ကဗျာများသည် ကျောင်းတွင်းနံရံကပ် စာစောင်ထဲမှာ ရေး ခဲ့စဉ်ကလောက်ပင် ရသမမြောက်တော့သည်ကို သိကာ ဆုတ်ဖြဲပစ်လိုက် မိသည်က များသည်။ စာရေးကြည့်တော့လည်း အနုအလှတွေကို ဖွဲ့နွဲ့၍ မရတော့။ ပတ်ဝန်းကျင်မှ ရှုပ်ထွေးမှုများ၊ မမှန်မကန်မှုများ၊ တစ်ယောက် အပေါ် တစ်ယောက် မနာလိုဝန်တိုမှုများ၊ အဆင်းတွန်းမှုများကိုသာ ဖွင့်ချလိုက်ချင်စိတ် ပေါက်သည်။ သို့သော် ဘာအကြောင်းပဲ ရေးရေး အနုပညာပါဖို့ကလိုသေးသည် မဟုတ်လား။ မကျေနပ်စိတ်၊ ဒေါမနဿ စိတ်များ ဖုံးလွှမ်းနေသော သူ့ရင်ထဲမှ အနုပညာစွမ်းရည်များထွက်မလာ သည်မှာ အံ့သြဖွယ်တော့မရှိချေ။ တစ်ချိန်ချိန်မှာတော့ အလုပ်မှ အနားယူ ပြီးအနောက်တိုင်းမှ စာပေရှင်များလို လူ့ဘဝ အတွေ့အကြုံ အတွေးအခေါ် များကို ရေးနိုင်လိမ့်မည်ဟု မျှော်လင့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနွမ်းရိလှသော ကိုယ်ခန္ဓာဖြင့် ရုံးမှ ပြန်ရောက်လာသောအခါ လှောင်ပိတ်မွန်းကျပ်နေသော ထပ်ခိုးပေါ်သို့ ရောက်သွားလေသည်။ ရန်ကုန်မြို့လယ်ကောင်မှာ လူမသိသော ထပ်ခိုး ဘော်ဒါဆောင်လေးတွင် နေရသည်။ အရပ်မြင့်လျှင် ခေါင်းပင် ကောင်းကောင်း မလွတ်တတ်သော ထပ်ခိုးပေါ်တွင် မိန်းကလေးငါးယောက်ကို ဘော်ဒါဆောင်အဖြစ် လက်ခံထားသော အိမ်ရှင်၏ စီးပွားရေးအမြင်ကိုလည်း အံ့သြမိသည်။ကျပ်တည်းကျဉ်းမြောင်းသော မြို့ပြ၏ဒဏ်ကို စားပွဲတင်ပန်ကာ အသေးလေးရှေ့တွင် အသက်ရှုရင်း ကြံ့ကြံ့ခံရလေသည်။ ရှမ်းပြည်မှ ကျောင်းလာတတ်ပြီးအလုပ်မရသေး၍ ပြည်တော်မပြန်သေးသော အခန်းဖော် ရှမ်းမလေးသည် ပွရောင်းပါးလျားသော ဘလောက်စ်အင်္ကျီကိုဝတ်ကာ ရေဒီယိုအသေးလေးကိုဖွင့်၍ လူ့ဘဝစည်းစိမ်ကို မအရ ဖမ်းယူနေသည်။ သူပြန်လာသည်ကို မြင်သောအခါ အပြုံးယဲ့ယဲ့ဖြင့် ဆီးကြိုသည်။

'ဒီနေ့ ပိုတောင်အိုက်သလိုပဲနော်၊ ဒါနဲ့ ယူ့ဝတ္ထုအရွေးခံရတဲ့အတွက် ဘာကျွေးမှာလဲ'

'အို ဟုတ်သလား ဘယ်မှာတွေ့သလဲ'

'တိုင်းရင်းမေမှာလေ'

ချွေးတို့ဖြင့် ရွှဲနစ်နေသော အဝတ်အစားများကိုချွတ်ကာ လုံချည်ကို ပြီးစလွယ် ရင်လျားလိုက်သည်။ ပြီးတော့ စာအုပ်ကို လှမ်းယူကာ စာမျက်နှာများကိုကျော်၍ လှန်လိုက်သည်။ ငါးနှစ်တာကာလအတွင်း တတိယမြောက် အောင်မြင်မှုပင်။ ပြီးတော့ သူသည် စိတ်ပျက်လက်ပျက်ဖြင့် စာအုပ်ကို ကုတင်ပေါ် ပစ်ချလိုက်သည်။

'ဘာဖြစ်လို့လဲ'

ရှမ်းမလေးက စူးစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီဝတ္ထုကို ကိုယ်ပို့ထားတာ နှစ်နှစ်နီးပါးရှိတော့မယ်၊ ဝတ္ထုထဲက အကြောင်းအရာတွေဟာ အများကြီး နောက်ကျနေပြီ၊ သိပ်ရှက်ဖို့ ကောင်းတာပါပဲ'

'ဒီလောက်လဲ မသိသာပါဘူးကွာ၊ ယူဆက်ကြိုးစားပေါ့'

'ဟင် ကြိုးစားရမယ် ဟုတ်လား၊ ဒီလောက် ပြဿနာပေါင်းသောက်ခြောက်ထောင်နဲ့ ဝိုင်းဝိုင်းလည်နေတဲ့ ရုံးပေါ်မှာ မွန်းကျပ်လှောင်ပိတ်နေတဲ့ ဒီအခန်းထဲမှာနေပြီး ကိုယ်ဘာတွေ ရေးရမလဲ'

'အစက ယူဘာဖြစ်လို့ အေးအေးဆေးဆေးနေရမယ့်အလုပ်မျိုး မလုပ်သလဲ၊ ကျောင်းဆရာမလုပ်ပြီး နယ်တွေထွက်နေပါလား'

'မင်းကော ဒီလောက်အေးချမ်းသာယာတဲ့ ရှမ်းပြည်မှာမနေဘဲ ဘာလို့ ဒီမှာ ကျဉ်းကျဉ်းကျပ်ကျပ် နေနေရသလဲ'

'အခြေအနေအရပဲ'

'ဒီလိုပဲပေါ့'

သူတို့နှစ်ဦး သက်ပြင်းပြိုင်တူချမိကြသည်။ ထမင်းစားရန် အောက်ထပ်သို့ ဆင်းလာသောအခါ အေးမြင့်လှိုင်၏ ဝတ္ထုပါသော ဂျာနယ်လေးသည် ပန်ကာအောက်တွင် တဖျပ်ဖျပ်ခါလျက် ကျန်ရစ်ခဲ့လေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

# ၅

ဒေါက်တာဇော်ထက်က လက်ထဲမှ စာအုပ်ကို ဖျတ်ခနဲ ချလိုက်သည်။ ဇနီးသည်၏ ကြိမ်ခြင်းထဲမှ စာအုပ်တစ်အုပ်မြင်၍ သူဆွဲယူခဲ့သည်။ အမျိုးသမီးဂျာနယ်တစ်ခုဖြစ်၍ စိတ်တော့ မဝင်စားလှ။ အပျင်းပြေ ဗေဒင်လေးဘာလေးဖတ်မည်ဟု လှန်လှောကြည့်မိသည်။ အေးမြင့်လှိုင် ဟူသော ကလောင်အမည်ကို မြင်လိုက်ရ၍ သူ့မျက်လုံးများ မြင့်တက်သွားလေသည်။ ပြီးတော့ မာလာဆောင် ဆင်ဝင်အောက်မှ အသားဝါဝါ ကောင်မလေးကို သူမြင်ယောင်လိုက်သည်။

'သူက စာပေဝါသနာသိပ်ပါတာ အစ်ကိုရဲ့၊ ကဗျာတွေ ရေးတယ်'

ညီမဝမ်းကွဲမိစမ်းက မိတ်ဆက်ပေး၍ သိခဲ့ရသည်။ နောက်တော့လည်း ထုံးစံအတိုင်း မိစမ်းကို အသိမပေးဘဲ သူနှင့် အေးမြင့်လှိုင် ကံ့ကော်ရိပ်မှာ မကြာခဏ ဆုံတွေ့ကြသည်။ သူတို့ နှစ်ယောက်သည် နှလုံးသားရေးရာကို စ မဆွေးနွေးပဲ အယူအဆရေးရာချင်း ဦးစွာဖလှယ်မိကြ၍ စလယ်ဝင် ဖင်မမည်းခင်က ကွဲကိန်းကြုံခဲ့ရလေသည်။ ရယ်ဖွယ်ပင်

www.burmeseclassic.com



ကောင်းသေးတော့။ မုန့်ဆီကြော်မရခင် နှုတ်ခမ်းနာကို အရင်စမ်းခဲ့ကြသည့် သူတွေပဲ။ သည်တုန်းက အေးမြင့်လှိုင်ကလည်း အတော်ခေါင်းမာသည်။ သူကလည်း နည်းနည်းမှ အလျှော့ပေးလိုစိတ်မရှိ။

‘စာရေးဆရာမ ဖြစ်ချင်သူပီပီ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ အေးမြင့်လှိုင်ရာ၊ တောမှာသွားပြီး ဆရာဝန်လုပ်တယ်ဆိုတာ မွန်မြတ်တယ်ဆိုတာလဲ မှန်ပါတယ်၊ ကိုယ်ပြောသလို ဆေးပညာတွေ သည့်ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင်လေ့လာချင်တယ်၊ သင်ယူချင်တယ်ဆိုတာကကော တိုင်းပြည်အတွက် အကျိုးမရှိဘူးလား ပြောပါဦး’

‘အို နိုင်ငံခြားသွားချင်တယ်၊ ဘွဲ့တွေတစ်သီကြီး ယူချင်တယ်၊ ပြန်လာရင် အထူးကုကြီးဆိုပြီး မြို့ပေါ်မှာနေမယ်၊ ဒါ ဘာဆန်းသလဲ ကိုဇော်ထက်ရယ်၊ နိုင်ငံခြားသွားတဲ့လူ ပေါပါတယ်၊ တောကိုဆင်းချင်တဲ့ သူရှားတာပါ၊ အခု တတ်ထားသမျှ ပညာနဲ့ပဲ တိုင်းပြည်ကို အကျိုးပြုစမ်းပါ၊ ကုသိုလ်ပိုရပါတယ်’

‘ခက်ပါဘိ အေးမြင့်လှိုင်၊ ကိုယ်ပြောနေတာက ကိုယ်ကောင်းစားဖို့ လုပ်နေတာမဟုတ်ဘူး၊ ကိုယ်ဝါသနာပါတဲ့ ဆေးပညာကို ဖြစ်နိုင်သမျှ အတိုင်းအတာအထိ လေ့လာချင်တာ၊ ဆည်းပူးချင်တာပါ၊ ဆရာဝန်လိုင်းကို ကိုယ်က ပေါ်ပင်လိုက်တာ မဟုတ်ဘူး၊ ငယ်ငယ်ကတည်းက ဝါသနာပါခဲ့၊ စွဲလန်းခဲ့လို့လိုက်တာ၊ ဖြစ်နိုင်ရင် လူ့ခန္ဓာကိုယ်တစ်ခုလုံးကို တစ်စစီ ဖြုတ်ပြီး ပြန်တပ်လို့ရတဲ့အထိ ကိုယ်က ကျွမ်းကျင်ချင်တယ်၊ ဒါပဲ’

‘ဒါဖြင့် ရှင်က ဆေးပညာနဲ့ လူသားအကျိုးဆောင်ရွက်ဖို့မဟုတ်ဘဲ လူသားတွေကို ရှင့် ဝါသနာအလျောက် စူးစမ်းလေ့လာဖို့ပေါ့’

သည်မျှအထိ အေးမြင့်လှိုင်က သူ့ကို တိုက်ခိုက်လာပြီဆိုတော့ မသိသား ဆိုးဝါးလှသော မိန်းကလေးကို ခပ်ချဉ်ချဉ်ဖြင့် သူ ရှောင်ခွာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ သူ့ပညာဖြင့် လူသားတွေရဲ့ အသက်စည်းစိမ်ကို ကယ်တင်ပြီး ငါ့စေတနာဟာ ဒါပဲပေါ့လို့ အေးမြင့်လှိုင်ကို ခေါ်ပြဦးမည်ဟု စိတ်တွင်းမှကြုံးဝါးခဲ့သည်။ အေးမြင့်လှိုင်ကလည်း သူနှင့်ခင်မင်မှု ပျက်ပြားသွားရသည့်အတွက် မည်သို့မျှ ဝမ်းနည်းဟန်မပြ။ စေတနာ ဆရာဝန်ဆိုလျှင် တောကိုဆင်းရမည်ဟူသော လူပြောသူပြောများလာသည့် အတွေးအခေါ်ကိုသာ ရင်ဝယ်ပိုက်ကာ သူ့ကြီးမားသော ရည်မှန်းချက်ကို ပြက်ရယ်ပြုရင်း ကျောခိုင်းသွားလေသည်။

ယခုတော့လည်း ဒေါက်တာဇော်ထက် မျှော်မှန်းသလို အေးမြင့်လှိုင်အပေါ် ပြန်လည်ချေပနိုင်သည့် အခြေအနေကို မရခဲ့ပါ။ အေးမြင့်လှိုင်စွပ်စွဲသလိုပင် သူသည် ရည်မှန်းချက်ပင်လယ်ပြင်တွင် လက်ပစ်ကူးရင်း တိုင်းပြည်ကို အလုပ်အကျွေးပြုချင်သည်ဆိုသော သူ့အပြောများ ပျက်ကွယ်ခဲ့လေပြီ။ သူ့မျှော်လင့်ချက်ကို ငံ့လင့်ခဲ့သည်မှာ ငါးနှစ်တိုင်ပေပြီ။

တစ်နေ့တစ်နေ့ ဆေးခန်းမှာ တစ်နာရီခန့်ထိုင်ကာ လာသမျှ လူနာကိုရှိသမျှ ဆေးဝါးလေးများ ဝေခြမ်းရင်း တဒင်္ဂသက်သာရေးအတွက် ကုသပေးနေရသည့်ဘဝကို သူ စက်ဆုပ်လှပြီ။ ရောဂါ၏ ဇာစ်မြစ်ကို မြင်နေပါလျက် မည်သည့်ဆေးဝါးကိုပေးလျှင် အထိရောက်ဆုံး၊ အသင့်တော်ဆုံးဖြစ်မည်ကို သိနေပါလျက် ရှာမရနိုင်သောဆေးကို မပေးသာဘဲ လက်ပိုက်ကြည့်နေရသည့်ဘဝသည် ရင်နာဖို့ပင် ကောင်းသေးတော့သည်။ သည်တော့လည်း ရော့ ကိုဒါနင်၊ ရော့ ဘတ်စပရိ၊ ရော့ ဘာမီတွန်၊ ရော့ တက်ထရာဆိုက်ကလင်း၊ ဆေးထိုးချင်သေးလား၊ လာလေ။ နောက်နေ့ သက်သာရသွားတော့ လူနာကလည်း ထပ်မလာတော့။ သူ့ရောဂါ တကယ်ပျောက်ကင်းသွားခြင်း မဟုတ်သည်ကို သိနေရသော သူ့မှာသာ သက်ပြင်းကို အခါခါချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ရောဂါတစ်ခုကို ကုသမည်ဆိုလျှင် ဆေးလေးဝါးလေး ပေးကာမျှနှင့် လုံလောက်ပြည့်စုံနိုင်ပါမည်လား။ ရောဂါ၏ ဇာတ်မြစ်ကို သိအောင် ပထမဦးဆုံး စမ်းသပ်ရှာဖွေရမည်။ ပြီးတော့ သင့်လျော် ပျောက်ကင်းမည့်ဆေးကို စမ်းသပ်တိုက်ကျွေးရမည်။ အချိန်ယူရမည်။ စနစ်တကျ ကုသရမည်။ နည်းနိဿယ ပြောင်းသင့်ပြောင်းရမည်။

ယခုတော့ လာသည့်လူနာကလည်း အပြေးအလွှား လျှပ်တစ်ပြက်၊ တစ်ခဏသက်သာလျှင်ပြီးရော။ ကုရသည့်ဆရာဝန်ကလည်း လူနာ ကျေနပ်မှုရလျှင် ပြီးရော။ တုပ်ကွေးရာသီ၊ မျက်စိနာရာသီတို့တွင် ပုံ၍ဝင် လာသော ငွေစက္ကူများ၊ သက်သာရုံမျှသာ ကုသပေးရသူများထံမှ ဟောင်းနွမ်းစုတ်ပြတ်သော ငွေသားချပ်များကို သိမ်းဆည်းနေရသည့် လက်များသည် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများကို အဆုံးစွန်လေ့လာချင် သည့် သူ့စိတ်ဆန္ဒများနှင့် ဆန့်ကျင်ဖီလာ ပြုနေကြလေသည်။

ကဲ သည်တော့လည်း တစ်ချိန်က မှားယွင်းစွာ စွဲချက်တင်ခဲ့သော မိန်းကလေးတစ်ဦး၏ စူးဝါးပြင်းထန်သော ထိုးနှက်ချက်များကို သူ မည်သို့လျှင် ချေပနိုင်ပါတော့မည်နည်း။ အေးမြင့်လှိုင်ကို တစ်ခုတော့ ပြောချင်သေးသည်။ နေရာတိုင်းမှာ စိတ်ထင်တိုင်း မပေါက်တာက များလွန်းလှပါဘိလို့။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

# ၆

ထမင်းနေရာတွင် လက်ဖက်ရည်အခွက်ပေါင်းများစွာ နေရာယူခဲ့၍ထင့်။ စိုးသွင်မှာ ဝမ်းဗိုက် မကြာမကြာ အောင့်သောရောဂါကို ရခဲ့ပြီ။ ပြီးတော့လည်း နေ့တရုပ စိတ်သောကဗျာပါဒတို့ဖြင့်မှ ဖိစီးနှစ်မွန်းကာ ကျန်းမာရေးကို ဂရုမစိုက်ခဲ့သည်မှာလည်း ကြာပြီ။ သူ့ခေါင်းထဲတွင် စိစစ်ရေးကို တင်ထားသော စာမူကိစ္စများ၊ လက်နှိပ်စက်ရိုက်ဆဲ စာမူများ အချိန်မီ တင်နိုင်ရေး၊ မျက်နှာဖုံးပန်းချီကို ထူးခြားကောင်းမွန်စေချင်သည့် ဆန္ဒ၊ ဘလောက်တိုက်မှ အရင်အကြွေးများဆပ်ပြီး နောက်ထပ်အပ်ဖို့ သောကစသည်တို့ဖြင့် ရောထွေးယှက်တင်ကာ အချိန်မှန် ထမင်းစားဖို့ ကိစ္စသည် မှုန်ဝါးပျောက်ကွယ်သွားသည်က များခဲ့လေသည်။ အမြတ်အစွန်း နည်းပါးလှကာ ငွေရင်းပြန်မပေါ်တတ်သော သူ့ယုံကြည်မြတ်နိုးသည့် စာကောင်းပေမွန် ထွက်ရှိရေးလုပ်ငန်းအတွက် ရုံးတကာလှည့်၍ လူတကာရှေ့တွင် ခြေစုံရပ်ရင်းဖြင့် တကြုတ်ကြုတ်မြည်လာသော ဝမ်းကို ဖိထားမိသည့်အခါလည်း ရှိသည်။ မေ့လျော့နေသည့်အခါလည်း ရှိသည်။ များသောအားဖြင့်တော့ စကားပြောချင်သည့်လူကို လက်ဖက်ရည်

www.burmeseclassic.com



ဆိုင်တွင် ဧည့်ဝတ်ပြုကာ တစ်ငုံစ နှစ်ငုံစ သောက်ခဲ့ရ၍ ထမင်းအတွက် နေရာမကျန်သည်က များလေသည်။

ယခုတော့လည်း မခံမရပ်နိုင်အောင် အောင့်တက်လာသော အခြေအနေကို သည်းမခံနိုင်တော့၍ သွားခဲ့လှသော ဆရာဝန်ဆီသွားဖို့ ပြင်ရသည်။ ဆရာဝန်ပြရမည်ကို သူအလွန်ဝန်လေးလေသည်။ သူ့ကို ဆေးရုံတက်ရန် ညွှန်ကြားလိုက်မှာ ကြောက်သောကြောင့်တည်း။ ဆေးရုံတက်ရမည်ကို ကြောက်သည်ဆိုခြင်းမှာလည်း ခေတ်မီဆေးဝါးများကို အယုံအကြည် မရှိ၍တော့မဟုတ်ပေ။ သူ့လုပ်ငန်းပျက်မှာ စိုးသောကြောင့်ပင်။ သူ့တွင် စာအုပ်ကောင်းတစ်အုပ် ဖြစ်မြောက်ရေးထက် အရေးကြီးသောကိစ္စ လောကတွင် မရှိ။

ဇော်ထက်ကို တွေ့လိုက်ရတော့ ကွဲကွာသွားသောဆွေမျိုးရင်းချာကို တွေ့လိုက်ရသကဲ့သို့ သူ အလွန်အမင်း ဝမ်းသာ၍သွားလေသည်။ ဇော်ထက်နှင့်သူသည် တက္ကသိုလ်ဝင်တန်းအထိ အတူနေခဲ့ရသော သူငယ်ချင်းဟောင်းများ ဖြစ်သည်။ သူတို့နှစ်ယောက် ကျောင်းတက်ရာ၊ မုန့်စားရာမှာ တတွဲတွဲရှိခဲ့သည်။ တစ်ယောက်တစ်လမ်း ခွဲသွားသည့် နောက်ပိုင်းတွင်မူ သူတို့နှစ်ဦး၏ဘဝသည် တစ်ကဏ္ဍစီပင်ဖြစ်လေသည်။ ဇော်ထက်က ဆေးတက္ကသိုလ် တက်ခွင့်ရရေးအတွက် စာတကုန်းကုန်း ကျက်နေချိန်တွင် စာအုပ်အဖုံးဒီဇိုင်းများကို စိတ်ကူးဖြင့် အကြံဉာဏ်ထုတ်၍ ပုံဖော်နေလေသည်။ ထို့ကြောင့်လည်း ဇော်ထက် ဆေးတက္ကသိုလ်မှဆင်းကာ ဆရာဝန်ဖြစ်သွားချိန်၌ သူသည် စာအုပ်လောကတွင် ယုံကြည်ချက်အပြည့်ဖြင့် ရုန်းကန်လှုပ်ရှားနေဆဲဖြစ်သည်။ ဇော်ထက်ကမူ ဆေးပညာတွင် ဝါသနာကြီးလှကာ ဖြစ်နိုင်လျှင် ဆေးပညာတွင် ပါရဂူတစ်ယောက်ဖြစ်လိုသူပင်။ သူကလည်း စာအုပ်လောကတွင် တစ်ခေတ်ဆူထောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတကာအဆင့်မီ စာအုပ်တိုက်ကြီးတစ်တိုက် တည်ထောင်လိုသူပင်။ ဇော်ထက်၏ အလိုဆန္ဒများကား မည်သည့်အတိုင်းအတာအထိ ပြည့်ဝသည်မသိ။ သူ့မှာ ယုံကြည်ချက်အတွက် အခက်အခဲ အမျိုးမျိုးကြားတွင် လက်ပစ်ကူးနေရဆဲဖြစ်လေသည်။

ဒေါက်တာဇော်ထက် အမ် ဘီ ဘီ အက်စ် ရန်ကုန်ဟူသော ဆိုင်းဘုတ်နောက်မှ အခန်းလေးထဲဝင်သွားစဉ် ဇော်ထက်က သူ့ကို ဝမ်းပန်းတသာ ဆီးကြိုသည်။ လမ်းမှာ မထင်မှတ်ဘဲ တွေ့လိုက်ရစဉ်ကပင် သူက ခရီးသွားဟန်လွှဲ သူ့ဝေဒနာကို ပြောပြခဲ့သည်။ ဇော်ထက်ကလည်း သူ့ဆေးခန်းကိုလာဖို့ ဖိတ်ခေါ်ခဲ့သည်။ ဆေးမကုတောင် စကားလေး ဘာလေး ပြောရတာပေါ့တဲ့။

'ဟေ့ကောင် ပတ်ဗလစ်ရှာကြီး၊ မင်း ထမင်းမေ့ ဟင်းမေ့ စီးပွား ရှာနေလို့ ခံရပြီ မဟုတ်လား'

ဇော်ထက်က သူ့ကို ရိသည်။

'ဆရာဝန်လောက် ပိုက်ဆံမရပါဘူးကွာ၊ ငါက စီးပွားရှာနေတာ မဟုတ်ဘူး၊ သာသနာပြုနေတာကွ'

'ဘာရယ် သာသနာပြုနေတာ ဟုတ်လား၊ ဟား ဟား ကြီးကျယ် တယ်ကွာ မင်းကတော့၊ ဘာတွေမှား သာသနာပြုနေတာလဲဆိုစမ်းပါဦး'

'မင်း မသိပါဘူးကွာ၊ စာပေသာသနာပြုနေတာပေါ့'

'အေး ကြိုက်ပြီဟေ့၊ လာကွာ ခုတင်ပေါ်တက်၊ မင်းရဲ့ သာသနာပြု လုပ်ငန်းကြီး ဘယ်လောက်ခရီးရောက်နေပလဲ ငါကြည့်မည်'

ဇော်ထက်သည် ကျောင်းတုန်းကလို ပွင့်ပွင့်လင်းလင်း ရယ်မောရင်း သူ့ကို စမ်းသပ်စစ်ဆေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါကြားဖူးတာတော့ ပတ်ဗလစ်ရှာတွေ ကြီးပွားနေတယ်ဆိုကွ၊ မင်းဗိုက်ထဲမှာတော့ ဘာမှမရှိပါလား၊ ဘယ်နေရာ စုဆောင်းထားသလဲ'

'မင်းသိထားတဲ့ ပတ်ဗလစ်ရှာဆိုတာ စာအုပ်ထုတ်ဝေသူ မဟုတ်ပါဘူးကွာ၊ စာအုပ်ထုတ်စားနေတဲ့သူတွေပါ၊ စာအုပ်ဖြစ်အောင်လုပ်ပြီး ရောင်းစားနေတဲ့သူတွေကွ'

ဇော်ထက်က သူ့ကို သေသေချာချာစမ်းသပ်ရင်း သူ့စကားများကို နားထောင်သည်။ အင်း သူပြောသလိုဆိုရင်တော့ ငါလဲ ဆရာဝန်မဟုတ်ဘဲ ဆေးကုစားနေတဲ့သူပဲဟု သူ့ဟာသူ တွေးကာပြုံးမိသည်။

'ဘာပြုံးတာလဲ'

'ဩော် မင်းတော့ ဒီအတိုင်းဆို သက်ဆိုးရှည်မှာ မဟုတ်ဘူးလို့ တွေးမိလို့ပါ'

'ငါ့ချီး ဒီလိုပဲ လူနာအားရှိအောင် ပြောရသလားကွ၊ ငါ့ကို မြန်မြန်ပျောက်တဲ့ဆေးပေးကွာ၊ အဲ ဆေးရုံတော့ မတက်ခိုင်းနဲ့ ငါမအားဘူး'

သူငယ်ချင်းမို့ ပွင့်ပွင့်လင်းလင်းပြောကာ ရယ်မောကြသည်။ ဇော်ထက်က မျက်နှာထားကို ပြင်ကာ လေးလေးနက်နက် စကားတစ်ခွန်း ဆိုသည်။

'လူတွေဟာ သူ့နေရာနဲ့သူ အခက်အခဲတစ်မျိုးမျိုးနဲ့ ရင်ဆိုင်နေရတာပဲနော်'

'မင်းမှာ ဘာအခက်အခဲများ ရှိလို့လဲ'

ဇော်ထက်က ဆေးတိုက်ပိတ်တော့မည်ဖြစ်၍ ပစ္စည်းများကို သိမ်းနေသည်။

'ဒီမှာ သူငယ်ချင်း၊ မင်းကို ငါဆေးပေးလိုက်မယ်၊ မင်း ဆေးတွေသောက်ပြီး သက်သာသွားမှာပဲ၊ သက်သာသွားရင် မင်းနဲ့ဆီဆေးကုဖို့

www.burmeseclassic.com

www.burmeseclassic.com



ထပ်လာမှာမဟုတ်တော့ဘူး၊ အေး ဒါပေမယ့် မင်းရောဂါ ပျောက်သွားပြီလို့ မထင်နဲ့'

'ဟကောင်ရ၊ မင်းဟာက လူနာကို ဆေးကုတာ ဘယ်လိုလဲကွ၊ မပျောက်ရင် ပျောက်အောင်ကုပေါ့'

ဇော်ထက်က ခေါင်းကို ခါလိုက်သည်။ ပြီးတော့ သူ့ပခုံးကိုပုတ်၍ ခေါ်သည်။

'လာကွာ သူငယ်ချင်း လက်ဖက်ရည်ဆိုင်သွားကြမယ်'

\+ + +

www.burmeseclassic.com

www.burmeseclassic.com

# ၇

လက်ဖက်ရည်ဆိုင်မှာ သည်တစ်ခါ လူအစုံဆုံးဖြစ်သည်။ ထွန်းအောင်ကလည်း သင်္ဘောဆိုက်ပြီးခါစ ဆိုင်ကို ရောက်လာသည်။ ဇော်ထက်ကလည်း မြို့ထဲကိုရောက်ခိုက် ကြုံရှုံဝင်လာသည်။ စိုးသွင်နှင့် ကျော်မြင့်တို့က အလုပ်များကို ခေတ္တချကာ လက်ဖက်ရည်ဆိုင် ထွက်လိုက်ခဲ့ကြသည်။

စိုးသွင်က ထွန်းအောင်နှင့် ကျော်မြင့်တို့ကို ဇော်ထက်နှင့် မိတ်ဆက်ပေးသည်။ လူငယ်ယောက်ျားချင်းဆိုတော့ ရင်းနှင်းဖို့မခဲယဉ်းကြ။ ပြီးတော့ သူတို့အားလုံးတွင် တူညီသောစိတ်ဓာတ် အရင်းခံလေးများ ရှိကြသည်။ သည်တော့လည်း စကားပြောရသည်မှာ အဆင်ပြေသည်။ သူတို့ရဲ့ ရင်ထဲမှ ခံစားချက်အသီးသီးသည် လက်ဖက်ရည်ပန်းကန်လုံးထူထူ၏ နှုတ်ခမ်းများမှ တစ်ဆင့် လျှံကြလာသည်။

'ငါ ဒီတစ်ပတ် မပြေလည်ဘူး သူငယ်ချင်း၊ လက်ဖက်ရည်ကို မင်းတို့ပဲ တိုက်ပေတော့'

ရှေးဦးစွာ ထွန်းအောင်နှုတ်မှ ထွက်လာသောစကား။ စိုးသွင်က ထွန်းအောင်၏ တုတ်နေသောခါးကြီးကို လက်ဝါးဖြင့်ရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလဲ ရှိဦးမှာပေါ့ကွာ၊ မင်းဟာက ပြေလည်တုန်းက တပြုံးပြုံးနဲ့၊ တစ်ပတ်လောက် မစားသာတာနဲ့ ဖြစ်နေလိုက်တာ'

'အေး ဒါပေမယ့် ငါ ငွေမသုံးရရင် မနေတတ်တော့ဘူးကွ'

'ဟေ ခက်ပါရောလား၊ ဒီလိုဆိုလဲ မင်း ရတဲ့အခါ ချွေတာ စုဆောင်းထားပေါ့ကွ'

'ဘယ်လိုလုပ်စုမလဲ၊ အိမ်ကိုလဲ ပေးရတယ်၊ ငါလဲ သုံးရတယ်၊ မင်းတို့လဲ ကျွေးတာပဲ'

ထွန်းအောင်က မသက်မသာ ညည်းသည်။

'အဲဒါ မင်းမှားတာပဲ၊ မသာကာကွာ မင်းထောင်တန်းကျမယ့်ကိန်း ကြုံရင် ကြုံဖန်နိုင်အောင်တော့ ချန်ထားဦးမှပေါ့ကွ'

'ဒါတော့ကွာ အပေါင်းအသင်းတွေ ရှိသားပဲ'

သူငယ်ချင်းများက ပြိုင်တူခေါင်းခါကြသည်။

'မဟုတ်သေးဘူး သူငယ်ချင်း၊ မင်းကျွေးရင်တော့စားမှာပဲ၊ မင်းထောင်ကျရင်တော့ လာတွေ့နိုင်မယ် မထင်နဲ့၊ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ'

'ဒီလိုပဲလားကွာ'

'ဒါ လောကဓမ္မတာပဲ သူငယ်ချင်း'

ထွန်းအောင် သက်ပြင်းကို လေးတွဲ့စွာချသည်။ ဆီးရွက်ခန့်ငယ်သွားသော သူ့မျက်နှာကိုကြည့်ကာ ကျန်သူငယ်ချင်းများက အားမနာစွာ ရယ်ကြသည်။

'အလကားနောက်တာပါကွာ၊ ဒါပေမယ့် သူငယ်ချင်း၊ လူဟာ ငွေနောက်လိုက်ရင် ငွေရဲ့ ကျေးကျွန်ဖြစ်တာပဲ၊ မင်း အခု ငွေမရှိတော့ စိတ်ညစ်နေပြီ၊ အစကတည်းက မင်းဟာ လခနဲ့ပဲ လုံလောက်နေခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုရင် ဒီအခြေအနေမှာ မင်းဘာမှ တုန်လှုပ်စရာမရှိဘူး၊ ခုတော့ မင်း တုန်လှုပ်နေရပြီ'

'အေး ဟုတ်တယ်၊ ငါ့ဘဝဟာ ဒီလိုပဲ သွားမှာပဲ၊ အခြေအနေက ဒီလိုပဲ ဖန်တီးနေပြီ၊ အစက ငါဟာ ငွေကို ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး၊ ခုတော့ ငွေက ငါ့ကို ဂရုမစိုက်တော့ဘူး၊ ငွေက ငါ့ကို နိုင်သွားပြီ'

စိုးသွင်သည် ထွန်းအောင်၏ မျက်နှာကို စေ့စေ့ကြည့်ကာ တစ်စုံတစ်ရာ အတွေးလွန်သွားပြန်သည်။ မှန်သည်။ ငွေကို အရှုံးပေးလိုက်လျှင် ငွေက နိုင်သွားသည်။ သို့သော် ငွေကို ဂရုမစိုက်ဘဲ နေရသည့်ဘဝတွင် သူ မည်မျှကြာကြာ ခံပါအံ့နည်း။

ယခုဆိုလျှင်ကြည့်။ သူ၏ စာပေသာသနာပြုလုပ်ငန်းကြီးဟု အများက ထေ့ထေ့ငေါ့ငေါ့ ကင်ပွန်းတပ်ထားသော လုပ်ငန်းအတွက် သူ မည်မျှ ဒဏ်ခံနေရပြီနည်း။ သူရိုက်ထုတ်သမျှ စာအုပ်များသည် နည်းပါးလှသော စာပေဝါသနာရှင်စစ်စစ်တို့၏ လက်တွင် တစ်အုပ်စ နှစ်အုပ်စ ပြန့်နှံ့ရုံသာ ရှိခဲ့သည်။ ထွက်ပြီးပြော့ဆို ဝုန်းခနဲကုန်သွားသော စာအုပ်လောကတွင် သူ့စာအုပ်တွေ ထည်ထည်ဝါဝါ ဟန်မပျက်၊ အပုံမပျက် ရပ်တည်နေဆဲ။

'မင်း ဘာတွေ တွေးနေလဲ'

ဇော်ထက်က ပခုံးကိုလှုပ်ကာ မေးသည်။

'မြန်မာပြည်မှာ ပိုက်ဆံချမ်းသာတဲ့သူတွေ ဘာကြောင့် စာမဖတ်ကြသလဲလို့'

အကြောင်းသိဖြစ်သော ကျော်မြင့်က ရယ်သည်။

'ဘယ်လိုကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်၊ စာပေ ဝါသနာပါသူများကျတော့လဲ စာအုပ်ဖိုးတွေ ဈေးကြီးလို့ မဝယ်နိုင်ကြဘူး၊ သူတို့ခြစ်ခြုတ်ဝယ်နေတာ မြင်ရတော့လဲ ငါ ရင်နာတယ်၊ ပိုက်ဆံချမ်းသာသူတွေကျတော့လဲ စာပေကို စိတ်မဝင်စားဘူး၊ တခြား အပျော်အပါး အဝတ်အစား အဆောင်အယောင်တွေကိုပဲ စိတ်ဝင်စားတယ်၊ သူတို့စိတ်ဝင်စားရင်လဲ ခပ်ပေါ့ပေါ့စာတွေပဲ'

'ဒီတော့ မင်းရဲ့ စာပေသာသနာပြုလုပ်ငန်းကြီး ဘယ်တော့ အခွန့်ရှည်မှာလဲ'

'အခွန့်ရှည်ဖို့ နေနေသာသာ ပြုတ်မသွားရင် ကံကောင်း'

လက်ဖက်ရည်ခွက်များ တစ်ဝက်ကျိုးလေပြီ။ စီးကရက်များကို ပြောင်း၍ ဖွာကြသည်။ ဇော်ထက်က လက်ပတ်နာရီ တကြည့်ကြည့် ဖြစ်နေသည်။

'မင်း ဘယ်သွားမလို့လဲ'

'ငါ ဆေးထုတ်စရာရှိတယ်၊ ပြီးရင် လေဟာပြင်ဝင်မယ်'

'ဘာလုပ်ဖို့လဲ'

'ငါ့အတွက် အသုံးမဝင်တဲ့ ဆေးတွေရောင်းပြီး အသုံးများတဲ့ ဆေးတွေ ပြန်ဝယ်ရမယ်'

'အသုံးများတဲ့ဆေးဆိုတာ ဘယ်လိုဟာလဲ'

'လူနာအတော်များများက ကြိုက်နေတဲ့ ဆေးတွေပေါ့ကွ၊ တော်ပြီကွာ၊ ဒါတွေ တစ်နေ့က မင်းကို ငါပြောပြီးပြီပဲ'

သူတို့အားလုံး ဆိုင်ထဲမှ ထွက်လာကြလေသည်။ လေဟာပြင်ဘက်ကို အဖော်အဖြစ် လိုက်ခဲ့ကြသည်။ မောင်ထော်လေးလမ်းထိပ်ရောက်တော့ အေးမြင့်လှိုင်ကို တွေ့ရသည်။ ကျော်မြင့်ရော၊ ဇော်ထက်ပါ ပြုံး၍ နှုတ်ဆက်သဖြင့် စိုးသွင် အံ့ဩသွားသည်။ အေးမြင့်လှိုင်လည်း သူတို့

www.burmeseclassic.com



နှစ်ယောက်ကို အထူမြင်ရ၍ အံ့သြသွားဟန်ရှိသည်။ ဇော်ထက်က စတင်နှုတ်ဆက်လေသည်။

'အေးမြင့်လှိုင် ဘယ်မှာနေလဲ'

'ဟောဒီလမ်းထဲက ဘော်ဒါဆောင်မှာ'

'ဟင် ဒီလမ်းထဲမှာ ဘော်ဒါဆောင် ရှိလို့လား'

စိုးသွင်က မြို့ထဲတွင် ကျွမ်းကျင်သူမို့ အံ့သြစွာမေးသည်။

'အပြင်ကကြည့်ရင်တော့ လူနေအိမ်ပါပဲ၊ အကြောင်းသိမှ ဘော်ဒါဆောင် ရှိမှန်းသိတာ၊ သိပ်မများပါဘူး ငါးယောက်ထဲ'

ကျော်မြင့်သည် အေးမြင့်လှိုင်ကို စကားပြောရန် ပါးစပ်တပြင်ပြင် ဖြစ်၍နေလေတော့သည်။ သို့သော် ဘာပြောရမှန်း သူ မသိပေ။

'ကိုကျော်မြင့် စာရေးနေတယ်ဆိုတာ မိတိုးက ပြောပါတယ်၊ ဘာစာတွေ ရေးသလဲ'

အေးမြင့်လှိုင်က စကားစလိုက်ကာမှ သူ ပို၍ အနေကျပ်သွားသည်။

'ဟာဗျာ အလကားပါ'

ကျော်မြင့် မျက်နှာသည် ရှက်သွေးဖြင့် နီသွားလေသည်။

'အေးမြင့်လှိုင် ဝတ္ထုရေးတာ ကျွန်တော် ဖတ်ရပါတယ်'

ဇော်ထက်က တွေ့သည်ကို ဖတ်ရသည်ဟု ဖြီးချလိုက်သည်။

'အလကားပါလို့ပဲ ပြောရမှာပါပဲရှင်၊ ဒါထက် ကိုဇော်ထက် နိုင်ငံခြား မသွားရသေးဘူးလား'

'ဟာ အလကားပါဗျာ၊ ဘယ်လိုလုပ်သွားရမလဲ'

သူတို့အားလုံး ရယ်ကြလေသည်။

\+ + +

www.burmeseclassic.com

# ၈

စိုးသွင် တိုက်တွန်းလွန်း၍သာ လာရသည်။ ကျော်မြင့်စိတ်က မဝံ့မရဲ၊ ကျော်မြင့်၏ မျက်နှာကဲကိုကြည့်ကာ စိုးသွင်က အခြေအနေကို ရိပ်မိသည်။ ဇော်ထက်၏ မျက်နှာကိုကြည့်၍ စနိုးစနောင့်ဖြစ်ရသေးသည်။ သို့သော် ဇော်ထက်က မေးကြည့်တော့ သူနှင့် ကင်းကင်းရှင်းရှင်းပါတဲ့။ ရည်းစားတောင် မဖြစ်ခဲ့ပါဘူးတဲ့။ သို့နှင့် ကျော်မြင့်အတွက် လုံးပန်းဖို့ ဝတ္တရားက ရှိလာသည်။ ပထမဆုံး သူမသိသော ဘော်ဒါဆောင်ကို ခြေရာခံရသည်။ အမျိုးသမီး၏ နာမည်ကိုပြောလိုက်တော့ အိမ်ရှင်မိန်းမကြီးက တစ်ချက်မျှ တွေကြည့်နေသေးသည်။

'ကျွန်တော်တို့က သူ့ မိတ်ဆွေတွေပါ၊ ကျွန်တော်တို့နဲ့ တစ်မြို့တည်းသားချင်းတွေပါ'

စိုးသွင်က ဝင်၍ အကြံအဖန်လုပ်ရသည်။

သည်တော့မှ မိန်းမကြီးက သွားခေါ်ပေးသည်။ အေးမြင့်ထိုက်က ကလန့်ရရပင် ဆင်း၍လာသည်။

'ဟင် ကိုကျော်မြင့်ပါလား၊ လာလည်သလား ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့် နည်းနည်းကြောင်နေပြန်လေသည်။

'အေးမြင့်လှိုင်က စာလေးဘာလေး ရေးတယ်ဆိုတော့ ကျွန်တော်တို့က သတိရလို့ပါ'

စိုးသွင်က လမ်းခင်းပေးမှ ကျော်မြင့်က နင်းလိုက်လာသည်။

'သူက စာအုပ်ထုတ်ဝေသူတစ်ဦးပဲလေ၊ ကိုစိုးသွင်တဲ့'

'ဪ ကိုကျော်မြင့်အလုပ်လုပ်နေတာ သူ့ဆီမှာလား'

'အင်း ဆိုပါတော့၊ ဒါပေမယ့် ကျွန်တော်က ခဏပါ၊ အလုပ်မရခင် စပ်ကြားလေ၊ အေးမြင့်လှိုင် စာရေးနေတာ ကြာပြီလား'

'ရေးနေတာတော့ ကြာပြီလေ'

အေးမြင့်လှိုင်က အားလျော့စွာ ဆိုသည်။

'အဲဒါပြောမလို့၊ အေးမြင့်လှိုင် စာပေလုပ်သားအဖွဲ့ ဝင်ပြီးပြီလား'

'ဟင့်အင်း မဝင်ရသေးဘူး၊ ဘယ်လို ဝင်ရမလဲ'

'ကျွန်တော်တို့ လုပ်ပေးမယ်လေ၊ အေးမြင့်လှိုင်က စာရေးချင်တဲ့သူဆိုတော့ ကူညီရမှာပေါ့၊ ပြီးတော့ ထုတ်ဝေခွင့် မှတ်ပုံတင်လျှောက်ပြီး စာအုပ်ထုတ်နိုင်တဲ့အထိပေါ့'

အေးမြင့်လှိုင်မျက်နှာ ဝင်းပသွားလေသည်။ အခြေအနေကိုကြည့်ကာ စိုးသွင် ကျေနပ်သွားသည်။ တကယ်လည်း အေးမြင့်လှိုင်၏ ဝတ္ထုတိုလေးများ၊ ကဗျာများကို သူ ဖတ်ဖူးသည်။ လက်စလက်န မဆိုး။ အလားအလာ ကောင်းသူတစ်ယောက်တွေ့လျှင် စာအုပ်ထုတ်ပေးချင်သည့် ရောဂါပိုးက သူ့တွင် အလိုအလျောက် ကပ်ငြိနေသည်။

'ဒီလိုဆိုရင်တော့ ကျွန်မ သိပ်ဝမ်းသာတာပဲ၊ ကျွန်မလဲ စာရေးချင်စိတ် မရှိတာ ကြာပြီ၊ အလုပ်ထဲရောက်ကတည်းကပဲ၊ အလုပ်ကလဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဝါသနာမပါတဲ့အလုပ်ကြီး၊ သိပ်စိတ်ပျက်တာ၊ စာရေးနိုင်ရင် အလုပ်က ထွက်ပစ်မယ်'

မိန်းကလေးတို့၏ စိတ်ကူးအမျှင်တန်း ရှည်လျားလှပုံကိုတွေးကာ မရယ်မိအောင် စိုးသွင် သတိထားနေရသည်။

'အင်း ကြိုးစားပေါ့ဗျာ၊ ဖြစ်ရမှာပေါ့'

ထိုနေ့မှစ၍ ပြန်လည်၍ ပြေလည်သွားကြသည်။ လုပ်ချင်တာ မလုပ်ရ၍ စိတ်ပျက်အားငယ်စပြုနေသော ကျော်မြင့်သည် တစ်ဖက်မှ အားတက်ရွှင်လန်းလာပြန်သည်။ သူဖြစ်ချင်တာ မဖြစ်ရသော်လည်း သူချစ်သော အေးမြင့်လှိုင်ကို ဖြစ်ချင်တာဖြစ်အောင် လုပ်ပေးရလျှင် ကျေနပ်ပြီ၊ အေးမြင့်လှိုင်ကလည်း အားတက်ကာ စာတွေ ဖိရေးသည်။ စိုးသွင်နှင့် ကျော်မြင့်သည် အေးမြင့်လှိုင်၏ စာမူများကိုယူကာ ငွေတာရီ တိုက်၏ အယ်ဒီတာရှေ့တွင် မဝံ့မရဲရပ်၍ ဖွဲကောင်းကောင်းဖြင့် ပို့ပေးကြလေသည်။

အေးမြင့်လှိုင် အောင်မြင်စပြုတော့ ဇော်ထက်ပင်လျှင် စိုးသွင်ကို အထင်ကြီးလာရသည်။

'မင်း သာသနာပြုလုပ်ငန်းက တယ်အောင်မြင်ပါလား'

'သူ့ အစွမ်းအစလဲ ရှိလို့ပါကွ၊ မင်းလဲ စာလေးဘာလေးရေးကြည့်ပါလား၊ ဆေးပညာပေးပေါ့၊ ငါထုတ်ပေးမယ်'

'မင်းမလဲ လူတွေ့သမျှကို စာချည်း ရေးခိုင်းနေတော့တာပဲ'

'အဲဒါက ငါ့ဝါသနာကွ၊ ပြီးတော့ စာဆိုတာ ဘာသာရပ်တစ်ခုခုမှာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကရေးရင် ပိုတန်ဖိုးရှိတာပဲကွ၊ ရသစာပေ ရေးမယ် ဆိုရင်တောင် ကိုယ်ကျွမ်းတဲ့လောကကို နောက်ခံထားပြီးရေးရင် ပိုပီပြင်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ဟုတ်ပါပြီ၊ မင်းက ငါတို့လိုကောင်တွေကို ရေးခိုင်းတော့ မင်းစာအုပ်က ရောင်းရဦးမှာလား'

'ရောင်းရတာ မရောင်းရတာ ငါ့အလုပ်မှမဟုတ်ဘဲ၊ စာအုပ်ကောင်း တစ်အုပ် ဖြစ်အောင်လုပ်ဖို့သာ ငါ့တာဝန်ပဲ'

'ဒါကြောင့် မင်း အစာအိမ်ရောဂါရတာ'

စိုးသွင်ကို အခြေတည်၍ လူငယ်တစ်ခုသည် မကြာခဏ တွေ့ဆုံကြ ရလေသည်။ သူတို့မှ တစ်ဆင့်ဆက်သွယ်သော အပေါင်းအသင်းများ သည်လည်း တစ်စတစ်စ စုစည်းမိလာကြသည်။ သူတို့အသိုက်အမြုံလေး ၏ အင်အားသည် တောင့်တင်း၍လာ၏။ ဥပဒေဝန်ထမ်းတစ်ဦးဖြစ်သူ ကိုဖေခင်၊ ကော်ပိုရေးရှင်းတစ်ခုမှ မန်နေဂျာကိုအောင်စိုး၊ ပြီးတော့ မိန်းကလေးနှစ်ယောက်က တိုးလာသည်။ အေးမြင့်လှိုင်နှင့် မိတိုး။ အေးမြင့်လှိုင်က စာရေးဝါသနာပါသလို မိတိုးကလည်း စာဖတ်ဝါသနာ ပါသည်။ မိတိုးသည် ရသမျှလခထဲမှ စာအုပ်ဖိုးကို မဖြစ်မနေချန်ကာ ဝယ်ဖတ်လေ့ရှိသည်။ ငှားဖတ်ရသည်ကိုမူ သူ အားမရ။ စာအုပ်ကိုဖတ် ပြီးလျှင် သိမ်းထားချင်သေးသည်။ မိတိုးကို ကျော်မြင့်က အခွင့်ရလျှင် ရသလိုစသည်။

'မိတိုးသည်၊ နင် စာအုပ်တွေ လာလာဝယ်ရတာ ပင်ပန်းတယ်၊ ပိုက်ဆံလဲ ကုန်ကျတာပေါ့ဟာ၊ ပိုက်ဆံမကုန်ဘဲ စာအုပ်တွေ အများကြီး မလိုချင်ဘူးလား'

ထိုအခါမျိုးတွင် မိတိုးသည် အနားတွင်ရှိသော အေးမြင့်လှိုင်ကို တွန်းထိုးကာ စိုးသွင်ကိုလည်း မရဲတရဲကြည့်တတ်သည်။

'ကြည့် မမအေးမြင့်လှိုင်၊ ကိုကျော်မြင့်က ကျောင်းတုန်းက အကျင့် တွေ မပျောက်သေးဘူး၊ ဒီလိုဆို မမအေးမြင့်လှိုင်ကိုလဲ ငွေမကုန်ဘဲ စာအုပ်ထုတ်ရအောင် လုပ်ပေးလိုက်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'လုပ်ပေးနေတာပဲ၊ ငါက နင့်ကျေးဇူးလဲ ဆပ်ချင်လို့ပါ'

'တော်ပြီနော် ကိုကျော်မြင့်ကြီး'

လက်ဖက်ရည်ဆိုင်တွင် မိန်းကလေးတွေပါ ဝင်ထိုင်တော့ ပတ်ဝန်းကျင်က စူးစမ်းသော မျက်လုံးများနှင့် ကြည့်ကြသည်။ သို့သော် အေးမြင့်လှိုင်၏ တည်ကြည်သောမျက်နှာ၊ မိတိုး၏ ရိုးသားပွင့်လင်းသော အမူအရာတို့ကြောင့် အထင်သေးဝံ့မည်တော့မထင်။ အေးမြင့်လှိုင်နှင့် မိတိုးသည် ယောကျ်ားလေးတွေနှင့်ပေါင်းကာ လက်ဖက်ရည်ကို စွဲလာကြလေသည်။ ပြီးတော့ အတင်းအဖျင်းပြော၍ အဝတ်အစားမက်မောတတ်သော သာမန် မိန်းကလေးတို့ထဲမှ ခွဲထွက်ကာ လောကကို အတွေးအခေါ်ဖြင့် ကြည့်တတ်လာကြသည်။

ထိုအခါ သူတို့ ပို၍ စိတ်ဆင်းရကြရလေ၏။

\+ + +

မြို့နယ်ကုန်သွယ်ရေးတွေ ဖျက်လိုက်၍ ရုံးချုပ်တွင် ထိုင်ရကာမှ အေးမြင့်လှိုင် ပို၍စိတ်ရှုပ်ထွေးရလေသည်။ ယခင်က စာရင်းဇယားတွေ၊ ကုန် ပစ္စည်းတွေနှင့် အလုပ်ရှုပ်သည်။ သူတို့ကမူ သက်မဲ့ပစ္စည်းတွေမို့ ကိုယ်လိုရာဆွဲ၍ ရသေးတော့။ သက်ရှိလူများနှင့် ဆက်ဆံရသည်မှာ ပို၍ ရင်မောဖွယ်ကောင်းလေသည်။ တစ်ယောက်နှင့်တစ်ယောက်အဆင်းတွန်းရန် စောင့်ဆိုင်းနေသောမျက်လုံးများကို သတိကြီးစွာ ရှောင်နေရလေသည်။ မူချပေးသည့်အတိုင်း ဖြစ်အောင်လုပ်ကြစို့ဆိုသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲအမျိုးမျိုးရှိသည်။ တလွဲတချော် ဖြစ်ခဲ့သော် မူကောင်းပါလျက် လူမကောင်းဟု သတ်မှတ်ခံရမည်။ သည်တော့လည်း အေးမြင့်လှိုင် အလုပ်လုပ်ရမှာ စိတ်ပျက်မိသည်။ ထိုအခါ အေးမြင့်လှိုင်

www.burmeseclassic.com

www.burmeseclassic.com



စာကိုဖိရေးလေသည်။ သို့သော် စာများသည် စာအုပ်ဖြစ်မလာသေး။ သူ မျှော်မှန်းသလို အားကိုးအားထားအဖြစ်ရပ်တည်၍ မရသေး။ ကိုကျော်မြင့် နှင့် စိုးသွင်ကမူ သူ့ကို အားပေးဆဲ။

'စိတ်တိုင်းကျအောင်သာ ရေးသား၊ အဆင်ပြေတာနဲ့ ထုတ်မှာပဲ'

'စာအုပ်ဖြစ်တော့ကော စွံပါ့မလား၊ ဒီလိုဇာတ်လမ်းမျိုးကို လူကော ကြိုက်ပါ့မလား၊ အများကြိုက်တာပဲ ရေးရရင် ကောင်းမယ်ထင်ပါရဲ့'

အေးမြင့်လှိုင် တွေဝေသည်ကို မိတိုးက ရဲရဲဝံ့ဝံ့ ချေဖျက်သည်။

'ရေးသာရေးပါ မအေးမြင့်လှိုင်ရာ၊ ပူစရာမရှိ ပူနေလိုက်တာ'

'အေးလေ၊ ပူစရာရှိ မိတိုးက ပူရမှာ'

ကျော်မြင့် ဝင်နောက်လျှင် မိတိုး အရှိန်ပျက်ရမြဲ။ ဘော်ဒါဆောင် ဧည့်ခန်းတွင် သူတို့လေးယောက် ထိုင်ဖန်များသောအခါ အိမ်ရှင်က ပြုံးစူလာသည်။ စိုးသွင်သည် လုံချည်စိမ်းနှင့်၊ မျက်မှန်နှင့် ကလေးရုပ်က ဆရာမဂိုက်ဖမ်းထားသော မိတိုးကို စိတ်ဝင်စားစပြုလာသည်။ မည်သည့် အပေါင်းအသင်းမှမလာလျှင် မိန်းကလေးနှစ်ယောက်ကို ခေါ်ကာ ရုပ်ရှင် ကြည့်ကြသည်။ ပြီးတော့ မိတိုးကို ကျောက်မြောင်းမှ သူ့အဒေါ်အိမ်သို့ လိုက်ပို့ပေးရသည်။ ထိုအခါမျိုးတွင်တော့လည်း မိတိုးသည် ကျောင်းမှ ခေါင်းမာသော သူ့တပည့်လေးများအကြောင်းကို အားပါးတရ ပြောတတ် လေသည်။ စိုးသွင်သည် မိတိုး၏ ထက်မြက်သော အရည်အချင်းကို ကြည့်ကာ သူမ ဝါသနာပါသည်ဆိုသော စက်ရုံကြီးတစ်ခုမှ ဓာတုဗေဒ ပညာရှင်ကြီးအဖြစ် မြင်ယောင်ကြည့်လိုက်သည်။

'ကိုစိုးသွင် ဘာကြည့်တာလဲ'

'သြော် မိတိုးက ဆရာမလုပ်ဖို့ နည်းနည်းမှ ဝါသနာပါတာ မဟုတ်ဘူးလို့ ကျော်မြင့်တို့ပြောတာ သတိရလို့ပါ'

'မိတိုးပုံက ဆရာမနဲ့ မတူဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'တူပါတယ်၊ ဒါနဲ့ မိတိုးက စာဖတ်တော့ ဝါသနာပါသားနော်'

'အစက ဝါသနာမပါဘူး၊ နောက် ကိုယ်ဖြစ်ချင်တာ မဖြစ်ရတော့ စိတ်ညစ်ညစ်နဲ့ စာတွေဖိဖတ်ရင်းက ဝါသနာပါလာတာ၊ ဒါနဲ့ ကိုစိုးသွင်ကကော ငယ်ငယ်ကတည်းက ဒီအလုပ်လုပ်တာလား'

'ဟုတ်တယ်၊ ကျွန်တော်က စာအုပ်ပုံထဲမှာ မွေးလာတာ'

'ပျော်စရာကြီးပေါ့'

'ခုတိုင်းတော့ မပျော်နိုင်တော့ပါဘူးလေ'

'ကျွန်မတော့ ဖြစ်ရာဘဝမှာ ပျော်အောင်နေတော့တယ်'

'ဟုတ်တယ်၊ မိတိုးကို အဲဒါချီးကျူးတယ်၊ ကျွန်တော်တို့ကတော့ ဖြစ်ရာဘဝမှာ ပျော်ပျော်နေလိုက်ရင် ကျဆုံးသွားမှာပဲ'

'အဲဒီလိုတော့ မဖြစ်စေချင်ပါဘူး'

မိတိုးမျက်နှာတွင် ကရုဏာနှင့် အားပေးလိုစိတ်တို့ ထင်ဟပ်လာကြလေသည်။

'ဒါနဲ့လေ၊ မမအေးမြင့်လှိုင်ကပြောတယ်၊ သူ့စာအုပ်ထုတ်ရင် ရောင်းရမှာမဟုတ်လို့ ကိုစိုးသွင်ကို အားနာတယ်တဲ့၊ သူ့မှာ သူ့အမေဆင်ခဲ့တဲ့ ရွှေရှိပါတယ်တဲ့၊ သူ စာရေးဆရာမ သိပ်ဖြစ်ချင်တာပဲတဲ့'

'ဟာ မဟုတ်တာ မိတိုးတယ်၊ ကျွန်တော် သူဖြစ်ချင်တာ ဖြစ်အောင် ကူညီမှာပါဗျာ၊ ကဲသွားမယ် မိတိုး၊ လာမယ့် တနင်္ဂနွေမှာ ဆိုင်ကိုလာကြနော်'

မိတိုးသည် စိုးသွင်၏ နောက်ကျောကိုကြည့်ကာ သက်ပြင်းချ၍ ကျန်ရစ်ခဲ့လေသည်။ သူ့တွင်မူ စိုးသွင်ကိုကူညီရန် မည်သည့်ရွှေငွေ ပစ္စည်းမှ မရှိပါချေ။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

# ၉

အေးမြင့်လှိုင်၏ စာအုပ်ကိုဖတ်ရတော့ ဇော်ထက် သူ့ကို အထင်ကြီးသွားရသည်။ အေးမြင့်လှိုင်သည် သူ ယုံကြည်ရာကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ဝံ့သူဖြစ်လေသည်။ အေးမြင့်လှိုင်တို့ စိုးသွင်တို့ ကြိုးစားတာတွေ မြင်ရတော့ သူ့ကိုယ်သူအားမရ။ သူသာ မဖြစ်နိုင်တာတွေကို ဒေါသပွားပြီး အရှုံးပေးအညံ့ခံနေမိသလားဟု ဆန်းစစ်ကြည့်မိသည်။ ဆေးတိုက်မှာ တစ်နာရီခန့်ထိုင်ရုံဖြင့် ဇနီးမောင်နှံနှစ်ယောက် ထမင်းအေးအေးလူလူ စားနိုင်ရုံဖြင့် ကျေနပ်နေ၍ မဖြစ်သေး။ လူ့ဘဝကို အဓိပ္ပာယ်ရှိအောင် တစ်ခုခု လုပ်ရဦးမည်။ သားသမီးမရှိသော ဇနီးသည်လည်း ရုံးတစ်ရုံး အေးအေးဆေးဆေး အမှုထမ်းလျက်ရှိသည်။ သူ့တွင် အချိန်များစွာ ရှိလေသည်။

စာရေးဖို့တော့ ဝါသနာမပါလှ။ သူဝါသနာပါသည်က ဆေးပညာပဲ။ ဆေးကုဖို့ပဲ။ လူ့ခန္ဓာတည်ဆောက်ပုံ၊ ပျက်စီးယိုယွင်းပုံ၊ ဖောက်ပြန်မှုပြုပြင်ထိန်းကျောင်းနိုင်ပုံတို့ကို လေ့လာဖို့ပဲ။ ဒီပညာနဲ့ လူသားတွေရဲ့ အသက်ခန္ဓာတည်တံ့ရေးကို ဆောင်ရွက်ဖို့ပဲ။ သည်တော့ အချိန်တိုင်းမှာ သည်ကိစ္စတွင်သာ စိတ်ဝင်စားနေရမည်မဟုတ်လား။ ကြိုးစားနေရမည်

www.burmeseclassic.com



မဟုတ်လား။ ရယူနိုင်သည့် အတိုင်းအတာအတွင်းမှာ လှုပ်ရှားနေရဖို့ပဲ မဟုတ်လား။

သူက သမဝါယမ ဆေးခန်းတွေမှာ အချိန်ပိုင်းနှင့် ဝင်ထိုင်းဦးမည် ဆိုတော့ အပေါင်းအသင်းတွေက အံ့သြသည်။

'မင်း ငွေပိုရှာချင်လို့လား'

'ဟ ငါ ငွေပိုရှာချင်ရင် ကိုယ်ပိုင်ဆေးခန်းမှာပဲ အချိန်ပြည့် ထိုင်မှာပေါ့'

'မင်း အလုပ်လုပ်ချင်တာပေါ့'

'ဆိုပါတော့ကွာ၊ တကယ်တော့ ပညာရှာချင်သေးတယ်၊ ဒါက မဖြစ်နိုင်လို့'

'အေးပါ ဟုတ်ပါပြီ၊ ဒီလိုလုပ်ပါလား၊ မင်း အလုပ်လုပ်ချင်တဲ့ အတူတူ နယ်ကိုထွက်ပါလားကွာ၊ သုံးနှစ်လောက်ပေါ့၊ အတွေ့အကြုံ ပိုရမယ်ကွာ၊ ဗဟုသုတရမယ်ကွာ၊ ငွေစုမိမယ်ကွာ၊ ပြီးတော့ မင်းပြော သလို ကျေးလက်တောရွာက လူတွေကို အလုပ်အကျွေးပြုနိုင်မယ်'

ကျော်မြင့်က ဟန်ပါပါနှင့် အကြံပေးသည်ကို စိုးသွင်က ချေဖျက်သည်။

'ရေဒီယိုဇာတ်လမ်းကျနေတာပဲ'

'သူက အလုပ်လုပ်ချင်တယ် ဆိုလို့ပါ'

ဇော်ထက်က ကျော်မြင့်ကို မလုံမလဲ ကြည့်သည်။

'အေးမြင့်လှိုင်က ကျွန်တော့်အကြောင်း ဘာတွေ ပြောထားလို့လဲဗျာ'

'ခင်ဗျားတို့ဇာတ်ကြောင်းကို ကျွန်တော် မသိပါဘူးဗျ၊ ခင်ဗျားက မလုံမလဲ မဖြစ်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ပါဘူးဗျာ၊ အေးမြင့်လှိုင်က ကျွန်တော့်ကို နယ်မဆင်းချင်ဘူးလို့ ထင်နေလို့ပါ'

'မဟုတ်ဘူးလား'

'မဟုတ်ဘူးဗျာ၊ ကျွန်တော့် ရည်ရွယ်ချက်က သူ မျှော်မှန်းတာထက် ပိုမြင့်မားပါတယ်'

'အေးလေ၊ ဒါပေမယ့် မဖြစ်နိုင်ဘူး မဟုတ်လား'

'တစ်နေ့ ဖြစ်နိုးပေါ့ဗျာ'

'ကဲပါလေ ဟုတ်ပါပြီ၊ လောလောဆယ်တော့ သူပြောတဲ့ အကြံဉာဏ် မကောင်းဘူးလား'

'စဉ်းစားမယ်ဗျာ၊ ကျွန်တော်လဲ ဒီအတိုင်းတော့ မနေချင်ဘူး'

နောက်ဆုံးတော့ သူတို့သည် ကျော်မြင့် အကြံပေးသလိုပင် ကျေးရွာတစ်ရွာကို ကွင်းဆင်းကြည့်ကြသည်။ ထိုနေ့ကတော့ ပျော်စရာလည်းကောင်းသည်။ လူကလည်းစုံသည်။ ထွန်းအောင်လည်းပါသည်။ အေးမြင့်လှိုင်နှင့် မိတိုးလည်းပါသည်။ ဇော်ထက်၏ဇနီး သီတာလည်းပါသည်။ ပျော်ပွဲစားထွက်ရသလိုပင်။ ရွာကလည်း သီတာတို့၏ ဦးလေးဒေါ်ကြီးများရှိရာ ရွာလေးတစ်ရွာဆိုတော့ အစစအဆင်ပြေသည်။ပြည်လမ်းတစ်လျှောက် ကားစီးရသည်မှာ ကြည်နူးစရာကောင်းသည်။ တိုက်ကြီးမှာဆင်းသည်။ ထို့နောက် ကုန်းကြောင်းဆက်သည်။

ရွာက ဦးကြီးများက သီတာတို့ကို ဧည့်ဝတ်ပြုပြီး လာရင်းကိစ္စကို မေးသည်။ ပြီးတော့ အံ့သြစကားဆိုလေသည်။

'ညည်းယောက်ျား ဆရာဝန်ဖြစ်တာ ကြာပါပေါ့၊ ခုမှ တို့ရွာလာဖို့ သတိရသလား'

www.burmeseclassic.com

www.burmeseclassic.com



သီတာက ရှင်းပြသေးသည်။ ဒေါ်ကြီးက ရင်ဘတ်ကို ပုတ်သည်။

'အမယ်တော် ကျုပ်တို့ရွာမှာ ဆရာဝန်ရှိပါရဲ့၊ သွားခေါ်ရင် စက်ဘီးနဲ့တောင် လိုက်ကုပေးသေးတယ်၊ ခြေကြွခသာ ကောင်းကောင်းပေး၊ အချိန်မရွေး'

သူတို့အုပ်စု မျက်လုံးပြူးကြသည်။

'အစိုးရဆရာဝန်လား ကြီးဒေါ်ရဲ့'

သီတာက မရှင်း၍ မေးသည်။

'မဟုတ်ပါတော်၊ ညည်းတို့လို မြို့မှာ မစားသာလို့ နယ်ဆင်းလာတဲ့ ဆရာဝန်ပါ၊ ငါတို့ရွာကလဲ ကောင်းကောင်း ပေးကျွေးထားပါရဲ့'

ဖော်ထက် မျက်နှာမည်းတော့သည်။ သူ့ခမျာ အပေါင်းအသင်းများ တိုက်တွန်း၍ စွန့်စားလည်းလာရသေးရဲ့၊ အရိုက်ပင့်ထိုးတာလဲ ခံရသေးရဲ့။

အပြန်ခရီးမှာတော့ သူတို့ စကားပင် ကျယ်ကျယ် မပြောကြတော့။ ဖော်ထက် တစ်လုံးတည်းသာ ညည်းသည်။

'ငါ့ဟာငါ အေးအေးဆေးဆေးနေတာပဲ ကောင်းပါတယ်ကွာ'

\+ \+ \+

အေးမြင့်လှိုင်၏ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းစားသောက်ပွဲလေးတစ်ခု ကျင်းပကြသည်။ နေရာရွေးကြတော့ ဥပဒေဝန်ထမ်း ကိုမြေခင်နှင့် သူ့ သူငယ်ချင်း ကိုအောင်စိုးတို့အိမ်မှာ စုကြဖို့ သဘောတူသည်။ ထမင်းဟင်းကို ချိုင့်ဖြင့်ဝယ်ကာ ဖျာခင်း၍ စားကြသည်။ အေးမြင့်လှိုင်ကတော့ ကိုစိုးသွင် ထုတ်ပေးသော ငွေသုံးရာကို အကုန်ခံပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်ကလည်း ဆေးလိပ်ဖိုး လက်ဖက်ရည်ဖိုးစိုက်ကာ တပြုံးပြုံးဖြစ်၍ နေသည်။ ယခုတော့လည်း သူတို့နှစ်ယောက်ကို မကြာမီ လက်ထပ်မည့် သူများအဖြစ် အားလုံးက အသိအမှတ်ပြုထားကြသည်။ အိမ်ရှင်ကိုဖေခင် က သူ့တွင်ရှိသော ဘရန်ဒီတစ်လုံးကို ထုတ်တိုက်တော့ မိန်းကလေးများ က မျက်နှာရှုံ့သွားကြသည်။ ကိုအောင်စိုးက ကိုဖေခင်ကို တစ်ချက်ဝင် တွယ်သည်။

'ဘယ်အမှုသည်ဆီက ရထားတာလဲကွာ၊ သူတစ်ပါး ချွေးနဲ့စာ လေးနဲ့ ပေးထားတာလေးကို တို့ မမျိုရက်ပါဘူး'

ကိုဖေခင်က သူ့ကို လက်သီးနှင့်ထိုးဟန်ပြုသည်။

'ကောင်းကောင်းစားစမ်းပါ၊ ငါ့ပိုက်ဆံနဲ့ ဝယ်ထားတာ၊ ဘယ်သူ့ ချွေးနဲ့စာမှ မဟုတ်ဘူး၊ ရိုမနေနဲ့'

'သန့်သန့်ရှင်းရှင်းပဲနော်'

'ဟော့ကောင် မရှည်နဲ့'

သူတို့ ထမင်းစစားသောအခါ မိတိုးက ပဲဟင်းချိုင့်ကြီးကိုကိုင်ကာ ထမင်းပန်းကန်များထဲ လိုက်ဆမ်းပေးသည် ကျော်မြင့်က နှောက်သေးသည်။

'ကိုဖေခင့် ပန်းကန်ထဲ များများထည့်ပေး၊ နင့်တို့ မင်္ဂလာဆောင် ကိစ္စကျ သူ့ဆီသွားရမှာ'

'အမယ် ကိုကျော်မြင့်တို့ပဲ သွားပါ'

ကိုဖေခင်သည် အရက်သောက်ထားသဖြင့် အနည်းငယ် ထွေနေ သည်။

'ဟော့ ဒီမှာ အမှုတစ်ခုဖြစ်တယ်ဆိုရင် ဘယ်ရုံးကို ဘယ်လိုသွား ရမယ်ဆိုတာ သိထားရမယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဘတ်စ်ကား စီးသွားပေါ့'

ထွန်းအောင်က ပြောသည်။ အားလုံးက ထွန်းအောင်ဘက် လှည့်လာသည်။

'မင်း ကောင်းကောင်းနားထောင်၊ တော်ကြာ မင်းပဲသွားရမှာ'

'ဖွဟဲ့၊ လွဲစေ ဖယ်စေ'

ကိုဖေခင် အရှိန်မပျက်သေး။

'ဒီမှာ ရုံးတစ်ရုံးကို သွားမယ်နော်၊ အဲဒီမှာ ဘယ်သူအပိုင်ဆုံးလဲ မေးလိုက်၊ အဲ သူ့ဆီတစ်ခါတည်းတန်းသွား'

'ဥပမာ ခင်ဗျားပေါ့'

'သွားစမ်းပါ'

'လာစမ်းပါလို့ ပြောစမ်းပါဗျ'

'ဟာ တော်ပြီဗျာ၊ ခင်ဗျားတို့'

ဝိုင်းသိမ်းကြတော့ အေးမြင့်လှိုင်နှင့် စိုးသွင်တို့ မျက်နှာချင်းဆိုင်ကာ တိုးတိုးကျိတ်ကျိတ် ဖြစ်နေကြသည်။

'စာအုပ်တွေက ကုန်ရဲ့လား ကိုစိုးသွင်ရယ်'

'နည်းနည်းပဲ ကျန်ပါတယ်ဆို၊ တကယ်ပါ၊ နယ်အမှာ လေးရာကျော်ရှိတာပဲ၊ ကလောင်သစ်ဆိုတာ ဒါ ဘယ်နည်းမလဲ'

'ဟုတ်ရဲ့လားရှင်'

'ဟုတ်ပါတယ်ဆိုဗျာ'

'ကျော်မြင့်ကလည်း မနေသာတော့'

'ဟုတ်ပါတယ်၊ ကျွန်တော်ပြောတာ သူမယုံဘူး၊ ဆက်သာရေးပါဆိုတာ မရေးချင်တော့ဘူး စိတ်ဓာတ်ကျတယ်တဲ့၊ ဆိုင်တွေမှာ သူ့စာအုပ်တွေ မြင်နေရတယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ မမြင်ရအောင် လကုန်ရင် လိုက်သိမ်းမယ်ဗျာ'

အေးမြင့်လှိုင် မချိပြုံး ပြုံးလေသည်။ မိတိုးကမူ ဘာမျှ မမှုသလို ရဲဝံ့စွာဆိုသည်။

'အို မမအေးမြင့်လှိုင်ကလဲ ဘာဖြစ်လဲ၊ ဘဝဆိုတာ ဒီလိုပဲပေါ့၊ ကြိုးစားရမှာပေါ့၊ ထွက်ထွက်ချင်း ဝုန်းခနဲ ကုန်သွားစေချင်ရင် အများကြိုက်တာ ရေးမှာပေါ့၊ ကိုယ်မရေးချင်လို့ မရေးတာပဲ'

\+ \+ \+

www.burmeseclassic.com

# ၁၀

အချိန်တန်တော့လည်း အပြောင်းအလဲဟူသည် ရှိလာစမြဲပင်။ ကျော်မြင့်ကတော့ ယခုလို နေရသည်ထက် တစ်ခုခု အပြောင်းအလဲ ဖြစ်သည်ကို နှစ်ခြိုက်လေသည်။ အခြေအနေသည် ဆိုးသွားသည်ဖြစ်စေ၊ ကောင်းသွားသည်ပဲဖြစ်စေ တစ်သမတ်တည်း နေရခြင်းထက်တော့ တစ်စုံတစ်ရာကို မျှော်လင့်နိုင်သည်ပင်။ ယခုဆိုလျှင် သူ ကုန်သွယ်ရေး (၁)မှာ အလုပ်ရပြီ။ သူ့ ယခု စာပြင်ဆရာလုပ်သည့် လခလောက်မရသော်လည်း သူ ကျေနပ်သည်။ တစ်နည်းအားဖြင့် သူ မေ့လျော့စပြုသော ပညာကို ပြန်အသုံးချရမည်မို့ သူပျော်သည်။ ပြီးတော့ နယ်ထွက်ရမည်။ ပတ်ဝန်းကျင်နှင့်ထိတွေ့ရဦးမည်။ လူတွေနှင့် ဆက်ဆံရမည်။ ပြင်ပလောကနှင့် ထိတွေ့ရမည်။ ထိုအခါ စိတ်ပျက်စရာ၊ နာကျည်းစရာ၊ ခံပြင်းစရာများနှင့် တွေ့ချင်လည်း တွေ့ရမည်။ ရှိစေတော့။ နောက်မှ စိတ်ပျက်စရာမှ စိတ်ပျက်ရစေတော့။ ဒါမှ လူ့ဘဝအဓိပ္ပာယ် ပြည့်စုံမည်။ လူဖြစ်ကျိုးနပ်နည်။ ရေစုန်မျောနေရုံနှင့် လူ့ဘဝသည် ပြီးပြည့်စုံမတဲ့လား။ ထမင်းမှန်မှန်

www.burmeseclassic.com

www.burmeseclassic.com



စားရခြင်းထက် ထူးခြားသော အကြောင်းခြင်းရာတွေ လူ့ဘဝမှာ မရှိတော့ဘူးလား။

ပြီးတော့ လူငယ်တို့၏ အားမာန်ကို စားဝတ်နေရေးကြားမှာ ဖုတ်ကြည်းသင်္ဂြိုဟ်ပစ်မှာ နှမြောလှသည်။

အေးမြင့်လှိုင်ကလည်း သူ့ကို အားပေးသည်။ သွားစမ်းပါ။ တတ်စွမ်းသမျှ လုပ်စမ်းပါ။ အစွမ်းအစကို ပြစမ်းပါ။ ဘယ်အတိုင်းအတာအထိရောက်မလဲ။ ရှေ့ဆက်တိုးလို့မရတော့ဘူးဆိုမှ နောက်ဆုတ်ခဲ့ပေါ့။ ကိုယ့်ဘက်က တာဝန်ကျေဖို့ အရေးကြီးသည်။ အဲ သူကတော့ သူတတ်စွမ်းသည့် အတိုင်းအတာကုန်ပြီတဲ့။ သူ့လောကမှာတော့ သူ ရှေ့ဆက်မတိုးချင်တော့။ သူ့ချစ်သူကိုတော့ ဘာမျှမသိရသေးဘဲ မသိဘဲ နေရသည့်ဘဝတွင် ရပ်မနေစေချင်။ လူညွန့်မတုံးစေချင်။

ကျော်မြင့် အလုပ်ရသွားခြင်းသည် ဝင်ငွေတိုးလာခြင်းမဟုတ်သည့်အတွက် ဘာမျှမစားကြရ။ သို့သော် သူတို့အားလုံး ဝမ်းသာကြသည်။ သူတို့သည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာမည့် အခြေအနေများကို ငံ့လင့်နေကြသူများပင်။

ယခုတော့ ကျော်မြင့်ကလည်း ရဲရဲဝံ့ဝံ့ အရေးဆိုလာသည်။ အေးမြင့်လှိုင်ကို သူ လက်ထပ်ချင်သည်တဲ့။ သူ့အလုပ်က နယ်ထွက်ရမည်။ နယ်မထွက်ခင် အေးမြင့်လှိုင်နှင့် လက်ထပ်ထားချင်သည်။ ပြီး ဘော်ဒါဆောင်မှာပဲ နေချင်နေခဲ့ပေါ့။ စာရေးပြီး နေခဲ့ပေါ့။ မိတိုးကတော့ သဘောမတူချင်။ ဘာလို့များ အိမ်ထောင်ရေးကို အလောသုံးဆယ်ထူထောင်ရမလဲ။ အိမ်ထောင်ပြုလိုက်တာထက် အရေးကြီးတာတွေ အများကြီးရှိသေးတယ်။ စိုးသွင်ကမူ သူငယ်ချင်းဘက်က လိုက်သည်။ စောစောအိမ်ထောင်ပြုလိုက်တော့လည်း တာဝန်တစ်ခုပြီးသွားသည်ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေ အားသွန်ခွန်စိုက်လုပ်ဖို့ အချိန်တွေရှိသေးသည်ပဲ။ ကျဆုံးမသွားဖို့က အရေးကြီးသည်။ အေးမြင့်လှိုင်ကလည်း ယောကျ်ားယူပြီး ထမင်းချက်ကာ ကလေးထိန်းကာနှင့် အချိန်တွေအားလုံး မီးဖိုချောင်ထဲ ပို့ပစ်မည့် မိန်းကလေးမှ မဟုတ်ဘဲ။

ဤသို့ဖြင့် နောက်ဆုံး ကျော်မြင့်နှင့် အေးမြင့်လှိုင်တို့ ရုံးတက်၍ လက်ထပ်လိုက်ကြသည်။ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါးလိုက်၍ အားပေးကြသော်လည်း ဝဝလင်လင်မှု မစားကြရပေ။ အေးမြင့်လှိုင်က သူရသည့်လခထဲမှ ပွဲဦးထွက် သတိုးသားအတွက် အဝတ်တစ်စုံချုပ်ပေးလိုက်ရာ ငွေနှစ်ရာကျော်ကုန်သွားသည်။ ဖော်ထက်က ငွေတစ်ရာ လက်ဖွဲ့၍ ထိုငွေတစ်ရာနှင့် အပေါင်းအသင်းတစ်စု စားကြသောက်ကြရသည်။ အရက်ကလေးပင် တစ်ငုံမှ မငုံရ၍ စိုးသွင်က မပျော်ပိုက်။ သို့သော် သူ့တွင်လည်း ထုတ်စရာငွေမရှိ။ မိတိုးကလည်း မိန်းကလေးပီပီ သူ့ သူငယ်ချင်းမကိုသာ အင်္ကျီတစ်စ လက်သိပ်ထိုး၍ လက်ဖွဲ့လိုက်သည်။ တော်တော်ဆိုးတဲ့ ကောင်မလေး။ ထွန်းအောင်ကြီး သည်တစ်ပတ်ပြန်လာမှပဲ ပေါင်းပြီးစားရ သောက်ရတော့မှာပဲ။ ပြောသာ ပြောရသည်။ သည်ကောင်ကြီးလဲ ဘယ်တော့ထိမလဲ မသိ။ သူ့အတွက်ကလည်း ရင်တမမ။

သည်အခြေအနေကြားမှာ မထင်မှတ်ဘဲ အရှုံးတစ်ခုပေါ်လာလေသည်။ ကိုအောင်စိုးတစ်ယောက် ဆိုင်းမဆင့်ဗုံမပါဘဲ အလုပ်က ပြုတ်သွားခြင်းပင်။ အမေအိုးကြီးကို လုပ်ကျွေးသမှုပြုနေသော အောင်စိုးတစ်ယောက် မျောက်သစ်ကိုင်းလွတ်သလို တွယ်ရာမရ ဖြစ်သွားလေသည်။ ထိုအခါ စိုးသွင်က ထုံးစံအတိုင်း ဝင်၍ သာသနာပြုလေသည်။

'ကျော်မြင့်နေရာ မင်း ဝင်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လခစားအလုပ်ကို မက်မောတတ်သော အောင်စိုးသည် မလွှဲသာ၍ လက်ခံလိုက်ရသော်လည်း ဝမ်းပန်းတသာ မရှိလှ။ သူ့ကိုပင် ပြန်၍ ချော့မော့နေရသေးသည်။ ဒါနဲ့တောင် သည်ကောင် အလုပ်ပြုတ်လာတာ အံ့ပါရဲ့ဟု အားလုံးက ချီးကျူးထောမနာ ပြုကြသည်။

အပြောင်းအလဲတွေရှိလာသည့်တိုင် အခြေအနေက ထူးခြားမလာသေး။

\+ + +

မိတိုး စိတ်ဓာတ်မကျစဖူး ကျလေသည်။ အလုပ်ခွင်မပျော်ပိုက်ဘူးဆိုသည့်တိုင် မပျော်ပိုက်မှန်း လူမသိအောင် မိတိုးနေပြခဲ့သည်။ တစ်စက်ကလေးမှ ဟန်မပျက်စေရ။ အထူးသဖြင့် တပည့်ကျောင်းသားတွေရှေ့တွင် စာကို မသင်ချင်ဘဲ သင်နေရသည့်အသွင်မျိုး မမြင်စေရ။ စိတ်ပါလက်ပါ စေတနာရှိရှိ တာဝန်သိသိ သင်ပြခဲ့သည်သာပင်။ သူ့ကိုယ်ရေးကိုယ်တာကြောင့် အရေးကြီးလှသော လူငယ်ကျောင်းသားတွေ၏ အနာဂတ်ကို မပျက်စီးစေချင်။

အင်္ဂလိပ်စာနှင့် မြန်မာစာကို နိုင်နင်း ကျွမ်းကျင်လှသည် မဟုတ်သော်လည်း သူတာဝန်ယူပြီးသည့်နောက်ပိုင်းတွင် ဂရုတစိုက် ပြန်လေ့လာခဲ့သည်။ ထို့ကြောင့်လည်း စာဖတ်သည့်အကျင့်ကို ပိုရခဲ့သည်ပဲ။ သူ့အင်္ဂလိပ်စာ အသင်အပြသည် အခြားဆရာမတွေထက် မလျော့ခဲ့။ သူ့လုံ့လကြောင့် ပိုလျှင်သာ ပိုဖို့ရှိသည်။

သူ ဝါသနာပါခဲ့သော ဓာတုဗေဒပညာရပ်သည် ကျောင်းမှ လက်တွေ့စမ်းသပ်ခန်းထဲတွင် ကျန်ရစ်ခဲ့ပြီ။ သည့်အတွက်လည်း ယူကျုံးမရ။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင်တော့။ ဖြစ်လည်းဖြစ်မနေတော့။သို့သော် အကြောင်းကတိုက်ဆိုင်တော့ ပြန်လည်သတိရစရာ ပေါ်ခဲ့သည်။ ကျောင်းသားတစ်ယောက်က သူ့ကို ပုစ္ဆာတစ်ခုလာမေးသည်။ သူ ဓာတုဗေဒ အဓိကနှင့်အောင်ခဲ့မှန်း ကျောင်းသားက သိသည်။ သူကလည်း အမှတ်တမဲ့ လိုလိုလားလားပင် ကျောင်းသားမေးသော ပုစ္ဆာကို အိမ်ကိုယူခဲ့သည်။ စာအုပ်ကို တစ်ရွက်နှစ်ရွက်ပြန်လှန်ကြည့်ရုံနှင့် အဖြေကို ရသည်ပင်။

ပြဿနာက တက်ချင်တော့ သူ့ကို အတိုက်အခိုက်ခံရသည်။ သူ့အင်္ဂလိပ်စာ အမှားတွေပြတာကို ဘယ်သူကမျှ ဝင်မစွက်ပါဘဲနှင့် သူတစ်ပါးဘာသာရပ်ကို သူကဝင်၍ ဆရာလုပ်ရပါမို့လားတဲ့။ ဆိုင်ရှင်းကြရအောင်ဆိုတော့လည်း တစ်ဖက်က ရှောင်နေသည်။ နောင်ဒါမျိုး မဖြစ်စေနဲ့ပေါ့ဟုပင် အပြောပင်ခံလိုက်ရသေးသည်။ ဒေါသကြောင့် မျက်ရည်တို့ပင် လည်လာလေသည်။

ထိုနေ့က စိတ်ညစ်ညစ်နှင့် အေးမြင့်လှိုင်ဆီ လာခဲ့သည်။ သည်ရောက်တော့လည်း မချောက ပြဿနာနှင့်ပင်။ သူက မပြောရခင် အေးမြင့်လှိုင်က သူ့ ပြဿနာကို အရင်ဖွင့်ဟသည်။

'ဒီတစ်ခါ ကိုကျော်မြင့်ပြန်လာရင်တော့ အိမ်လေးဘာလေးငှားမှ ဖြစ်တော့မယ် မိတိုးရယ်'

'ဘာဖြစ်လို့လဲ၊ အိမ်ငှားရင် စရိတ်တက်လာမှာပေါ့၊ ခါတိုင်းလိုပဲ သူ့ သူငယ်ချင်းအိမ် ခဏသွားနေမှာ မဟုတ်ဘူးလား'

'ဟင့်အင်း မဖြစ်တော့ဘူး၊ ငါ့မှာ ကလေးရှိနေပြီ'

'အမလေး ဒုက္ခပါပဲ'

သည်တစ်ခါ မိတိုးက စိတ်ပျက်စွာ ညည်းညူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘‘မမအေးမြင့်လှိုင်ကလဲ ခေတ်မီရဲ့သားနဲ့ ဘာဖြစ်လို့ ကလေးရှိရတာလဲ’

‘ဒီလိုပဲဟာ မပြောချင်ပါဘူး၊ ခုမှတော့ မတတ်နိုင်ဘူး’

မိတိုးက သူ့ပြဿနာကို မပြောဖြစ်တော့။ လောလောဆယ် အေးမြင့်လှိုင်တို့ ပြဿနာကို ဝိုင်းဝန်းဖြေရှင်းရပေမည်။

အေးမြင့်လှိုင်ပြဿနာမှာ မိတိုးက တစ်ဆင့် ပြန့်နှံ့သွားသည်။ ထိုအခါ စိုးသွင်ကပင် ဦးဆောင်၍ အိမ်တစ်လုံးငှားရန် စိုင်းပြင်းရသည်။ လောလောဆယ်နေချင်ရင် သူ့ဆိုင်မှာ လာနေပေါ့တဲ့။ သူ့ဆိုင်က ၁၂ ပေ အခန်းကျဉ်းလေး။ စာအုပ်တွေက ဆိုင်နှင့်အပြည့်။ သို့သော်လည်း ဖြစ်သလို နေရပေမည်။ အေးမြင့်လှိုင်က ရသမျှလခကို အိုးတွေခွက်တွေ ဝယ်ထားနှင့်သည်။ ကျော်မြင့် ပြန်လာတော့ အတန်အသင့်တော့ ခေါင်းအေးရသည်။

သည်လိုနှင့် အေးမြင့်လှိုင် အလုပ်လည်း မထွက်ဖြစ်တော့။ စာလည်း ဆက်မရေးဖြစ်တော့။ အခြေအနေ ပေးရင်တော့ ဆက်ရေးဦးမည်ဟု အားခဲထားသည်။ သို့သော် ကျော်မြင့်နှင့်အတူ စိုးသွင်၏ အခန်းကို ရှင်းကြတော့မှ အေးမြင့်လှိုင်အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ အုပ်ရေနှစ်ထောင် ရိုက်ထုတ်ထားသော သူ့စာအုပ်များမှာ ဆိုင်နှင့်အပြည့် ရှိနေလေသည်။

‘စာအုပ်တွေအများကြီး ကျန်ပါသေးလား၊ ကိုကျော်မြင့်ရယ်၊ ရှင်တို့ ပြောတော့ ကုန်တယ်ဆို’

ကျော်မြင့်က စပ်ဖြီးဖြီးဖြင့် ရယ်သည်။

‘ဒါကြောင့် ကိုစိုးသွင်ကို စာမူခ မပေးပါနဲ့လို့ပြောတာ၊ သူက ပေးဖြစ်အောင် ပေးသေးတယ်’

www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်လှိုင်က စိတ်မကောင်းစွာပြောနေသည်။

'စာမူခက ကိုယ့်အတွက်ပေးတာပါ'

ကျော်မြင့်က ရယ်၍ပြော၏။

'ဘာရယ်'

'ကိုယ့်စာအုပ်အတွက်လေ'

'ဘာစာအုပ်လဲ'

'ရေဒီယိုပြင်နည်း'

'ဘယ်မှာလဲ အဲဒီစာအုပ်တွေ မတွေ့ပါလား'

'ကုန်ပြီလေ အေးရဲ့'

အေးမြင့်လှိုင် ရယ်ရမလို ငိုရမလို ဖြစ်သွားလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

လူစုံဖို့က အတော်ခဲယဉ်းသည်။ တစ်ယောက်ရှိလျှင် တစ်ယောက်က လျော့နေမည်။ ဇော်ထက်တစ်ယောက်လည်း အလုပ်ခန့်စာရ၍ နယ်သို့ တကယ်ဆင်းသွားရသည်။ ကျော်မြင့်တစ်ယောက်ကလည်း ခရီးမကြာ မကြာထွက်ရသည်။ ထွန်းအောင်ကလည်း တစ်ခါတစ်ရံ တစ်လလောက် ကြာမှ ပြန်ရောက်သည်။ မိတိုးပင်ရန်ကုန်မှာနေရတာ စိတ်ညစ်လှသည်ဆို ကာ ရွာသို့ ပြောင်းသွားသည်မှာ သုံးလခန့်ရှိပြီ။

သီတင်းကျွတ်ကျောင်းပိတ်ရက်ကြုံ၍ မိတိုး ရန်ကုန်ကိုလာလည် သည်။ ကျော်မြင့်နှင့် ထွန်းအောင်တို့ကလည်း ပြန်လာခိုက်နှင့်ကြုံသည်။ ထို့ကြောင့်လည်း ကြုံတောင့်ကြုံခဲ ပျော်ပွဲစား တစ်ခုကို စိုးသွင်က စီစဉ် လေသည်။ ဇော်ထက်တစ်ယောက်တော့ ပါခွင့်မရတော့။

ထိုနေ့ကတော့ စိုးသွင်နှင့် မိတိုးတို့၏ မင်္ဂလာကြိုပွဲလေးအဖြစ် အစားအသောက်များကို ဝိုင်းဝန်းချက်ပြုတ်ကြသည်။ တပျော်တပါး ရယ်ကြမောကြ ပြောကြ ဆိုကြသည်။ သည်တစ်ခါတော့ သူတို့အားလုံး စိတ်ညစ်စရာတွေ၊ မကျေနပ်တာတွေ မေ့ထားလိုက်ကြသည်။ ရယ်စရာ

www.burmeseclassic.com

www.burmeseclassic.com



အပြောင်အပျက်စကားတို့ကိုသာ ဆို၍ ပျော်ရွှင်မှုကို အပြည့်အဝယူကြသည်။ ထွန်းအောင်ကလည်း သူ့အလုပ်အကြောင်း မပြောတော့။ စိုးသွင်ကလည်း မညည်းညူတော့။ ကျော်မြင့်ကလည်း ဘာဆိုဘာမျှမပြော။ အေးမြင့်လှိုင်ကလည်း လက်ရှိအခြေအနေကိုမေ့ထားသည်။ မိတိုးကလည်း ယခင်ကထက်ပင် ပေါ့ပါးသွက်လက်၍နေသည်။ မိတိုးကို ဆရာမအလုပ်ကထွက်ပြီး ရန်ကုန်မှာအခြားအလုပ်တစ်ခု လာလုပ်ဖို့ ဆွေးနွေးကြသည်ကို မိတိုးက နောက်မှပြောကြရအောင်ဟု ရွှေ့ထားလိုက်သည်။

သည်တော့လည်း အားလုံးသည် ပျော်ရွှင်ကြည်နူးကြရလေသည်။ ပေါ့ပါးလန်းဆန်း၍ နေကြသည်။ ထမင်းစားပြီး ရေဒီယို ကက်ဆက်ကို အစွမ်းကုန်ဖွင့်ကာ တစ်လောကလုံးကို မေ့ထားလိုက်ကြသည်။ တကယ်တော့လည်း သူတို့အားလုံး လက်ရှိအခြေအနေများမှ ရုန်းထွက်ရန်နည်းလမ်းကို ရှာကြံကြခြင်း ဖြစ်လေသည်။

ညနေစောင်းမှ သူတို့ ပျော်ပွဲစားခြင်းကို သိမ်းကြသည်။ ထိုအချိန်မှပင် နေ့စေ့လစေ့ဖြစ်နေသော အေးမြင့်လှိုင်ကလည်း ရှုံ့မဲ့စ ပြုလာတော့သည်။

'ဆေးရုံသွားမလား'

'သွားချင်လဲ သွားလေ'

မိတိုး၊ စိုးသွင်၊ ထွန်းအောင်တို့က အိမ်ကိုမပြန်ဘဲ ကျော်မြင့်နှင့်အတူ ဆေးရုံသို့ လိုက်ပို့သည်။ အိမ်ရှင် ကိုဖေခင်နှင့် ကိုအောင်စိုးတို့က နောက်နေ့ ဆေးရုံကို ထမင်းချက်ပို့မည်ဟု တာဝန်ယူရင်း နေရစ်ခဲ့သည်။

အေးမြင့်လှိုင် အားငယ်၍နေလေသည်။ အေးမြင့်လှိုင်တွင် အမေမရှိတော့။ သူ့အဖေကလည်း နောက်အိမ်ထောင်နှင့်။ ကလေးမွေးပြီး ဆေးရုံကဆင်းလျှင်တော့ ကိုဖေခင်တို့ အိမ်ခန်းမှာဖြစ်ဖြစ် ပြောင်းနေ

www.burmeseclassic.com



ရမည်ဟု ကျော်မြင့်က တွေးသည်။ သည်တစ်ခါတော့ ဈေးအနည်းဆုံး အိမ်တစ်လုံးကို ဘယ်နေရာမှာပဲဖြစ်ဖြစ် ငှားနေလိုက်တော့မည်။

အေးမြင့်လှိုင်ကို အမျိုးသမီးဆောင်ရဲ့ အပေါ်ထပ်သို့ ပို့လိုက်ပြီး သူတို့က ဆင်ဝင်အောက်တွင် ထိုင်စောင့်ကြသည်။ တံခါးစောင့် ဆင်း လာတိုင်း မွေးပြီလားဟု မေးရသည်မှာအမော။ ည ၁၂နာရီကျော်မှ သတင်းကောင်းကြားရသည်။

'မွေးပြီဗျ ယောကျ်ားလေး'

မိတိုးက ဝမ်းသာအားရ အမူအရာဖြင့် ကျော်မြင့်ကို ကြည့်သည်။ ကျော်မြင့် မျက်နှာကမူ မည်သို့မျှမထူးခြား။ အစောင့်ဆီကိုသာ လှမ်းပြော သည်။

'ဘာလိုသေးသလဲလို့ မေးပါဦးဗျာ'

ကျော်မြင့်ခေါင်းထဲတွင် ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရမည်ကို သာ တစ်မျှော်တစ်ခေါ် တွေးနေမိသည်။ ထွန်းအောင်ကမူ အပူအပင် မရှိသူပီပီ လေကလေးတချွန်ချွန်ဖြစ်နေသည်။ ညနေက အရှိန်ကလည်း မပြေသေး။

'ယောကျ်ားလေးဆို အားကိုးရတာပေါ့၊ မင်း ဝမ်းမသာဘူးလား'

လဒမှိုင် မှိုင်နေသော ကျော်မြင့်ကို မေးသည်။

'သာတော့သာပါတယ်၊ ဒီလိုပါပဲကွာ'

ကျော်မြင့်အသံက မတက်ကြွလှ။ စောစောက ပျော်နေသော မိတိုး ပင် ငြိမ်သွားသည်။

'ဘာမှ မလိုပါဘူးတဲ့ဗျာ၊ အဲ သူ့ သူငယ်ချင်း မိတိုးဆိုလား၊ သူ့ကို လိုက်ပို့လိုက်ပါတဲ့၊ မနက်မှ လာကြပါတဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်ကတော့ သူ နေခဲ့ဦးမည်မို့ ကျန်လူတွေ ပြန်နှင့်ကြဖို့ ပြောသည်။ သူတို့တွေ ခွဲကာနီးမှ တစ်ချိန်လုံး အတွေးနက်နေသော စိုးသွင်က စကားဆိုလေသည်။

'ယောက်ျားလေးတဲ့၊ အင်း ယောက်ျားလေး၊ နောက်ထပ် မျိုးဆက် တစ်ခုပေါ့၊ တို့တွေက လူကြီးတွေဖြစ်လာပြီ၊ ဘာပဲဖြစ်ဖြစ် တို့ ရပ်နေလို့ မဖြစ်သေးဘူး၊ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ဆက်လုပ်ကြရဦးမယ်'

**[ စစ်ပြန်။ ။ မတ်၊ ၁၉၇၈ ]**

www.burmeseclassic.com

www.burmeseclassic.com

# ၄

# ပြည့်စုံခြင်း နှင့် မပြည့်စုံခြင်း

www.burmeseclassic.com

www.burmeseclassic.com

နားထဲတွင် အသံများကို သဲ့သဲ့ကြားရ၏။ မျက်စိများကိုမူ ဖွင့်၍မရသေး။ ခေါင်းထဲတွင် ရိပ်ရိပ်မျှ မူးလျက်ရှိသေးသည်။ သိစိတ်နှင့် မသိစိတ်တို့သည် တစ်ပြန်စီ နေရာယူလျက်ရှိ၏။

ခန္ဓာကိုယ်၏နေရာအနှံ့အပြားမှ နာကျင်စူးရှသော ဝေဒနာတို့သည် တစ်စတစ်စ ပေါ်ပေါက်လာပြန်၏။ မျက်စိကို တင်းတင်းမှိတ်၍ ပြန်အိပ်ပျော်ရန် ကြိုးစားမိသည်။ ဝေဒနာမှ သက်သာလို သက်သာငြား အားထုတ်မိခြင်းဖြစ်၏။ ခဏကြာတော့ မေ့ခနဲ ဖြစ်သွားသည်။ အတန်ကြာလျှင် မပီဝိုးဝါးသော အသံများကို ကြားလာရပြန်သည်။

'မေမေ ဘာစားချင်သလဲ၊ စားချင်တာကိုသာ ပြောပါ မေမေရယ်၊ သမီးလဲ ခွင့်ယူထားတာပဲ၊ အခု သမီးကိုယ်တိုင်ဈေးသွားတာ၊ မငယ်ကလဲ ဝိုင်းကူပေးပါတယ်၊ ကြက်သားကို အချိုရည်အကုန်ကျအောင် ပေါင်းထားတဲ့ ကြက်ပေါင်းရည်လေး သောက်လိုက်ပါဦးလား မေမေ'

ညင်သာတိုးတိတ်သော အသံတစ်ခုပင်။ သို့သော်လည်း ထို အသံတွေသည် မိမိနှင့် မည်သို့မျှ မပတ်သတ်နိုင်ချေ။ သည့်အချက်ကို ကျွန်မ ကောင်းစွာသိ၏။ ကျွန်မတွင် မေမေဟု ခေါ်မည့် သားသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်သည်သော် လည်းကောင်း၊ ဤကဲ့သို့ ယုယုယယ ကြင်ကြင်နာနာ ပြုစုမည့်သူ တစ်ဦးတစ်ယောက်သော်လည်းကောင်း မရှိပါချေ။ ယုတ်စွအဆုံး ကျွန်မကို သတင်းလာမေးမည့်သူပင် ရှိလိမ့်မည် မထင်။ ထို့အတွက် ဝမ်းနည်းရမည်လား၊ ကျွန်မ မသိပါချေ။

လူ့ဘဝ၏ ရှုပ်ထွေးနက်နဲသော ပြောင်းလဲမှုများ၊ အိမ်ထောင်ရေး၏ အကောက်အကွေ့ မာယာပရိယာယ်များ၊ ဆင်းရဲဒုက္ခများကို ကြောက်လွန်း၍ အစဥ်ထာဝရ အေးချမ်းဆိတ်ငြိမ်စွာ နေရမည့် ဘဝမျိုးကိုသာ ဖန်တီး၍နေခဲ့ပါသည်။ ထိုသို့ နေခဲ့သည့်အတွက်လည်း များစွာကျေနပ်ခဲ့ပါသည်။ ကျွန်မသည် ချမ်းသာမှုတစ်ဝက် ဆင်းရဲမှုတစ်ဝက်ကို မျှဝေခံစားကာ သားသမီး ခင်ပွန်းတို့ဖြင့် သိုက်သိုက်ဝန်းဝန်းနေရမည့် ဘဝမျိုးထက် ထာဝရချမ်းသာစွာ တစ်ယောက်တည်းနေရမည့် ဘဝမျိုးကိုသာ ရွေးချယ် ပျော်ပိုက်နေခဲ့ပါသည်။ ကျွန်မ ရွေးချယ်သော ဘဝခရီးသည် မှန်ကန်သည်ဟုလည်း စွဲမြဲစွာ ယုံကြည်ခဲ့ပါ၏။

ယခုအခါ ကျွန်မတစ်ယောက်တည်း၊ တစ်ခုသော ဆေးရုံ ခုတင်ထက်မှာ ဝေဒနာခံစားနေရစဥ်မှာပင် ကျွန်မသည် အထီးကျန်ဘဝကို ရုတ်တရက်တွေးကာ ဝမ်းနည်းမိသလိုရှိသော်လည်း ချက်ချင်းပင် ဖယ်ရှားပစ်လိုက်မိ၏။

မျက်စိများကို ဖွင့်နိုင်ရန် အားယူလိုက်ပါသည်။ မေ့ဆေးအရှိန်က မပြေချင်သေး။ အစာမရှိသော ဝမ်းကပင် ပို၍အန်ချင်သလို ဖြစ်လာ၍ အသာ ပြန်ငြိမ်နေလိုက်ရသည်။ ထိုစဥ် တိုးတိတ်သော အသံများသည် ဘေးဘီမှ ဝေ့ဝဲ၍ လာပြန်သည်။

'ဖေဖေကလဲလေ ညနေမှ လိုက်လာပါဆိုတာ မရဘူး၊ အတင်းလိုက်လာချင်တာ မနည်းထားခဲ့ရတယ်၊ ဖိုးတာကြီးကလဲ မွားဘွားကော

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားကောနဲ့ တစ်မေးတည်း မေးနေတာပဲ၊ ဘွားဘွားဆီ လိုက်မယ်ဆိုလို့ ချော့ထားခဲ့ရတယ် မေမေရဲ့'

တုံ့ပြန်သံကိုမူမကြားရ။ ညင်သာသော ဖွန်းသံ ပန်းကန်သံများကို ကြားနေရ၍ လူနာကို အစာခွံ့နေမှန်း သိလိုက်သည်။ ဝမ်းထဲမှ ဟာသလိုလို ဖြစ်လာ၏။ သည်တစ်ကြိမ်မှာတော့ မျက်စိကို အားယူ၍ဖွင့်လိုက်သည်။ ပတ်ဝန်းကျင်သည် ရုတ်တရက်ပြာဝေနေ၏။ တဖြည်းဖြည်း ကြည်လင်လာသောအခါမှ ဘေးဘီကို စောင်းငဲ့ကြည့်မိ၏။ ကျွန်မ ထထိုင်ရန် ကြိုးစားလိုက်သည်။ မူးရိပ်ရိပ်ဖြစ်လာ၍ အသာပြန်လှဲလိုက်ရပြန်သည်။

'ဟော ဟိုသူငယ်မ သတိရလာပြီ၊ သမီးရယ် သွားကူပြီး ထူပေးလိုက်ပါဦး'

သမီးဖြစ်သူ၏ ပြုစုယုယမှုကို ငြိမ်သက်စွာခံယူနေသော အဘွားကြီး၏ အသံကို ကြားလိုက်ရ၏။ သူ့သမီးသည် လက်ထဲမှ ပန်းကန်ကို အသာချ၍ ကျွန်မဆီ ပြေးလာလေသည်။

'ဘာလိုချင်သလဲ အစ်မ၊ ကျွန်မ ယူပေးမယ်၊ ထိုင်ချင်လို့လား၊ ကျွန်မ ပခုံးကိုကိုင်ပြီး အသာလေးထ'

ကျွန်မသည် ထိုမိန်းမငယ်ကို အားပြု၍ ထထိုင်လိုက်ရသည်။ မူးရိပ်ရိပ် ဝေဒနာဖြစ်နေသည်မှာ ပြေစပြုပြီ။ ဝမ်းထဲမှာမူ ဟာ၍နေ၏။ ကျွန်မ ခုတင်ဘေးမှ စင်ကလေးပေါ်တွင် မုန့်၊ ဟောလစ်၊ ဘာလီ၊ စားစရာသောက်စရာ အစုံအလင်ရှိ၏။ ဆေးရုံမတက်မီ တစ်လအလိုခန့်ကပင် လိုအပ်သမျှ ဆေးဝါးရိက္ခာများကို ကျွန်မ စုဆောင်း၍ထားခဲ့၏။ အားလုံးအဆင်သင့်ရှိနေပါသည်။

'ရေနည်းနည်း သောက်ချင်လို့ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ရေပုလင်းထဲမှ ရေအနည်းငယ်ကို ဖန်ခွက်ထဲငှဲ့ထည့်ပြီး ကျွန်မကို လှမ်းပေးသည်။ ကျွန်မ လက်များသည် မသိမသာ တုန်၍နေ၏။ သူမကပင် ကျွန်မ နှုတ်ခမ်းနားသို့ ဖန်ခွက်ကို တေ့ပေးပါသည်။ တစ်ငုံမျှငုံပြီး ဖန်ခွက်ကို ပြန်ပေးလိုက်ရ၏။

'ဘာ ယူချင်သေးလဲ အစ်မ'

'နေပါစေကွယ် တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်'

မိန်းကလေးသည် ကျွန်မကို ခေါင်းအုံးပေါ်သို့ အသာအယာ ပြန်ချပေး၏။ ပြီးလျှင် သူ့မီးခင်ရှိရာသို့ ပြန်ပြေးသွားလေသည်။ အဘွားကြီးကမူ ငြိမ်သက်စွာ မှိန်းနေဆဲဖြစ်၏။

'ဒါလေးကုန်အောင် စားလိုက်ပါဦးလား မေမေရယ်'

'တော်ပါပြီကွယ်၊ မစားနိုင်တော့ပါဘူး'

မိန်းကလေးသည် စားသောက်ဖွယ်ရာများကို တိတ်ဆိတ်စွာ သိမ်းဆည်းနေ၏။ အခန်းထဲတွင် ကျွန်မနှင့် ထိုအဘွားကြီး လူနာ နှစ်ယောက်သာ ရှိလေသည်။ မျက်စိကို အသာပြန်၍ မှိတ်ထားလိုက်၏။

'အိမ်အတွက် ဘာမှမပူနဲ့ မေမေ၊ အားလုံးအဆင်ပြေတယ်၊ မေမေသာ နေကောင်းအောင် ကြိုးစားပါ'

'အင်းပါ သမီးရယ်'

'ပြန်မယ်နော် မေမေ၊ ညနေအတွက် ဘာယူခဲ့ရဦးမလဲ'

'ဘာမှ မလိုတော့ပါဘူး သမီးရယ်'

'ညနေကျရင် မမမြိုင်တို့လဲ လာကြဦးမလို့တဲ့'

'ဒုက္ခရှာလို့ သမီးရယ်၊ သူတို့လဲ အားကြတာမှ မဟုတ်ဘဲ၊ မလာနဲ့လို့ ပြောလိုက်ရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အို မေမေကလဲ သူတို့လဲ လာတွေ့ချင်ကြမှာပေါ့၊ လာပါစေ၊ ဘာခဲယဉ်းတာမှတ်လို့၊ သမီးသွားမယ် မေမေ'

'အေး အေး'

'ခေါင်းရင်းကတံခါး ပိတ်ခဲ့မယ်နော်'

'အေး အေး'

သမီးဖြစ်သူသည် တံခါးကိုစေ့ပြီး အဘွားကြီးကို ရင်ညွန့်အထိ စောင်ခြုံပေးခဲ့ပြီးမှ ထွက်သွားလေတော့သည်။ အဘွားကြီးကတော့ အေချမ်း တိတ်ဆိတ်စွာဖြင့် ကျန်ရစ်ဆဲ။ ကျွန်မသည် မိခင်ကို ပြုစုစောင့်ရှောက်သော မိန်းကလေးကိုကြည့်ကာ ငေးမောနေမိပါတော့သည်။

\+ \+ \+

ကျွန်မတို့မိသားစုတွင် မိန်းကလေးချည်း သုံးယောက်ရှိပါသည်။ကျွန်မ သည် အကြီးဆုံးသမီးဖြစ်၍ အမေ၏ ကိုယ်ပွားလည်းဖြစ်ပါသည်။ မိခင်ဖြစ်သူ၏ တာဝန်ဝတ္တရားများကို ခွဲဝေထမ်းဆောင်ရမည့်အပြင် အိမ်တွင်းရေး အိမ်ပြင်ရေး၊ ဒုက္ခသုခ မှန်သမျှကိုလည်း အတိုင်ပင်ခံအဖြစ် ကြားသိခံစားရသူဖြစ်ပါသည်။ ကျွန်မ၏ အမေသည်ကား လူ့ဘဝကို ခက်ခဲကြမ်းတမ်းစွာ ရင်ဆိုင်ခဲ့ရသူပင်ဖြစ်၏။ အမေ့တွင် မိဘများမရှိ။ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့၏။ အမေသည် အထက်အညာ မြို့ကလေး တစ်မြို့မှ ယာသမားတစ်ဦးနှင့် စောစီးစွာ အိမ်ထောင်ကျကာ လူ့ဘဝကို လက်ချည်းနှင့်သာ ရင်ဆိုင်ခဲ့ရသူဖြစ်၏။ အမေနှင့်အဖေတို့သည် သမီး သုံးယောက်ရသည်အထိ အခြေမကျနိုင်ခဲ့။ ထမင်းစားဖို့ကိုသာ လုံးပန်းရင်း ဒုတိယအရွယ်၏ အဖိုးတန်လှသော ကာလများကို ကုန်လွန်ခဲ့ကြရ၏။ အဖေတစ်ယောက် လူ့လောကမှ စောစီးစွာ နှုတ်ထွက်သွားချိန်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



အမေသည် အားကိုးမရသော သမီးသုံးယောက်နှင့် ယောင်ချာချာ ကျန်ရစ်ခဲ့လေသည်။

ကျွန်မတို့ မိသားစုလေးဦးပါဝင်သော မိသားစုသည် ရန်ကုန်မြို့၏ အစွန်အဖျားတစ်နေရာဝယ် နွမ်းပါးစွာ ခိုကပ်မိချိန်တွင် ကျွန်မအသက်သည် ၁၀နှစ်ကို ရှစ်နှစ်စွန်းခဲ့ပေပြီ။ ကျွန်မတို့ကို ဦးစီးဦးဆောင်ပြုကာ ကယ်တင်ခေါ်ဆောင်လာခဲ့သူ ဦးကြီး ဦးလှဘူးသည် သံမဏိစက်ရုံတွင် စာရေးကြီးတစ်ဦးဖြစ်လေရာ ကျွန်မတို့အတွက်မူ မဟာရာထူးကြီးပင် ဖြစ်လေသည်။ အမေသည်လည်း ဈေးရောင်းဈေးဝယ်အလုပ်ကို မလွဲသာ မရှောင်သာ တတ်ကျွမ်းလာခဲ့၏။ ညီမနှစ်ယောက်ကို ကျောင်းထားနိုင်အောင် ကျွန်မသည အမေနှင့်အတူရုန်းကန်ခဲ့ရ၏။ အမေ မျက်ကွယ်ပြုချိန်တွင် ကျွန်မသည် အရောင်းအဝယ်သာမက မွေးမြူရေး၊ စိုက်ပျိုးရေးတွင်ပါ ဦးဆောင်တတ်သော မိန်းမကြီးတစ်ယောက် ဖြစ်ခဲ့လေပြီ။

ကျွန်မတို့ ညီအစ်မသုံးယောက်တွင် ကျွန်မ အရုပ်ဆိုးဆုံးနှင့် ပညာအမဲ့ဆုံးဖြစ်ခဲ့ရခြင်းမှာ အဆန်းတကြယ်တော့ မဟုတ်ပါ။ ကျွန်မ၏ဘဝတွင် ထမင်းတစ်လုပ်၏ တန်ဖိုးကို ကောင်းစွာ သိနားလည်ခြင်း၊ အလုပ်လုပ်ခြင်း၏ အကျိုးကျေးဇူးကို မျက်မြင်ဒိဋ္ဌ ခံစားရခြင်း၊ ခြိုးခြံချွေတာခြင်း၏ ရလဒ်ကို ကောင်းစွာသိရှိ သဘောပေါက်ခြင်းတို့ဖြင့် သဘာဝ အခက်အခဲများကို ကျော်လွှားခဲ့ရပါ၏။

ညီမငယ်နှစ်ယောက်သည်လည်း ခေတ်ပညာကို အတော်အသင့် သင်ယူနိုင်ကြ၍ ဘဝ၏ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးသော ကာလများတွင် အတန်အသင့်ပြည့်စုံခြင်းဖြင့် ရင်ဆိုင်နေရပြီ ဖြစ်သောကြောင့် သူတို့ဘဝသည် ကျေနပ်လောက်ဖွယ်ရှိသည်ဟု ဆိုရပေမည်။ ကျွန်မသည်သာ မိခင်၏ကိုယ်စား ထိန်းကျောင်းပြုပြင်လိုသော ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ကာ သူတို့ ဘဝလမ်းအတွက် စိုးရိမ်ပူပန်ခြင်းဖြင့် အစဉ်လို စိတ်မောခဲ့ရလေသည်။ ကျွန်မဘဝအတွက်တော့ ကျွန်မ မေ့ခဲ့ပြီဖြစ်၏။ ငယ်စဉ်ကာလ၏ ဆင်းရဲပင်ပန်းမှုဒဏ်သည် ကျွန်မ၏ ပျော်ရွှင်ကြည်နူးလိုမှု စိတ်ဆန္ဒများကို ဝါးမျိုဖျက်ဆီးခဲ့လေပြီ။

စားပင် သောက်ပင်တို့ဖြင့် ဝေဆာနေသော ခြံကလေးအတွင်းဝယ် သင့်တင့်သော အိမ်ကလေးတစ်ဆောင်ဆောက်ကာ ညီအစ်မ သုံးယောက်နှင့်အတူ အေးချမ်းစွာနေရသောဘဝကို အခြေကျပြီဟု မှတ်ယူနေမိသော ကျွန်မ၏ အသည်းနှလုံးကို ရုတ်တရက်ခြွေမည့်အဖြစ်မျိုး ကြုံရလိမ့်မည်ဟု ကျွန်မ မတွေးမိခဲ့။ အရာရာသည် ကျွန်မ ထင်သလို အေးဆေးငြိမ်သက်ခြင်းမရှိ။ အတည်တကျမရှိ။ မတည်ငြိမ်သော လူ့ဘဝကို ရင်ဆိုင်ရသည့်အခါ ကျွန်မ အံ့သြမိ၏။

ကျွန်မတို့ ညီအစ်မသုံးယောက်တွင် ခင်လေးသည် အထွေးဆုံးဖြစ်ပြီး အညာမှာမွေးသော်လည်း အသားဖြူ၏။ ရန်ကုန်ရောက်တော့ ခင်လေး အသက် ၁၂နှစ်သာသာ ရှိသေးသည်။ လေးတန်းတွင် ကျောင်းအပ်နိုင်သဖြင့် သူ့ပညာရေးမှာ မလစ်ဟင်းခဲ့ရပေ။ ခင်လေးတစ်ယောက် အထက်တန်းပညာ ဆည်းပူးနိုင်ချိန်မှာ ကျွန်မတို့မိသားစုလည်း နာလန်ထူစအချိန်ဖြစ်၍ ခင်လေးအတွက် ရေကန်အသင့် ကြာအသင့်ပင်။ အမြော်အမြင်ကြီးသော ဦးကြီး၏ စီမံမှုဖြင့် ခင်လေးဆရာဖြစ်သင်တန်း တက်ခွင့်ရသည်။ ညီမလတ်ခင်ထွေးက ခုနှစ်တန်းသာအောင်ပြီး ကျောင်းထွက်ကာ စက်ချုပ်သင်တန်းတက်သည်။ အမေ ကွယ်လွန်ချိန်မှာပင် ကျွန်မတို့ ညီအစ်မ သုံးယောက်သည် ဣန္ဒြေရရ နေနိုင်ပေပြီ။

သို့သော် မထင်မှတ်ဘဲ အငယ်ဆုံးကစ၍ ပြဿနာတက်လာခဲ့ရ၏။ မိခင်လေး အမိုက်မသည် သင်တန်းပြီးစ အလုပ်မရမီကြားမှာပင်

www.burmeseclassic.com

www.burmeseclassic.com



လင်နောက်လိုက်ပြေးလေသည်။ ထိုစဉ်က ယူကြုံးမရခြင်း၊ အံ့ဩခြင်း၊ နှမြောတသခြင်းတို့ဖြင့် ကျွန်မသည် အရူးမကြီးတစ်ယောက်သဖွယ် မစားနိုင် မအိပ်နိုင် ဖြစ်ခဲ့ရသည်မှာ တရားမဲ့လွန်းသည်လား ကျွန်မ မတွေးအားခဲ့။ ဘဝတစ်ခုကို ခက်ခက်ခဲခဲထူထောင်ပြီး အေးချမ်းမှုရကာမှ ဒုက္ခကိုရှာလေသူဟု ညီမအပေါ် နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။ ကျွန်မအတွက်ကတော့ အိမ်ထောင်တစ်ခု ထူထောင်ခြင်းကို မိမိတစ်ဝမ်းတစ်ခါးအတွက် ယောကျ်ားတစ်ယောက်ကို အားကိုးခြင်းဟုသာ ကျဉ်းမြောင်းစွာ တွေးခေါ်ခဲ့ပါသည်။

'သင်းထိုက်နဲ့သင်းကံ နေပေ့စေ၊ ငါတို့ကတော့ မိတဆိုး ညီမလေး တွေရယ်လို့ အနစ်နာခံပြီး ရှာဖွေ ကျွေးမွေးခဲ့ရတယ်၊ ခုတော့ အတောင် အလက်စုံလို့ ပုန်ကန်ပြီးသွားတာ သွားပစေ၊ ငါ့ခြံရိပ်ကို မနင်းစေနဲ့၊ သင်းဒုက္ခရောက်မှ သိမယ်'

တကယ်တော့ ဆင်းရဲခြင်းမှ လွတ်မြောက်လာသော ကျွန်မသည် လူ့ဘဝ၏ အဓိပ္ပာယ်ကို စားဝတ်နေရေး တစ်ခုတည်းသာဟု စွဲလမ်း ယုံကြည်နေဆဲ ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာ၏ နှစ်သိမ့်ကြည်နူးစေမှု၊ သာယာချမ်းမြေ့မှု၊ ရင်ခုန်လှုပ်ရှားမှုတို့ကို စိုးစဉ်းမျှပင် မတွေးမိခဲ့ပါချေ။

'ကိုယ်တိုင်က ဆရာမကြီးတစ်ယောက်ဖြစ်တော့မှာပဲ၊ ဘယ် ယောကျ်ားကို အားကိုးဖို့ လိုသတုန်း၊ သင်းကိုက မိုက်လိုက်လေ၊ အပူမရှိ အပူရှာတဲ့ မိခင်လေး အမိုက်မ၊ အငယ်ဆုံးမို့ ပညာတွေ သင်ပေး ထားတာ အတတ်ကြူးလို့ ဘီလူးဖြစ်ပြီလေ'

ခုနစ်ရက် ခုနစ်လီမျှ မပြီးနိုင် မစီးနိုင် ဆူပူကြိမ်းမောင်းနေသော ကျွန်မကြောင့် ခင်လေးသည်လည်း အိမ်ဘက်ကို ခြေဦး မလှည့်ဝံ့ပါ။ ညီမလတ် ခင်ထွေးသည်လည်း နားရွက်ပင် မခတ်ဝံ့ခဲ့။ မြကြီးကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို တရားချ၍ မရ။ နောက်ဆုံးတော့ ကျွန်မသည် စိတ်နာနာဖြင့် နှင်းဆီခြံနှင့် ကြက်ခြံကိုရောင်းကာ စမ်းချောင်းဘက်သို့ ပြောင်းရွှေ့လာခဲ့ပါသည်။ ရှိသမျှငွေလေးကို အတိုးချစားရင်း ခင်ထွေးက အင်္ကျီချုပ်ရင်းဖြင့် လစ်ဟာသွားသော အသည်းနှလုံးတစ်ခြမ်းကို မေ့ပျောက်ကာ အေးချမ်းမှုကို ရှာခဲ့ရ၏။ ခင်ထွေးသည် ခင်လေးအဖြစ်ကိုပါ စုပေါင်းခံယူရင်း ယောကျ်ားဆိုလျှင် မျက်လုံးမှ စွေမကြည့်ဝံ့အောင် ကျွန်မ မျက်စိအောက်မှာ သေသေဝပ်ဝပ် နေရရှာ၏။

'ခုဆိုကြည့်၊ မိခင်လေးတစ်ယောက် ကလေးတစ်ယောက်နဲ့ ဘယ်လောက်ကသီနေပြီလဲ၊ အလုပ်ကတစ်ဖက်၊ ကလေးကတစ်ဖက်နဲ့ ဖတ်သီဖတ်သီ ဖြစ်နေပြီလေ၊ ဟင်း၊ ငါတစ်ခါ ဘတ်စ်ကားပေါ်က လှမ်းတွေ့လိုက်ပါတယ်၊ ခြင်းစုတ်တစ်လုံးနဲ့ လူရုပ်ကိုမပေါ်ဘူး'

တကယ်တော့ ခင်လေးသည် ကျွန်မကို မိခင်ကိုယ်စား ချစ်လည်းချစ်ရှာ၏။ ကြောက်လည်း ကြောက်ရှာ၏။ ကျွန်မကို ရင်မဆိုင်ဝံ့၍ ကလေးတစ်ယောက်ရသည်အထိ ကျွန်မဆီ မလာရဲ။ ခင်ထွေးနှင့်မူ တိတ်တဆိတ် တွေ့ဆုံကြပုံရ၏။ ခင်လေး၏ ယောကျ်ားသည်လည်း ကျောင်းဆရာတစ်ယောက်ပင် ဖြစ်သော်လည်း သူတို့ ချို့တဲ့ပုံရ၏။ သာကေတမှာနေ၍ မြေနီကုန်းမှာ အလုပ်ဆင်းရသည်။ သည်အကြောင်းများကို ခင်ထွေးပြောပြသော်လည်း ကျွန်မ ဆူပူကြိမ်းမောင်းထား၍ နောက်ထပ် မပြောရဲတော့။

'သူ့ဟာသူ သူ့ဘဝ သူဖန်တီးချင်တဲ့ကောင်မ၊ နေချင်သလို နေပေစေ၊ အိမ်မှာ မပူမပင် မကြောင့်မကြ နေရရက်သားနဲ့ အားကိုးရှာချင်တဲ့ ကောင်မ'

ကျွန်မမှာတော့ ရင်ခွင်ထဲမှ ခွဲထွက်ထားသော သမီးတို့သို့ရှိရသည့် ညီမတစ်ယောက်အတွက် သံယောဇဉ်ကြီးမားလှသော်လည်း ဒေါသမီးကို

www.burmeseclassic.com

www.burmeseclassic.com



မသိမ်းဆည်းနိုင်ခဲ့။ သူ့အမှားဒဏ်ကို သူခံစေချင်သော ဆန္ဒတွေ ဆူဝေနေခဲ့၏။ ပြည့်စုံအေးချမ်းစွာနေရသည့် ဘဝမှ နေပူထဲကို ထွက်ချင်သူ မိန်းကလေး။ သူ့လောက်မှားတာ မရှိ။

နောက်ဆုံးတော့ ခင်လေးက အရဲစွန့်၍ လာခဲ့ပါသေးသည်။ သည်တစ်ခါတော့ သူ့နောက်မှာ ကလေးနှစ်ယောက်ပါလာချေပြီ။ ခင်လေးသည် အိမ်ပေါ်သို့ မရဲတရဲတက်လာသော်လည်း ကျွန်မကိုတော့ ခပ်ရဲရဲကြည့်ကာ ထိုင်ကန်တော့၏။ သူ့ယောကျ်ားနှင့် ကလေးနှစ်ယောက်ကလည်း ကန်တော့၏။ သီတင်းကျွတ်ရက်ဖြစ်သဖြင့် မုန့်ပဲချိုချဉ်ဖြင့် လာကန်တော့ခြင်းဖြစ်ရာ သူ့အကြံဉာဏ် မဆိုးလှ။ ခင်ထွေးကတော့ သူတို့ချင်းကြိုတင်တိုင်ပင်ထားသည့်အလား စကားတွေ ရွှန်းရွှန်းဝေအောင် စေ့စပ်ပြောလေး ပြောပေးရင်း ကလေးတွေကိုလည်း ကျွန်မဆီ မသိမသာတွန်းပို့၏။ အကြီးက ယောကျ်ားလေး၊ အငယ်က မိန်းကလေး၊ မျက်လုံးပြူးလေးများဖြင့် ချစ်စရာ။ သို့သော် ကျွန်မနှုတ်မှ ဘာစကားတစ်ခွန်းမျှ ထွက်မလာ။ ခင်လေးတို့ မိသားစုတစ်သိုက်ကို စေ့စေ့စပ်စပ်အကဲခတ်ကြည့်နေမိသည်။ ရသမျှဖြင့်လောက်ဝအောင် ခြိုးခြံနေထိုင်ရသော သာမန်လခစားတို့၏ အသွင်သဏ္ဌာန်က ဖုံးမရ။ အိမ်မှာနေစဉ်ကတော့ ခင်လေးကို ပညာတတ်မကြီးမို့ အကောင်းဆုံးတွေကို ဖို့ခဲ့ရသည်။

ကြာလာတော့ ခင်လေးယောကျ်ားက အနေခက်လာပုံရ၏။ တစ်ယောက်တည်း ဒိုင်ခံဧည့်ခံနေသော ခင်ထွေး၏ အသံကလည်း အားပျော့လာသည်။

'ကျွန်မတို့ ပြန်မယ် မမကြီး'

ခင်လေးသည် ဒုတိယအကြိမ် လက်အုပ်ချီကန်တော့၏။ ခင်လေးအသံ တုန်ယင်နေသည်။ ခင်ထွေးလည်း မျက်နှာပျက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ထွေး'

ကျွန်မက ခင်ထွေးဘက်လှည့်၍ ခေါ်လိုက်သည်။ အားလုံးက ကျွန်မကို အာရုံစူးစိုက်၍ ကြည့်ကြ၏။

'ဘာလဲ မမကြီး'

ခင်ထွေးက အားတက်သရောမေးသည်။

'ငွေငါးရာယူပြီး ကလေးတွေကို ပေးလိုက်'

ရုတ်တရက်တော့ ခင်ထွေးကြောင်သွား၏။ ပြီးတော့မှ နေရာမှ ထမည်ပြုသည်။ ခင်လေး၏ ယောကျ်ားသည် ဆတ်ခနဲထကာ တံခါးဝဆီ လျှောက်သွားလေသည်။ ခင်လေးက ခင်ထွေးလက်ကို လှမ်းဆွဲလိုက်သည်။

'နေပစေ မမငယ်၊ ယူမပေးပါနဲ့၊ ကျွန်မ မလိုချင်ဘူး၊ ကျွန်မ မမကြီးကို လာကန်တော့တာပါ၊ မမကြီးကို တွေ့ချင်လို့လာတာပါ၊ ကျွန်မ ပိုက်ဆံလိုချင်လို့ လာတာမဟုတ်ပါဘူး'

ခင်လေး၏ အသံသည် မာနသံနှင့် ဝမ်းနည်းသံရောယှက်၍ နေ၏။ ခင်ထွေးလည်း နေရာမှ မထတော့။ မျက်ရည်ဝဲကာ ခေါင်းငုံ့၍ နေသည်။

ခင်လေးတို့ ပြန်သွားသောအခါ ခင်ထွေးသည် ကျွန်မကို ပထမဆုံး အကြိမ် ဆန့်ကျင်သောစကားကို ဆိုလေသည်။

'ဒါတော့ မမကြီးလွန်တာပေါ့၊ မမကြီးက သံယောဇဉ်ကို ငွေနဲ့ဖြတ်သလို ဖြစ်နေပြီ။ ခင်လေးတော့ သိပ်စိတ်နာသွားမှာပဲ၊ သူစိမ်းလဲပါတယ်၊ မမကြီးက ကလေးတွေကိုတောင် စကားတစ်ခွန်းမှ မပြောဘူးဆိုတော့ မမကြီးမှာ အသည်းနှလုံးမှ ရှိရဲ့လား'

ကျွန်မသည် ခင်ထွေးနှုတ်မှထွက်လာသော စကားလုံးတွေအတွက် အံ့ညြသော်လည်း မတုန်လှုပ်မိပေ။ တကယ်တော့ ကျွန်မတွင် အသည်းနှလုံး ရှိဟန် မတူတော့။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို အပိုတွေပြောမနေနဲ့ မိခင်ထွေး၊ သံယောဇဉ်ရှိလို့သာ ငါ နင်တို့တွေအတွက် ကြက်အစာရှာသလို ယက်ပြီးရှာခဲ့တာပေါ့ဟဲ့၊ ခု ကြည့်စမ်း၊ ခင်လေး ဆင်းရဲနေပြီ၊ ငါနဲ့အမေ ခက်ခက်ခဲခဲ ဖန်တီးပေးခဲ့ရတဲ့ ဘဝမှာ အေးအေးချမ်းချမ်း မနေချင်ဘူး'

'ဒါတော့ သူလဲ သူ့သဘာဝ ချစ်တာ ကြိုက်တာရှိသေးတာပေါ့ မမကြီးရဲ့'

ကျွန်မသည် ခင်ထွေးကိုပါ မယုံသင်္ကာသော အကြည့်ဖြင့် ကြည့်မိလေပြီ။ သြော် လူ့သဘာဝ ချစ်တာ ကြိုက်တာ ရှိသေးသတဲ့လား၊ သည်တစ်ခါတော့ ကျွန်မ အနည်းငယ် တုန်လှုပ်မိ၏။

'သြော် ဒီလိုလား၊ ကောင်းပါလေရဲ့အေ၊ ညည်းလဲ ချစ်တာ ကြိုက်တာရှိရင် သွားပါ၊ ကွတော်မူပါ၊ သွားကြ သွားကြ ငါ့အိမ်ပေါ်က ဆင်းသွားကြ၊ သံယောဇဉ်စကားတွေလဲ မပြောကြနဲ့၊ လင်ယူသားမွေး အလုပ်နဲ့ ထမင်းဝအောင်ရှာစားကြ၊ သွားကြ'

ကျွန်မမှာတော့ ဆင်းရဲတွင်း နက်ခဲ့ရသောဘဝမှ ရုန်းကန်တက်ခဲ့ရသော ပင်ပန်းနွမ်းနယ်မှုများကို ယနေ့တိုင် မေ့မရသေး။နောက်ထပ်တစ်ဖန် ပင်ပန်းဆင်းရဲရမည့်အလုပ်မျိုးကိုလုပ်ရန် လုံးဝ စိတ်ကူး၍ မရပါပေ။ နေရပ်မှာရောက်နေပါလျက် အဘယ်ကြောင့် နေပူထဲ ပြန်သွားတော့မည်နည်း။

\+ + +

ခင်ထွေးကတော့ ခင်လေးထက် ပိုသတ္တိရှိသည်ဟု ဆိုရပေမည်။

ခင်ထွေးသည် ကျွန်မကို ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ချင်းလဲ မေတ္တာမျှနေပြီ၊ သူ့မိဘတွေကလဲ သဘောတူတယ်၊ အဲဒါ သူတို့လာရင်တော့ မမကြီး အဆင်ပြေအောင် စကားပြောပါနော်'

ခင်ထွေးသည် ကျွန်မထက် သုံးနှစ်သာ ငယ်သူဖြစ်၍ သူ့အသက်လည်း မနည်းတော့။ အိမ်ထောင်သားမွေးပြုမည်ဆိုလျှင် ပြုလောက်သည်။ သို့သော် သူ့စက်ချုပ်သည့်ဝင်ငွေမှာ ကျွန်မတို့ တစ်ဝမ်းတစ်ခါးအတွက် ဖူလုံပြီးသားဖြစ်ပါလျက် အဘယ်ကြောင့် သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပေါင်းဖက်ဦးမည်ကို ကျွန်မ စဉ်းစား၍မရ။ သို့သော် သူပြောသလို ချစ်တာကြိုက်တာနှင့်ပင် ပေါင်းစည်းကြမည်ထင်သည်။ အချစ်သည် ထာဝစဉ် ခိုင်မြဲပါမည်လား၊ သူတို့ပြောသည့်အချစ်သည် ထမင်းမစားဘဲ ချစ်နိုင်မည့် အချစ်လား၊ အိမ်ထောင်ရေးပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် အချစ်လား၊ ကျွန်မ သိတတ်စအရွယ်တွင် အဖေနှင့်အမေတို့သည် အချစ်အကြောင်းပြောသံမကြားရ။ ဆီအကြောင်း ဆန်အကြောင်းသာ ပြောသံကြားရ၏။ အဖေမရှိတော့သည်တွင်လည်း အဖေ့ကို ချစ်စိတ်ဖြင့် လွမ်းသံမကြားရ။ ညည်းညူတမ်းတသံသာ ကြားရလေသည်။ ခုတော့ ညီမတွေက ချစ်တတ်နေကြပါလား၊ ကျွန်မဘဝတွင်တော့ တစ်ခါမျှ မချစ်တတ်ခဲ့ဘူးပေ။

ခင်ထွေသည် သူ့မင်္ဂလာပွဲကို သူ့ဘာသာအကျဉ်းချုံး၍ စီမံ၏။ ကျွန်မသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ သူ့အစီအစဉ်အတိုင်း ဘေးမှ ခပ်မဆိတ်နေလိုက်၏။ သူ့ သတိုးသားမှာ ရပ်ကွက်ထဲမှ လူရွယ်တစ်ယောက်ဖြစ်ပြီး စာရေးစာချီ ဖြစ်ဟန်တူ၏။ ခင်ထွေးသည် အပျိုဘော်ပင် စကာစပြီး တကုတ်ကုတ်စက်ချုပ်ကာ ချွေတာစုဆောင်းခဲ့သောအလုပ်ကို အိမ်ထောင်ရေးအတွက် အချစ်အတွက် စွန့်ကြပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ထွေးကပင် စကားစ၍ဆို၏။

'မမကြီး ဒီအိမ်မှာပဲ အေးအေးဆေးဆေး နေရစ်ပါ၊ ကျွန်မ မကြာမကြာ လာခဲ့ပါ့မယ်၊ မမကြီးအတွက် အဖော်တစ်ယောက်လဲ ရှာပေးခဲ့မယ်၊ အိမ်လဲနီးသားပဲလေ၊ လိုတာရှိရင်ခေါ်လိုက်ပေါ့'

ကျွန်မ သဘောကိုသိသော ခင်ထွေးသည် သူ့စကားလေးတစ်လုံးကို မကာ ကျွန်မကို လမ်းခွဲဖို့ပြင်လေသည်။ ကျွန်မရင်မှာ လှုပ်ရှားလှသော်လည်း 'မသွားပါနဲ့ညီမရယ်၊ မမကြီးနဲ့အတူနေပေါ့' ဟု မတားမိ ယောက္ခမတွေ ယောင်းမတွေကြားမှာ မျက်နှာငယ်ရှာဦးမည့် သူ့အဖြစ်ကို သူကမှ တွေးမပူဘဲ သွားပေစေပေါ့။ မမကြီးရဲ့ အိမ်မှာလို ရသမျှငွေလေး ကျစ်ကျစ်ပါအောင်စုပြီး လက်ကောက်တွေ ခုနစ်ကွင်းဆင့်ဝတ်နိုင်မတဲ့လား'

'ငါ့အတွက် ဘာမှမပူနဲ့၊ အေးအေးသာနေ၊ ခဏ ခဏလဲ လာစရာ မလိုပါဘူးအေ၊ ညည်းဘာသာပဲ အဆင်ပြေအောင် နေပါလေ'

ခင်ထွေးသည် တည်ငြိမ်စွာပင် ကျွန်မ အိမ်ပေါ်မှ ဆင်းသွား၏။

သြော် အချစ်၏ စွမ်းပကားများ ကြီးမားကြပေစွ။

\+ \+ \+

တစ်ယောက်တည်းနေရတာလဲ အရသာတစ်မျိုးပါပဲ။ အပူအပင်မရှိ၊ အကြောင့်အကြမရှိ။ အဖော်ခေါ်ထားသော ကောင်မလေးတစ်ယောက်ရှိသည်မို့ အိမ်အတွက် ပူစရာမလို။ ထမင်းအိုး ဟင်းအိုးကလည်းသေးလှ၏။ အိမ်တွင်တော့ နေ့ပြန်တိုးယူသူဈေးသည်များ၊ လက်သိပ်ထိုး ပေါင်နှံရေး ချသူများနှင့် စည်ကား၍နေတတ်၏။ တိတ်ဆိတ်သောညများတွင် တုန် လှုပ်ချောက်ချားသလို၊ ဝမ်းနည်းသလို ရှိသော်လည်း ပုတီးစိတ်ခြင်း၊ တရား

www.burmeseclassic.com

www.burmeseclassic.com



မှတ်ခြင်းဖြင့် ဖြေဖျောက်လိုက်၏။ ညီမတွေ၏ စားဝတ်နေရေးအတွက် တွေးပူသော်လည်း 'သူတို့တောင် မကြောက်လို့ ဖွတ်တိုးကြသေးတာပဲ'ဟု ဖြေသိမ့်လိုက်၏။တစ်ခါတစ်ရံတော့လည်း ဟင်းလင်းပြင်ထဲ လမ်းလျှောက်နေရသလို ရင်ထဲမှာ မဖော်ပြနိုင်စွမ်းသော လစ်ဟာမှုမျိုးကို ခံစားရပါသည်။

တစ်ယောက်တည်းသမား အပျိုကြီးမို့ ကြားလူဖြင့် လာရောက်စပ်ဟပ်သူများ ရှိသော်လည်း ကျွန်မ စိတ်မဝင်စားခဲ့။ ချစ်တတ်သော အသည်းနှလုံးနှင့် ခံစားတတ်သော အလိုဆန္ဒများသည် ကျွန်မဘဝတွင် အဘယ်ကြောင့် ကွယ်ပျောက်ခဲ့ရသနည်း။ ကျွန်မ ကိုယ်တိုင်လည်း မတွေးတတ်တော့။ ဆင်းရဲမှာကိုကြောက်ခြင်းသည် ကျွန်မဘဝကို လွှမ်းခြုံ ဖုံးအုပ်ထားဟန်တူပေသည်။

ခင်ထွေးကတော့ မကြာမကြာ ရောက်လာတတ်၏။ ရှိသမျှကို လုန်လှော်စားသောက်သွားပြီး လုပ်စရာရှိသည်ကိုလည်း လုပ်ပေးသွားတတ်၏။ ခင်ထွေး၏ တစ်စ တစ်ပိန်ချုံးလာသော ကိုယ်ခန္ဓာကိုကြည့်ကာ အိမ်ထောင်ရေးအတွက် မြှုပ်နှံစတေးလိုက်ရသော စွမ်းအင်များကို တွေးဆနမြောမိ၏။ ခင်ထွေးကတော့ သူ့ဘဝ သူကျေနပ်သည်သာ။ သူ့အိမ်အကြောင်း ယောက်္ျားအကြောင်း ဆိုးသည်ကောင်းသည် ဘာမျှမပြော။ သို့သော် သူ့အကြောင်းကို ကျွန်မကြားနေရပါသည်။ ဟန်ဆောင်ကောင်း၍ အရာရာချို့တဲ့လျက်ရှိသော သူတို့မိသားစုကို ခင်ထွေး လုပ်ကျွေးနေရပေပြီ။ ပြီးတော့ ခင်ထွေးက ပညာမတတ်။ လက်မှုပညာဖြင့် အလုပ်လုပ်ရသည်မို့ အထင်သေးကြသည်တဲ့။

တစ်ခါမှာတော့ ခင်ထွေးတစ်ယောက် မဝံ့မရဲဖြင့် ကျွန်မဆီ ရောက်လာသည်။ သူနှင့်ကျွန်မသည် ဘဝကို အတူရုန်းကန်ခဲ့ရသည်မို့ ကျွန်မကို သူယုံကြည်အားကိုးပုံရ၏။ ခင်ထွေးသည် အပြုံးမပျက် ဟန်ဆောင်ရင်း အသံမှန်ဖြင့် ကျွန်မကို ပြော၏။

www.burmeseclassic.com



'ခု စက်ကလေးကလဲ ချုချာတယ် မမကြီးရယ်၊ ဘီတင်စက်ကလေး ကောင်းကောင်းတစ်လုံးနဲ့ လဲချင်လို့ ငွေငါးရာလောက် ခဏလှည့်ပါ မမကြီး'

ခင်ထွေး တစ်ကိုယ်လုံးကို ကျွန်မ အကဲခတ်လိုက်၏။ လက်ကောက် တစ်ရံမျှလွဲ၍ ဘာမျှမရှိတော့။ ကျွန်မက ဘာမျှမပြော၊ ငွေငါးရာကို ထုတ်ပေးလိုက်သည်။ ခင်ထွေးသည် ရယ်သလို မောသလိုနှင့် ကျွန်မကို ပြောသေးသည်။

'မမကြီး ယူနေကျအတိုင်း ယူပေါ့'

'ငါက ပစ္စည်းမပါရင် တစ်ဆယ်ယူတာ အေ့'

'ကျွန်မ လက်ကောက်တွေ ထားခဲ့မယ်လေ၊ သုံးကျပ်ယူ'

ခင်ထွေးသည် ပြုံးကာရယ်ကာဖြင့် သူ့ လက်ကောက်တွေကို ချွတ်၏။ ကျွန်မက ဘာမျှမပြောဘဲ ခပ်အေးအေးကြည့်နေသောအခါ ခင်ထွေး မျက်နှာပျက်လာ၏။ ၄င်းနောက် ကျွန်မကို မယုံမရဲကြည့်ရင်း ကျွန်မလက်ထဲကို လက်ကောက်များထည့်ပေးလေသည်။ ခင်ထွေးသည် ကျွန်မကို လက်မကြည့်တော့ဘဲ တိတ်ဆိတ်စွာပင် ဆင်းသွား၏။ ကျွန်မ မှာ ပြောချင်သောစကားများရှိပါလျက် နှုတ်လေးကာ မပြောဖြစ်တော့ပေ။ တကယ်တော့ ခင်ထွေးဆီက အတိုးယူဖို့လည်း စိတ်မကူး။ ငွေကို ပြန်ယူဖို့လည်းစိတ်မကူးပါ။ သူ့လက်ကောက်များကိုတော့ သူ့လက်ထဲမှာ ထားလျှင် တစ်စတစ်စ ပျောက်ပျက်သွားမည်စိုး၍ သိမ်းဆည်းထားလိုက် သည့်သဘောဖြစ်ပါသည်။

ခင်ထွေး ကျွန်မကို စိတ်နာသွားဟန်တူပါသည်။ အတိုးလည်း လာမဆပ်၊ သူ့ပစ္စည်းကိုလဲ လာမယူတော့ပါ။ ကျွန်မ သူ့ဆီကိုသွားပြီး အကျိုးအကြောင်းပြောဖို့ကြံပါသည်။ သို့သော် အတန်ကြာကြာ ဖြစ်ပွားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



သားအိမ်နှင့်ပတ်သက်သည့် ရောဂါပြန်ပေါ်လာသဖြင့် ကျွန်မ အိပ်ရာထဲ လဲပါတော့သည်။

\+ + +

အတွေးပေါင်းများစွာဖြင့် နိုးတစ်ဝက် ပျော်တစ်ဝက်ဖြင့် ဖြစ်နေရာမှ ဆူညံသော အသံများကြောင့် အိပ်ရာမှ ပြန်နိုးလာမိ၏။ ဆေးရုံတွင်းသို့ ဧည့်သည်များ အဆက်မပြတ်ဝင်လာပါသည်။ ခဏအကြာတွင်ပင် လူနာ နှစ်ယောက်သာရှိသော ကျွန်မတို့ အခန်းလေးထဲမှာ ဧည့်သည်များပြည့်၍ သွားလေသည်။ သို့သော် ကျွန်မ ဧည့်သည်ကား တစ်ယောက်မျှမပါ။ တစ်ဖက်မှ သားအိမ်ကင်ဆာဖြင့် လာရောက်ကုသနေသူ အဘွားကြီး၏ သားသမီးဆွေမျိုးများပင် ဖြစ်ပါလေသည်။ အဘွားကြီး၏ အခြေအနေက သိပ်ဟန်ပုံမပေါ်ပါ။ လာရောက်သူများ၏ မျက်နှာတွင် စိုးရိမ်ပူပန်မှု အရိပ်လက္ခဏာကို အထင်းသားမြင်နေရသော်လည်း သူတို့နှုတ်ကမူ လူနာ အားတက်စေမည့် စကားများကို ရွှန်းရွှန်းဝေအောင် ပြောနေကြလေသည်။

'မေမေ့ သားကြီးဆီက ဒီနေ့ပဲ စာရောက်လာတယ် မေမေ၊ တပ်ရင်းကို ပြန်ရောက်နေပြီတဲ့၊ အလုပ်ကိစ္စတွေ ပြီးပြီးချင်း ရန်ကုန် ဆင်း လာမယ်တဲ့၊ မေမေ့ဖို့ ယုန်မွေးဆွယ်တာတောင် ဝယ်လာသေးတယ်တဲ့၊ မေမေ ဆေးရုံကဆင်းရင် ဝတ်ရမှာ အတော်ပဲ'

အဘွားကြီးက ကျေနပ်အားရဟန်ဖြင့် ပြုံးနေ၏။ သူ့ခင်ပွန်း ဖြစ်ဟန် တူသော အဘိုးကြီးသည် သားသမီးတွေကြားတွင် မားမားကြီး ရပ်ကာ အေးချမ်းဆိတ်ငြိမ်စွာ ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတော့ တတ်သမျှ မှတ်သမျှ ပေါင်းလာတာပဲ၊ မေမေ ကြိုက်ပါ့မလား မသိဘူး'

ချွေးမဖြစ်သူက သူယူလာသော ဟင်းခွက်ကို အဘွားကြီးရှေ့ တိုးပေး၏။ သမီးဖြစ်သူက အသာယူပြီး ခွဲ့ပေးလေသည်။

'အေးမာလဲ စာမေးပွဲအောင်တယ် မေမေရဲ့၊ ဂုဏ်ထူးသုံးခုတောင်မှ အဲဒါ အိမ်မှာ မုန့်ဟင်းခါးချက်ပြီး သူငယ်ချင်းတွေ ခေါ်ကျွေးမလို့တဲ့၊ ဘွားဘွားကိုလဲ ဆုချခိုင်းမယ်လို့ ပြောနေလေရဲ့'

'အေး အေး၊ ငါ့မြေးက တော်သား၊ ဆုချရမှာပေါ့ကွယ်'

အဘွားကြီးဆီမှ ရွှင်လန်းအားတတ်သော အသံကို ကြားကြရ၏။ ခဏ္ဍခဏတော့ ရောဂါဝေဒနာကို မေ့ပျောက်နေဟန်တူလေသည်။

'ဟဲ့ ဒီမှာ မုန့်တွေအများကြီးပဲ၊ စားမကုန်တော့ဘူး၊ ငါ့မြေးတွေကို ပေးလိုက်ပါဦး၊ စားကြ'

အဘွားကြီးက မုန့်ထုပ်များကို လက်ညှိုးညွှန်ကာ အတူပါလာသော ကလေးများကို ကျွေးစေလေသည်။ ညှော်နှင်ခေါင်းလောင်းထိုးပြီး အတန်ကြာမှပင် အိမ်သားတွေ ပြန်သွားကြသည်။ ကျွန်မသည် တစ်ဖက် ခုတင်ပေါ်မှာ အိမ်ကပါလာသော ကြက်သားကြော်နှင့် ဆေးရုံအလုပ် သမားကို ဝယ်ခိုင်းထားသော ထမင်းကို ကြိုးစား၍ စားနေရ၏။ ဆေးရုံမှ ညှော့သည်တွေကုန်ခါနီးမှ အဖော်ကောင်မလေး မရွှေ ပြေးဝင်လာလေ သည်။

'အမလေး မမကြီးရယ်၊ မမကြီးအခန်းကလဲ ရှာရခက်လိုက်တာ ကျွန်မ မနေ့က အခန်းသွားရှာတာ မတွေ့လို့၊ မမကြီး ဗိုက်ခွဲပြီးပြီလား ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာမျှမပြော၊ ခေါင်းသာအသာညိတ်ပြလိုက်၏။ တကယ်တော့ ဗိုက်မခွဲပါ။ မေ့ဆေးပေးပြီး သားအိမ်ကို စစ်ဆေးပါသည်။ အခြား ဘာတွေလုပ်သည်တော့ မသိပါ။

'မမကြီးမှာတာတွေ အကုန်ယူလာတာပဲ၊ စုံရဲ့လား ကြည့်ပါဦး၊ မနက်ကျ ကျွန်မ ထမင်းလာပို့ရမလား'

'နေပေစေ မပို့နဲ့၊ အိမ်ကို ဘယ်သူတွေလာကြသေးလဲ'

'ခင်ထွေးများ လာသေးလား'ဟု မေးလိုသော်လည်း မမေးတော့ပါ'

''မမကြီးဆီလာနေကျ ဈေးသည်တွေ လာတာပဲ၊ မမကြီး ဆေးရုံတက်နေတယ်လို့ ပြောလိုက်တယ်၊ အိမ်ဘေးက အဒေါ်ကြီးကတောင် မနက်ကျ လာမေးဦးမယ်လို့တဲ့'

'အေး ငါလဲ သိပ်မကြာပါဘူး၊ နှစ်ရက် သုံးရက်ပဲ၊ ကဲ ဒါတွေ သိမ်းလိုက်စမ်း၊ စားလို့လဲ မရပါဘူး'

'မမကြီးကလဲ ဘယ်စားကောင်းမလဲ၊ ဟင်းတွေက ခြောက်ကပ်ကပ်နဲ့'

တကယ်တော့ ကျွန်မဘဝကြီးကိုက ခြောက်ကပ်ကပ်နိုင်လှသည်ကို ယခုမှပင် ကျွန်မ သတိပြုမိပါသည်။ ကျွန်မတွင် ဆေးဝါးအစုံအလင် ရှိပါသည်။ ငွေရှိပါသည်။ သို့သော် ငွေဖြင့်ဝယ်၍မရနိုင်သော အရာတွေ ရှိပါသေးကလား။

တစ်ဖက်ခုတင်က အဘွားကြီးသည် နှစ်ခြိုက်စွာ အိပ်မောကျသွားပါပြီ။ ကျွန်မသည်သာ တိတ်ဆိတ်သော ညလယ်မှာ ချောက်ချားစွာ နိုးကြားလျက်ရှိပါသည်။ နေ့လယ်က အိပ်ရေးဝထားသဖြင့် တစ်ကြောင်း၊ အတွေးပေါင်းစုံ ဝင်ရောက်နှောက်ယှက်မှုကြောင့်တစ်ကြောင်း ဘယ်လိုပင် ကြိုးစား၍ အိပ်သော်လည်း အိပ်မပျော်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးတစ်ယောက် သားသမီးတွေနှင့် လောက်မှ လောက်ငှပါလေစ။ ကလေးတွေကလည်း ချစ်စရာ။ အတူသာနေကြမည်ဆိုလျှင် ငါ့သားသမီးတွေနှင့်မခြား ချစ်ရမှာပဲ။ စောစောက မိသားစုလို ဆူဆူညံညံနှင့် ပျော်စရာကြီးနေမှာ။ ခင်ထွေးလည်း ယောက္ခမနှင့် အဆင်ပြေမှ ပြေပါလေစ။ ကိုယ့်အရပ် ကိုယ့်ဒေသ မဟုတ်သည့်နေရာမှာ ခမျာတစ်ယောက်တည်းမျက်နှာငယ်ရှာပေမည်။ ဘာပဲဖြစ်ဖြစ် ညီအစ်မတစ်တွေ စည်းစည်း လုံးလုံးသာဆိုလျှင် တစ်လောကလုံးကို ရင်ဆိုင်ရဦးတော့ မှုစရာမဟုတ်။ ယခုတော့ မိမိတစ်ယောက်တည်း၏ အယူအဆအောက်မှာ အားလုံးဖရိုဖရဲ ဖြစ်ခဲ့ရလေသည်။

မိုးသာ စင်စင်လင်းလာ၏။ ကျွန်မ အိပ်မပျော်ပါ။

နောက်နေ့တွင် အထူး သူနာပြုဆရာမတစ်ဦးငှားရန် ဆုံးဖြတ်လိုက်ရပါသည်။ ဘေးခုတင်မှ အဘွားကြီးသည် အိပ်ရာမှ တော်တော်နှင့်မနိုး။ ဆရာမလေးများ အဖျားလာတိုင်းချိန်တွင် အဘွားကြီး အခြေအနေ စိုးရိမ်ရကြောင့်ဖြင့် သူ့အိမ်ကို ဖုန်းဆက်ကြလေသည်။ အဘိုးကြီးနှင့် သားကြီး သမီးကြီးများ ချက်ချင်းရောက်လာကြလေ၏။

အဘွားကြီးသည် ခင်ပွန်းဖြစ်သူနှင့် သားသမီးများကို နူတ်ဆက်သော အကြည့်ဖြင့် ကြည့်၏။ သေခြင်းတရားကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသော်လည်း တုန်လှုပ်ပုံမပေါ်ပါ။ လောကတွင် ကျရာနေရာမှ တာဝန်ထမ်းဆောင်ပြီးဆုံးပြီမို့ အေးဆေးစွာ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ထားသည့်နှယ်ပင်။ သားသမီးများသည် မိခင်ဖြစ်သူ၏ နောက်ဆုံးအချိန်ကို ကြေကွဲစွာစောင့်ကြည့်ရင်း တောင်းဆုပြုနေကြပုံရ၏။ ဘဝခရီးမှ ထွက်ခွာသွားမည့်သူနှင့် ကျန်ရစ်သူတို့အကြားတွင် မေတ္တာတရား၏ အရောင်သည် တောက်ပလျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရား ဘုရား၊ ငါ့သာအခုနေ သေသွားရင်တော့ ငါ့အတွက် ဘာမှ မရှိပါလား၊ ပစ္စည်းဥစ္စာလျှော့ပါးဆင်းရဲမှာ စိုးရိမ်ပူပန်ရတဲ့ သောက၊ ဖြစ်လာသမျှကို လောကဓမ္မတာရယ်ပဲရယ်လို့ မဖြေဖျောက်နိုင်တဲ့ ဒေါသ တွေနဲ့ နောင်ဘဝမှာ ပိန်းပိတ် မှောင်နေတော့မှာပဲ'

မကြာခင်မှာပင် ကျွန်မအတွက် သူနာပြုဆရာမ ရောက်လာပါသည်။

'မခင်အေးဆိုတာလား'

'ဟုတ်ပါတယ်'

'အပျိုကြီးနော်'

'ဟုတ်ကဲ့'

'အင်း အပျိုကြီးတွေလဲ သားအိမ်က ဒုက္ခပေးတတ်သေးတာပဲ၊ တချို့လဲ အိမ်ထောင်ပြုရင် ပျောက်သွားရော၊ ယောကျ်ားယူလိုက်ပါလား ဟဲ ဟဲ'

'မစွံလို့ပါ ဆရာမရယ်'

ကျွန်မသည် စကားပြောဖော်ရသဖြင့် ပေါ့ပါး ရွှင်လန်းသွား၏။

'ရတာမလို လိုတာမရနဲ့ တော်ကြာ ငှက်ပျောတုံးဖက်နေရဦးမယ် နော၊ မောင်နှမတွေကော ရှိလား'

'ညီမနှစ်ယောက်ရှိပါတယ်၊ သူတို့ကတော့ အိမ်ထောင်တွေနဲ့'

'တူတွေ တူမတွေကိုပဲ ချစ်နေရတယ်ဆိုပါတော့လေ'

ကျွန်မ ခပ်မဆိတ်ပင် နေလိုက်ပါသည်။ သြော် ငါ့ဘဝမှာ ချစ်စရာ တွေ ရှိပါလျက် မေ့ထားခဲ့ပါသည်ကော။ သေလျှင် ကိုယ်နှင့်အတူပါ မလာနိုင်သော ပစ္စည်း ဥစ္စာတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး တစ်စတစ်စ အိုမင်းရင့်ရော်လာသည့် အဖြစ်ကို သတိမပြုခဲ့ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် တစ်ဖက်ခုတင်မှ ရုတ်ရုတ်သဲသဲဖြစ်သွားပါသည်။ ကျွန်ုပ်၏ ဆရာမသည် အနိဋ္ဌာရုံမြင်ကွင်းကို မမြင်စေလိုသည့်အလား လိုက်ကာတစ်ခုကို အပြေးအလွှားယူငင်ပြီး တစ်ဖက်ခုတင်သို့ ကာရံပေးလိုက်ပါသည်။ ကျိတ်၍ ငိုရှိုက်သံများပျံ့လွင့်လာသဖြင့် အဘွားကြီး ဘဝကူးသွားပြီဟု နားလည်လိုက်ရပါသည်။ ခဏအကြာတွင်တော့ သူတို့မိသားစု တိတ်ဆိတ်စွာ ထွက်ခွာသွားကြပါသည်။ အလောင်းကိုလည်း သက်ဆိုင်ရာမှလာ၍ သယ်၏။ ဆရာမက ကျွန်မကို အားပေးသလိုကြည့်ရင်း 'အင်း ရောဂါကလဲကျွမ်း၊ အသက်ကလဲကြီးပြီဆိုတော့' ဟု တိုးတိုးရေရွတ်ပါသည်။

'ကျွန်မ မကြောက်ပါဘူး ဆရာမရယ်၊ အားလုံးဟာ တစ်နေ့တော့ သေကြရမှာပါပဲ'

'အင်း ဟုတ်တယ် ဟုတ်တယ်၊ မသေခင်လောကကြီးမှာ အဆင်ပြေအောင်နေဖို့သာရှိတာ၊ ဒါကြောင့် ကျွန်မတော့ ဖြစ်ရာဘဝမှာ ပျော်ပျော်ပဲနေတယ်၊ ကျွန်မမှာ ကလေးငါးယောက်ရှိတယ်၊ အစကတော့ မွေးရမှာ စိတ်ညစ်တယ်၊ အခုတော့ ရိုးသွားပြီ အစ်မကြီးရဲ့၊ ဟဲ ဟဲ ဘယ်တတ်နိုင်မလဲ ဘုရားသခင်ပေးတဲ့ အတိုင်းပေါ့'

ဆရာမသည် ကျွန်မကို ဟောလစ်တစ်ခွက်ဖျော်၍ တိုက်၏။

'ပစ္စည်းတွေကလည်း စုံလှချည်လား၊ ညီမတွေက လာပို့ထားတာလား'

'မဟုတ်ပါဘူး၊ ကျွန်မဘာသာ စုဆောင်းထားတာ'

'ဩော် ဩော် အပျိုကြီးဆိုတော့ စေ့စပ်သေချာတာပေါ့နော်၊ ဒါပေမယ့်လဲ အစ်မကြီးရဲ့ နေမကောင်းတဲ့အချိန်မှာများ ကိုယ့်သားသမီးက မတတ်တတတ်နဲ့ ပြုစုတာလေးကိုကပဲ အရသာ၊ ဘာနဲ့မှ တို မတူဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ဟုတ်မှာပေါ့လေ'

တကယ်ပင် ကျွန်မပါးစပ်ထဲမှာ ဘာကိုမှ အရသာမတွေ့လှပါချေ။ တစ်ဖက်ခုတင်မှ အဘွားကြီးကတော့ သေခါနီးအထိ တပြုံးပြုံးဖြင့် သူ့ဘဝကို သူ ကျေနပ်စွာ ရင်ဆိုင်သွား၏။ ကျွန်မမှာတော့ ပြည့်စုံသည်ဟုထင်နေသော ဘဝ၏ မပြည့်စုံခြင်းကို ခံစားနေရလေသည်။

'ဟော ဒီမှာလဲ ကြက်သားကြော်တွေ၊ အမဲသားကြော်တွေပါလား၊ အများကြီးပဲ'

'ဆေးရုံက ဆင်းတဲ့အထိ စားဖို့လေ'

ဆရာမသည် မသိမသာ နှာခေါင်းရှုံ့သွား၏။

'အို ကြာသွားတော့ ဘယ်စားကောင်းတော့မလဲ၊ တစ်မျိုးတည်း စားနေရတော့လဲ ငြီးငွေ့မှာပေါ့'

ကျွန်မ ဘာမှမပြောပါ။ ပြောချင်စိတ်လဲ မရှိတော့ပါ။ အိပ်ရာပေါ် လှဲရင်း အိပ်ပျော်ရန် ကြိုးစားနေလိုက်ပါသည်။ ညနေကျမှ အပြင်ကို လူလွှတ်ပြီး ထမင်းဝယ်ခိုင်းလျှင် ဆရာမက ဘာပြောဦးမည်လဲ။ အို မတတ်နိုင်ဘူးလေ။ ကိုယ်ဖန်တီးတဲ့ဘဝပဲ။

\+ \+ \+

လူသံများ ဆူဆူညံညံ ကြားရ၍ ဘေးခုတင်သို့လူနာအသစ် ရောက်နေသည်လားဟု မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။ ကျွန်မ လုံးဝမမျှော်လင့်သူများကို မြင်လိုက်ရလေသည်။ ခင်ထွေးနှင့် ခင်လေး။ ပြီးတော့ ခင်လေး၏ သမီး။ ဆယ်ကျော်သက်ရွယ် မိန်းမငယ်သည် ခင်လေးထက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့်ပဲ ပိုတူသလိုလို ရုတ်တရက်တော့ ကျွန်မ ငေးကြောင်၍သာ ကြည့်နေမိပါသည်။

'မမကြီးရယ်၊ ဆေးရုံတက်ရတယ်ဆို အမှာခိုင်းရောပေါ့၊ ဈေးထဲက လူတွေပြောမှ သိရတယ်'

ခင်ထွေးက ငိုသံပါနှင့် ပြော၏။ ခင်လေးက ရှေ့တိုးလာရင်း ခေါင်းကိုငုံ့ကာ ကျွန်မလက်များကို ဆုပ်နယ်ပေးလေသည်။ ကျွန်မ၏ တစ်သက်တာတွင် တစ်ခါမျှ မခံစားရဖူးသော ကြည်နူးမှုတို့ကို တစ်ပြိုင်နက်တည်း ခံစားရပါသည်။

'မမကြီးက တစ်ယောက်တည်းနေချင်လို့သာပါ၊ ကျွန်မတို့ မမကြီး ကျေးဇူးကို မမေ့ပါဘူး၊ ကျွန်မတို့ ပြုစုနိုင်ပါတယ် မမကြီးရယ်၊ မမကြီး က ထမင်းတောင် ဝယ်စားနေတယ်ဆိုတော့'

ခင်လေးက ဝမ်းနည်းစကား ဆိုပါသည်။ သူနာပြုဆရာမ အနား တွင် မရှိ၍ တော့ပါတော့သည်။ ခင်လေးသည် ထမင်းချိုင့်တစ်ခုကို လက်မှဆွဲထားသော သူ့သမီးကို ရှေ့သို့ လှမ်းဆွဲလိုက်ပါသည်။

'ကြီးကြီးမေကို ထည့်ကျွေးလိုက် သမီး'

ဆရာမ အခန်းထဲကို ဝင်လာလေသည်။

'ဟော အပျိုကြီး အိမ်ကလူတွေ ရောက်လာပြီလား၊ ဘာဟင်းတွေ ပါလဲဗျို့၊ အားရှိအောင်စားခိုင်းဦး၊ ဒီက အမဲသားကြော်တွေ မာနေပြီ ပြန်ယူသွားကြ'

ခင်လေး၏ သမီးလေးသည် ကျွန်မကို တရိုတသေ ထမင်းထည့် ပေး၏။ ခင်ထွေးက ကျွန်မကို အသာလေး ထူပေးပါသည်။ ခင်လေး၏ လက်ရာဖြစ်ဟန်တူသော ကြက်သားဟင်းချိုသည် မြိန်လှ၏။

'သမီးက အခု ဘယ်နှစ်တန်းရောက်ပြီလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခုနစ်တန်းပါ ကြီးကြီးမေ'

ကျွန်မ၏ နူးညံ့ချိုသာသော အခေါ်အဝေါ်ကြောင့် ခင်ထွေးရော ခင်လေးပါ မျက်နှာများ ဝင်းပသွားကြလေသည်။

'မမကြီး ဆေးရုံကဆင်းရင် အဖော်ရအောင် မမတူတွေ တူမတွေ ခေါ်ထားပေါ့၊ သူတို့ ကျောင်းပိတ်လို့ အားနေကြတာ'

ခင်လေးက ဝမ်းသာအားရပြော၏။ ကျွန်မသည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။ ထမင်းတစ်ချိုင့်ကုန်သွားပါသည်။ စိတ်ရော လူပါ လန်းဆန်းသွား၏။

'ဆေးရုံမှာ တစ်ရက်နှစ်ရက်ပဲ နေရတော့မှာ ထမင်းတွေ ဘာတွေ လာမပို့နဲ့တော့၊ ညည်းတို့ အလုပ်တစ်ဖက်နဲ့ ဒုက္ခများတယ်'

'မများပါဘူး မမကြီးရယ်၊ ကျွန်မတို့မှာ မမကြီးတစ်ယောက်ပဲ ရှိတာ၊ မမကြီးကို ကျွန်မတို့ မပြုစုလို့ ဘယ်သူပြုစုမလဲ'

ညီမတွေ၏ မေတ္တာစေနတာကို ကျွန်မ နားလည်လာပါသည်။ သူတို့သည် သူတို့ ဘဝခရီးအတွက် လုပ်ရိုးလုပ်စဉ်အတိုင်း ဖန်တီးသွားကြခြင်းသာဖြစ်၏။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဖြင့် လူ့ဘဝကို တစ်သမတ်တည်းဖြစ်အောင် တားဆီးထိန်းချုပ်၍မရ။ လူ့လောက၏ အကြောင်းခြင်းတများသည် သူ့နေရာနှင့်သူ အံဝင်ခွင်ကျစွာ ပါဝင်လှုပ်ရှားနေကြပေ၏။ မေတ္တာ၏ နွေးထွေးမှုကို ခံစားရသောအခါ ကျွန်မသည် အထီးကျန်ဘဝမှ တစ်စတစ်စ လွတ်မြောက်လာ၏။

'မမကြီး ဘာလိုသေးလဲ လိုတာမှာလေ'

ကျွန်မက ကျေနပ်စွာ ခေါင်းကို ခါယမ်းပြလိုက်၏။ ခင်ထွေးသည် ပိတ်စ အတိုအစများကို စပ်ချုပ်ထားသော စပ်စောင်တစ်ထည်ကို ထုတ်၍ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီစောင်က ဂွမ်းစောင်ထက်တောင် နွေးတယ် မမကြီးရဲ့'

ကျွန်မသည် ခင်ထွေးကိုကြည့်ကာ တစ်စုံတစ်ရာပြောရန် အားယူရ၏။

'ခင်ထွေး၊ ညည်းလက်ကောက်တွေ ငါ ခဏသိမ်းထားတာ လာပြန်ယူချေ'

'ကျွန်မ သိပါတယ် မမကြီးရယ်၊ ရတ်တရက်တော့ ကျွန်မ အံ့သြလို့၊ နောက်တော့ တွေးမိပါတယ်၊ မမကြီးဆီမှာရှိနေတာ ကျွန်မဆီမှာ ရှိနေတာနဲ့ အတူတူပဲလို့၊ ဒါကြောင့် ကျွန်မ လာမယူတာပါ၊ မမကြီးမှာ ကျွန်မတို့ကလွဲလို့ ဘယ်သူရှိလို့တုန်း'

ခင်ထွေးသည် လောကကြီးကို ကျွန်မထက်ပို၍ သဘောပေါက်ပေသည်။ သူတို့ ပြန်ရင်ပြင်သောအခါ ခင်လေး၏ သမီးငယ်သည် ကျွန်မနားကိုကပ်ပြီး ခပ်ချွဲချွဲလေး နှုတ်ဆက်၏။

'ကြီးမေ သမီးတို့ ပြန်မယ်နော်'

'အေး အေး၊ ကျောင်းပိတ်ရင် သမီးတို့လာနေနော်။ အိုကွယ် ကြီးမေနဲ့ တစ်သက်လုံးလာနေကြ သိလား'

ကျွန်မသည် အားတက်သရောပြောမိပြီး ကျွန်မဘာသာ ရှက်သွေးဖြာကာ ဝမ်းနည်းဝမ်းသာ ဖြစ်နေမိပါသည်။ သူတို့အားလုံး ပြန်လည်ထွက်ခွာသွားကြ၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ဆဲပင်။ သို့သော် ကျွန်မ အထီးကျန်ဘဝက လွတ်မြောက်ပါပြီ။

သည်ည ကျွန်မ ကောင်းကောင်း အိပ်ပျော်ပါလိမ့်မည်။

**[ မြစ်ငယ်။ ။ ဖေဖော်ဝါရီ၊ ၁၉၇၉ ]**

www.burmeseclassic.com

www.burmeseclassic.com

# ၁၅

# နေရဲ့သူ့ မြေနီခင်

www.burmeseclassic.com

www.burmeseclassic.com

ညအမှောင်တွင် သုဿန်တစ်စပြင်သည် ငြိမ်သက်တိတ်ဆိတ်စွာ ပြားဝပ်နေ၏။ လရောင်အောက်တွင် အုတ်ဂူဖြူဖြူတို့သည် ဘဝ၏ နိဂုံးဇာတ်ကို အသံတိတ် ကပြနေကြသည်သို့ ရှိတော့၏။ အိမ်ငယ်ကလေးများအတွင်းမှ နီကြင်ကြင် ဖယောင်းတိုင် မီးပွင့်လေးများအောက်မှာ ကလေးတချို့ စာကျက်နေကြလေသည်။ အဝေးမှ အသံချဲ့စက်အသံသည် လွင့်ပျံ့ဝေ့ဝဲ၍ လာ၏။

ဖုန်မှုန်တို့ သိပ်သည်းစပြုသော လမ်းပေါ်မှာ ကိုဘမောင် ဖြည်းလေးစွာ လှမ်းလာခဲ့၏။ သည်အချိန်သည် နေ့စဉ် အိမ်ပြန်သည့်အချိန်။ မြနီခင်သည် သူ့ကို နေ့စဉ် ဤသို့ တိတ်ဆိတ်ငြိမ်သက်စွာ ကြိုဆိုမြဲဖြစ်၏။ မြနီခင်၏ ဖုထစ်ချိုင့်ဝှမ်းများကို ကြယ်ရောင်မျှပင် မလက်သော ညမျိုးတွင်ပင် သူလျှောက်ခဲ့ဖူးသည်။ မြနီခင်၏ လမ်းများသည် သူနှင့် ကျွမ်းဝင်ပြီးသား။ မြနီခင်သည် သူ့ဘဝအစပျိုးရာ ဒေသ။ မြနီခင်သည် သူ့ဘဝ အခြေချရာဒေသ။

ဆိုပါစို့။ မခင်လေးနှင့် လက်ထပ်ပြီးကတည်းက မြနီခင်မှာ သူ အမြစ်တွယ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မခင်လေး။ မခင်လေးအကြောင်း တွေးလိုက်သောအခါ သူ့ ခြေလှမ်းများ လေးလံသွားလေသည်။ အလိုလိုသိသောစိတ်ဖြင့် ခြေထောက်များက ရွှေ့လျားနေသော်လည်း အသိဉာဏ်သည် ခန္ဓာကိုယ်မှ ခေတ္တဖဲကြဉ်သွားလေသည်။ ခြေထောက်များသည်ကား ကွေ့ရမည့်နေရာကို ကွေ့၍ ကျော်ရမည့်နေရာကို ကျော်လွှား၍ သွားကြ၏။ သူ့မျက်စိထဲတွင်မူ အနိမ့်အမြင့်ထူပြောသော လမ်းများကို မမြင်။ ထိတ်လန့်တုန်လှုပ်ခြင်းကင်းသော မခင်လေး၏ မျက်နှာကိုသာ မြင်မိလေသည်။

လူ့ဘဝကို လည်းကောင်း၊ သေခြင်းတရားကို လည်းကောင်း မခင်လေး ရင်ဆိုင်ပုံမှာ ရဲရင့်လှပေ၏။ သူက မခင်လေးကို လက်ထပ်ခွင့်တောင်းစဉ်ကလည်း မခင်လေး၏ မျက်နှာသည် တုန်လှုပ်ခြင်း ကင်း၏။ မခင်လေးတွင် ကင်ဆာရောဂါ တွယ်ငြိလျက်ရှိပြီဟု အတိအလင်းသိရစဉ်ကလည်း မခင်လေး၏ မျက်နှာသည် ချောက်ချားခြင်း ကင်း၏။ သူ့မှာသာ စိတ်လှုပ်ရှားခဲ့၊ ဝမ်းနည်းခဲ့၊ ကြေကွဲခဲ့ရပေ၏။ ယခုတော့ မခင်လေး၏ သတ္တမျိုးကိုရရှိရန် သူ ကြိုးစားနေရပေပြီ။

တကယ်တော့ ယောနယ်မှ သာမန်လူငယ်လေးတစ်ယောက် တွင်းရိုးတွင်းစားတို့၏ ဂုဏ်သတင်းဖြင့်လည်းကောင်း၊ တက်ကြွသော နိုင်ငံရေးသမားတို့၏ အရှိန်အဝါဖြင့်လည်းကောင်း ထင်ပေါ်ကျော်ကြားသော ရေနံမြေကို ရောက်လာစက လက်ချည်းပလာသက်သက်ဖြင့် လူ့ဘဝကို စခဲ့ရခြင်းမှာ အဆန်းမဟုတ်ခဲ့။ သူကိုယ်တိုင်ကလည်း လူ့ဘဝအကြောင်းကို အဆိုးအကောင်း နားမလည်နိုင်သေးသော ကလေးအရွယ်မျှသာ ရှိခဲ့လေသည်။ သို့သော် ဆင်းရဲနွမ်းပါးမှု၊ ဖိနှိပ်ချုပ်ချယ်ခံရမှု တိုက်ပွဲဝင်မှုတို့ကိုမူ ဘဝပေး အသိဉာဏ်ဖြင့် သူ နားလည်ခံစားခဲ့ရ၏။ သူမှီခိုအားထားရာ ဦးကြီး ဦးမြဖေသည် ရေနံမြေအလုပ်သမားတစ်ဦး ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကို ရှာမစားတတ်ခင်ကပင် ဘဝရပ်တည်မှုကို နားလည်ခဲ့ရ၏။ အလုပ်ကို မလုပ်ဖူးခင်ကပင် လှုပ်ရှားရုန်းကန်မှု သဘောကို သူသိခဲ့ရ၏။ လုပ်အား၊ အခွင့်အရေး၊ ဖိနှိပ်ချုပ်ချယ်မှု၊ နယ်ချဲ့အရင်းရှင်၊ လွတ်လပ်ခွင့်၊ အရေးတော်ပုံ စသည်တို့ကို ကျောင်းသင်ခန်းစာများထဲတွင် မဟုတ်ဘဲ လက်တွေ့ကြားသိခဲ့ရ၏။ အလုပ်သမားထု၏ နှလုံးသားမှ ပွင့်ထွက်လာသော ကြွေးကြော်သံ၊ အမျိုးသမီးတို့၏ အံ့မခန်း တိုက်ပွဲဝင်မှုတို့သည် နုနယ်သော သူ့နှလုံးသည်းပွတ်တွင် မေ့မရသောအကြောင်းခြင်းရာများ ဖြစ်ခဲ့ရလေသည်။ သူသည် ဘဝကို ကျောင်းသင်ခန်းစာဖြင့် စခဲ့ရလေသည်။ သူ့အတွက်လောကတွင် ပထမဆုံးရင်ဆိုင်ရသော ပြဿနာသည် ဘဝရပ်တည်မှုဖြစ်၏။ ထို့ကြောင့်လည်း သူသည် လူ့လောကတွင် နေတတ်၊ စားတတ်သော လူတစ်ယောက်၊ နေရဲစားရဲသော လူတစ်ယောက် ဖြစ်ခဲ့ရလေသည်။

သို့သော် မခင်လေးနှင့် တွေ့စကတော့ အားငယ်မိခဲ့သည်မှာ အမှန်ပင်။ ချစ်တတ်သော နှလုံးသားက သူ့ရင်ကို ခုန်စေခဲ့သော်လည်း အခြေမခိုင်သေးသော သူ့ဘဝက သူ့နှုတ်ကို ဆွံ့အစေခဲ့၏။ ကိုယ့်ဒူး ကိုယ်ချွန်လိုသော စိတ်ဖြင့် ဦးကြီး ဦးမြဖေထံမှ ဖဲ့ထွက်ခဲ့သော်လည်း သူ့ဘဝက ခြေသလုံးအိမ်တိုင် ဘဝ။ လူငယ်များအစည်းအရုံးသည် သူကွန်းခိုရာဖြစ်ခဲ့၏။ နိုးကြားတတ်ကြွသော လူငယ်တစ်ယောက်အဖြစ် ဈေးသမဂ္ဂမှာ ကျိုးနွံသိတတ်စွာ ပါဝင်လှုပ်ရှားနေဆဲ။ ထို့ကြောင့်ပင် သူ့ တစ်ဝမ်းတစ်ခါးအတွက်တော့ စိတ်မပျက်မိခဲ့။ သို့သော် သူချစ်မိသော မခင်လေးကို သူ၏ မရေရာသောဘဝထဲသို့ ခေါ်ဆောင်သွားရန် မဝံ့ရဲသေး။ သို့တိုင် ပေါ်ဦးပေါ်ဖျား သူ့နှလုံးသားမှ ချစ်မိသော မိန်းမငယ်တစ်ယောက်ကို လက်လွတ်ဆုံးရှုံးရမှာ နှမြောစိုးရိမ်မိတာကလည်း အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



မြေနီခင်မှ ဆင်းလာတတ်မြဲဖြစ်သော မခင်လေးကို မြစိမ်းရောင် တံတားထိပ်မှစောင့်၍ ကြည့်ရသည့်အခါတိုင်း သူ့ရင်သည် အတိုင်းမသိ လှိုင်းထမိစမြဲ။ ပါးပေါ်တွင် ပါးကွက်နှစ်ခုကို ခပ်ထူထူတင်ထားသော မခင်လေးကလည်း သူ့ရှေ့မှ မျက်လွှာချကာ ဣန္ဒြေကြီးစွာ လျှောက်သွားမြဲ။ သူက နှုတ်ဆက်ဟန်ပြုံးပြလျှင်လည်း ဘာမျှမသိသလို အရိုးခံအပြုံးဖြင့် တုံ့ပြန်စမြဲ 'သွားတော့မလား' ဟု မေးလျှင်လည်း ခေါင်းကို သွက်သွက် ညိတ်ပြ၏။ 'ပြန်ပြီလား' ဟု နှုတ်ဆက်လျှင်လည်း ဘာမျှမပြောတတ်။ မခင်လေးကလည်း သည့်ထက်ပိုပြီး လမ်းခင်းမပေးခဲ့။ သူတို့အဖို့ နှလုံးသားအရေးသည် အမြဲတစေ နောက်ချန်ထားတတ်သည့် အကျင့်ကို ရခဲ့ပြီ ထင်၏။

အနိမ့်အမြင့် ထူပြောသော ရေနံမြေ၏သမိုင်းသည် နာကျည်းသဖွယ် လွမ်းဆွတ်ဖွယ်၊ အားရဖွယ်၊ နိုးကြားတက်ကြွဖွယ်ရာတို့ဖြင့် ပြည့်နှက် နေသည်နှင့်အမျှ ရေနံမြေမှ လူငယ်လူရွယ်တို့၏ နှလုံးသားသည်လည်း လောကဓံ၏ ထုထောင်းရိုက်နှက်မှုကို ခံနိုင်စွမ်း ရှိခဲ့ရပြီ ထင်၏။ သူ မခင်လေးကို ချစ်သည့်အကြောင်း အတိအလင်းဖွင့်ပြောလိုက်သောအခါ မခင်လေးက သူစာထဲမှာဖတ်ဖူးသော မိန်းကလေးများလို မျက်လွှာချ၍ မထားဘဲ ဣန္ဒြေရမြဲဖြစ်သော အပြုံးကိုပြုံးကာ 'ကိုဘမောင်ကလဲ ကျွန်မ သိသားပဲ' ဟု မတိုးမကျယ် ပြန်ဖြေခဲ့လေသည်။ သို့ဖြင့် သူတို့သည် ရှေးခေတ်ကလို ဖိုးလမင်းအကြောင်း၊ ငွေကြယ်အကြောင်းလည်း စာမဖွဲ့ ခဲ့ရ။ ယခုခေတ်လို ကိုရီလာအကြောင်း၊ ဗိုလ်ချုပ်ဈေးအကြောင်းလည်း မတင်စားလိုက်ရဘဲ ရဲဘော်ရဲဘက်အဖြစ် လက်တွဲမိခဲ့ကြလေသည်။

ဟုတ်ပါရဲ့။ သာမန်စာရေးလေးတစ်ယောက်နှင့် ဆေးလိပ်လိပ်သမလေး တစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းဟာ ဘယ့်နှယ် ကဗျာမြောက်နိုင်ပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ သို့သော် သူကတော့ ကျေနပ်ခဲ့သည်ပင်။ ညိုဝါသော ခင်လေး၏ အသားအရေး၏ နွဲ့နှောင်းသော ခန္ဓာကိုယ်သည် သူ့အတွက် အစွဲကြီး စွဲငြိဖွယ်ရာ ဖြစ်ခဲ့ရသလို စာသမားယောင်ယောင်၊ နိုင်ငံရေးသမား ယောင်ယောင်၊ သူ့ဘဝကိုလည်း မခင်လေးက ဂုဏ်ယူစရာအဖြစ် ထင် မှတ်ခဲ့သည် မဟုတ်ပါလား။

'အဖေကလဲဗျာ မိုးချုပ်လိုက်တာ'

စိတ်၏ ထိန်းချုပ်မှုမပါဘဲ အလိုလို ရွေ့လျားသော ခန္ဓာကိုယ်သည် သူ့အိမ်ခြံဝင်းရှေ့မှာ ရပ်မိသည်နှင့်တစ်ပြိုင်နက် သားဖြစ်သူ အောင်ကျော်မိုး ၏ အသံကို ကြားလိုက်ရလေသည်။

'ဟေ သိပါဘူးကွာ၊ လကလေးကလဲသာတော့ အေးအေးဆေးဆေး လျှောက်လာမိတာ၊ ကလေးကော ကိုယ်ပူကျသွားပလား'

'ကျသွားပါပြီ၊ အဖေ ထမင်းစားတော့မလား'

'အေး၊ စားတာပေါ့ကွာ'

အိမ်ထဲကို မဝင်ချင်သေး။ အညာနေ၏ အပူရှိန်ကို တစ်နေ့လုံးခံလာ ရသဖြင့် သူ့အသားများ ကျိန်းစပ်နေ၏။ လရောင်ဖျော့ဖျော့အောက်မှာ လေအေးအေးကို ခံယူချင်သေးသည်။ တကယ်ဆိုလျှင်တော့ ပင်ပန်း နွမ်းနယ်သမျှ ပျောက်ပြယ်သွားအောင် ရေကို တဝုန်းဝုန်းချိုးပစ်လိုက်ချင် ၏။ သို့သော် သောက်ရေမှ ရပါရဲ့လား မသိ။ထိုအခါမှ ရေငတ်နေသည် ကို သတိရပြန်သည်။

'အောင်ကျော်မိုးရေ အဖေ့ ရေတစ်ခွက်လောက်'

သူရော မခင်လေးကပါ သားနာမည်ကို အပြည့်အစုံ ခေါ်ကြ၏။ သားသည် အောင်လည်း အောင်မြင်ရမည်။ ကျော်လည်း ကျော်ကြားရမည်။ စိုးမိုးနိုင်ရမည်။ ယခုတော့ အောင်ကျော်မိုးသည် သူ့လိုပင် စောစောစီးစီး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျကာ ကလေးနှစ်ယောက်ပင် ရနေပြီဖြစ်သော်လည်း ဘာမျှ အခြေတကျ မရှိသေး။ 'မင်းတို့လူငယ်တွေခက်တယ်' ဟု သူက အစချီလျှင် သားက 'ဟာဗျာ အဖေတို့ခေတ်က အကြောင်းတွေ ပြောမနေနဲ့တော့' ဟု ခပ်ပြတ်ပြတ် ပြန်ပြောတတ်သည်။ သူတို့တုန်းကတော့ လူကြီးတွေ ပြောသမျှကို အားရကျေနပ်စွာ တံတွေးအစင်ခံပြီး နားထောင်ရမြဲ။ စိတ်ထဲက နှစ်ခြိုက်နေသည် မဟုတ်သော်လည်း လူကြီးပြောသမျှကို လိုက်နာမှတ်သားရမည်ဟု နှလုံးသွင်းခဲ့၏။ သားတို့ခေတ်မှာ ထိုသို့ မဟုတ်တော့။ သို့သော် 'ဟယ် တတ်နိုင်ပါဘူး၊ သူလဲ အဆင်မပြေသေးလို့ ဟာပဲ' ဟု ဖြေတွေး တွေးကာ သားဖြစ်သူလှမ်းပေးသောရေကို လှမ်းယူလိုက်ရ၏။

အေးလိုက်တာ။ ခုလိုအချိန်မှာ ရေအေးလေးတစ်ခွက် သောက်ရတာလောက် အရသာရှိတာ ဘာမျှမရှိ။ အိုးဖင်မှ ရေတစိမ့်စိမ့်ကျနေတတ်သည့် သဲအိုးလေးကို မခင်လေးကိုယ်တိုင် ဝယ်လာတာ အမှတ်ရသေးသည်။ 'အေးကွာ ရေပဲအားကိုးရမှာပဲ' ဟု သူက ရယ်စရာလိုလို အတည်လိုလို ပြောသည်ကို မခင်လေးကလည်း 'ရေကအရေးကြီးဆုံးပဲလေ' ဟု အမီလိုက်ခဲ့၏။

မခင်လေးသည် သူနှင့် လက်ထပ်ပြီးသည်အထိ ဆေးလိပ်ခုံအဆင်း မပျက်ခဲ့။ သူ့ စာရေးလစာလေးသည် ဈေးရှေ့မှ လူထု လက်ဖက်ရည်ဆိုင်တွင်သာ ကုန်ဆုံးခဲ့ရသည်က များလေသည်။ သူက ပေါ့ပါးဖျက်လတ်သော လူငယ်တစ်ယောက်အဖြစ် နိုင်ငံရေးလောကမှ လူကြီးများ၏ မျက်စိကျမှုကို ခံယူနေဆဲ။ မခင်လေးကိုယ်ပေါ်မှ ရွှေတိုရွှေစလေးများ လျော့ပါးသွားခဲ့သည်ကို သတိများမိခဲ့ပေ။ မှတ်မှတ်ရရ မခင်လေးတစ်ယောက် လုံချည်တစ်ထည်ကို ထပ်ခါထပ်ခါဝတ်သည်ကို သတိထားမိသဖြင့် 'ခင်လေးလုံချည်ကလဲ ဒါပဲလား' ဟု မေးဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့၊ အသားကလဲကောင်း၊ အရောင်ကလဲ လှတော့ ဝတ်လို့ ကောင်းတယ်၊ လျှော်လေ ပြောင်လေပဲ’ဟု ပြန်ဖြေသည်ကို သူက တကယ်ထင်မှတ်မိခဲ့သေးသည်။

‘အဖေ ထမင်းရှုးပြီးပြီ’

ချွေးမဖြစ်သူ၏ အသံကို ကြားရသည်။ သူနေရာမှ ဖြည်းလေးစွာ ထလာခဲ့၏။ အိမ်ထဲကို မလှမ်းချင် လှမ်းချင် လှမ်းဝင်လာခဲ့ရသည်။ အိမ်ထဲနှင့် အိမ်ပြင်ဆိုသည်မှာလည်း သိပ်တော့ မကွာခြားလှ။ အိမ်အပြင်မှာလည်း လရောင်ကို မြင်ရသည်။ အိမ်ထဲမှာလည်း လရောင်ကိုမြင်ရသည်။ ကြယ်တွေကို ရေတွက်ချင်သေးလား ရသည်။ သူ့အိမ်ကို သူ အမည်ပေးထားသည်။ ကြယ်မြင်လမြင်အိမ်ဟူ၍။ သည်အမည်ကို မခင်လေး ကြားမသွားရ။ သူ ကြားလျှင်လည်း အဆင်ပြေအောင် တစ်ခုခုပြောမည်မှာ သေချာလှသည်။ အိမ်မမိုးနိုင်သည်မှာ လေးနှစ်ရှိပြီ၊ မခင်လေးဆုံးတာပဲ သုံးနှစ်ပြည့်လှပါပကော။

ထမင်းဝိုင်းက ခြောက်သွေ့လှသည်မှာ ဆိုစရာမရှိ။ လက်ဖက်ရည် နှစ်ခွက်နှင့် ရေတစ်ခွက်၏ ကျေးဇူးကြောင့် ငစိန်ဆန် မာတောင့်တောင့်ကို တော်လှန်လိုက်နိုင်၏။ အလွန်ကြိုက်လှသော ချဉ်ပေါင်ဖူးထောင်းကိုတော့ တစ်တို့နှစ်တို့ တို့ဖြစ်သည်။ သို့သော် ချွေးမလက်ရာသည် မခင်လေး လက်ရာကို မမီချေ။ ထမင်းဝိုင်းမှ ထမည်အပြုတွင် ပုခက်အတွင်းမှ ကလေးငယ်၏ ငိုသံကို ကြားရ၏။ မခင်လေးသည် မြေးအငယ်ကို မမြင်ဖူးသွားရှာပေ။

‘ဟဲ့ မိသက်တစ်ယောက်ကော’

သည်အချိန်သည် သူ့မြေးကြီးနှင့် စကားပြောမည့်အချိန်၊ တစ်နည်း အားဖြင့် သူ့စကားနှင့်ပြောရလျှင် ဆွေးနွေးရမည့်အချိန်။ မြေးကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပီပီ စကားတတ်လှ၏။ သူသိချင်ရာကို စေ့စေ့စပ်စပ် မေးတတ်သည်။ သူကလည်း စိတ်ရှည်လျှင် ကျကျနန ပြန်ဖြေတတ်ပြီး စိတ်ရှုပ်နေလျှင်တော့ ပြီးစလွယ်ဖြေမည်။ ထိုအခါ မြေးငယ်က မကျေနပ်၊ ထပ်ဆင့်မေးခွန်းတွေမေးမည်။ ယုတ္တိမတန်သော စကားတွေကို ပြန်လှန်ချေပမည်။ ပူအိုက်သောညများတွင် သူတို့ဆွေးနွေးပွဲသည် ပို၍ ရှည်လျားတတ်၏။

မခင်လေးကို ဆရာဝန်က လက်လျှော့လိုက်၍ ရန်ကုန်ဆေးရုံကြီးမှ ပြန်ခေါ်လာစ။ မြေးမလေးကလည်း စကားပြောတတ်စ။ သည်လို ညလေးတစ်ညကို သတိရပြန်သည်။

'ကျွန်မ မရှိပေမယ့် ရှင် ပျင်းမှာ မဟုတ်ပါဘူးရှင်၊ ရှင့်မြေးက စကား ပြောတတ်နေပြီပဲ'

သြော် မခင်လေးနှယ် ဘဝတစ်ပါး ကူးပြောင်းရမည့်အရေးကို တစ်မြို့တစ်ရွာ ခေတ္တခဏ အလည်သွားရမည့် ကိစ္စလို အပြုံးမပျက် ပြောနိုင်ရက်ပါဘိ။

မြေးမလေးသည် သူ့ဆီကို ပြေး၍ဝင်လာ၏။ သူ့မျက်စိထဲတွင် မခင်လေးမျက်နှာကိုသာ မြင်ယောင်နေဆဲရှိသည်။

သည်ညတော့ မိသက်မေးသမျှကို စိတ်ရှည်ရှည်နှင့် ဖြေမည်။ သည်သို့ဖြင့် ပျံလွင့်နေသော သူ့အတွေးစများကို စုစည်းယူရမည်။

အိပ်ရာဝင်ရမှာကို သူ ကြောက်နေလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



မြေနီခင်သည် တိတ်ဆိတ်ငြိမ်သက်စွာ နိုးကြားလာ၏။ မည်သို့ပင် အိပ်ရာဝင် ညည့်နက်သည်ဖြစ်စေ နံနက်စောစောမှာ သူနိုးမြဲ။ အိပ်ရာထဲမှနေ၍ ကောင်းကင်ကို ငေးကြည့်ရင်း အားယူ၍ထလိုက်သည်။ သူ၏တစ်နေ့တာ စက်ယန္တရားကို စတင်လည်ပတ်ရန် အရှိန်ယူလိုက်ခြင်းပင် ဖြစ်၏။

နံနက်ပိုင်းတွင်တော့ သူ့အတွက် ဝေယျာဝစ္စလုပ်ပေးရန် မလိုချေ။ လုပ်ပေးမည့်သူလည်း မရှိချေ။ ချွေးမဖြစ်သူသည် ကလေးနှစ်ယောက်နှင့် အိပ်၍ကောင်းဆဲ။ အောင်ကျော်မိုးကတော့ တစ်ခါတစ်ရံ သူ့အရင် အိမ်မှထွက်တတ်သည်။ တစ်ခါတစ်ရံ နောက်မှထွက်သည်။ သတင်းစာ ပို့သည့် တာဝန်ကိုတော့ အောင်ကျော်မိုးကိုပဲ ပေးထားလိုက်သည်။

သတင်းထောက် တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြု ရလိမ့်မည်ဟု သူ့ကိုယ်သူ တစ်ခါမှ မထင်ခဲ့။ သူဖြစ်ချင်သည်က စာရေး ဆရာ။ စာဖတ်ခြင်းသည် သူ့ဘဝအတွက်အလိုအပ်ဆုံး အစာ အာဟာရ ဖြစ်သလို သူ့ဘဝကို မြှင့်တင်ပေးခဲ့သော ကျေးဇူးရှင်လည်းဖြစ်၏။ အထက်တန်းပညာ၊ တက္ကသိုလ်ပညာတို့ကို မသင်ကြားခဲ့ရသော်လည်း စာပေထဲမှ အသိတရားများသည် သူ့ဘဝကို များစွာ အထောက်အကူပြုခဲ့ လေသည်။ ဈေးသမဝါယမမှာ စာရေးလေးတစ်ယောက်အဖြစ် အမှုထမ်း နေဆဲ သမဝါယမမဂ္ဂဇင်းတွင် သူ့ စာတိုပေစလေးများ ပါလေ့ရှိ၏။ သူ့ ဘဝသည် တိုက်ပွဲနှင့်စခဲ့ရသလို သူရေးသောစာများသည်လည်း တိုက်ပွဲသံ တွေ ဝေနေခဲ့၏။ ရေနံမြေမှာပေါက်ဖွားခဲ့သော လူငယ်လူရွယ်တိုင်းသည် သူတို့ မိဘဘိုးဘွားများ၏ ခေရှင် အရင်းရှင်ကို တွန်းလှန်သည့် တိုက်ပွဲ၊ အလုပ်သမားထု၏ ဘဝရပ်တည်မှုအတွက် ဆင်နွှဲခဲ့ရသော တိုက်ပွဲ၊ တစ်မျိုးသားလုံး၏ လွတ်လပ်ရေးတိုက်ပွဲ ဂယက်ကို အပြည့်အဝ မဟုတ် သည့်တိုင် အငွေ့အသက်တော့ ခံစားတတ်မည်သာဟု သူ ယုံကြည်၏။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ကလည်း ဗြိတိသျှနယ်ချဲ့အစိုးရကို တော်လှန်ရာတွင် မပါဝင်ခဲ့ရ။ ဖက်ဆစ်ဂျပန်ကို မောင်းထုတ်ရာတွင်လည်း မပါဝင်ခဲ့ရ။ သို့သော် အရှိန်တညီးညီး တောက်လောင်ခဲ့သည့် မြန်မာအမျိုးတို့၏ အငွေ့မပြယ်နိုင်စွမ်းသော နိုင်ငံရေးစိတ်ဓာတ်လေးက သူ့ကို အားသစ် မာန်သစ်တွေ ဖြည့်တင်းပေးခဲ့သေးသည်ပင်။

သူနှင့် မခင်လေးတို့၏ ဘဝကို အိုးတစ်လုံး ဖျာတစ်ချပ်ဖြင့် စခဲ့ရ၏။ မာနကြီးသော မခင်လေးသည် မိဘသဘောမတူသော သူ့ကို ယူပြီးကတည်းက ဘယ်ဆွေမျိုးဆီမှ မသွားမလာ မတောင်းမရမ်းခဲ့။ သူ့ကို ဝင်ငွေကောင်းသော ဘီအိုစီအမှုထမ်းတစ်ယောက်နှင့် ရည်မှန်းထားခဲ့သည်ကိုလည်း အကြောင်းတိုက်ဆိုင်၍မှ ဖွင့်မပြောစဖူး။ သူ့ညီမတစ်ယောက်က အရာရှိရိပ်သာတွင် မီးတွေတထိန်ထိန် ရေတွေတဝေါဝေါဖြင့် နေနေရသည်ကိုလည်း အားကျရကောင်းမှန်း မသိခဲ့။ သူတို့အိမ်မှာတော့ မှောင်တစ်လှည့် လင်းတစ်လှည့်။ သူတို့ဘဝကလည်း မှောင်လိုက် လင်းလိုက်။

နေထွက်ပြီဆိုသည်နှင့် သူ့အိမ်ကတော့ အလိုအလျောက်လင်းလာရသည်ပင်။ သူသည် အိမ်ရှေ့သို့ထွက်ကာ စဉ့်အိုးထဲမှ ရေအနည်းငယ်ကို ခွက်ဖြင့် ဂျစ်ဂျစ်မြည်အောင်ခပ်ရင်း ချိုးပစ်လိုက်၏။ ပြီးတော့ ရှိရှိသမျှ ပုဆိုး သုံးထည်ခန့်ထဲမှ အလတ်ဆုံးအထည်ကို ရွေးဝတ်လိုက်သည်။ အဝါရောင်သမ်းနေသော ရှပ်အင်္ကျီအဖြူလက်ပြတ်ကို ထပ်ဝတ်လိုက်၏။ မနေ့က လက်ကျန်ဆေးပေါ့လိပ်ကို အိတ်ထဲသို့ ထောင်ထည့်လိုက်ပြီး လက်ကိုင်ပဝါတစ်ထည်ကို ခါးကြားထိုးလိုက်လေသည်။ တစ်နေ့တာ ခရီးစဉ်ကို စရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်လျှောက်ခြင်းနှင့် လက်ဖက်ရည်သောက်ခြင်းသည် သူ့အတွက် မလုပ်မဖြစ်သော အလုပ်များပင်တည်း။ မြေနီခင် ကုန်းမြင့်ပေါ်မှ နေ၍ အရှေ့ဘက်ဆင်ခြေလျှောမှ ဆင်းလာခဲ့၏။ ညက ထူးထူးခြားခြား မခင်လေးကိုချည်း သတိရနေ၍ ကောင်းစွာ အိပ်မပျော်ခဲ့။ မရှင်ပျသော ဦးနှောက်ဖြင့် မြို့ထဲသို့မသွားချင်သေး။ ကတ္တရာလမ်းပေါ် ခြေချမိသော အခါ နံနက်စောစော နေခြည်အောက်မှာ မလှုပ်မခြောက်ရပ်နေသော ရေနံတိုင်များကို ရှုငေးရပြန်၏။ ရှေ့နောက်ဝဲယာ သွယ်တန်းယှက်ဖြာ နေသော ရေနံပိုက်လိုင်းများမှာ လူ့ခန္ဓာကိုယ်မှ သွေးကြောများ ဖြာထွက် နေသလိုပင်။

လွတ်လပ်ပေါ့ပါးစွာ အသက်ကို ဝဝရှူပစ်လိုက်ပြီး မြို့ထဲဘက်ကို ဆက်လျှောက်ခဲ့၏။ ကတ္တရာလမ်းများသည် နွေးထွေးစ။ နေမွန်းတည့်ချိန် ရောက်လျှင်ဖြင့် အရည်ပျော်တော့မလား ထင်ရလေသည်။ ငယ်စဉ်ကတော့ ရေနံမြေတစ်ပိုက်မှာ ပေါ့ပါး ဖျတ်လတ်စွာ ပြေးလွှားဆော့ကစားခဲ့မြဲ။ လူငယ်ဘဝမှာလည်း ထက်သန်အားရစွာ အသောနှင်ခဲ့မြဲ။ ယခုတော့ လူ့ဘဝသက်တမ်းလည်း တစ်ဝက်ကျိုး၍ တစ်ဖက်စွန်းကို ရောက်ခဲ့ပြီ။ မျှော်လင့်ချက်ရောင်ခြည်တို့လည်း ငြိမ်သက်မှုန်ဝါးစ ပြုပြီ။

မြစိမ်းရောင် ရုံရှေ့ကို ရောက်ခဲ့၏။ သည်နေရာရောက်လျှင် သူ့ ခြေထောက်တို့က အလိုလို ရပ်တန့်သွားစမြဲ။ လမ်းတစ်ဖက်ကို ကူးခဲ့သည်။ သူသောက်နေကျ လက်ဖက်ရည်ဆိုင်။ သည်အချိန်သည် လက်ဖက်ရည် ချိန်။ တစ်နေ့လုံးအတွက် ပထမဆုံး သွတ်သွင်းလိုက်ရမည့် အာဟာရ တစ်ခွက်။

'ရောက်ပလားဗျို့ ကိုဘမောင်'

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတွင် ထိုင်နေသူတစ်ယောက်က လွန်ခဲ့သည့်နှစ်ရက်ခန့်က ရက်စွဲတပ်ထားသော သတင်းစာတစ်စောင်ကို မျက်နှာအပ်ရင်း မော့မကြည့်ဘဲ သူ့ကို နှုတ်ဆက်လိုက်၏။ သည်အချိန်မှာ အရိပ်ကိုမြင်ရုံနှင့် သူရောက်လာမှန်းသိနိုင်ကြ၏။ သူက စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

'ဦးလေး ကိုဘမောင်ကြီး မုန့်စားဦးမလား'

ဆိုင်မှ ကောင်မလေးတွေက သူတို့အလုပ် သူတို့လုပ်ရင်း လှမ်း၍ နှုတ်ဆက်၏။ သူ့ကိုတော့ မသိသူမရှိသလောက်ပင်။ အလွန်ဆင်းရဲနုံချာသော သတင်းထောက်တစ်ယောက်၊ သို့မဟုတ် ရိုးသားဖြောင့်စင်းသော နိုင်ငံရေးသမားဟောင်းတစ်ဦး။ သူ့ရှေ့သို့ အုတ်နီခဲရောင် လက်ဖက်ရည်တစ်ခွက် ရောက်လာ၏။

'မစားတော့ပါဘူးဟာ၊ ညည်းတို့ မုန့်တွေကဖြင့် မကောင်းဘဲနဲ့'

တကယ်တော့ သူ မုန့်မစားနိုင်ပေ။ ဆေးလိပ်ဖိုးချန်ရဦးမည်။ ညနေစာ လက်ဖက်ရည်ဖိုး ချန်ရဦးမည်။ သတင်းရေးရသည့်ငွေက ပြောပလောက်အောင် ရသည်မဟုတ်။ သတင်းစာနှစ်စောင်ကို ကိုယ်စားလှယ် ရထား၍သာ သူ့မှာ အသက်ရှူချောင်ရသည်။

ကောင်မလေး၏ ပြန်ရန်တွေ့သံမဆုံးခင် သူ့ရဲဘော်ကြီး ဦးငွေမြိုင်လာသည်ကို တွေ့ရလေသည်။ ဦးငွေမြိုင်သည်လည်း သူ့ဦးကြီး ဦးမြဖေတို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သော အလုပ်သမားခေါင်းဆောင်ဟောင်း တစ်ဦး။ ယခုတော့ သူ့မိန်းမက ကုန်စုံဆိုင်လေးတစ်ဆိုင် ဖွင့်ထားသည်။ သူကတော့ အတိတ်၏သမိုင်းကို မမေ့နိုင်မပန်းနိုင် ပြန်ပြောင်း ဟောပြောရင်းဖြင့် အချိန်တွေကို လေထဲမှာ အသုံးချနေ၏။ သို့သော် သူတို့ကို ဝေဖန်လျှင်မကြိုက်။ 'ငါတို့က ဘယ်လိုလုပ်ခဲ့တာကွ၊ ဘယ်လို တိုက်ပွဲဝင်ခဲ့

www.burmeseclassic.com



တာကွ’ ဟု အာပေါင်အာရင်းသန်သန်ဖြင့် အတိတ်ဇာတ်ကြောင်းကို ပြန်လှစ်မြဲ။ သူ့အနေနှင့်ကတော့ လူဆိုသည်မှာ မသေမချင်း တိုက်ပွဲဝင်ရမည်ဟုသာ နားလည်ထားလေသည်။ လွတ်မြောက်ရေးတိုက်ပွဲပြီးလျှင် ဘဝတိုက်ပွဲရှိသေးသည် မဟုတ်လား။ ဘဝတိုက်ပွဲမှာ သတ္တိရှိဖို့ ပိုလိုသည်။ ခံနိုင်ရည်ရှိဖို့ လိုသည်။ မယိုင်လဲဖို့လိုသည်။ မဖောက်ပြန်ဖို့ လိုသည်။

‘လက်ဖက်ရည် အချိုပေါ့ တစ်ခွက်ဟေ့’

ဦးငွေးမြိုင်က လက်ဖက်ရည်မှာရင်း သူ့စားပွဲမှာ ဝင်ထိုင်လိုက်၏။

‘ဘယ်လိုလဲဟေ့ ဘမောင်၊ မနေ့က အစည်းအဝေးသတင်းကလဲ ဓာတ်ပုံလေးတောင် မပါပါလားကွ’

ဦးငွေးမြိုင်နှင့် တွေ့လျှင်တော့ မကျေနပ်သံ တစ်စုံတစ်ရာကို ကြားရစမြဲ။ သူကလည်း နှုတ်ဆိတ်စွာဖြင့် ပြုံး၍နေမြဲ။ တကယ်တော့ အစည်းအဝေးမှာ သူဘာတွေပြောသည်။ သူကထပြီး ဘယ်လို တွယ်လိုက်သည် ဆိုတာတွေကို ပြောလို၍ လမ်းခင်းလာခြင်းဖြစ်ကြောင်း သူ နားလည်၏။

‘မင်းတို့ သတင်းရေးတယ်ဆိုတာ ကြေးနန်းရိုက်သလောက်ကိုးကွ၊ အစည်းအဝေးကြီးအောင်မြင်စွာ ပြီးစီးသွားပါကြောင်းဆိုတာလောက်နဲ့ ပြီးနေတာပဲ၊ တကယ်ဆို ငါမနေ့က ပြောတာတွေက’

လက်ဖက်ရည်ကို ခပ်မြန်မြန် မော့ချလိုက်၏။ ဆေးပေါ့လိပ်ကို ကောက်ဖွာချိန်တွင် ဦးသစ်စိန် ဝင်လာလေသည်။ ဦးသစ်စိန်က စာပေသမား။ သို့သော် စာရေးဆရာကား မဟုတ်။ လူငယ်တွေ စာများများဖတ်မှ တိုးတက်မည်ဟူသော စေတနာဖြင့် စာအုပ်အရောင်းနှင့် အငှားဆိုင်လေး တစ်ဆိုင်ဖွင့်ထားသည်။ စာအုပ်ကောင်းလေးတွေ ရွေးတင်ထားသည်။ သူကိုယ်တိုင်လည်း စာဖတ်သည်။သူများဖတ်ရန်လည်း တိုက်တွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ထိုသို့ လက်တွေ့အလုပ်လုပ်နေသူကိုပဲ အထင်ကြီးသည်။ တစ်ချိန်က ဘာတွေပဲ လုပ်ခဲ့ လုပ်ခဲ့ ပြန်ပြောနေရုံနှင့် မပြီး လက်တွေ့ ဆက်လုပ်မှ အဓိပ္ပာယ်ရှိသည် မဟုတ်လော။

'ဘာတွေပြောနေတာလဲ ဦးငွေးမြိုင်ရဲ့'

ဦးသစ်စိန်က စားပွဲတွင်ဝင်ထိုင်ကာ သူ့ဘက်ကို အဓိပ္ပာယ်ရှိစွာ လှည့်ပြုံးပြရင်း ဝင်ထောက်လိုက်လေသည်။ဦးသစ်စိန်ကတော့ သူတစ်ပါး အကျိုးဆောင်ရမည်ကို အလွန်ဝါသနာပါသူပင် ဖြစ်လေ၏။ ဦးငွေးမြိုင်က 'ကျုပ်က ပြောပါတယ်' ဟု စကားစသည်နှင့် သူနေရာမှထရန် ဟန်ပြင်ရသည်။ ဟောင်းမြင်းဆွေးမြည့် ရှည်လျားလှသော သမိုင်းစာမျက်နှာ ဟောင်းကြီးတွေကို သူ စိတ်မဝင်စားတော့။ သူ စိတ်ဝင်စားသည်မှာ ယနေ့နှင့် နက်ဖြန်ပင်ဖြစ်၏။ အတိတ်က ဇာတိသွေး ဇာတိမာန်တွေကို ရရှိခဲ့ပြီးပြီ။ ရဲရင့်သော အတွေအခေါ်ကို ပိုင်ဆိုင်ခဲ့ပြီ။ မှန်ကန်သော တိုက်ပွဲနှင့်အောင်ပွဲကိုလည်း သိရှိခံစားခဲ့ပြီးပြီ။ သည့်ထက်ပို၍ ဘာလို ဦးမည်နည်း။ အတိတ်ကို ပြန်သွား၍ ရသည်မှ မဟုတ်ပါပဲ။ ရသည် ထားဦး။ ဘာ့ကြောင့် ပြန်သွားတော့မည်နည်း။ လူဆိုသည်မှာ ခရီးဆုံးကို သာ မျှော်မှန်းရရိုးရှိသည်။ နောက်ကြောင်းကို ပြန်လှည့်သူမရှိ။

အနောက်တိုင်းဆန်ဆန်ပင် ကိုယ့်အတွက်ကျသင့်ငွေ ကိုယ်ရှင်းပြီး ဆိုင်ထဲမှ သူ ထွက်ခဲ့၏။ ယနေ့မှ သူ့စိတ်ကလည်း ခပ်တိုတိုဖြစ်နေသည်။ ညက မခင်လေးအကြောင်း သတိရစရာတွေ တစ်သီကြီးတွေးပြီး ကျေနပ် အိပ်ရေးပျက်ခဲ့ရသောကြောင့်ပဲဖြစ်မည်။ ဦးငွေးမြိုင်ကတော့ သိပ်ကျေနပ် မည်မထင်။ တရားဟောရတယ်ဆိုတာကလည်း ပရိသတ်နှစ်ယောက် တော့ ရှိမှကောင်းမှာပေါ့။ သို့သော်လည်း သိပြီးသားအကြောင်းတွေကို ထပ်တလဲလဲ နားထောင်ရမည်မှာ ပါးစပ်ထဲမှ ထုတ်ပြီးမပြီး ကွမ်းဖတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ဝါးရသလို အရသာမရှိတော့။ သည်လိုဆိုတော့လည်း သားဖြစ်သူ အောင်ကျော်မိုးရှေ့မှာ စကားပြောဆင်ခြင်ဖို့ သတိရပြန်သည်။

အဝေးပြေးကားတွေ ထွက်စပြုပြီ။ သာသနာ့အလံကို လွှင့်ထူထားသော ဘုရားဖူးယာဉ်အချို့ကိုလည်း တွေ့လိုက်ရ၏။ ပုဂံ ညောင်ဦးနှင့် နီးသည်ဆိုတော့ အညာတစ်ခွင် ဘုရားဖူးယာဉ်များနှင့် စည်ကားတတ်၏။ ရွှေစက်တော် ဘုရားပွဲတော်ချိန်၊ မြသလွန် ဘုရားပွဲတော်ချိန် ပုဂံ ညောင်ဦးဘက် ခရီးဆက်သူတွေဖြင့် အညာမြေသည် ဆူညံလှုပ်ရှားလာမြဲဖြစ်၏။ အလှူအတန်းတွေ များလာသည့်အချိန်တွင် သူ့အတွက်လည်း ငွေရပေါက်လမ်းကလေးများ ပွင့်လာတတ်သည်။ သူ့တွင်ရှိသည့် တစ်ခုတည်းသော အဖိုးတန်ပစ္စည်း ကင်မရာလေးတစ်လုံးက များစွာ အသုံးကျလေသည်။ သည်နှစ်တော့ ဆီဈေးကျပြီး ဆန်ဈေးကောင်းသဖြင့် အညာသားတွေ သိပ်ဟန်မကျ။ သည်တော့ သူလည်း သိပ်ဟန်မကျ။

မခင်လေးနှင့် အိမ်ထောင်ကျစက ပုဂံ ညောင်ဦးဘက် ဘုရားဖူးသွားခဲ့တာ အမှတ်ရပြန်သည်။ ယခုခေတ်တော့ ပုဂံက မစည်ကားသေး။ ယခုတော့ ပုဂံမှာ နိုင်ငံခြား ဧည့်သည်တော်တွေ၊ သုတေသနပြုသူတွေ၊ နည်းလှည့်ခရီးသည်တွေဖြင့် စည်ကားနေ၏။ ပုဂံသားတို့သည်ပင် နိုင်ငံခြားငွေအကြောင်း ပြောတတ်နေပြီ။ ရထား (မြင်းလှည်း)ကို နာရီနှုန်းဖြင့် လိုက်တတ်နေပြီ။ သူနှင့် မခငလလေး သွားစဉ်ကတော့ အာနန္ဒာဘုရားပွဲတော်နှင့်ကြုံသည်မို့ ပွဲခင်းထဲမှာပင် အိပ်လိုက်ကြသည်။ သည်တုန်းက သီရိပစ္စယာဟိုတယ်မှ မရှိသေးဘဲလေ။ မခင်လေးကတော့ အညာသူပီပီ ဘုရားပွဲမှာ အစွမ်းကုန်ခြယ်သပြီး ရွှေလက်ကောက်တွေ တံတောင်ဆစ်အထိ ဝတ်ကြတာကို ပြောမဆုံးခဲ့။

မခင်လေးကို ရန်ကုန်မှာ ဆေးသွားကုစဉ်ကတော့ ဂျေပိတ်ခန်းမကို လိုက်ပို့ဖြစ်သည်။ သား အောင်ကျော်မိုး၊ ချွေးမနှင့် မိသက်လေးပါ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဆိုတော့ အားလုံးက ရောက်ဖူးချင်သည်ဆို၍ လိုက်ပြရ၏။ ဆေးကုဖို့ငွေ ချေတာရသည့်ကြားထဲ သုံးဘီးကားခနှင့် ရုံဝင်ခဆိုတော့ ဘာမျှ မစားမသောက်ရဘဲ ငွေတစ်ဆယ်မျှ ကုန်သွားလေ၏။

စိတ်အတွေးများကို အဖော်ပြုရင်း သူတစ်ယောက်တည်း ဆက်လျှောက်ခဲ့သည်။ သူ့ကို တွေ့သူများက စက်ဘီးပေါ်မှ၊ လမ်းပေါ်မှ၊ ရထားပေါ်မှ သွားရင်း လာရင်း နှုတ်ဆက်ကြသည်။ အားလုံးက သူ့ကို အသိအမှတ်ပြုကြ၊ ခင်မင်ကြ၏။ သို့သော် ရိုသေမှု ကိုင်းရှိုင်းမှုတော့ မရှိကြ။

'အင်းလေ လောကမှာ လူတွေဟာ ငွေရင်လဲရှိမှ၊ တန်ခိုးအာဏာ ရင်လဲ ရှိမှ ရိုသေကြတာကလား' ဟု သူတွေး၏။ ဝမ်းနည်းခြင်းတော့ မဖြစ်မိ။

ချွေကြောင့်ကို လွန်လာခဲ့၏။ သူတို့၏ စုရပ်ကား ဈေးရှေ့ လက်ဖက်ရည်ဆိုင်။ အညာနေက တစ်စတစ်စ မြင့်တက်လာ၏။ နဖူးပြင်ထက်တွင် ချွေးတို့ စို့စပြုလာလေသည်။ သို့သော် သူ့ခြေထောက်များကိုကား ရပ်၍မရသေး။ ကတ္တရာပူဖြင့် ကျွမ်းဝင်ပြီးသားဖြစ်သော သူ့ခြေထောက်များသည် တစ်နေ့တစ်နေ့ မိုင်ပေါင်းများစွာ လျှောက်ပြီးသား ဖြစ်နေတတ်သည်။ ကြာပါပြီ။ ဦးကြီး ဦးမြဖေထံမှ ထွက်ပြီး ကိုယ့်ဘဝကိုယ် ရုန်းကန်ရကတည်းက ဆိုပါတော့။ ရှေ့ဆက်ပြီးတော့လည်း ခရီးမိုင်ပေါင်း မည်မျှ လျှောက်ရဦးမည် မသိ။ ဘဝလမ်းခရီးလောက်တော့ ပင်ပန်းမည်မထင်။

ဈေးမှာစည်ကား၍ နေပြီ။ နေလောင်ထားသော အသားရောင်ညိုညို ဖြင့် ရိုးသားပွင့်လင်းသော အညာသူ အညာသားတို့၏ ရောင်းဝယ်ဖောက်ကားမှုကလည်း ဖြောင့်စင်းသည်။ ဝတ်ပုံ၊ စားပုံ ပြောဆိုပုံကလည်း

www.burmeseclassic.com

www.burmeseclassic.com



အညာဟန် အညာလေဖျောက်၍မရတတ်။ ရိုးအပုံ၊ ဝကျပုံကိုပြောလိုလျှင် အညာသားနှင့် စံထားတတ်ကြသည် မဟုတ်လော။ ဟန်ဆောင်ရမည်ကို မလိုလားတတ်ကြတာတော့ အမှန်ပင်။ သူနှင့် ချောက်မြို့သား ကိုဖိုးမှီတို့ ရန်ကုန်မှာ အစည်းအဝေးသွားတက်စဉ်က စားသောက်ဆိုင်တစ်ခုမှာ ကြုံရသည်ကို အမှတ်ရ၏။ သူတို့နှင့် တစ်စားပွဲတည်းထိုင်သော အမျိုးသား အမျိုးသမီးနှစ်ဦးက ခေါက်ဆွဲကြော်နှစ်ပန်းကန်မှာပြီး တစ်ဝက်စီပင် ကုန်အောင်မစားဘဲ ထသွားကြ၏။ ပိုက်ဆံပေးပြီး အလဟဿချန်ထား ခဲ့သည်ကို တွေးမရအောင် အံ့သြမိသည်။

သူတို့အဖို့တော့ ငွေသည်လည်း တန်ဖိုးရှိ၏။ ထမင်းသည်လည်း တန်ဖိုးရှိ၏။ ထို့အတူရေသည်ပင်လျှင် တန်ဖိုးရှိ၏။ မည်သည့်အရာကိုမျှ မပစ်ရက် မစွန့်ရက်ပေ။ လွယ်လွယ်ရှာပြီး လွယ်လွယ်နှင့် သုံးပစ်တတ် သည့်အကျင့် သူတို့တွင်မရှိ။ ကြိုးကြိုးစားစား ရှာရသည်။ ချွေချွေတာတာ သုံးရသည်။

လက်ဖက်ရည်ဆိုင်မှာ လူစုံ၍နေပြီ။ အလုပ်သမားတွေ၊ ကုန်သည် တွေ၊ ရုံးအမှုထမ်းတွေ၊ လူငယ်တွေ။ သည်နေရာမှာတော့ သတင်းစုံသိ ရတတ်သည်သာ။ ကုန်သည်တွေကတော့ ပဲဈေး နှမ်းဈေး စုံစမ်းမည်။ သူတို့အဖို့တော့ အစည်းအဝေးသတင်း၊ ကျောင်းဆင်းပွဲ၊ သင်တန်းဆင်းပွဲ၊ ဘုရားပွဲ၊ အလှူ၊ မင်္ဂလာဆောင်တွေအတွက် နားစွင့်၏။ သတင်းရေးဖို့ ဓာတ်ပုံရိုက်ဖို့သာ သူ့အတွက် အရေးကြီးသည်။ ဓာတ်ပုံရိုက်ရသည်မှာ လည်း ကင်မရာကောင်းကောင်း မကိုင်နိုင်၍ သိပ်အားမရှိလှ။ ကင်မရာလေး တစ်လုံး ဝင်ချင်သော်လည်း မဝယ်နိုင်သေး။ ကင်မရာကလည်း ဖွံ့ဖြိုး ကသေးပြီး ဈေးကကြီးသည်။ နောက်နှစ် နွေအမီတော့ လယ်ဖြင့်အောင် ကြိုးစားရဦးမည်။ ဒေသကောလိပ်ဖွင့်လျှင် အလုပ်ပိုဖြစ်နိုင်၏။

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲသို့ ဦးစံရွှေဝင်လာသည်ကို တွေ့ရ၏။ သူ့ကို ထုံးစံအတိုင်း ပြုံးပြ၍ နှုတ်ဆက်ပြီး တစ်ဖက်စားပွဲမှာ သွားထိုင်သည်။ ဦးစံရွှေကတော့ ခရုလုံချည်၊ တက်ထရက်တိုက်ပုံနှင့် အလွန်သားနား၍နေ၏။ တစ်ချိန်တုန်းကတော့ သူနှင့်အတူ လုပ်ဖော်ကိုင်ဖက် သို့မဟုတ် ငတ်ဖော် ငတ်ဖက်ပါပဲ။ နောက်တော့လည်း အတိုက်အခံဖြစ်သွားခဲ့ရသည်။ သူက ဈေးသမဂ္ဂ၌ ပါဝင်လှုပ်ရှားနေစဉ် ဦးစံရွှေတို့က မြူနီစီပါယ်မှာ ရှိနေခဲ့သည်။ အလုပ်သဘောအရ တယ်ပြီး မသင့်မြတ်ကြ။ ဈေးသမဂ္ဂက ဦးဆောင်ပြီး ဈေးသစ်ကြီး တည်ဆောက်အောင်မြင်ခဲ့သည်ကို ရေနံ့မြေ မြို့သူမြို့သားပေါင်းများ အသိပင်။ ထိုစဉ်က ဦးဆောင်ပါဝင်ခဲ့သော သခင် ခင်ညွန့်ကပင် သူ့ကို ဈေးသမဝါယမမှာ မန်နေဂျာဖြစ်အောင် စောင်မပေးခဲ့သေးသည်။ သူ့ဘဝတွင် အမြင့်ဆုံးရောက်ခဲ့ရသည့် အဆင့်ပေတည်း။ သို့သော်လည်း အခွင့်အရေးဟူသည်မှာ ယူတတ်သူတို့သာ ရတတ်ပေ၏။ သူသာ ထိုအချိန်က ပမညတ အမတ်လောင်းအဖြစ် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့လျှင် အခြေအနေက တစ်မျိုးဖြစ်ဦးမည်။ ဘဝလမ်းဟူသည် ကံပေါ်မှာချည်း တည်သည်လည်းမဟုတ်။ ရွေးချယ်မှုပေါ်မှာလည်း တည်ရာ၏။ သူကတော့ စာပေသမားတစ်ယောက်ဖြစ်လာလေမည်လားဟုသာ မျှော်လင့်ခဲ့၏။ ရာထူးဂုဏ်ရှိန်ဟူသည်ကိုလည်း မက်ရကောင်းမှန်းမသိခဲ့၊ မိန်းမဖြစ်သူ မခင်လေးကလည်း အမတ်ကတော် ဝန်ကတော်ဖြစ်ရန် စိတ်ကူးမယဉ်တတ်ခဲ့၍ပဲ ဖြစ်မည်။

ကြေးမုံဂျာနယ်မှာ ကလောင်သွေးရင်း သတင်းထောက်အလုပ်ကို လျှောက်မိလျက်သားဖြစ်၏။ ရန်ကုန်ကို ပြောင်းရွှေ့သွားသူ သခင် ခင်ညွန့်၏ အကူအညီဖြင့်ပင် သတင်းထောက်အလုပ်ကလေးကို ရခဲ့သည်။ နောက်ဆုံး မခင်လေးကို ဆေးသွားကုတော့လည်း သူတို့ထိုင်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရန်ကုန်မြို့ဆိုသည်က အခက်သား။ လူကများများ၊ အခန်းက ကျဉ်းကျဉ်းမို့ မလွဲရှောင်သာသော်လည်း အားနာရသေး၏။ အောင်ကျော်မိုးတို့ကို ပြန်လွှတ်ပြီး ရန်ကုန်မှာနေခဲ့ရပေမယ့် အားတော့ သိပ်မရှိလှ။ မခင်လေးကတော့ ပြန်ချင်ပြီ တဖွဖွပြော၏။ ကင်ဆာရောဂါ၏ အဖြေကို သိထားရတော့လည်း မျှော်လင့်ချက်ရောင်ခြည်ပင် မသမ်းနိုင်တော့။ သို့သော် နောက်ဆုံးအခြေအနေအထိ စောင့်ကြည့်ချင်သေးသည်။ ဘဝတစ်သက်တာမှာ သူက တာဝန်မကျေခဲ့သော ဇနီးသည်တစ်ယောက်ကို နောက်ဆုံးပြုစုရခြင်း မဟုတ်ပါလား။

အချစ်၏ ဝေဒနာကို ပူပူရှိန်းရှိန်း ခံစားတတ်သည့်အရွယ် မဟုတ်တော့သော်လည်း ဘဝ၏ နိဂုံးနှင့်ခွဲခွာခြင်း နိမိတ်အတွက် အသည်းနှလုံး ကြေကွဲမိသည်မှာတော့ အမှန်ပင်။ သူသာခံစားမှုရသ ဝတ္ထုတစ်ပုဒ်ကို ဖန်တီးတတ်မည်ဆိုလျှင် သေရမည်ကို ကြိုတင်သိနေသော ချစ်သူနှစ်ဦး၏ ကြေကွဲဆွေးမြည့်ဖွယ်အကြောင်းကို ဖွဲ့ထားသော နိုင်ငံခြားဝတ္ထုတစ်ပုဒ်လို ချစ်မေတ္တာနှင့် သေခြင်းတရားကို ရေးဖွဲ့မိမည်ဖြစ်၏။ ခုတော့ သံဝေဂနှင့်ယှဉ်၍ ကွေကွင်းခြင်းသဘောကို နှလုံးသွင်းမိသော်လည်း အပေးထက် အယူသာများခဲ့သော သူ့အိမ်ထောင်ဘက်အတွက် အသည်းနှလုံး ကွဲအက်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ပါပြီ။

ရန်ကုန်မှာ နေသည့်ရက်တွေ ကြာညောင်းလာသည်နှင့်အမျှ မခင်လေး၏မျက်နှာ တစ်စတစ်စ ညှိုးချုံးခြောက်သွေ့လာ၏။ 'ပြန်ကြစို့ ကိုဘမောင်ရယ်၊ ကျုပ်မြေးကို လွမ်းလှပြီ' ဟု အားလျော့စွာ ပြောလာတော့၏။ သူတို့အဖြစ်ကိုနားလည်သော ဆရာဝန်က သူ့ကိုခေါ်ကာ မပြောရက်သော စကားကို ပြောခဲ့ရလေသည်။

'ခင်ဗျားတို့ ဒီမှာ ဆေးလာကုရတာ ငွေလဲ အတော်ကုန်မှာပဲ၊ အလုပ်တွေလဲ ပစ်ထားခဲ့ရမှာ၊ ခင်ဗျားမိန်းမ အခြေအနေကတော့ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



လှဘူး၊ အိမ်ပြန်ခေါ်ပြီး ဆေးဆက်စားနေရင် ခင်ဗျားတို့အတွက် ပိုကောင်း မယ်ထင်တယ်၊ ခင်ဗျားတို့ကိုကြည့်ရတာ အတော်ဒုက္ခရောက်နေပုံရလို့ သနားလို့ ပြောတာဗျာ'

တစ်ဖက်သား၏ စေတနာကို သူ ကောင်းစွာနားလည်၏။ ပြီးတော့ သူ့ မိန်းမကို သေချင်းသေလျှင် ရန်ကုန်မှာ မသေစေချင်။ ရန်ကုန်မှာ ဆွေဝေး မျိုးဝေး။ ငွေကြေးက နတ္ထိနှင့်မည်သို့ သင်္ဂြိုဟ်မည်နည်း။ သို့သော် ခင်လေးကို ဘယ်လိုပြောရပါ့မည်နည်း။

'ကိုဘမောင်ရယ် ဘာပဲဖြစ်ဖြစ်၊ ကျွန်မတော့ ပြန်ချင်ပြီ၊ ပြန်ရအောင် ပါ၊ အကြောင်းထူးမှာမှ မဟုတ်ဘဲ'

သူ မပြောရက်သော စကားကို မခင်လေးကပင် ဖွင့်ပြောလာခဲ့၏။

'ဆရာဝန်က လက်လျှော့ရင်တောင်မှ အေးလေ၊ ဆေးရုံမှာ မနေချင် လဲ ဗမာဆေးနဲ့ ဆက်ကုကြတာပေါ့'

'ကျွန်မသိပါတယ် ကိုဘမောင်ရယ်၊ မရတော့ပါဘူး၊ ရေနံချောင်း ကိုပဲ ပြန်ချင်တယ်တော်၊ သေရင်လဲ မြေနီခင်မှာပဲ သေမယ်'

မခင်လေးက မကွယ်မဝှက်ပြောလာတော့ သူ့မှာ တုန်လှုပ်ချောက် ချားစွာ မျက်ရည်ဝဲရပြန်သည်။ 'မင်းရဲ့ အကြွေးတွေကို ဒီဘဝမှာတော့ ငါ မဆပ်နိုင်တော့ပါဘူး ခင်လေးရယ်'ဟု အော်ဟစ်ငိုကြွေးသည်ကိုပင် သူ့စိတ်ထဲက မလုံမလဲ ဖြစ်မိပြန်သည်။ ဘဝမှာ တာဝန်မကျေခဲ့သူပါပဲ။ သို့သော် သူယုံကြည်ရာ နယ်ပယ်မှာတော့ တာဝန်ကျေအောင် နေခဲ့သည် ပဲလေ။ သူ့ တစ်သက်မှာ မည်သူ့အပေါ်မှာမှ အနိုင်အထက် မပြုခဲ့၊ ဖိစီးနှိပ်ကွပ်ခြင်းလည်း မပြုခဲ့။ ဖြတ်ကျော် နင်းချေခဲ့ခြင်းလည်း မပြုခဲ့။

ဦးစံရွှေတို့ သည်အခြေအနေ ရောက်လာသည်မှာ စင်စစ်တော့ ဘာမျှမဆန်း။ တကယ်ဆို သူ့လိုပုံမျိုးနှင့် သည့်ထက်မကကြီးပွားနေသင့် သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရွှေတို့အဖို့ကတော့ ခေတ်အဆက်ဆက် မည်သည့်ဘက်က သာသည်လဲ၊ သာသည့်ဘက်ကို ခုန်ကူးခဲ့သည်သာဖြစ်၏။ လျင်မြန်ပါး နပ်သည်နှင့်အမျှ ကျွမ်းလည်း ကျွမ်းကျင်၏။ အမြော်အမြင်လည်း ရှိ၏။ အတွက်အချက်လည်း ကောင်း၏။ သူ့အတွက်တော့ သူ မှန်သည်ပင်။

ဆေးပေါ့လိပ်တစ်လိပ်နှင့် ရေနွေးကြမ်းအိုးတစ်လုံး ကုန်သွားလေသည်။ ဦးစံရွှေလည်း ဆိုင်ထဲမှ ထွက်သွားပြီ။ သူ့ကို နှုတ်ဆက်မသွား။ နှုတ်ဆက်စရာလည်းမလို။ ထိုင်ကတည်းက သူ့ကျောဘက်မှာ ထိုင်ခဲ့သည်မဟုတ်လား။ သူလည်း ထိုင်ရာမှထလိုက်သည်။ သည်နေ့အဖို့ အကြောင်းထူး ဘာမျှမရှိသေး။ လွန်ခဲ့သည့် တစ်ပတ်ခန့်ကတော့ အောက်ခြေတွေ၊ မျက်နှာစုံညီတွေနှင့် အတော်အလုပ်များခဲ့သည်။ ယခုလိုအားနေသည့်ရက်မှာတော့ နေကပူပူနှင့် သစ်ပင်ရိပ်ကောင်းကောင်းအောက်မှာ အိပ်နေဖို့ပဲကောင်းသည်။ အိမ်ကိုပြန်ပြီး တရေးတမောအိပ်ရန် စိတ်ကူးမိ၏။

ဆိုင်အပြင်ရောက်မှ ဈေးဘက် တစ်ပတ်လျှောက်ကြည့်ဖို့ စိတ်ကူးရသည်။ ဈေးထဲကို ဝင်လာခဲ့၏။ ဆံပင်ညှပ်ဆိုင် တစ်ဆိုင်ရှေ့အရောက်တွင် ဆံပင်ညှပ်ခံနေသူ တစ်ယောက်က သူ့ကို လှမ်း၍ နှုတ်ဆက်သည်။

'ဗျို့ ကိုဘမောင်ကြီး၊ မတွေ့ရတာကြာပြီ၊ ခင်ဗျားကို ဦးလှခက်က မေးနေသဗျ၊ သွားလိုက်ပါဦး၊ သူ့မိန်းမလဲ အသည်းရောင်လို့ ဆေးရုံတင်ထားရတယ်'

'ဩော် ဟုတ်ပြီဗျို့၊ သွားမယ် သွားမယ်၊ သွားဆို ခုပဲ သွားလိုက်မဗျာ၊ ကျုပ်လဲ အားနေတာနဲ့'

ဦးလှခက် ဆိုသည်မှာလည်း သူနှင့် ဆွေမျိုးမကင်းသူ ဦးလေးတော်တစ်ဦးပင်။ အစကတော့ သူလည်း ဘီအိုစီအမှုထမ်း တစ်ယောက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏၊ ရေနံမြေမှာ ဘီအိုစီကုမ္ပဏီပေါ်လာစဉ် အလုပ်တွေ ပေါ်လာသဖြင့် ယောနယ်မှ တစ်စုတစ်ဝေး ပြောင်းလာသူများထဲတွင် ဦးလှခက်လည်း ပါလာခဲ့၏။ ထိုစဉ်က သံကန်ကုန်းမှ ဘီအိုစီအလုပ်သမား တန်းလျားတွင် ယောနယ်မှ လူတွေ အများအပြားရှိခဲ့ကြသည်။ လွတ်လပ်ရေးရပြီး ဘီအိုစီကုမ္ပဏီက ရေနံအလုပ်သမားများကို အလုပ်ရပ်စဲရာတွင် ဦးလှခက် ပါသွားပြီးနောက် ပြန်မဝင်ဖြစ်တော့။ ယခုတော့ ဘူးကျွန်းမှာ သူ့ဘာသာ လယ်ယာစိုက်ရင်း ဘဝကို အေးချမ်းစွာ ကုန်ဆုံးစေ၏။ သူတို့ လူငယ် ဘဝကတော့ ကျောင်းပြေးပြီး ဘူးကျွန်းဘက်မှာ ခိုအောင်းရသည်မှာ အရသာရှိလှသည်။

မရေမရာဖြစ်နေသော သူ့ ခြေလှမ်းများကို ဧရာဝတီမြစ်ဘက် ဦးတည်လိုက်၏။ ယခုလို စိတ်တွေ ဟိုရောက်သည်ရောက်နှင့် ထွေပြား နေချိန်မျိုးတွင် ဘူးကျွန်းလို အေးချမ်းဆိတ်ငြိမ်သည့်နေရာမျိုးသည် အသင့် လျော်ဆုံးဖြစ်၏။ ယခင်က သွားဖို့မေ့နေသည်ကို နောင်တရကာ အသော့ နှင်ခဲ့လေသည်။ ဟိုရောက်လျှင် ထမင်းလည်းစားရဦးမည်။ သည့်ထက် ကောင်းတာမရှိ။

သည်အချိန်ကတော့ ရေနည်းသည့်အချိန်ပဲ။ သဲသောင်ဖွေးဖွေးက သူ့ကို ကြိုဆိုနေ၏။ နေရောင်အောက်တွင် သဲပွင့်များသည် ပြိုးပြက်နေ သယောင်။ ခြေချလိုက်သောအခါ ပူလွလွဖြစ်၍နေသည်။ ခြေထောက် များသည် သဲထဲနစ်ဝင်သွားကြလေသည်။

မြစ်ဖက်က ကြည့်လိုက်တော့ ရေနံချောင်းမြို့၏ အလှကို တစ်မျိုး တစ်ဖုံမြင်ရလေ၏။ ဘေးနှစ်ဖက်စီတွင် မြင့်မောက်သော တောင်ကုန်းများ ရံ၍ အလယ်တွင် ချိုင့်ဝှမ်းနေသော မြို့၏ အနေအထား။ အညာနေ အောက်တွင် ပူနွေးစွာလှပနေသော ရေနံမြေ။ မြန်မာ့ယံဇာတနှင့်

www.burmeseclassic.com



လွတ်လပ်ရေးတိုက်ပွဲတွင် ထင်ရှားခဲ့သော ရေနံမြေ။ ရေနံမြေ၏ သွေးတို့ ချွေးတို့ကို ရစ်ခွေပြီး စီးဆင်းလျက်ရှိသော ပင်းချောင်းနှင့် ဧရာဝတီမြစ်ရေ အလျဉ်ဖြင့် ဆေးကြော၍သော်မှ ကုန်နိုင်မည်မထင်။ နွေ၏အပူရှိန် အောက်တွင် မြစ်ရေ ချောင်းရေတို့ ခန်းခြောက်ကုန်သော်လည်း သောင ထွန်းသော ကျွန်းမြေနုတွင် စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် ရေနံမြေသည် သဘာဝကိုလည်း အန်တုလျက်ရှိပေ၏။

သဲသောင်ကို ကျော်ဖြတ်ပြီးသော် စိမ်းညိုသောမြစ်ရေကို ထိတွေ့ရ ပေ၏။ လှေတစ်စင်းနှင့်တက်တစ်ချောင်းသည် သူ့ကို စောင့်ဆိုင်းလျက် ရှိ၏။လှေပိုင်ရှင်ကလေးငယ်သည် တစ်ဖက်ကမ်းမှာ ပြေးလွှာ ဆော့ကစား လျက်ရှိ၏။ သူသည် လှေပေါ်တက်ကာ ရေတိမ်တိမ်ကို လှော်ခတ်ခဲ့ရ၏။

ငယ်စဉ်က ကမ်းလုံးပြည့် လျှံတက်နေသော မြစ်ရေဖွေးဖွေးကိုပင် ကြောက်ရ လန့်ရမှန်းမသိ။ အပေါင်းအသင်းအားကိုးဖြင့် ကူးသန်းလှော် ခတ်နေခဲ့တတ်သည်။ မိုးထဲလေထဲမှာ ကူးခဲ့စဉ် တစ်ခါက ရေစီးအရှိန်ဖြင့် လှေမှောက်သည်ကို ကြုံရဖူး၏။ ရေဝင်၍ နစ်မည့်ပုံပေါ်လျှင် လှေကို မှောက်ပစ်ရမည်ဟူသော သဘောတရားကို မေ့ခဲ့မိ၍ လှေကို ရေစီးထဲမှာ မနည်းရှာယူရလေသည်။

သည်လိုပါပဲ။ သူ့ဘဝမှာ အချိန်မီ လှေမမှောက်မိခဲ့၍ ဆုံးပါးခဲ့ရ ပေါင်း များပြီ။

ဇရာနှင့် ယှဉ်လာတော့ ဝါးနှစ်ပြန်ခန့်ကိုပင် ချွေးထွက်အောင်လှော် ရချေ၏။ ရေစပ်မှ နွံကိုရုန်းပြီး ကျွန်းပေါ်ကို တက်ခဲ့၏။ ကြက်သွန်ခင်း များဖြင့် ပြည့်နေသော ဆင်ခြေလျှောကို ကျော်လွန်ခဲ့သော ငယ်စဉ်က ကျောင်းပြေးခိုအောင်းခဲ့သော ဆီးပင်အုပ်ကို မြင်ရလေ၏။ ကလေးဘဝ၏ လွတ်လပ် ပျော်ရွှင်မှုတို့သည်လည်း ဆုံးပါး ကွယ်ပျောက်ခဲ့ချေပြီကော။

www.burmeseclassic.com



နေရောင်ကျဲကျဲသည် ကျန်ရစ်ခဲ့ပြီ။ ဆီးပင်အုပ်တွင် အေးမြလန်းဆန်းသော အတွေ့ကို ခံစားရလေ၏။

'မောင်ရင့်နှယ်ကွာ မြုပ်ချက်သား ကောင်းလိုက်ပဲ့၊ ငါ မျှော်နေတာ ကြာပကော'

'ဟုတ်တယ် ဦးလေးရာ၊ လာမယ် လာမယ်နဲ့ပါပဲ၊ အဒေါ် နေမကောင်းလို့ဆို၊ ကောင်းမှတ်က ပြောလို့'

'အိမ်း ခုတော့ သက်သာသွားပါပြီကွာ'

ဦးလေး ဦးလှခက်သည် ဆံပင်တွေ ဖြူနေပြီ။ သံကန်ကုန်းမှာ အတူနေခဲ့စဉ်က ဦးလေးတို့မိသားစုသည် သူ့ကို သားတစ်ယောက်လို ဂရုတစ်စိုက် ရှိခဲ့ရှာသည်။ သူ့အနေဖြင့်တော့ သူ့ဘဝကို တစ်ကိုယ်ရေ ရုန်းကန်နေရသည်နှင့်ပင် အချိန်ကုန်လေသည်။ မည်သည့် ဦးလေး ဦးကြီးကိုမှ ပြန်လည် ကျေးဇူးမပြုနိုင်ခဲ့။ သိတတ်မှု ဟူသည်လည်း ငွေကြေး၏ နောက်လိုက်သဖွယ် ဖြစ်ခဲ့ရချေ၏။

'မင့်အဒေါ်ကတော့ကွာ နည်းနည်းလေးကောင်းတယ်ဆို ထုံးစံအတိုင်း အိမ်ကပ်တယ်မရှိပါဘူး၊ မနက်ကပဲ ညောင်လှဘက် ထွက်သွားလေရဲ့၊ သူ့ သမီးဆီလေ'

ဦးလေး၏ သမီးကြီးသည် မခင်လေးနှင့်အတူ ဆေးလိပ်လိပ်ဖူး၏။ သို့သော် အိမ်ထောင်ကျပြီးသည့်နောက် ဆေးလိပ်မလိပ်ရတော့။ သူ့ယောကျ်ားကလည်း ရေနံအမှုထမ်းတစ်ယောက်ပင် ဖြစ်၏။ ယခင်တစ်လောကတော့ ရေနံခိုးမှု မသင်္ကာမှုဖြင့် အချုပ်ခံလိုက်ရလေသည်။ သို့သော် သူတို့မိသားစု ပြောင်ပြောင်ရောင်ရောင်တော့ရှိသား။

ဦးလေးက သစ်သားကွပ်ပျစ်ပေါ်တွင် ရေနွေးကြမ်းအိုးနှင့် မြေပဲလှော် ပန်းကန်ကိုချပေး၏။ ထမင်းစားပြီးပလားဟု မမေးသဖြင့် သူ အခက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သည်အချိန်မှတော့ ပြီးရောပေါ့ဟု ထင်ပေလိမ့်မည်။ တတ်နိုင်ပါဘူး မြေပဲလှော်ကိုပဲ အဝလွေးရတော့မည်။

'ဦးလေး ကျွန်တော့် တွေ့ချင်တယ်ဆို၊ ကိစ္စရှိလို့လား'

မေးမယ့်သာ မေးလိုက်ရသည်။ သူ့အသံကတော့ သိပ်တက်တက်ကြွကြွ မရှိလှ။ သူ့မှာ တစ်ဖက်သားကို စောင်မကြည့်ရှုနိုင်ဖို့ ငွေကြေးလည်းမရှိ။ ဩဇာအာဏာလည်း မရှိ။ သူတတ်နိုင်တာ တစ်ခုပဲရှိသည်။ ဘယ်ကိုစေလွှတ်မလဲ၊ ဘယ်ကိုသွားခိုင်းမလဲ၊ သူ၏ မြဲမြံသော ခြေထောက်များအားကိုးဖြင့် သွားပေမည်။

'တခြားတော့ မဟုတ်ပါဘူးကွာ၊ မင်း ထွန်းရကို သိတယ်မဟုတ်လား'

'ဟာ သိတာပေါ့ ဦးလေးနှယ့်'

ထွန်းရနှင့်သူသည် သက်တူရွယ်တူလောက်ပင်ရှိမည်။ သူတို့ရေနံမြေကို ပြောင်းရွှေ့လာကြစဉ်က ထွန်းရလည်း ပါလာသည်။ ချင်းတောင်တွင် ဒုက္ခရောက်လွန်း၍ ဦးလေးတို့က သနားသဖြင့် ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်၏။ သို့သော် သူ့ကို ဦးကြီးမြဖေတို့က ကျောင်းထားခဲ့သော်လည်း ထွန်းရခမျာ ကျောင်းမနေခဲ့ရရှာပေ။ ယခုတော့ သူလည်းအနောက်ကျွန်းဘက်မှာ လယ်ယာလုပ်ရင်း အိမ်ထောင်ရက်သားကျနေ၏။

'အိမ်း သူ့သား ခင်မောင်ထွန်းက ဒီနှစ် ဆယ်တန်းအောင်သကွ'

'ဟာ ဟုတ်လား'

ထွန်းရသား ၁၀တန်းအောင်သည်ဆိုသဖြင့် သူ အံ့ဩဝမ်းသာသွားသည်။ ခင်မောင်ထွန်းကို သူ မြင်ဖူး၏။ အောင်ကျော်မိုးထက် ငယ်ပေလိမ့်မည်။ ထွန်းရသည် သူ ပညာမတတ်သော်လည်း သူ့သားကို ပညာတတ်အောင် သင်ပေးခဲ့သည်။ သူ့ဘဝ၏ ခါးသီးသော အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



များသည် သူ့သား သမီးတို့အတွက် နည်းပေးလမ်းပြဖြစ်ခဲ့ဟန်ရှိ၏။ ပညာတတ်ဟူသော အချို့မိဘများသည်ကား သဘောတရားတွေ သင်ကြားပို့ချရင်းဖြင့် သားသမီးတို့မှာ ဟိုမရောက် သည်မရောက် ပျက်စီးခြင်းငါးပါး ရောက်ရသေး၏။ သုညထဲမှ ကိန်းဂဏန်းတစ်ခု တိုးလာခြင်းသည် ဝမ်းသာစရာ မဟုတ်လော။

'အဲဒါကွာ သူငယ်လေးက ပညာလဲတော်ပါတယ်၊ ဆက်လဲသင်ချင်ပုံရတယ်၊ နို့ပေမယ့် ထွန်းရမှာလဲ လုပ်လုပ်စားစားဆိုတော့ ဒီအထိဟာ အစွမ်းကုန်ပဲ ဆိုပါတော့ကွာ၊ သို့သော် သူ့သားကိုလဲ ဒီအတိုင်း မနေသစေ့ချင်ဘူး၊ ပညာတတ်မှ လူ့အောက်မကျမှာလို့ သူ့က ယုံကြည်ထားသမို့ကိုးကွ'

ဖြစ်နိုင်ပေ၏။ ဘယ်နေရာမဆို ချမ်းသာသူနှင့် ဆင်းရဲသူ၊ ပညာတတ်သူနှင့် ပညာမဲ့သူ၊ ကြီးသူနှင့်ငယ်သူ၊ အင်အားကြီးသူက ချယ်လှယ်စမြဲ။ သို့သော် ထာဝရ အမှန်တရားဟူ၍တော့ ပြော၍မဖြစ်။ ပညာတတ်ပြီး လောကမှာ လုံးဝ သုံးမရသူတွေ တစ်ပုံတစ်ပင်ရှိသည် မဟုတ်လား။ ကျောင်းသင်ပညာထက် ဘဝအသိပညာရှိဖို့လည်း လိုသေး၏။ ဘာပဲဖြစ်ဖြစ် ထွန်းရလို လူတစ်ယောက်၏ သားအဖို့တော့ ပညာရေးသည် အရေးကြီးပေမည်။

'အဲဒီတော့ ကျွန်တော် ဘာကူညီရမလဲ ဦးလေး'

'ဒီလိုကွယ်၊ သူ့သားကို တစ်ဖက်ကလဲ ပညာသင်ရင်း၊ တစ်ဖက်ကလဲ အလုပ်လေးဘာလေး လုပ်စေချင်သတဲ့၊ ဒါမှမဟုတ်လဲ စက်မှုလက်မှုပညာသင်ကျောင်း တစ်ခုခုပေါ့ကွာ၊ ပို့ပေးချင်တယ်၊ အဲဒါ မင်းတို့က မျက်စိကြီး နားကြီး ပေါက်ရောက်တဲ့သူတွေဆိုတော့'

တက်ကြွနေသော သူ့ရင်သည် ပြန်လည်လေးလံသွား၏။ ထွန်းရအဖို့တော့ သူ့သား ၁၀တန်းအောင်ခြင်းသည် ကြီးမြတ်သော မဟာအောင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပေတည်း။ ထွန်းရ အဘယ်မျှ ရုန်းကန်လှုပ်ရှားခဲ့ရသည်ကို သူနား လည်၏။ လူးနှင့်ပြောင်းဆန်ကို ရောနှောချက်ပြုတ်စားသောက်ခဲ့ရသော ဘဝမှ ရုန်းကန်ခဲ့သူ။ လူ့ဘဝကိုလာပြီး သူများခိုင်းသမျှကို လုပ်ပေးရ သည်မှာ သူ့တာဝန်သာဟု မှတ်ယူနေထိုင်ခဲ့ရသူ။ သူ့သားသည် သူ့ဘဝ အတွက် မျှော်လင့်ချက်ပန်းတိုင် ဖြစ်ပေလိမ့်မည်။

'၁၀တန်းအောင်ရုံနဲ့ အလုပ်လုပ်ဖို့ဆိုတာတော့ အင်း၊ ဟို စက်မှု လက်မှုသိပ္ပံကျောင်း တက်ဖို့ကတော့ အင်း၊ ကျွန်တော်ကြိုးစားပေးပါ့မယ် ဦးလေး၊ နောက်နှစ်ဆို ဒီမှာပဲ ဒေသကောလိပ်ဖွင့်တော့မှာ၊ သူအလုပ်လုပ် ချင်တယ်ဆိုတာ အင်း၊ ကျွန်တော် ရှာပေးမယ်လေ'

သူ့စကားကတော့ အားရဖွယ်ရှိမည် မထင်။ သို့သော်လည်း သူ့ကို အားကိုးလာသည်ကို ငြင်းပယ်၍မကောင်း။ လူသားတစ်ယောက်၏ ဘဝအတွက် အရေးကြီးသော အခန်းကဏ္ဍကို လျစ်လျူရှုထား၍မဖြစ်။ သူတို့တုန်းကလည်း ကိုယ့်ထက် အမြော်အမြင်ရှိသော လူကြီးသူမများ၏ ကြည့်ရှုစောင့်မမှုကို ခံယူခဲ့ရသည် မဟုတ်လား။

'အေးကွာ၊ ကြည့်လုပ်ပေးလိုက်စမ်းပါ၊ ငါတို့ကတော့ ဒါတွေ ခေတ်မမီတော့ဘူးကွ၊ မြို့ဘက်တောင်မရောက်တာကြာပေါ့၊ မင့်အဒေါ်ပဲ သွားတာပဲ'

'ဟုတ်ကဲ့၊ ကျွန်တော်ဖြစ်အောင်လုပ်ပေးပါ့မယ်၊ ခင်မောင်ထွန်းလဲ လွှတ်လိုက်ပါဦး၊ မနက်ပိုင်းဆို ကျွန်တော်စျေးရှေ့မှာ အမြဲရှိတယ်၊ ဒါဖြင့် ကျွန်တော်ပြန်ဦးမယ် ဦးလေး'

'ဟေ မင်းအဒေါ်လာအောင် စောင့်ဦးလေ၊ ညစာ ထမင်းလေး ဘာလေး စားရအောင်'

ညစာ၊ ညစာတဲ့။ ပြောလိုက်ကာမှ သူ့ဝမ်းက ထမင်းကို စတင် သတိရပြီး တဂွီဂွီမြည်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မစားတော့ပါဘူး ဦးလေးရယ်၊ နေမကျခင် ပြန်လိုက်ဦးမယ်၊ ညနေဘက် တွေ့စရာလူတွေ ရှိသေးတယ်'

သူ့ခြေလှမ်းများသည် အလာတုန်းကလို သွက်လက်ခြင်း မရှိတော့။ သူ့နောက်တွင် အုပ်ဆိုင်းနေသော ဆီးပင်များ၊ ပပ်ကြားအက်နေသော နုံးမြေ၊ ကြက်သွန်ခင်စိမ်းစိမ်း၊ သဲသောင်ပြင်ဖွေးဖွေး တစ်စတစ်စဝေး၍ ကျန်ရစ်သည်။ တစ်ဖက်ကမ်းမှ ကူးခတ်လာသည့် ကူးတို့လှေကို စောင့်ဆဲ။ မြို့အစွန်ထက်မှ စနေနံဘုရားဆီ ငေးမျှော်ကြည့်မိ၏။ ကျနေ အောက်မှာ ရေနံ့မြေသည် တောက်ပစွာ ရပ်တည်နေသည်။

လှေပေါ်မှ ဈေးသည်အချို့ ဆင်းကြသည်။ သူတစ်ယောက်တည်း ပြန်ကူးမည့်သူရှိ၏။အထီးကျန်ဖြစ်သွားသော လှေသည် တက်တစ်ချောင်းဖြင့် ရေစပ်မှာ လှုပ်ခါကျန်ရစ်သည်။ ရေစပ်ကို သူ ခြေချလိုက်သည်။ ရေညိုပင်တို့ ခြေထောက်ကို လာရောက်တွယ်ကပ်လေ၏။

ဧရာဝတီမြစ်ရေသည် နောက်ကျိလျက်။

\+ \+ \+

ယနေ့အဖို့ ဒုတိယမြောက်နှင့်နောက်ဆုံး လက်ဖက်ရည်ခွက်ကို အပြီးတိုင် သောက်ချလိုက်၏။

ညနေစောင်းပြီ။ အလုပ်သမားတွေ အိမ်ပြန်ကုန်ပြီ။ လက်ဖက်ရည်ဆိုင်မှာလည်း ညနေဘက်တွင် ထိုင်လေ့ရှိသော လူငယ်တွေဖြင့် ပြည့်၍လာ၏။ သူ့အဖို့ကတော့ တစ်နေ့တာအတွက် စာရင်းပိတ်ပြီး သည်နေ့ ဘူးကျွန်းရောက်ခဲ့သည်မှလွဲ၍ ထူးထူးထွေထွေ အလုပ်မရှိ။ ညနေဘက်တွင် ကိုချစ်ဆိုင်တို့နှင့် ချိန်းထားသော်လည်း သူ အရှေ့ဖက်နောက်ကျ၍

www.burmeseclassic.com

www.burmeseclassic.com



လွဲသွား၏။ သူတို့က ရန်ကုန်က ဧည့်သည်တချို့နှင့် မိတ်ဆက်ပေးလိုသည်ဟု ပြောထားသည်။ သူကတော့ ရန်ကုန်သတင်းလေး ဘာလေးနားထောင်ချင်၏။ တစ်ခါတစ်ရံ နယ်မှစိတ်ထင်ဖြင့် သိထားသော အကြောင်းအရာများသည် တကယ့်အဖြစ်မှန်နှင့် ကွဲလွဲနေသည်ကို တွေ့ရတတ်သည်။ ပြီးတော့ မြို့ပေါ်နေသူများမှာ နယ်မှာနေသူများထက်တော့ တစ်ပန်းသာ၏။ အကြားအမြင် ဗဟုသုတချင်းမတူ၊ ဦးလေး ဦးလှခက် ပြောသလို သူတို့က မျက်စိကြီး နားကြီး။ ပြီး အခွင့်အရေးရတာချင်းလည်းမတူ။ စာပေ အနုပညာသည်ဆိုသည်မှာလည်း မြို့ပေါ်ကလူတွေက ပိုမို ပေါက်ရောက်စမြဲ

ရန်ကုန်ကို မရောက်သည်မှာလည်းကြာပြီ။ မခင်လေး ဆုံးပြီးကတည်းကပဲ ဆိုပါတော့။ သမဝါယမကားတွေ၊ ပုဂ္ဂလိကပိုင်ကားတွေ ပြေးဆွဲနေပြီမို့ လမ်းပန်းအဆက်အသွယ်ကတော့ ကောင်းသွား၏။ သို့သော် စရိတ်မတတ်နိုင်သေး။

ဆိုင်ထဲမှထွက်ပြီး လမ်းပေါ်ရောက်မှ ကိုချစ်ဆိုင်တို့လာနေသည်ကို လှမ်းမြင်သဖြင့် ရပ်စောင့်နေလိုက်၏။ သူတို့နှင့်အတူ အဖော် သုံး လေး ယောက် ပါလာသည်။ ရန်ကုန်က ဧည့်သည်တွေပဲ ထင်ပါရဲ့။

‘ခင်ဗျားနယ်ဗျာ၊ ရှာလိုက်ရတာ တစ်နေ့လုံး ဘယ်ပျောက်နေတာလဲ’

‘ဘူးကျွန်းဘက်သွားနေလို့ဗျို့၊ ခုတောင် ပြန်တော့မလို့၊ လာဗျာ ပြန်ထိုင်ကြတာပေါ့’

‘မထိုင်နဲ့ မထိုင်နဲ့၊ ထမင်းစားကြမလို့ဗျ၊ ခင်ဗျားကို ရှာနေတာနဲ့’

အင်း၊ ထမင်းစားရမယ်ဆိုပါကလား၊ လက်ဖက်ရည်တစ်ခွက်ပင် သွား၍ သူ့ဝမ်းကတော့ ခေတ္တခဏ ဣန္ဒြေရနေပြီ ဖြစ်သည်။ သူတို့ မြို့ထဲဘက် ပြန်လျှောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ဆိုင်သည် သူနှင့်ကျောင်းနေဘက်ဖြစ်၏။ သူက ကိုးတန်းမအောင်ခင် ကျောင်းမှထွက်ခဲ့ရသည်။ ကိုချစ်ဆိုင်ကတော့ တက္ကသိုလ်ဝင်တန်းအောင်ပြီးမှ ထွက်သည်။ ယခုတော့ အပြင်ကဖြေရင်း ဘွဲ့ရပြီးပြီထင်၏။ ကိုချစ်ဆိုင်ကတော့ သူ့လိုပင် စာနယ်ဇင်းအလုပ်၊ ဓာတ်ပုံအလုပ် လုပ်သည်။ ကိုချစ်ဆိုင်က သူ့ထက်ပို၍ သားသားနားနားနေနိုင်ပြီး သွက်သွက်လက်လက်ရှိသဖြင့် သူ့ထက်ပိုပြီး ခရီးရောက်သည်။

ထမင်းဆိုင်တွင်းတွင် ဝိုင်းထိုင်မိကြမှ ကိုချစ်ဆိုင်က ဧည့်သည့်များနှင့် သူ့ကို မိတ်ဆက်ပေး၏။

'ဟောဒါ ကျွန်တော်တို့မြို့က သတင်းထောက်ကြီးပါပဲ ခင်ဗျာ။ ဒါကတော့ ရန်ကုန်က ရောက်လာကြတဲ့ စာရေးဆရာတွေ၊ ဒီဘက်က ကိုတင့်လွင်၊ ဒါက ကိုကြည်စိုး၊ ဟောဟိုက ကိုလှဖုန်း'

စာရေးဆရာတွေဆိုပါလား၊ အထင်ကြီးရမလို ဖြစ်သွား၏။ သူတို့မှာတော့ နယ်မှာနေပြီး ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကို နှစ်နှင့် လနှင့်ချီ၍ စောင့်ဆိုင်းရင်း အသက်သာကြီးလာသည်။ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရှိပါ။

'သိရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ရေနံမြေလေ့လာရေးလား'

သူက ပဋိသန္ထာရ ပြုလိုက်၏။

'လေ့လာရေးကော၊ လည်ပတ်ရေးကောပေါ့ဗျာ၊ အဲဒါ ခင်ဗျား အကူအညီလိုတယ်'

ချစ်ဆိုင်ဆိုတဲ့ကောင်ကတော့ အရေးကြုံလျှင် သူ့ကို သတိတရရှိတတ်၏။ ယခုလည်း ဧည့်သည့်တွေလိုက်ပို့ဖို့ သူ့ကို တာဝန်ပေးခြင်းဖြစ်သည်။ သို့သော် သူ့ ကျေးဇူးလည်းရှိ၏။ ငွေရေးကြေးရေး အကူအညီလိုသည့်အခါ သူ့ကိုပင် အားကိုးရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားစရာရောက်မလာမီ သောက်စရာများကို ထုတ်ကြ၏။ ဖန်ခွက်ငါးလုံးနှင့် ရေခဲအချို့ရောက်လာ၏။ ဧည့်သည်တစ်ယောက်က သူ့ဘက် ဖန်ခွက်တစ်လုံးထိုးပေးသည်။

'ဟာ နေပါစေ၊ နေပါစေ၊ ကျွန်တော် မလုပ်တတ်ဘူး ခင်ဗျာ'

သူက လက်ကိုကာလိုက်သည်။ ဧည့်သည်က သူ့ကို အံ့သြစွာ ကြည့်၏။

'ဟာ လုပ်ပါနောင်ကြီးရာ၊ ကျွန်တော်တို့ကလဲ တစ်ခါတလေ မိတ်ဖြစ်ဆွေဖြစ်ပါ'

သူ့တစ်သက်တာမှာ မည်သည့်အကျိုးအတွက်မျှ အရက်မသောက်စဖူး။ ယနေ့ နှစ်ဆယ်ရာစုခေတ်မှာ အမျိုးသားတွေ အရက်သောက်ကြသည်မှာ အဆန်းမဟုတ်တော့။ သူတို့ပြောသလို မိတ်ဖြစ်ဆွေဖြစ်လည်း သောက်ကြသည်။ အလုပ်အကိုင်အတွက်လည်း သောက်ကြသည်။ ကူညီရိုင်းပင်းမှုအတွက်လည်း ကျေးဇူးတုံ့ပြန်သည့် အနေဖြင့်သောက်ကြသည်။ ဟော အောင်မြင်မှု အထိမ်းအမှတ်ဆိုလည်း သောက်ကြသည်။ ကြေကွဲမှုအတွက်လည်း သောက်ကြသည်။ အရက်မသောက်လျှင် ခေတ်နောက်ကျနေပြီ။ သို့သော် သူသည် အရက်ကို ရှောင်ခဲ့၏။ မိတ်ဆွေတစ်ယောက်ပြောသလိုပင် 'အရက်သောက်သူကို အထင်မသေးနဲ့ဗျ၊ ပိုက်ဆံရှိမှ သောက်လို့ရတာ' ဟူသည့်စကားမှန်လှ၏။ ကိုယ်က တစ်ခါသောက်လျှင် နောက်တစ်လှည့်၊ ပြန်တိုက်နိုင်ပါမှ သည်တော့လည်း ငွေရေးကြေးရေး ပြေလည်ပါမှ။ အရက်မသောက်၍ လူရာမဝင်လည်း မတတ်နိုင်တော့ပြီ။

'ဒီတစ်ခါတော့ လုပ်လိုက်ပါဗျာ၊ နည်းနည်းပါးပါးပေ့ါ၊ ပြီးတော့ နောက်နေ့ သူတို့ လည်ပတ်ချင်တဲ့ နေရာလေးလည်း လိုက်ပို့ပေးပါဗျာ၊ ကျွန်တော်က မကွေးသွားစရာရှိလို့၊ သူတို့က နောက်နေ့ ပုဂံကိုဆက်ကြမှာ'

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ဆိုင်က ဝင်တိုက်တွန်း၏။ ဒီကောင် မသိရင်ခက်မယ်၊ သူ တမင် ရှောင်ထွက်သွားတာပဲ၊ အခွင့်အရေးရဖို့ဆိုရင်တော့ သူ အကုန်ယူမှာ။

သူ တွေးမိ၏။ သို့သော် အားနာတတ်သည့်စိတ်နှင့် ကူညီချင်သည့်စိတ်က သူ့မှာရှိသည်။

'ရေနံမြေဘက်ကတော့ ကြည့်စရာ သိပ်မရှိတော့ပါဘူးဗျာ၊ မြို့ပေါ်မှာဆိုရင်လဲ ကျောက်စာရုံ၊ စနေနံဘုရား၊ ဈေး၊ ဒီလောက်ပါပဲ'

သူ့ရှေ့မှ ဖန်ခွက်ထဲသို့ ရေခဲတစ်တုံးနှင့် အရက်လက်တစ်လုံးခန့် ရောက်လာသည်။ ကဗျာဆရာက ရေအနည်းငယ် ထပ်လောင်းပေး၏။

'အလည်အပတ်သဘောပါပဲဗျာ၊ ကျွန်တော်တို့တစ်ခါမှ မရောက်ဖူးလို့၊ ဒီလောက်နဲ့တော့ လေ့လာရေးလို့ မဆိုနိုင်သေးပါဘူး'

ကဗျာဆရာက စကားညင်သာ၏။ လူကလည်း ပိန်ညှဲ့ညှဲ့။ သူ့ကလောင်နာမည်ကို မြင်ဖူးသော်လည်း သူ့ ကဗျာကိုတော့ မဖတ်ဘူးသေး။ သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများနှင့်သာ ယဉ်ပါးခဲ့သော သူတို့အဖို့ ယနေ့ခေတ် ကဗျာဘက်မှာ များစွာ ခေတ်နောက်ကျခဲ့ပြီ။ ဝတ္ထုတစ်ပုဒ် ကြော်ငြာကိုမြင်ရုံနှင့် မည်သည်က ကလောင်နာမည်၊ မည်သည်က ဝတ္ထုနာမည်ဆိုသည်ကိုလည်း မခွဲခြားတတ်တော့။ သည်တော့လည်း စာပေဘက်မှာ သူတို့ မဝင်ဆံ့နိုင်သည်မှာ အဆန်းမဟုတ်ဟု ဆိုရပေမည်။

'ကဲ လုပ်ဗျာ၊ လုပ်ဗျာ'

အားလုံးကတော့ ဝိုင်းဝကြပြီ။ သူတစ်ယောက်တည်း လက်နှေးနှေး၏။ အရက်ကို လုံးဝ အစိမ်းသက်သက်ကြီးတော့ မဟုတ်။ သို့သော် ဖြစ်နိုင်လျှင် ကင်းကင်းနေချင်၏။ ဒါမျိုးဆိုတာ အရှောင်ဝင်တာ အကောင်းဆုံးပါပဲ။ သို့သော် သည်ပွဲမှာတော့ ခွက်မှောက်၍မဖြစ်။ ခုမှ

www.burmeseclassic.com

www.burmeseclassic.com



သိကြသူတွေမို့ အကြောက်အကန် ဆန့်ကျင်၍မသင့်။ သူက အနည်းငယ် သောက်ပြီး ပြန်ချထားသည်။

သူတို့ဝိုင်းသည် တဖြည်းဖြည်း နှုတ်သွက်လျှာသွက်ဖြစ်လာကြ၏။ စာပေအကြောင်း၊ စာအုပ်ထုတ်ဝေရေးအကြောင်း၊ ရုပ်ပြဇာတ်လမ်း အကြောင်း၊ သတင်းစာအကြောင်း၊ ဟိုလူအကြောင်း သည်လူအကြောင်း စုံလာ၏။ သူကတော့ သူတို့ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်၏။ ထမင်းဝိုင်းစချိန်တွင် သူ့တို့ဝမ်းထဲကို အရည်များစွာဝင် ရောက်ပြီးပြီ။ သူပင်လျှင် ဖန်ခွက်တစ်လုံးတော့ ကုန်သွားပြီ။ လက်ဖက် ရည်၊ ဆေးလိပ်၊ မြေပဲလှော်၊ ရေနွေးကြမ်း။ ပြီး လက်ဖက်ရည်၊ ပြီး တော့အရက်။ သူ့ဝမ်းထဲမှာ လှိုံတက်လာသလို ခံစားရသည်။

ထမင်းစားချင်စိတ် မရှိတော့။

နောက်နေ့အတွက် ချိန်းဆိုကြသည်။ သူခေါင်းကို သွက်သွက်ညိတ် ၏။ သူ့ ဦးနှောက်ထဲမှာ အားလုံးဝေဝါး၍ နေလေပြီ။ သို့သော် ဟန်မ ပျက်အောင် သတိထားနေရသည်။ အရက်ကလေး လက်တစ်လုံးလောက် သောက်ရုံနှင့် မူးသည်ဆိုလျှင် သူ သိက္ခာကျရော့မည်။

အားလုံး လူစုခွဲဖို့ ပြင်ကြ၏။ ကျန်လူတွေနှင့် သူနှင့်က လမ်းချင်း မတူ။ သူတို့က မြို့တွင်း၊ သူက မြို့ပြင်။ သူအိမ်ပြန်ချိန်သည် ခါတိုင်း ထက်ပင် နောက်ကျ၍နေပေပြီ။

'အတော်တောင်မှောင်သွားပြီ၊ ကိုဘမောင် ခင်ဗျား ပြန်လို့ ဖြစ် တယ်နော်'

'ဟာ ဖြစ်ပါတယ်ဗျာ သိပ်ဖြစ်၊ ကျွန်တော် ပြန်နေကျပဲ၊ ဒီလမ်း ကို မျက်စိမှိတ်ပြီးတော့တောင် ကျွန်တော် လျှောက်နိုင်တယ်ဗျ'

သူက အာသွက်လျှာသွက်ပင် ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒါဆိုသွားကြမယ်ဗျာ၊ မနက်ဖြန်စောစောဗျို့၊ မြစိမ်းရောင်မှာ ဟုတ်ပြီလား'

'ဟုတ်ပြီ၊ ကောင်းပြီ'

ကိုချစ်ဆိုင်တို့အုပ်စုက သူ့အပါးမှ ခွာသွားကြပြီ။ သူသည်ကား မြေနီခင်ဘက်ကို ဦးလှည့်ရလေ၏။ သူ့ခြေလှမ်းတွေ မှန်နေဆဲပါ။ သူ ဘာမှမဖြစ်။ မူးလည်း မမူး။ သို့ပါလျက် သူ့ခေါင်းထဲတွင်မူ ဆူဝေ နောက်ကျိစ ပြုနေလေပြီ။ အတွေးစများသည် ဟိုတစ်စ သည်တစ်စ ထိုးထိုးထောင်ထောင်ဖြစ်နေကြ၏။ ပြီးတော့ ဟိုဟိုသည်သည် ပြေးထွက် ပျံ့လွင့်သွားကြ၏။ ထိုမှတဖန် အစုလိုက် အဝေးလိုက် ပြန်လာကြပြန် လေသည်။

ခေါင်းထဲကတော့ ရီတီတီပဲ၊ အရက်မူးတာတော့ မဖြစ်နိုင်ပါဘူး။ ငါသောက်တာ နည်းနည်းလေးပဲ၊ ဒါပေမယ့် ငါ့ခေါင်းထဲမှာ ရှုပ်ထွေးနေ တာတော့အမှန်ပဲ။

ညအမှောင်၏ ကတ္တရာလမ်းပေါ်မှာ သူတစ်ယောက်တည်း လျှောက်လာခဲ့လေသည်။ မြင်းလှည်းအချို့ သိမ်းကုန်ကြပြီ။ လူတွေတစ်စ တစ်စ ကျဲပါးလာ၏။ ရေနံမြေ၏ ညချမ်းသည် အေးစိမ့်စပြုလာသည်။ လူငယ်အချို့ လမ်းဘေးမှာ ဂစ်တာတီးနေကြ၏။ သူတို့ဆိုသည့် သီချင်း ကလည်း ထူးခြားသည်။ 'ရည်းစားလေးထားရတာလဲ ဆီးပြားလေး စားရသလိုပဲ' တဲ့။ ရသမြောက်လိုက်လေ။

သူ့ခြေလှမ်းများ အနည်းငယ်သွက်လာ၏။ ကုန်းတက် ကုန်းဆင်း များကို အလိုက်သင့်လျှောက်ရင်း 'ချစ်စမ်းချင် လှတယ်၊ လှတယ်၊ ပျိုမခင်လေးရယ် လေးရယ်၊ ခင်လေးရယ်'ဟု တိုးတိုးလေး ညည်းလိုက် သည်။ သည်သီချင်းကို သူကြိုက်၏။ အဘယ့်ကြောင့်ဆိုသော် မခင်လေး ပါသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ညက တစ်ညလုံး မခင်လေးအကြောင်းတွေးခဲ့မိသည်။ ယနေ့တော့ အနည်းငယ် မေ့ပျောက်သလိုရှိလာ၏။ လောကမှာ မခင်လေးက သေသွားသူ၊ သူက ကျန်နေသူ။ သည်တော့လည်း မခင်လေး မနေရတော့သည့် ဘဝမှာ သူက ဆက်နေရ၊ ဆက်လက်လှုပ်ရှား နေရသည်ပေါ့။ မခင်လေး မသိမမြင်၊ မခံစားရတော့သည့် ဒုက္ခတွေ၊ သုခတွေကို သူက ဆက်လက်ခံစားရသည်ပေါ့။ မခင်လေး မသေခင်က မြေးတစ်ယောက်တည်းသာရှိသည်။ ယခု မြေးနှစ်ယောက်ရှိသည်။ ဒါတွေကို မခင်လေး မသိ။ သူသာ စောစောက သေသွားလျှင်လည်း ဒါတွေကို သိမည်မဟုတ်။ သားဖြစ်သူ အောင်ကျော်မိုး၏ သူနှယ် ရိုးအပုံတွေ၊ မြေးမလေး၏ စကားတတ်ပုံတွေ၊ ဒါတွေကိုလည်း သိရမည်မဟုတ်။ ထွန်းရသား ခင်မောင်ထွန်းကို အလုပ်ရှာပေးဖို့ကိစ္စ၊ ဒါတွေလည်း သူ့ဆီသို့ ရောက်လာမည်မဟုတ်။ ပြီးတော့ မနက် လက်ဖက်ရည်တစ်ခွက်လည်း သောက်ရတော့မည်မဟုတ်။ သေတယ်ဆိုတာ တော်တော် ကိစ္စငြိမ်းတာပဲဟု သူတွေးလိုက်သေး၏။

မြစိမ်းရောင်တံတားနား ရောက်လာသည်။ ဆိုင်သိမ်းနေသော မုန့်ပြားသလက်သည် အဒေါ်ကြီးကို 'ဗျို့ သိမ်းပြီလား'ဟု နှုတ်မဆက်စဖူး ထူးထူးခြားခြား အာရွှင်စွာဖြင့် နှုတ်ဆက်လိုက်၏။ တစ်ခါတစ်ရံ မနက်ခင်းမှာ မုန့်ပြားသလက်ဝယ်ပြီး လမ်းလျှောက်ရင်းစားရသည်မှာ အရသာရှိလှ၏။ အညာသားဟူသည်မှာ ပုန်းရည်ကြီးနှင့် ပဲကို ခင်မင်သလို မုန့်ပြားသလက်ကိုလည်း ခင်မင်၏။

တံတားကို သူဖြတ်၍ လျှောက်ဆဲမှာ ဦးသစ်စိန်နှင့် တိုးလေ၏။ 'အလို မောင်ရင် အခုမှ ပြန်လာသလား၊ မှောင်နေပေါ့ရော'ဟု သူ့ကို နှုတ်ဆက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဗျာ၊ ဟိုခွေးမသား ချစ်ဆိုင်ရယ်၊ သူ့ ဩည့်သည်တွေ ခေါ်လာပြီး ကျွန်တော့်ဆီ လာအပူကပ်တယ်၊ ဧည့်သည်တွေက ရေနံမြေကြည့်ချင်သတဲ့ဗျာ၊ လိုက်ပို့ပေးပါတဲ့၊ သူကတော့လစ်မယ်လေ၊ ခွေးမသား၊ ခိုင်းဖို့ကျတော့ ကျွန်တော့်ကို သတိရတယ်၊ နေပေ့စေ၊ နက်ဖြန်မြို့တစ်ပတ် ခြေလျင်လျှောက်ပြီး အန္တိလိုက်ပို့ပစ်လိုက်မယ် ဟား ဟား'

သူ့လေသံနှင့် သူ့စကားကြောင်း ဦးသစ်စိန် အနည်းငယ် အံ့သြသွားပုံရ၏။ သူတစ်ခါမျှ သည်လောက် စကားရှည်ရှည် မပြောစဖူး။သို့သော်ချက်ချင်း နားလည်သွားဟန်တူ၏။

'မင်းဒီဘက်ကနေ တက်မလို့လား၊ မှောင်နေပြီ၊ ဖြစ်ပါမလားကွ'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ဖြစ်ပါတယ်ဗျ၊ ကျွန်တော် နေ့တိုင်း ပြန်နေကျပဲ၊ ဒါနဲ့ မနက်က ဟိုလူကြီး ဦးဌေးမြိုင် ဘာတွေ အာလူးဖုတ်သွားသေးလဲဗျ'

'ဒီလိုပါပဲကွာ၊ ကဲ ကဲ မင်းသွားတော့၊ သတိထားလျှောက် မနက်ကျရင် ရှမဝနဲ့ မိုးဝေလာယူပေါ့'

သူ့ကို ဘာကြောင့်များ ဒီလောက်စိုးရိမ်နေကြပါလိမ့်ဟု တွေးကာ သူ ဆက်လျှောက်လာ၏။ တကယ်တော့ သူဘာမျှမဖြစ်။ သူ့လမ်းကို သူကောင်းစွာ လျှောက်နိုင်ပေသား။ သည်လမ်းသည် သူ အနှစ် ၂၀ ကျော်ကျော် လျှောက်ထားသည့်လမ်း။ မြေနီခင်သည် မခင်လေး၏ မြေနီခင်။ သူ့ မြေနီခင်။ မြေနီခင်သို့ ဘယ်အချိန်ပြန်ပြန် သူ့ကို အလည်လွန်သော သားတစ်ယောက်သဖွယ် ယုယစွာကြိုဆိုပေလိမ့်မည်။

မြေနီခင်၏ ကုန်းတက်သို့ သူစ၍ တက်၏။ ခြေထောက်များက အနည်းငယ်တော့ လေးလံနေသည်။ သို့သော် ရတ်ခြည်းပင် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ပေ့ါပါးသွားပြန်၏။ သူ အမြင့်သို့ ရောက်လာလေ အောက်မှ ကတ္တရာလမ်းနှင့် အိမ်များသည် တစ်စတစ်စ နိမ့်ဆင်းသွားလေဖြစ်၏။

'မြေနီခင်မှာ နေတဲ့သူတွေအဖို့တော့ တက်လမ်းရှိတာပေ့ါ' ဟု သူ ရယ်သွမ်းသွေးဖူး၏။ တကယ့် တကယ် သူ့ဘဝတက်လမ်းကိုတော့ မရှာမိခဲ့။ ကိုယ်အမြင့်ကို ရောက်ဖို့ဆိုသည်ကလည်း သူတစ်ပါးကို ကျော်နိုင်၊ လွှားနိုင်၊ မျက်နှာပြောင်နိုင်၊ ကြောင်နိုင်မှ ရတတ်တာမျိုး။ အထူးသဖြင့် သူ့လို အခြေခံနည်းပါးသူအဖို့ပေ့ါ။ ဦးစံရွှေလို လူမျိုးကိုတော့ ထည့်ပြောစရာ မလိုတော့။ ယခင်က ရဲဘော်ရဲဘက်လို နေခဲ့သူကို ယခု ဆေးဖော်ကြောဖက် မလုပ်တော့သည်ကိုပဲ ကြည့်။

သို့သော် ဦးစံရွှေလို လူမျိုးကမှ ပြတ်သားသေးသည်ဟု ဆိုရမည်။ ဦးငွေမြိုင်လို လူမျိုးကျတော့ တစ်နေ့တစ်နေ့ ဘေးထိုင် ဘုပြောနေရုံနှင့် ပြီး၏။ ရှေ့ကလည်း မသွား၊ နောက်ကလည်း မလိုက်။ ဘေးတိုက်လိုက်ပြီး ပခုံးစောင်းတိုက်နေတတ်၏။ ဘာအသုံးကျမည်နည်း။

သည်ညအဖို့ အိမ်ကိုရောက်အောင် လျှောက်ရသည်မှာ ဝေးလံလှ၏ဟု ထင်မိ၏။ ရင်ထဲမှာလည်း အော်ဂလီဆန်သလိုဖြစ်လာ၏။ ကုန်းတက် ကုန်းဆင်းများတွင် အနည်းငယ်ယိုင်ချင်လာ၏။ ခေါင်းထဲမှာလည်း မူးရိပ်ရိပ်ဖြစ်လာလေသည်။ ဇရာပဲထင်ပါရဲ့။ ငါးဆယ်တွင်းချဉ်းနင်း ဝင်ရောက်စ ပြုပြီဆိုတော့ ကိုယ်ခံအားသိပ်မရှိတော့။ သို့သော် လူ့ဘဝဆိုတာ အဆုံးမရောက်မချင်း မယိုင်လဲအောင် မတ်ထူထားဖို့ လိုမည်ပဲ။ အိမ်ရောက်ဖို့ မဝေးတော့ပါဘူး။ သူ အားတင်းလိုက်၏။ မနက်ကျလျှင် စောစော အိပ်ရာမှထဖို့ လိုသေးသည်။ သည်အတွက်တော့ သိပ်ပူစရာမလို။ ဘယ်အချိန်အိပ်အိပ် သူစောစောနိုးစမြဲ မဟုတ်လား။ တစ်ခုတော့ရှိ မည်။ အိမ်ပြန်ရောက်သွားလျှင် ခါးမှ ပုဆိုးကို လျှော်ထားဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုမည်။ သည်တစ်ထည်က အကောင်းဆုံး။ မနက်ကျ ခြောက်ပါမည်လား မသိ။ သည်အတွက်တော့သား အောင်ကျော်မိုးကိုပဲ တာဝန်ပေးလိုက်ရမည်။

သား အောင်ကျော်မိုးဆိုသည့်အကောင်ကလည်း တော်တော် အသုံး မကျသည့်အကောင်။ ကလေးနှစ်ယောက်သာရှော ဘာမှ ဖြစ်ဖြစ် မြောက်မြောက်မရှိ။ ဖအေခိုင်းတာ ညွှန်ပြတာကလွဲရင် ဘာမှ မလုပ် တတ်။ သည်ခေတ်ထဲမှာ ဖအေ့လမ်းစဉ် လိုက်နေလို့ ဘယ်ဖြစ်ပါမလဲ။ ကိုယ့်ဘာသာ တစ်ခုခုဖြစ်အောင် လုပ်မှပေါ့။ ထွန်းရသားလို ပညာရေး ဘက်မှာ အားကိုးရရင်လဲ အကောင်းသား။

ခင်မောင်ထွန်းကိစ္စ မည်သို့လုပ်ရမည် မသိ။ သင်တန်းတစ်ခုခု တက်ဖို့ကိစ္စ၊ မြို့ကဆွေ့သည်တွေ မေးကြည့်ရဦးမယ်။ ဂျီတီအိုင် တက်ခွင့် ရလျှင်တော့ မဆိုး။ ဘာမှ လုပ်မဖြစ်သေးတဲ့အရွယ်မှာ ပညာသင်နေရတာ အကောင်းဆုံးပါပဲ။

အိမ်ရောက်ရန် သိပ်မဝေးတော့။ သို့သော် သူ့ခြေလှမ်းတွေက တဖြည်းဖြည်း ယိုင်ချင်လာ၏။ စုစည်းမရသော စိတ်အတွေးများကလည်း သူ့ခေါင်းကို ဒုက္ခပေးလျက်ရှိ၏။ အောင်ကျော်မိုး၊ မခင်လေး၊ ခင်မောင် ထွန်း၊ ကိုချစ်ဆိုင်၊ ဦးစံရွှေ၊ ဦးဌေးမြိုင် သူတို့အားလုံး တစ်ယောက်စီပေါ် လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေသည်။ အုတ်ခဲကျိုးတစ်ခုကို နင်းမိပြီး ယိုင်လဲမလိုဖြစ်သွား၏။ သို့သော် ချက်ချင်းမတ်၍ ထူလိုက်၏။

ခရီးဆုံး မရောက်မချင်း လဲလို့မဖြစ်။

အတွေးစများကို ဖယ်ရှားပြီး ဦးနှောက်ကို ကြည်လင်အောင်ထား လိုက်၏။ လောကကြီးမှာ ဘာကိုမှ ကြိုတင်မှန်းဆပြီး ပူပန်နေဖို့မလိုပါ ဘူး။ လက်ရှိ ဘဝအခက်အခဲကို ကျော်နိုင်ဖို့ပဲ အရေးကြီးတာပဲ သူတွေး ၏။ 'မနက်ဖြန်ကိစ္စတွေ၊ နောက်ကိစ္စတွေကို နောက်မှပဲ တွေးတော့ မယ်၊ ဒီနေ့တော့ အိမ်ပြန်ရောက်ရင်ပြီးတာပဲ' ဟု ဆုံးဖြတ်ချက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းသည် အနည်းငယ်ကြည်လင်လာ၏။ လရောင်အောက်မှာ သူ့အိမ်သည်လည်း ဖြောင့်စင်းလာ၏။ ကြည့်စမ်း၊ ဘယ်လောက်နေပျော် တဲ့နေရာလေးလဲ၊ ဘယ်လောက် လှပတဲ့ လမ်းလေးလဲ။ ဘယ်လောက် အေးချမ်းတဲ့ အိမ်လေးလဲ။ ဟိုလူတွေ။ သူတစ်ပါးအပေါ် အမြဲတမ်း ဒေါမနဿဖြစ်နေတဲ့ ဦးငွေးမြိုင်တို့၊ သူ့ရာထူးစည်းစိမ်အတွက် သူတစ်ပါး အပေါ် အမြဲ သံသယဝင်နေတဲ့ ဦးစံရွှေတို့၊ သည်လူတွေ သည်လို သာယာအေးချမ်းမှုမျိုးကို ခံစားဖူးမှာမဟုတ်။

သူ အိမ်ကို ချောချောမောမော ပြန်ရောက်ပြီ။ သားရယ်၊ ချွေးမ ရယ်၊ စကားတတ်တဲ့ သူ့ မြေးလေးရယ်၊ အိမ်ရှေ့မှာ ထွက်မျှော်နေကြ ပြီ။ ဟိုရှေ့မှာ မြင်နေရပြီလေ။

သူ့ရဲ့ ကြယ်မြင် လမြင် အိမ်ကလေး။

[ ငွေတာရီ။ ။ မေ၊ ၁၉၇၉]

www.burmeseclassic.com

www.burmeseclassic.com

၆

အမေ    ဆုတောင်းလိုက်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

အရင်ရောက်နှင့် သူသည် အရင်ပြန်သွားရရိုး ထုံးစံမရှိ။

လူ့ဘဝတွင် ဧည့်သည်အဖြစ် လာရောက်နေရပြီး မိမိပြန်ချင်သည့် အချိန်တွင် ထပြန်၍ မရစကောင်းသည်ကို အတွေ့အကြုံရင့်ကျက်လှသော အမေသည် သဘောပေါက် နားလည်ပြီးသားပင်။ မနှင်ဘဲနှင့်လည်း ပြန်ရတတ်သည် မဟုတ်ပါလား။ သို့သော်လည်း အနှစ်လေးဆယ်နီးပါး ဘဝကို မာနနှင့်ယှဉ်ကာ အနိုင်ယူခဲ့သောအမေသည် ယခုလို သားဖြစ်သူ၏ လူ့ဘဝမှ စောစီးစွာ နုတ်ထွက်သွားသည့်အဖြစ်ကို မြင်ရတော့ ယူကျုံးမရဖြစ်ခြင်း ခံပြင်းမိတာအမှန်ပင်။ မာန၏ အခိုးအငွေ့အောက်မှာ လွင့်ပါးကွယ်ပျောက်ရမြဲဖြစ်ခဲ့သော အမေ မှန်းတီးရှုံ့ရှာသည့် မျက်ရည်တို့သည် အမေ့ကို အနိုင်ယူကာ မထိမ့်မြင် စီးဆင်းလာကြလေ၏။ အမေ့ဘဝတွင် ဒုတိယမြောက် ကျရသည့်မျက်ရည်တည်း။ လွန်ခဲ့သော အနှစ်လေးဆယ်၊ သင်းရို့အဖေ ဆုံးပါးစဉ်က မျက်ရည်တစ်ခါကျဖူးသည် ကော။ သည့်နောက်မှာ လူ့ဘဝကို ဒေါင်ကျကျ ပြားကျကျ အပြုံး လှလှဖြင့် ရင်ဆိုင်ခဲ့ရသည်မှာ ယနေ့ထက်တိုင်ပင်။ ခြော်ယခုတော့

www.burmeseclassic.com

www.burmeseclassic.com



သင်းအတွက်ကြောင့် ဒုတိယအကြိမ် မျက်ရည်ကျရသည်။ လောကကို အနိုင်ယူမည်ဟု အံခဲထားသူကို အရှက်ခွဲလေတဲ့ သား။

\+ \+ \+

အမေသည် သားကို မွေးဖွားသူသာ ဖြစ်၏။ သား၏ ဘဝကိုမူ အမေ မွေးဖွားရ၍မရ။ လူဆိုသည်မှာ ကိုယ့်ဘဝကို ကိုယ်ဖန်တီးကြရစမြဲ မဟုတ်လား။ သို့သော် သားတို့အဖေ မျှော်မှန်းထားခဲ့သည့်အတိုင်း ပညာတတ်ကြီးတွေဖြစ်အောင်တော့ အမေ ကြိုးပမ်းအားထုတ်ခဲ့သည်ပင်။ အညာဒေသ၏ ပူလောင်လှသော နေရောင်အောက်မှာ ကြက်မကြီးတစ်ကောင် အစာရှာသလို ပင်ပန်းကြီးစွာ ရှာဖွေခဲ့ရသည့်တိုင် အမေ့မှာ မျှော်လင့်ချက်တွေတဝေဝေဖြင့် ကျေနပ်အားရခဲ့သည်ပင်။ နောက်တော့လည်း အမေ မျှော်မှန်းသည်ထက်ပင် သား၏ဘဝမှာ အောင်မြင်မှုရတာ အားလုံးအသိ၊ တစ်နိုင်ငံလုံးအသိပင်။ သားဟူသော ဆန္ဒစွဲဖြင့် အမေ ကြွားသည်မဟုတ်။ ထိုသူသည် သားကို မသိဟု ဆိုငြားအံ့၊ စာအုပ်ကိုမသိဟု အမေ ဆိုချင်၏။ ထိုသူသည် စာအုပ်ကို မသိဟုဆိုငြားအံ့၊ စာကိုမသိဟု အမေက စွပ်စွဲချင်၏။ စာကိုမသိသောသူသည် သားကို မသိလျှင်မူ အမေ မအံ့သြပြီ။ အမေ့သားသည် ထိုသို့သော သား။ အမေ့သား အနုပညာသမား။ သို့မဟုတ် အနုပညာကို ဖန်တီးမွေးဖွားသူ။ ပန်းများကို ပွင့်စေသူ ဥယျာဉ်မှူး။

ဥယျာဉ်မှူးတစ်ယောက်၏ ဘဝသည် မည်သို့လျှင် လှပနိုင်ပါ နည်း။ ပန်းတို့သည်သာ လန်းလန်းစွင့်စွင့် ပွင့်ရိုးထုံးစံရှိ၏။ ပန်းအလှသည်သာ ပတ်ဝန်းကျင်မှာ ထင်ပေါ်မြဲဖြစ်၏။ ပန်းတို့သည်သာ အရောင်း

www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်မှာ မျက်နှာပွင့်စမြဲ ဖြစ်၏။ သဘာဝဝန်းကျင်မှာ ပန်းများဖြင့် ဝေဝေဆာဆာ သာယာလှပနေချိန်ဝယ် ဥယျာဉ်မှူးသည် ခြေကုန်လက်ပန်းကျလေပြီ။

နေဝင်ချိန်ဝယ် ဥယျာဉ်မှူးသည် ပေါက်ပြားနှင့် တူရွင်းကိုသိမ်းလျက် အိပ်စက်အနားယူလေ၏။ ပန်းတို့သည် လေပြည်လေညင်းနှင့်အတူ ဝေ့ဝဲပျော်ပါးကာ နေကြလေ၏။ ပန်းပေါင်းစုံသော ဥယျာဉ်နန်းမှ ဖဲခွာခဲ့ချိန်ဝယ် ဥယျာဉ်မှူးတွင်ပိုင်ဆိုင်သော ဓနဥစ္စာဟူ၍ ပေါက်ပြားနှင့် တူရွင်းသာ ကျန်ရစ်လေသတည်း။

သားသည် သူ့အဖေလိုပင် အမေ့ထံပါးမှာ စည်းစိမ်ဥစ္စာ ပလာနတ္တိနှင့် ရေရေရာရာ မရှိလှသေးသော သားသမီးရတနာများကို ထားရစ်ခဲ့လေသည်။

\+ \+ \+

'ကော်ဖီတွေ အေးကုန်ပြီ သား၊ အဲဒီစာတွေက မောင်သန်း ကြည့်ပြီးသားတွေ မဟုတ်လားဟင်'

အမေက သား၏အလုပ်ကို လေးစားသည့်တိုင် သား အပင်ပန်းခံလွန်းသည်ကို မကြည့်ရက်။ သားသည် သူ၏ အိပ်စက်အနားယူရမည့် အချိန်များစွာကို အလုပ်ခွင်မှာ မြှုပ်နှံထားခဲ့ပြီးဖြစ်သည်။ သား၏ ခန္ဓာကိုယ်သည် ပိန်ချည့်၍နေ၏။ စားပွဲနှင့် ကုလားထိုင်မှာ မျက်နှာအပ်ကာ တကုပ်ကုပ် ရေးမှတ်နေသောသား။ မိမိလက်ဝယ်ရောက်လာသော အနုပညာပစ္စည်းတစ်ခုကို ကျောက်ကောင်းတစ်စေ့ အရောင်သွေးသလို တစိမ့်စိမ့်သွေးနေသည့် ကျောက်သွေးသမားကြီးအဖြစ် အမေ မြင်၏။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ ဖတ်ရုံနဲ့ အမှားတွေ ဘယ်စင်မှာလဲ အမေ၊ စာလုံးပေါင်း အမှားပြင်ရုံနဲ့ ပြီးတာမဟုတ်ဘူး၊ စာကြောင်း အဖြတ်အတောက် အကျဲ အစိပ်ကအစ မှန်မှ စာက ပိုအဓိပ္ပာယ်ရှိတာ၊ စာအုပ်ဖြစ်ရင် ပြီးရော ဆိုတာက တစ်မျိုးပေါ့အမေရာ'

သည်စကားတွေကလည်း အမေ ကြားရဖန်များပြီ။ သားသည် သူ့ အလုပ်နှင့် ပတ်သက်လျှင် များစွာ ဂရုစိုက်သည်။ များစွာလည်း ဂုဏ်ယူသည်။

'တချို့က ထုတ်ဝေသူဆိုတာ ခေါင်းပုံဖြတ် အမြတ်ကြီးစားလို့ပဲ မြင်နေကြတယ်၊ အနုပညာသမားလို့ အသိအမှတ်မပြုချင်ကြဘူး၊ အနုပညာ စိတ်၊ တီထွင်ဖန်တီးချင်တဲ့စိတ်၊ တိုးတက်ချင်တဲ့စေတနာ၊ စာဖတ်ပရိသတ် ကို ပေးချင်တဲ့စေတနာမရှိဘဲ ထုတ်ဝေသူကောင်းတစ်ယောက် မဖြစ်နိုင် ပါဘူး။ နိုင်ငံတကာမှာ ထုတ်ဝေသူဆိုတာ အဆင့်အတန်းရှိပါတယ်။ အင်းလေ ဒီမှာတော့'

သား၏ နှုတ်ဖျားမှ နာကျည်းစွာပွင့်ထွက်လာသော သား၏ စကား အချို့ကိုလည်း အမေ မှတ်မိနေပါသည်။ သားသည် သူ့လုပ်ငန်းကို စေတနာမပါဘဲ လုပ်နေခြင်း မဟုတ်သည်ကိုတော့ အမေ ကောင်းစွာ ယုံကြည်၏။ သားသည် သူ၏ ဘဝအစိတ်အပိုင်းများစွာကို မေ့လျော့ ထားနိုင်သည်ကိုပင်ကြည့်။

အမေ သားကို စကားပြောချင်သည်။ သား မေ့လျော့ဟန်ဆောင် နေသော၊ တကယ်တမ်းလည်း မေ့လျော့နေမည်မဟုတ်သော အကြောင်း အရာတချို့ကို တိုင်ပင်ချင်သည်။ အိမ်၏ စီးပွားရေး၊ အိပ်မကပ်သော ညီညီ၊ ပြီးတော့ မလေးနွယ်။

ညည့်နက်ချေပြီ။ ကလေးတွေလည်း အိပ်ရာဝင်ကုန်ပြီ၊ အမေသည် သားကိုစောင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သားသည် သူ့အလုပ်ကို အာရုံစူးစိုက်နေရာမှ အမေ့ကို စောင်းငဲ့၍ ကြည့်ဖော်ရလာသည်။ ကော်ဖီကို တစ်ကျိုက် မော့သောက်လိုက်၏။ အမေသည် ပျံ့ဝဲနေသော ခြင်တွေကို ယပ်တောင်ဖြင့် ခါယမ်းပစ်ရင်း သားကို လှမ်းကြည့်၏။

'အမေ ဘာပြောမလို့လဲဟင်'

'မင့်မလဲ ဒီနှစ်ထဲ ကျန်းမာရေးက အတော် ချို့ယွင်းနေပုံရတယ်နော်'

သားသည် ဆေးပေါ့လိပ်တိုကို ကောက်ကိုင်၏။

'ဒါ အဆန်းလား အမေရာ၊ အမေ ပြောချင်တာ ဒါမဟုတ်ပါဘူး၊ ကျွန်တော် သိပါတယ်'

'အေး ဟုတ်တယ်၊ ဒီတစ်ပတ် အမေ ဒီမှာနေတာ အတော်လေး ကြာသွားပြီ၊ နောက်ပိုင်းကအလုပ်တွေ ပစ်ထားခဲ့ရတာလဲ မင်းအသိပဲ'

'အမေ အညာပြန်ဦးမယ် ဆိုပါတော့'

'အေး'

အတန်ကြာ တိတ်ဆိတ်သွားကြပြန်လေသည်။ အမေသည် စကားကို ပဏာမပျိုးနေခြင်းသာဖြစ်ကြောင်း အထူးပြောဖွယ်ရာမလိုချေ။သားသည် ဆေးပေါ့လိပ်ကိုသာ မီးခိုးတထောင်းထောင်းထအောင် ဖွာနေလေ၏။

'အမေ့ မြေးတွေကို အမေ စိတ်မချဘူးဆိုပါတော့၊ သူ့ဟာနဲ့သူ အတိုက်အလျောက် ဖြစ်သွားမှာပေါ့ အမေရာ၊ ဒီလောက်လဲ ပူမနေပါနဲ့၊ ဒါပေမယ့် အမေ ကြာကြာတော့ မနေနဲ့ပေါ့'

သားသည် ပြောစရာစကား မရှိတော့ဟန်ဖြင့် တစ်ဖက်သို့ ပြန်လှည့်ကာ စာရွက်တွေနဲ့ မျက်နှာချင်းဆိုင်ပြန်လေသည်။

'အမေပြောချင်တာ ဒါမဟုတ်ဘူးသား၊ မင်း မလေးနှယ်ကို ပြန်ခေါ်သင့်တယ်၊ သားသမီးဆိုတာ မိခင်အုပ်ထိန်းမှုလဲ လိုအပ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သား၏ ခန္ဓာကိုယ်သည် တောင့်တင်းသွား၏။

'လူတိုင်းမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိပါတယ် အမေ၊ သူ့သဘောနဲ့ သူ သွားတာကို ကျွန်တော့်မှာ တားဆီးပိုင်ခွင့်မရှိဘူး'

အမေသည် သက်ပြင်းကို လေးတွဲ့စွာ ချမိလေ၏။

သူ၏အလုပ်မှာ ဘဝကို မြှုပ်နှံထားသော သား၊ အရာရာကို စွန့်လွှတ်ရန် ဝန်မလေးသောသား။ သို့သော် သူ့အခြေအနေသည် အစစ အရာရာ ယိုင်နဲ့လျက်ရှိသည်ကို မည်သို့လျှင် လျစ်လျူရှု၍ ဖြစ်ပါမည်နည်း။

တစ်ချိန်ကတော့ သား၏ အသိုက်အမြုံညယျာဉ်နန်းမှာ လန်းဆန်းဝေစာစွာ ရှိခဲ့သည်မို့ ကျေးငှက်သာရကာတို့သည်လည်း ပျော်ရွှင်စွာ ခိုလှုံခဲ့ကြ၏။ ယခုတော့ သား၏ဘဝသည် အထီးကျန် သစ်ပုတ်ပင်ကြီးဘဝ။ သို့သော် သားသည် ဘဝ၏ အလှည့်အပြောင်းကို ကြံ့ကြံ့ခံကာ ဝတ္တရားမပျက် ဆက်လက်ရုန်းကန်နေလေ၏။ အမေသည် သား၏ဘဝကို ကြည့်ကာ ရင်မောလှ၏။ သားကတော့ မည်သို့မျှ မတုန်လှုပ်ဟန်တကား။

'အမေ ပြန်ချင်ရင် စိတ်ချလက်ချသာ ပြန်ပါ အမေ၊ ကလေးတွေအတွက် ဘာမှ မပူနဲ့'

သားသည် သူ့ အလုပ်စားပွဲမှထ၏။ သား၏ ခန္ဓာကိုယ်သည် ယိုင်နဲ့လျက်။ သို့သော် သား၏ စိတ်ဓာတ်များသည်ကား တစ်စုံတစ်ခုသော မျှော်လင့်ချက်ဖြင့် အသက်ရှင်လျက် ရှိနေသည့်နှယ်။ အင်းလေ၊ အမေတို့ သားတို့ဘဝမှာ လက်ချည်းပလာနှင့် စခဲ့ကြသည်ပဲ။ အရှုံးဆိုတာ မရှိနိုင်ပါဘူးဟု အမေက ဖြေသိမ့်လိုက်၏။ သားရဲ့ဘဝမှာ လုပ်သင့်လုပ်ထိုက်တာတွေထက်တောင် ကျော်လွန်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီးပြီပဲ။ သည်လိုပဲ တရွေ့ရွေ့ တကုပ်ကုပ် လုပ်ဆောင်ရင်းနှင့် သူ့ဘဝမှာ ရှေ့ဆုံးတစ်နေရာ ရခဲ့သည်မဟုတ်ပါလား။ တစ်ခုတော့ရှိသည်။ ငွေကြေးအရတွက်လျှင်တော့ သားတွင် ဘာမျှ မည်မည်ရရ လက်သို့ထိုးပြစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာပေနယ်မှာ သားတီထွင်ဖန်တီးခဲ့သည့် လမ်းကြောင်းသည် သမိုင်းတွင်ရစ်လေပြီ။သည်လမ်းပေါ်မှာ အနုပညာသမားများစွာ လျှောက်လှမ်းနေကြလေပြီ။ သည့်ထက် ကျေနပ်စရာကောင်းတာ ရှိဦးမည်လော။

တစ်ခုတော့ ပြောစရာရှိ၏။

စာအုပ်များ စက္ကူစများ၊ စာစီခုံများ၊ မင်စွန်းကာ ညစ်ပတ် ပေရေနေသော ကြမ်းခင်းများ၊ သည်အဆောင်အယောင်တွေကြားမှာ သားတစ်ယောက်သာ ပျော်မွေ့နိုင်သော်လည်း သား၏ အဆွယ်အပွား သမီးသားများသည် ပျော်မွေ့နိုင်ပါမည်လား။ သူတကာတွေ ငွေကို မရမနေရှာဖွေကာ လူ့ဘဝရဲ့အထက်လွှာမှာ ဝင့်ကြွားနေချိန်ဝယ် သားသည် စာအုပ်ပုံကြားမှာ နစ်မြုပ်နေ၏။ ထို့အတူ သူ့သားသမီးများသည်လည်း သားအထင်မကြီးသော အသိုက်အဝန်း၏ အပြင်ဘက်မှာ လွင့်စဉ်စပြုနေကြ၏။

ခြေပစ်လက်ပစ်အိပ်နေကြသော မြေးများကိုကြည့်ကာ အမေ့ရင်မှာမောလာ၏။ အမေတို့ဘဝမှာ ရုန်းကန်လှုပ်ရှားခဲ့ရသည်ဆိုသော်လည်း ထမင်းစာဖို့အတွက်၊ ငွေရဖို့အတွက် ရှာဖွေခဲ့ရခြင်းဖြစ်၏။ စားဝတ်နေရေးအတွက် ကြိုးပမ်းရခြင်းဖြစ်၏။ စားနိုင် နေနိုင် ဝတ်နိုင်လျှင်ပင် အောင်မြင်ခြင်း။ သားတို့၏ ရုန်းကန်မှုသည် ထိုသို့မဟုတ်။ ယုံကြည်မှုအတွက်၊ အနုပညာအတွက် စားမှု နေမှု ဝတ်မှုကို စတေးခံ၍ ရုန်းကန်ခြင်း။ အံ့သြတုန်လှုပ်ဖွယ်ပင်။

'ငွေအတွက်နဲ့တော့ မင်း ငါ့ရဲ့ စာအုပ်တွေကို မပုတ်ခတ်ပါနဲ့ မလေးနွယ်'

သားက သူ့ဇနီးကိုပြောလေ့ရှိသော စကား။ သြော် အဘယ်အံ့မှရင်မသည် မီးဖိုချောင်အတွက် မပူမပင်ဘဲ နေနိုင်ပါမည်နည်း။ သူတကာမိန်းမတွေ ဝတ်ကာ စားကာ၊ မော်ကာ ကြွားကာ သွားလာနေကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အားမကျသည်ပဲထား။ လက်ထဲမှာ ငွေစရွှင်ရွှင်နှင့် သုံးချင်စွဲချင် စီမံခန့်ခွဲချင်မည်သာ။ ငွေဆိုသည်မှာ အရာရာကို ပြေလည်ပြီးမြောက်စေသည် မဟုတ်ပါလား။ ငွေကို မကိုးကွယ်သော်လည်း ငွေကိုပစ်ပယ်၍ ရမည်လား။ ငွေကို ဂရုမစိုက်တော့ ငွေကလည်း သားကို ဂရုမစိုက်။သို့သော် သားသည် သူ့မာနကို ဘယ်တော့မျှ မချ။

'ငါ ရွှေမရှာနိုင်လို့ ငါ့ကိုငါ ကျဆုံးပြီလို့ ဘယ်တော့မှ လက်မခံဘူး၊ လောကမှာ ငွေရှာတာ လွယ်ပါတယ်၊ ငွေရဖို့သာအဓိက ဆိုရင်ပေါ့၊ ဒီနေ့ နာမည်အကြီးဆုံးဆိုတဲ့ စာရေးဆရာရဲ့ စာမူကိုဝယ်၊ မျက်နှာဖုံးကို နာမည်အကြီးဆုံး ပန်းချီဆရာဆီအပ်ပြီး အရုပ်လှလှဆွဲ၊ ဈေးကွက်မှာ စွံအောင် ရောင်းတာမျိုးလောက်တော့ ငွေအရင်းအနှီးရှိရင် လုပ်လို့ဖြစ်တာပဲ၊ စာပေအကြောင်းမသိတဲ့လူလဲ လုပ်လို့ရတယ်။ စာကောင်းကောင်း မဖတ်တတ်တဲ့လူတောင် လုပ်လို့ရသေးတယ်၊ ငါ ဒါမျိုးတစ်သက်လုံး မလုပ်ဘူး မလုပ်ခဲ့ဘူး၊ လုပ်ရမှာလဲ ရှက်တယ်'

အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစား လုပ်နေကြတဲ့ ကာလမျိုးမှာ သားက ဘာသားနဲ့ထုထားတာမို့လဲ။ သို့သော် သားသည် သူ့ဘဝအတွက် သူ့ ယုံကြည်ချက်ကို အစတေးမခံခဲ့။ သည်အတွက် သူ့ကို စကားတင်းဆိုခဲ့သူများကိုပင် သားက အပြုံးမပျက်သည်းခံနိုင်ခဲ့သည်။ အင်းလေ တစ်ချိန်တုန်းကတော့ သားဟာငွေကိုလည်းရအောင် ရှာခဲ့ဖူးပြီပဲ။ ငွေကို ဘယ်လိုရှာရမည်ဆိုတာ မသိတာလည်းမဟုတ်။ တစ်ကျပ်ဖိုးယူလျှင် တစ်ကျပ်ဖိုးပြန်ပေးရမှ တာဝန်ကျေသည်ဟု ယူဆခဲ့သောသား။ လူ့သိက္ခာကို မည်သည့်အရာနှင့် တိုင်းတာမည်နည်း။ မိမိကိုယ်ကို တန်ဖိုးထားခြင်းသည်သာ လူ့ဂုဏ်သိက္ခာ။ တစ်ကျပ်ဖိုးပေးပြီး နှစ်ကျပ်ဖိုးစားသည့်လူတွေ ကောင်းစားနေချိန်မှာ အရာမရောက်တာ သား၏ အပြစ်မဟုတ်၊ ဗူးတောင်းနစ်၍ စောင်းခြမ်းပေါ်သည့် အချိန်အတန့်မျိုးမှာ ကျောက်ခဲကိုရေညှစ်၍လည်း အချည်းနှီး အလဟဿ ဖြစ်မည်ပင်။

www.burmeseclassic.com



အမေကတော့ အတွေးများ ပျံ့လွင့်နေဆဲ။ သားသည် စိတ်ရောလူပါ ပုံကျကာ အိပ်ပျော်နေလေပြီ။

\+ \+ \+

'ကျွန်တော် မလေးနွယ်ကို လက်ထပ်မယ် အမေ'

သားရဲ့ဘဝမှာ အမေ ဘာများ ပါဝင်စွက်ဖက်ခဲ့လို့လဲကွယ်၊ သားက သူဝါသနာပါရာ စာပေနယ်မှာ ခြေချမည်ဟု အညာကို စွန့်ခွာ သွားစဉ်ကလည်း အမေ မတားခဲ့။ အမေသည် သား၏ ပညာရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီးပြီ။ တစ်ဖန် သား၏ ဘဝအဖော်ကို ရွေးချယ်ပြီဆိုတော့လည်း အမေ ဆိုးသည် ကောင်းသည် မဝေဖန်ခဲ့။ အရေးကြီးသည်က သားအတွက်ပင်။

တစ်ခုတော့ ပြောဖြစ်ခဲ့သည်။

'မင်းရဲ့ မိန်းကလေးက မင်းကို နားလည်မှဖြစ်မှာနော်'

'သူ ကျွန်တော့်ဘဝကို နားလည်ပါတယ် အမေ'

'ဒါဆိုရင်လဲ ကောင်းပါလေ့ကွယ်'

ထိုစဉ်က သား၏ ဘဝသည် မရေရာသေးသော ယောင်သုံးဆယ်ဘဝ။ စာရေးဆရာလိုလို ကဗျာဆရာလိုလိုနှင့် အနုပညာနယ်မှာ ခြေချကာစ။ ဘဝအဖော်စောစီးစွာ ရွေးချယ်သည့်အတွက် အမေ မတားဆီးလို။ အမေတို့တုန်းက ဘဝကို ရင်ဆိုင်ရာမှာ သတ္တိရှိခဲ့သလို ယခုလူငယ်တွေလည်း သူတို့ဘဝကို သူတို့ ရင်ဆိုင်ရာတွင် သတ္တိရှိကြသည်ပင်။

သား၏ ဘဝအစသည် ကြမ်းတမ်းသယောင်ရှိသော်လည်း ဖြောင့်ဖြူးခဲ့သည်ဟု ဆိုရမည်။ သားက သူမြတ်နိုးရာ အနုပညာနယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကို တစ်ဆင့်ပြီး တစ်ဆင့် လှမ်းတက်ဖို့ပြင်သည်။ သို့သော် သား၏ ခြေလှမ်းသည် သူတကာလို အောင်မြင်ကျော်ကြားဖို့အတွက်ချည်း မဟုတ်။ သားက သူ့လုပ်ငန်းကို စေတနာဖြင့် အရင်းတည်၏။

'မင်းအလုပ်က ပင်ပန်းလှချည်လားကွယ်'

'အစတော့ ဒီလိုပဲပေါ့ အမေရာ၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင် လုပ်မယ်အမေ' နေ့ရောညပါ အလုပ်မှာ နစ်မြုပ်စပြုပြီဆိုတော့ အမေသည်ပင် ရင်မောလာ၏။ သားကတော့ သူ၏ ပထမဆုံး ပွဲဦးထွက် လက်ရာကိုပင် ကျေနပ်မဆုံး ဖြစ်နေခဲ့သည်။

'ကြည့်စမ်း အမေ၊ ကျွန်တော်လုပ်တဲ့စာအုပ် မလှဘူးလား'

အမေကတော့ စာအုပ်ကလေးတစ်အုပ်ကို အမြီးကလှန်ကြည့် ခေါင်းကလှန်ကြည့်နှင့် တသသဖြစ်နေသော လူမျိုးကို မမြင်ဖူး၍ အနည်းငယ် အံ့ဩမိလေသည်။ အမေ့အဖို့တော့ စာအုပ်ဟာ စာအုပ်ပါပဲ။ ဘာမျှ ထူးခြားတာမတွေ့။ အဖုံးလှရင်စာအုပ်လှသည်ဟုပဲ အမေတို့က နားလည်ခဲ့သည်။ စာဆိုတာလဲ ဖတ်လို့ကောင်းရင် စာကောင်းပေကောင်းပဲဟု ထင်မှတ်ခဲ့၏။ သို့သော် သူများတကာတွေက သား၏လုပ်ရပ်ကိုအားပေး ချီးကျူးကြတော့ အမေ အံ့ဩသည်နှင့်အမျှ ဝမ်းလည်းသာ၏။ သူများတကာတွေ ထုတ်ဖော်ပြောမှပင် သား၏စေတနာနှင့် ကြိုးစားမှုကိုလည်း နားလည်လာရ၏။ သား၏ စာကိုရွေးချယ်ပုံ၊ စာကို သပ်ရပ်သန့်ရှင်းစွာ ဖော်ထုတ်ပေးပုံ၊ စာအုပ်ကို လှပခံ့ညားအောင် လုပ်ပေးပုံ၊ ချိုသာသော တန်ဖိုးကို သတ်မှတ်ပုံ။

သားသည် သူ၏အလုပ်တွင် အားတက်လာသည်မှာ ယုံမှားဖွယ် မရှိ။ သူနေထိုင်ရာ အခန်းကျဉ်းလေးထဲတွင် စာအုပ်များဖြင့် ပြည့်နှက်လာ၏။ သူ့စားပွဲပေါ်တွင် စာအုပ်မျိုးစုံ ပြန့်ကျဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'များလှချည်လား သားရယ်၊ ဒီစာအုပ်တွေ ဘာလို့ ဒီလောက် အများကြီးဝယ်တာလဲ'

'စာအုပ်လုပ်တယ်ဆိုတာ စာအုပ်အကြောင်း အများကြီးသိဖို့လိုတယ် အမေရ၊ ဒါတွေအားလုံးဟာ ကျွန်တော့်အတွက် အသုံးဝင်တဲ့ စာအုပ်တွေ ချည်းပဲ'

သည်တော့မှလည်း စာအုပ်တစ်အုပ် ဖြစ်ဖို့အတွက် စာအုပ်များစွာ ဖတ်ရပါလားဟု အမေ နားလည်လာရ၏။

'သူတော့မပြောပါနဲ့တော့ အမေရယ်၊ တွေ့သမျှစာအုပ် သိမ်းကျုံး ဝယ်တာပဲ၊ အဖုံးလေးကြိုက်လို့ ဝယ်ရတာနဲ့၊ အပြင်အဆင်လေးကြိုက်လို့ ဝယ်ရတာနဲ့ တစ်ခါတလေများ သူသဘောကျတဲ့စာအုပ်ရရင် အိပ်ရာဝင် ခါနီးကြည့်နေ ဖတ်နေလိုက်တာ မိန်းမကိုတောင်မေ့တယ်'

အမေက ချွေးမ၏ စကားကိုလည်း ခေါင်းတညိတ်ညိတ်နှင့် နား ထောင်ရ၏။ သားသည် သူ၏ အိမ်ထောင်ရေးဘဝမှာ အချိန်များစွာကို ဖဲ့ယူလျက်ရှိသည်ကိုလည်း အမေ ရိပ်စားမိလာ၏။ အင်းလေ၊ ဒါကြောင့် လဲ သားဟာ သူ့ဘဝကို နားလည်တဲ့ အိမ်ထောင်ဖက်ကို ရွေးချယ်ခဲ့တာ နေမှာပေါ့။ ထိုအချိန်အထိ သား၏ဘဝသည်လည်း အဆင်ပြေနေ၏။ သူမြတ်နိုးရာအလုပ်မှာ ပျော်မွေ့နေခြင်းဖြင့် သူ့ဘဝသည် သူ့အတွက်တော့ အံဝင်ခွင်ကျ ဖြစ်နေသည်သာ။

'ကို စာရေးဆရာဖြစ်အောင် မကြိုးစားတော့ဘူး မလေးနွယ်၊ ကို အချိန်ကုန်ခံပြီး ကြိုးစားနေရင် ကိုတစ်ယောက်ပဲ စာရေးဆရာဖြစ်မယ်၊ တခြား စာကောင်းပေကောင်းတွေကို စာအုပ်ဖြစ်အောင် လုပ်ပေးရင် စာရေးဆရာတွေ အများကြီး ဖြစ်လာမယ်'

'ခုလဲ ကို စာရေးဆရာမဟုတ်ဖူးသာဆိုတယ် စာတွေ ရေးနေတာ ပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့။ သားလက်ထဲက ကလောင်ဟာ ချတယ်လို့ မရှိဘူး၊ စာတစ်အုပ်ရဲ့ ရှေ့ပိုင်း စာမျက်နှာလေးတွေမှာပါတဲ့ အမှာစာလေးတွေ ရေးဖို့အတွက်တောင် သားဟာ စာတွေအများကြီးဖတ်ပြီး အများကြီးရေးကြည့်ရသတဲ့။ နောက်ကျောဖုံးက စာတစ်မျက်နှာလေး ရဖို့အတွက် နှစ်ရက်သုံးရက် စဉ်းစားခန်း ဝင်သတဲ့။ အင်းလေ၊ သားရဲ့အနားမှာ သားရဲ့အလုပ်ကို ဂုဏ်ယူတတ်တဲ့အဖော်မွန် ရှိသေးလို့ တော်တော့တာပေါ့'

အမေကတော့ သားနှင့်ချွေးမဆီမှာ အစဉ်မနေနိုင်ပေ။ အညာနှင့်ရန်ကုန်ကို ကူးသန်းရင်း သားတို့၏ ဘဝကို တစ်စေ့တစ်စောင်းလေ့လာရသည်။ အမေသည် သူ့သားသမီးအားလုံးကို မျက်ခြည်မပြတ်လေ့လာနေရမှ ကျေနပ်သူ။ သွားလေသူ ဖခင် လိုချင်သည့်ပုံစံအတိုင်း သားသမီးတွေကို ရည်မှန်းချက် ခိုင်ခိုင်မာမာနှင့် လောကမှာ အဓိပ္ပာယ်ရှိရှိ နေစေချင်သူ။ အမေတို့ကတော့ သားသမီးတွေကို မြေတောင်မြှောက်ပေးဖို့သာ တတ်နိုင်ခဲ့သည်။ သား၏အဖေသာ ရှိမည်ဆိုလျှင်တော့ မည်မျှ အားရလိုက်မည်နည်း။ သား၏ အဖေဟာလဲ သားလိုပဲဘဝကို ယုံကြည်ချက်နဲ့ ရင်ဆိုင်တတ်တဲ့ သူပါပဲ။ တို့ဗမာတွေ စာများများဖတ်မှ တိုးတက်မည်ဆိုပြီး ငွေကြေးကို အဓိကမထားဘဲ ပိုက်ဆံရမည့်အလုပ်တွေကို ပစ်ကာ နဂါးနီအသင်းထုတ် စာအုပ်တွေကို အိမ်ပေါက်စေ့ တရားဟောပြီး လျှောက်ရောင်းသူ။ ခုတော့လဲ သူ့သားက လာပြန်ပြီ။ ငွေက အဓိကမဟုတ်တဲ့ သားရဲ့ ယုံကြည်ချက်တွေ ဘယ်အထိ မြဲမြံမှာလဲ။ အမေကတော့ လောကဓံ၏ အလှည့်အပြောင်းကို သတိချပ်မိသူပီပီ စိုးရိမ်ခဲ့သေးသည်။ သို့သော် အစပထမမှာတော့ သား၏ ခြေလှမ်းများသည် အောင်မြင်မှုရလျက်ပင် ရှိနေခဲ့လေ၏။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



မြေးဦးလေးတွေမျက်နှာကို မြင်ရသည်မှာ အမေ့ ရင်တွင် ချမ်းမြေ့လှ၏။ သားတို့၏ ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်စုလေးအတွက်လည်း အမေ စိတ်ချမ်းသာရ၏။ သားသည် သူလျှောက်သော လမ်းပေါ်မှာ အခြေခိုင်စွာ ရပ်မိချိန်ပင် မဟုတ်ပါလား။

သားတို့ဆီ အမေ မရောက်သော်လည်း သားနှင့်အမေ အဆက်အသွယ်မပြတ်ပေ။ သား၏ကိုယ်စား သား မွေးဖွားပေးလိုက်သော စာအုပ်လေးတွေသည် နေရာအနှံ့ ရောက်နေကြသည်မဟုတ်ပါလား။ စာမြတ်နိုးသော လူငယ်တွေကြားမှာ၊ စာကိုတန်ဖိုးထားသော လူကြီးတွေကြားမှာ သား၏ ကြိုးပမ်းမှုဖြင့် ဖြန့်ဝေလိုက်သော စာအုပ်များစွာသည် နေရာယူလျက်ရှိပေပြီ။ ယခုတော့ စာအုပ်ကို မြင်ရရုံနှင့် သား၏စာအုပ်ဟူ၍ အမေ ခွဲခြားသိပြီ။ ရသမြောက်တဲ့ တေးတစ်ပုဒ်ကို နားဆင်လိုက်ရသလို၊ လက်ရာမြောက်တဲ့ ပန်းချီကားတစ်ချပ်ကို ရှုမြင်လိုက်ရသလို၊ အချိုးကျလှပတဲ့ ပန်းပုရုပ်တစ်ခုကို အနီးကပ်တွေ့လိုက်ရသလို စာအုပ်တစ်အုပ်ကို မြင်ရုံနှင့် သား၏လက်ရာဆိုတာ အမေ သိလိုက်ပြီ။ သား၏ စေတနာဆိုတာကိုလည်း အမေ သဘောပေါက်လာရပြီ။ သူတကာတွေ မလုပ်သေးတဲ့အရာတွေကို သားက တီထွင် လုပ်ကိုင်ခဲ့ပြီ မဟုတ်လား။

'ဒီစာအုပ်တိုက်က စာအုပ်တွေကတော့ ထူးခြားသဗျာ၊ သေသေသပ်သပ်လဲရှိတယ်၊ ရှေ့ပိုင်းက စာအုပ်အမှတ်စဉ်တွေ၊ ကြွေးကြော်သံတွေနဲ့ နောက်ကလဲ အက္ခရာဝလိလိုဟာတွေအစ ပါသင့်ပါထိုက်တာမှန်သမျှ စနစ်တကျပဲ၊ ဈေးနှုန်းကလဲ သူများထက် ချိုတယ်'

အမေ့သားကို ဤသို့ ထုတ်ဖော်ချီးကျူးကြတော့ အမေ ဝမ်းမမြောက်ဘဲ နေပါမည်လား။ သားရဲ့ အိမ်ကိုရောက်တော့လည်း ကျေနပ်အားရ

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ပင်။ ကြည့်စမ်း။ တစ်ချိန်က သားတစ်ယောက်တည်း ရှန်းကန်းခဲ့ရတာ။ ခုတော့ သားမှာ အပေါင်းအသင်းနဲ့ အသိုင်းအဝန်းနဲ့။ ပြီးတော့ သားရဲ့ အပေါင်းအသင်းတွေက အနုပညာသမားတွေ။ တိုင်းပြည်က အထင်ကြီး လေးစားရတဲ့သူတွေ။ အနုပညာနဲ့ ယုံကြည်ချက်အတွက် ဘဝကိုရင်ဆိုင် ရှန်းကန်နေသူတွေ။ တစ်နည်းအားဖြင့် သားရဲ့အနုပညာ ရဲဘော်ရဲဘက် တွေ။ အမေ ကျေနပ်မဆုံးခဲ့။ သစ်ရိပ်သာမှ လူလာတယ်။ မဟုတ်လားလေ။

'သူ့ အလုပ်မှာ အောင်မြင်မှု ရလာတာတော့ ဟုတ်ပါတယ် အမေ၊ ဒါပေမယ့် အမေ့သားက အပေါင်းအသင်းများလာတော့ သောက်တတ် စားတတ်လာပြီ အမေရဲ့'

'ကွယ် အမေ ကြည့်ပြောပါဦးမယ်'

သား၏ အဖေသည် အရက်နှင့်ဆေးလိပ်ကို လုံးဝ သောက်သူမဟုတ်။ သို့သော် သားကိုနေရာတကာ ချုပ်ချယ်၍ ဖြစ်ပါမည်လား။ သတိပေးရုံ မျှသာ အမေတတ်နိုင်လေသည်။ သားဘက်ကတော့ အကြောင်းပြချက် ရှိနေသည်သာ။

'ကျွန်တော့်အလုပ်က မသောက်လို့မဖြစ်ဘူး အမေ၊ အလုပ် အကြောင်း ပြောကြပြီဆိုရင် သောက်ရင်းစားရင်းပြောကြတာပဲ၊ ကျွန်တော် အားလုံးနဲ့ ပေါင်းနိုင်အောင် သောက်မှဖြစ်မယ်'

အရက်ဆိုတာ အပေါင်းအသင်းဆုံအောင်၊ အလုပ်တွင်ကျယ်အောင် စုပေါင်းသောက်စားကြတာတော့ မှန်ပါရဲ့။ ကြာလျှင် အရက်ကို လူက ကြိုက်ပြီး အရက်က လူကို နိုင်သွားတတ်တယ် မဟုတ်လားကွယ်။ ဒါပေမယ့်လဲ အနုပညာသမားတွေရဲ့ ပေတတ် တေတတ် လေတတ်တဲ့ စိတ်ကို အမေ ဘယ်လိုထိန်းကွပ်လို့ ရမလဲ။ သူတို့ဟာ သီရင်ဆိုနဲ့ မိုက် တတ်တယ်၊ နားလည်ရက်နဲ့လဲ ဇွတ်တိုးတတ်တယ်။ ဒါပေမယ့်သား

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ကိုယ်လုပ်ချင်တာလုပ်နိုင်ဖို့ အသက်ကိုရှည်အောင်မွေးရတယ်။ ငါ့သားက အသက်ကိုရှည်အောင် မမွေးခဲ့လေဘူး။

မည်သို့ပင်ဖြစ်စေ၊ သားသည် သူ့အလုပ်ကိုတော့ အားကြိုးမာန်တက်ပင် လုပ်ကိုင်လျက်ရှိခဲ့လေသည်။ အဆင်ပြေနေသည့်အခိုက်ဆိုတော့လည်း သားသည် သူ့စေတနာကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့၏။ သားသည် သူပြောခဲ့သလို စာရေးဆရာများစွာကို ဂုဏ်တင်ပေးရုံသာမက ပန်းချီဆရာတွေကိုလည်း မွေးထုတ်ပေး၏။ သားကိုမှီ၍ အနုပညာလုပ်ငန်းဖြင့် အသက်မွေးနိုင်လာသူတွေ ပေါက်ဖွားလာ၏။

'နာမည်ကြီးပြီးသား ပန်းချီဆရာကို သုံးလိုက်တာတော့ ကိုယ့်အတွက် သေချာတာပေါ့ မလေးနွယ်ရယ်၊ ဒါပေမယ့် စာအုပ်တိုက်တစ်တိုက်ဆိုတာ အနုပညာသည် အဟောင်းကိုသာမက အသစ်ကိုလဲ မွေးဖွားပေးနိုင်ရမယ်'

သားသည် သူ့ဇနီးကို အဖော်မွန်တစ်ယောက်အဖြစ် သူ့လုပ်ငန်းကို အမြဲရှင်းပြခဲ့သည်။ သည်တုန်းကတော့ ပြဿနာဟူ၍လည်း ကြီးကြီးကျယ်ကျယ် မရှိခဲ့ကြ။ မုန်တိုင်းမရောက်မီ လေပြည်လေညင်းလေးတွေ ဖော့ယမ်း တိုက်ခတ်နေသည့်အချိန်။

'အေးကွယ်၊ ငါ့သားရဲ့အလုပ်ကို အမေ သဘောပေါက်ပါတယ်၊ ဂုဏ်လဲယူပါတယ်၊ ဒါပေမယ့် သားရယ် အရာရာမှာ သတိတော့ရှိပေစေပေါ့၊ ဒါနဲ့ မင်းတို့လဲ အဆင်ပြေသခိုက် အိမ်လေးယာလေး အခြေတကျဖြစ်အောင် လုပ်ပါဦးလား၊ ကြာရှည်ဆိုတော့ ကလေးတွေက ကြီးလာမှာနဲ့ ဒီမှာနေလို့ လုံလောက်ပါဦးမလား'

အမေကတော့ လူကြီးပီပီ စိုးရိမ်စိတ်နှင့် ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒီအလုပ်ကိုစလုပ်ကတည်းက တိုက်ဆောက် ကားစီးဖို့မှမဟုတ်တာ အမေရာ၊ ကျွန်တော်လုပ်ချင်တာလေးတွေ လုပ်ရဖို့သာ အဓိကပဲ၊ ကျွန်တော်အခု စာအုပ်တစ်အုပ်ထုတ်လို့ ငွေရရင် နောက်ထပ် စာအုပ်နှစ်အုပ်ထုတ်မယ် အမေ၊ ကျွန်တော်လိုချင်တာ ဒါပဲ၊ ပစ္စည်းဥစ္စာဆိုတာ ဘာလုပ်မှာလဲ အမေရာ'

'အမေလဲ ဘဝအမျိုးမျိုး ကျင်လည်ခဲ့တာပဲ သားရယ်၊ သဘောပေါက်ပါတယ်၊ ဒါပေမယ့် မင်းတို့အတွက် ပူလို့ပြောတာကွယ့်'

'သူ့တော့ ပြောလို့မရဘူး အမေ၊ ခုထိ အဝတ်အစားတောင် ကောင်းကောင်းရှိတာမဟုတ်ဘူး၊ ရသမျှပိုက်ဆံလဲ စာအုပ်တွေထဲပဲ ပြန်မြုပ်သွားတာပဲ'

'တို့များ လက်ထပ်တုန်းကလဲ ဘာများရှိခဲ့လို့လဲ မလေးနွယ်ရာ၊ တို့ မကြောင့်မကြ စားသောက်နေရတယ်မဟုတ်လား။ ဒါအမြတ်ပေါ့'

သည်လိုတော့လည်း မိန်းကလေးက ဘာမျှမပြော။ သည်တုန်းကတော့ သားတို့၏ ဘဝသည် နေရိပ်မှာရှိနေဆဲမို့ အမေ စိတ်ချမ်းမြေ့ခဲ့ရပါ၏။

\+ \+ \+

ခုဆိုရင် ကလေးတွေကလဲ အရွယ်ရောက်လာကြပြီ အမေ၊ သူတို့ စရိတ်က မသေးတော့ဘူး၊ သူ ဒီလို လုပ်နေပုံနဲ့တော့ နောင်ရေးအတွက် ခက်တယ် အမေရဲ့'

သားကတော့ သူ၏ ယုံကြည်ချက်အရှိန်အဟုန်ကို စက်လှေဖွင့်၍ မောင်းဆဲပင်။ သားသည် သူ့ဘဝအတွက် အာမခံချက် တစ်ခုတစ်ရာကို

www.burmeseclassic.com

www.burmeseclassic.com



လည်း အခိုင်အမာထားရှိရန် စိတ်ကူးမရှိ။ သားသမီးကိစ္စလည်း သူ့ခေါင်းထဲမဝင်။ ဇနီး၏ ငြိုငြင်လာမှုကိုလည်း သူ ဂရုမပြုနိုင်တော့။ သူ့မှာ တံငါသည်သည် ကမ်းနှင့်ဝေးပြီကို သတိမထားနိုင်တော့သည်သို့ ရှိတော့၏။ တံငါသည်သည် ငါးရဖို့ကလွဲ၍ ပင်လယ်လှိုင်းကိုလည်း မမှု။ ဝဲဂယက်ကိုလည်း မမြင်။ သူ့တွင် အားအင် လျော့ပါးလာမည်ကိုလည်း တွေးမပူနိုင်။ မည်သည့်အရာမဆို ဇောကပ်လာပြီဆိုလျှင် နောက်ဆုတ်ဖို့ ခဲယဉ်း၏။ သားတွင်ကပ်သော ဇောသည် အနုပညာဇောဆိုတော့ ပိုဆိုးချေပြီ။

'သား မင်း မလေးနွယ်ကိုလဲ ဂရုစိုက်ဦး၊ မင်းအလုပ်ကလဲ နေ့ရောညပါ မအားရတဲ့အထဲ သူ့မှာ ကလေးတွေနဲ့ တစ်ယောက်တည်းလုံးပန်းနေရတယ် မဟုတ်လား၊ ပြီးတော့ ခုဆို ငွေရေးကြေးရေးကအစ နောက်ပိုင်းကို ငဲ့ဦးကွယ်'

အမေက သားကို မသိမသာ သတိပေးရသည်။ သားက သူ့လုပ်ငန်းကို ထိခိုက်ပြောဆိုလျှင် ကြိုက်မည်မဟုတ်မှန်း အမေသိသောကြောင့် ဖြစ်လေသည်။ သို့တိုင် သားကတော့ သူ့အလုပ်ကို ခိုင်မာသော တံတိုင်းဖြင့် ကာရံထားဆဲပင် ရှိလေသည်။

'ကျွန်တော်သိပါတယ် အမေရာ၊ ငွေဆိုတာ လက်ထဲမှာထားရင် ကုန်သွားတာပဲ၊ ခုလဲ ဘာများပူစရာရှိလို့လဲ၊ အချိန်တန်တော့ ရတာပါပဲ'

'ဒီလို ဘယ်ဟုတ်မလဲသားရယ်၊ ကလေးတွေနဲ့ဆိုတော့ ပညာရေးကျန်းမာရေးကအစ အရှည်သဖြင့် မျှော်မှန်းပြီး ခြေစောင့်လက်စောင့်ရှိထားဖို့လိုသကွယ်'

'အလုပ်လုပ်နေသမျှ ကျွန်တော့်အတွက် ငွေမရှားပါဘူး အမေ၊ ကျွန်တော်ကလဲ မသေမချင်း အလုပ်လုပ်နေမှာပဲ၊ ငွေထုပ်ပေးပြီး အလုပ်မလုပ်ဘဲ နေရတဲ့ဘဝမျိုးတော့ ကျွန်တော်မနေချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မင်းလုပ်ခဲ့သမျှ အမေတို့က ဘာမျှားတားလို့လဲကွယ်၊ ဒါပေမယ့် အမေပြောတာက လူဆိုတာ နေသာတုန်းမှာ အဝတ်လှမ်းရတယ်တဲ့'

'ဟာ ဟုတ်တယ်အမေ၊ အမေပြောတာ မှန်တယ်၊ ကျွန်တော် အခုလုပ်နေတာလဲ အဲဒီသဘောပဲ၊ ဒီအခြေအနေမှာ ကျွန်တော်လုပ်ချင် တာလေးတွေ လုပ်လို့ရတုန်း ကျွန်တော် ဖိလုပ်နေတာပဲ၊ နောင်ကို အခြေအနေတစ်မျိုး ပြောင်းသွားရင် လုပ်ချင် လုပ်နိုင်တော့မှာ'

သားသည်အရာရာကို သူ့အလုပ်နှင့်သာ ချိန်ထိုးတိုင်းတာခဲ့လေ၏။ သို့သော် သား၏ အိမ်ပေါ်မှာ ကလေးငယ်တွေ ကြီးပြင်းလာသည်နှင့်အမျှ စာအုပ်ပုံကြီးတွေကလည်း မြင့်မားလာလေသည်။ သားသည် သူ့စာအုပ် တွေကို စိန်ရွှေရတနာကဲ့သို့ပင် တန်ဖိုးထားလေ၏။

'ဒီစာအုပ်တွေက တစ်ခါတည်း ကုန်မသွားပေမယ့် တန်ဖိုးရှိတဲ့ စာအုပ်တွေ တဖြည်းဖြည်းနဲ့ ရောင်းနေရတာ'

ငွေကို မြုပ်နှံထားသလို ဖြစ်ရသည့်အတွက်မူ သားသည် ပူ တောင့်ပန်းပင် ဖြစ်မနေပေ။ အခြားကုန်ပစ္စည်းကို သိလှောင်ထားလျှင် သာ တက်ဈေးကျဈေးရှိ၏။ စာအုပ်တွင်မူ သတ်မှတ်ထားသော ဈေးထက် ကာလကြာ၍ တန်ဖိုးတက်လာသည်မရှိ။ စာ၏တန်ဖိုးသည်သာ တက် ကောင်းတက်မည်။ ငွေနှင့်ချိန်စက်သောအခါ အဟောင်းဈေးဟုပင် မည်တွင်လေတော့၏။

ထိုအချိန်ထိ သားသည် သူ့အနုပညာလုပ်ငန်းမှာ ယုံကြည်ကိုးစား စွာ ရပ်တည်ဆဲပင် ဖြစ်လေသည်။

တံငါသည်သည် ရေမှာ ပျော်ဘိသကဲ့သို့ မုဆိုးသည် တောမှာ ပျော်ဘိသကဲ့သို့ အနုပညာသည်သည်လည်း အနုပညာနယ်မှာသာ မွေ့ ပျော်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကြည့် အမေ၊ ခုဆို သူ့မှာ ငွေကလည်း မလည်တော့ဘူး၊ လူကလဲ အိမ်ကိုကပ်တယ်လို့မရှိ၊ ကျွန်မသူ့အတွက် စိတ်မောတယ် အမေရဲ့'

အမေရောက်လာသည့် တစ်ပတ်ထက်တစ်ပတ် သားတို့အိမ်သည် ဆုတ်ယုတ်စ ပြုလာသည်ကို အမေ သတိပြုမိလာ၏။ ဆန်နှင့်ဆီကို လက်လီဝယ်စားသည့်အဖြစ်ကို အမေရိပ်မိလာ၏။ ကလေးတွေကျောင်းသွားခါနီး မအေဖြစ်သူ၏ တိုးတိုးကြိတ်ကြိတ် ဆူပူမာန်မဲသံကို အမေကြားနေရ၏။ ဈေးသွားခါနီး အကြွေရေတွက်သံကို ကြားရသည့်အခါ အမေ မနေသာတော့။

'ဘယ်လိုတွေများ ဖြစ်နေကြသလဲအေ၊ စုစုဆောင်းဆောင်းမရှိတာ ထားဦး၊ အိမ်မှာ ဖရိုဖရဲဖြစ်ရတဲ့အထိ'

သူပြောတော့ ခုတလော စက္ကူကမရ၊ ငွေတွေက မြုပ်နေတော့ ခေတ္တခဏ သည်းခံပါလို့ ပြောတာပဲ အမေ့ရဲ့'

သည်တော့မှ ချွေးမ၏ လည်ပင်းမှ ဆွဲကြိုးလေး ပျောက်နေသည်ကို အမေ သတိထားမိပြန်၏။

'အေးလေ အလုပ်ဆိုတာကလဲ အဆင်မပြေတဲ့အခိုက် ဒီလိုပေါ့၊ ရတုန်းကလဲ ရခဲ့သားကို'

'ရတာကလဲ သူ့အပေါင်းအသင်းတွေနဲ့ ပြန်ပြီး သောက်တာစားတာနဲ့၊ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထုတ်ရတာနဲ့ ပြန်ထွက်သွားတာချည်းပါပဲ အမေရယ်'

'အင်းလေ သူ့ပြောရင်လဲ သူ့ အလုပ် အလုပ်ဆိုတာချည်းနဲ့ပဲ ပြန်ကိုင်ပေါက်ဦးမှာပဲ'

'အမလေး ဟုတ်လိုက်တာမှ အမေရယ်၊ ခုတော့လဲ သူ့အလုပ်တွေကြားမှာ သူ့ဟာသူ မလှုပ်နိုင်တော့ဘူး အမေရဲ့၊ ကလေးတွေကလဲ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလာတော့ စရိတ်ကလဲကြီးလာပြီ၊ သူပြောသလို အခိုက်အတန့်ပဲဆို တော်သေးရဲ့'

'ငါ့သားဟာ ငွေကိုရအောင် လုပ်နိုင်ခဲ့ရက်သားနဲ့ စီးပွားမရှာတတ်ခဲ့ဘူး'

'သူ့ပြောရင်မကြိုက်ဘူးအမေ၊ ကျွန်မက ငွေမက်တဲ့ မိန်းမတဲ့၊ သူ့အလုပ်ကို အထင်ကြီးတဲ့သူ မဟုတ်ဘူးတဲ့'

'ခက်ပါလား'

အမေသည် သားကို မျက်နှာချင်းဆိုင် စကားပြောဖို့ပင် ခဲယဉ်းနေရပြန်လေသည်။ သားသည် အလုပ်စားပွဲမှာထိုင်သည့်ရက်တွေ နည်းပါးလာကာ ပြင်ပကမ္ဘာမှာ ကျက်စားသည်က များလာ၏။ စက်သံ လူသံတွေဖြင့် ဆူညံနေခဲ့သော အခန်းတွင်းဝယ် တိတ်ဆိတ်ငြိမ်သက်နေတတ်၏။ စာအုပ်ပုံကြီးများသည် အယူအသိမ်းနည်းပါး၍ ပိုးအိမ် ပင့်ကူအိမ်တို့ တွယ်ကပ်စပြုလာ၏။ သား၏ စားပွဲပေါ်တွင် အကြွေးတောင်းသည့် စာရွက်တွေ၊ စာရေးဆရာတွေထံမှ စိတ်ပျက်ညည်းညူစွာ စာမူခတောင်းခံလွှာတွေ နေရာယူနေကြလေ၏။

အလုပ်အတွက် အရက်သောက်ခဲ့သော သားသည် အလုပ်မရှိသည့်အတွက် အရက်သောက်လေပြီ။ သူတစ်ပါးအတွက် သောက်ရာမှ သူ့အတွက် သူ သောက်လေပြီ။

'ကျွန်တော်ပြောခဲ့ မဟုတ်လားအမေ၊ ကျွန်တော့်အလုပ်ကို လုပ်လို့ရတုန်း လုပ်တာလို့၊ ခု ကျွန်တော် လုပ်ချင်တိုင်း လုပ်လို့ မရတော့ဘူး'

သားက သူ့မိသားစုအတါက် မပူ။ သူ့အတွက်သာ သူပူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သားသည် လုံးဝဥဿုံ စိတ်လျှော့သည်တော့မဟုတ်သေး။ အခြေအနေသည် အခိုက်အတန့်အားဖြင့် ယိမ်းယိုင်လျက်ရှိသော်လည်း တစ်ချိန်မှာ ပြန်လည် မတ်ထူနိုင်ရမည်ဟု မျှော်လင့်ဆဲတည်း။

တစ်ခါတစ်ရံ လူ့လောကကြီးက ကမောက်ကမ ဖြစ်တတ်သည်ကို သားက အတွေ့အကြုံမရှိသေး၍ မသိ။ ဗူးတောင်းနစ်၍ စောင်းခြမ်းပေါ် သည့်အဖြစ်မျိုး ရောက်လာလိမ့်မည်ဟု မည်သူက ထင်ပါမည်နည်း။ အခြေအနေသည် ပြောင်းလဲတတ်စမြဲ။ ဖြောင့်တန်းစွာစီးဆင်းနေသော မြစ်ရေသည်ပင် ရာသီဥတုနှင့် သဘာဝပြောင်းလဲသောအခါ အလိုလို ကွေ့ကောက် သွားရစမြဲဖြစ်လေ၏။

\+ \+ \+

'ငွေအတွက်နဲ့တော့ မင်း ငါ့ရဲ့စာအုပ်တွေကို မပုတ်ခတ်ပါနဲ့ မလေးနွယ်'

'ရှင့် စာအုပ်တွေအတွက် အိမ်ထောင်သက်တမ်းစေ့ ရှင်လုပ်ခဲ့ဖူးပြီပဲ၊ အိမ်ကိုလဲ ရှင် ဘာတစ်ခုများ လှည့်ကြည့်ခဲ့ဖူးလို့လဲ၊ ကျွန်မ ငွေကို ဟိုလှည့်သုံး ဒီလှည့်သုံးနဲ့ လှည့်သုံးခဲ့ရတာ၊ လက်ထဲမှာ ငွေတစ်ဆယ် ပြည့်အောင် မကိုင်နိုင်တဲ့အခါတွေ ရှိခဲ့တာ ရှင်ဘာမှ မသိဘူး၊ စိတ်မဝင် စားဘူး မဟုတ်လား၊ ဒီစကားတွေ သူများပြောရင်တောင် ယုံနိုင်စရာ မရှိဘူး၊ ရှင်ကတော့ ရှင့်စာအုပ်ကြီးတွေအတွက် ဂုဏ်ယူနေတဲ့အချိန်မှာ အိမ်မှာ ဆန်ပြတ်နေပြီရှင့်'

'ဟေ့ မင်းတော်တော့ကွာ၊ ဘာမှ အကြီးအကျယ်တွေ ပြောမနေနဲ့၊ ဆန်ပြတ်ရင် ဆန်ဝယ်ပေါ့ကွ၊ ဘာဆန်းသလဲ၊ မင်းဘယ်တုန်းက ပြတ်ဖူး လို့လဲ၊ ဘယ်တုန်းက ထမင်းတစ်လုပ်အတွက် သူများအဆော်ကျို့ရဘူး

www.burmeseclassic.com



လို့လဲ၊ အေး အိမ်မှာ ဆန်အိတ်လိုက်၊ ဆီပုံးလိုက်တော့ သုံးချင်လို့မရဘူး၊ ဒါအနုပညာနဲ့ လုပ်စားတာကွ၊ ငွေများများရချင်ရင် တခြားအလုပ်လုပ်စားမှာပေါ့'

'ဝတ်တာတော့ မဝတ်ဘူးပေါ့ရှင့်၊ ဒါပေမယ့် လူဆိုတာ မဝတ်ရုံနဲ့ ပြီးမလား၊ လူနဲ့သူနဲ့တူအောင် နေရတယ်၊ ဝတ်ရတယ်ရှင့် ကိုယ့်သားသမီးကိုလဲ လူနဲ့သူနဲ့တူအောင် ထားရမယ်ရှင့်'

'ဟော့ အနုပညာသမားစစ်စစ်ဆိုတာ ကောင်းကောင်းဝတ်ချင်မှ ဝတ်နိုင်မယ်၊ စားချင်မှ စားနိုင်မယ်ကွ၊ အရေးကြီးတာ သူဖန်တီးတဲ့ အနုပညာကောင်းနေဖို့ပဲ၊ တချို့ အနုပညာအတွက်ဆိုရင် အသက်တောင် အသေခံကြရတယ်'

'အို့ ရှင်က အနုပညာအတွက် အနစ်နာခံမယ်ဆိုရင် ရှင်တစ်ယောက်တည်းပဲ အနစ်နာခံပေါ့၊ ဘာဖြစ်လို့ ရှင့်သားမယားပါ အနစ်နာခံစေရသလဲ၊ ဟုတ်ကဲ့ ရှင့် တစ်ကိုယ်ကောင်းဖို့ ရှင်လုပ်ချင်တာ လုပ်နိုင်ဖို့အတွက် ကျွန်မနဲ့ ကလေးတွေကပါ အငတ်ခံရဦးမလား၊ ပြောစမ်းပါဦး၊ အသေခံရမလား ပြောစမ်းပါဦးရှင့်'

ငွေဆိုတာ အရာရာမှာ အဆင်ပြေစေတယ်မဟုတ်လား သားရယ်။ မင်းတို့ ငွေကျပ်တည်းနေပြီလေ၊ မင်းမျှော်လင့်သလို အခြေအနေက ကောင်းမလာလဲ ပိုဆိုးလာတယ် မဟုတ်လား။ ငွေရခဲ့စဉ်က ငွေကို သိုမှီးမထားခဲ့တဲ့ မင်းတို့မိသားစုမှာ ခုတော့ အခက်အခဲတွေ ရင်ဆိုင်ရပြီ။ မင်းတို့ အိမ်ထောင်ရေးကိုတောင် ထိခိုက်လာပြီ။

တကယ်တော့ သားရှာခဲ့တဲ့ ငွေတွေသည် စာအုပ်အဖြစ် ရှိနေကြပေသည်။ သားသည် သူ အလွန်တန်ဖိုးထားသော စာအုပ်များကို လမ်းဘေးချရောင်းဖို့အရေးပင် အလွန် နှမြောသူဖြစ်လသည်။ သားပြော

www.burmeseclassic.com

www.burmeseclassic.com



သလို သား၏ စာအုပ်တွေသည် တကယ့် စာပေပရိသတ်က တစိမ့်စိမ့် တအိမ်အိမ့် ဖတ်နေမည့်စာအုပ်မျိုးတွေ။ ယခု အသုံးမဝင်သော်လည်း နောင်တစ်ချိန်မှာ အသုံးဝင်မည့် စာအုပ်မျိုးတွေ။

သို့သော် အခြေအနေသည် ပြောင်းလဲခဲ့ပြီ။

အကောင်းဘက်သို့ ပြောင်းလဲခြင်း မဟုတ်။ အဆိုးဘက်သို့ ပြောင်းလဲခြင်း။ သားက ယခင်ကလို သူတန်ဖိုးထားသည့် အနုပညာရသစာပေကို စုစည်းနေချိန်ဝယ် မျက်နှာဖုံးမှာ မိန်းမလှလေးနှင့် ခေတ်မီ လူရွယ်လေးတစ်ယောက် သေနတ်တစ်လက်ပါသော စာအုပ်တွေ မင်းမူလာကြပြီ။ နိုင်ငံခြားသူကို ထဘီဝတ်ပေးထားသော ကောင်မလေးနှင့် ဓားကိုင်ထားသော အမျိုးအမည် မသိနိုင်သည့် ကောင်လေးတွေက သား၏ အနှစ်နှစ်အလလက ရှာဖွေသိမ်းထားရသော ဂန္ထဝင်မြောက် မျက်နှာဖုံးကြီးတွေကို လှောင်ပြောင်နေကြပြီ။ ယနေ့စာပေမှာ ဆရာတစ်ဆူဟု အတင်းနေရာယူလာသူတွေက အတွေးအခေါ်ဟောင်းသမားကြီး သားကို ကဲ့ရဲ့စကားတင်းဆိုကြပြန်ပြီ။

ဒါပေမယ့် ငါ့သားက မာနကို မလျှော့ခဲ့လေဘူး

'မင်းအတွက် ငါ ငွေရှာပေးချင်ပါတယ် မလေးနွယ်၊ မင်းပြောသလို ငါဟာ ငါ့အလုပ်တစ်ခုတည်းအတွက် တစ်ကိုယ်ကောင်းဆန်ချင် ဆန်ခဲ့မိမယ်၊ ဒါပေမယ့် ငါ တခြားအလုပ်ပြောင်းလုပ်ဆို လုပ်ပါ့မယ်၊ အဲဒီလို စာအုပ်မျိုးတွေတော့ မထုတ်ပါရစေနဲ့ ရှက်လွန်းလို့'

ဩော် သား၊ မင်းဟာ ရေစုန်ကိုမလိုက်ဘဲ ဆန်တက်ချင်သူပဲ။ ပြီးတော့မင်းက မျှော်လင့်နေသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလို အပေါစားစာတွေ ထွန်းကားတယ်ဆိုတာ ခဏပါ၊ တစ်ချိန်ကျရင် သမိုင်းတစ်ပတ် ပြန်လည်လာမှာပဲ၊ အဲဒီအခါကျမှ ကိုယ့်ကိုယ်ကို ပြန်ရှက်ရမယ့်အဖြစ်မျိုး မရောင်ချင်ဘူး၊ ရနိုင်တဲ့ အခြေအနေကြားကပဲ တောင့်ခံထားမယ်'

ပိုးစုန်းကြူးထွန်းရုံနဲ့ တစ်မိုးလုံးလင့်နိုင့်ပါ့မလား သား။

\+ \+ \+

'ခင်ဗျားရဲ့ ကားကိုတော့ သိပ်ကြိုက်သွားပြီဗျာ၊ ကျွန်တော့်မှာသာငွေရှိရင် အဲဒီလိုကားမျိုး တစ်ကားလောက် ရိုက်လိုက်ချင်သေးရဲ့'

'စာအုပ်ထုတ်ရုံနဲ့ မကျေနပ်သေးဘူးလားဗျာ'

'အနုပညာနဲ့ပတ်သက်ရင် လုပ်စရာတွေ အများကြီးပဲဗျ'

'ငွေရတာနဲ့ မရတာ တစ်ခုပဲ ကွာတာပေါ့'

'ငွေရအောင်တော့ လုပ်ကြရမှာပေါ့ဗျာ၊ ဒါပေမယ့် ကိုယ့် ယုံကြည်ချက် ဘောင်အတွင်းကပဲ လုပ်ရမယ်၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုပြီး ရတဲ့ငွေမျိုးကိုတော့ ဘာလုပ်ဖို့လိုချင်ရမလဲဗျာ'

'ဟော့လူ ခင်ဗျားလဲ ခက်သေးတာပဲ၊ ငွေဆိုတာ ဘယ်ကပဲရရ အဓိကက သုံးရတယ်လေဗျာ၊ ကားဝယ်လို့ရတယ်၊ တိုက်ဆောက်လို့ ရတယ်၊ မိန်းမကို စိန်နားကပ် ဆင်ပေးလို့ရတယ်'

'အေးဗျာ၊ လောကမှာ ငွေမရှိလို့ အရှုံးပေးရတာ အသည်းအနာဆုံးပဲ၊ အများကြိုက် ပေါ်ပင်လိုက်နေတဲ့သူတွေက သူတို့ကိုယ်သူတို့ အနုပညာနယ်မှာ အောင်မြင်တယ်လို့ ခံယူနေတာကို အခံရအခက်ဆုံးပဲ'

'ဒါပေမယ့်လူတွေကလဲ အဲဒီလိုလူမျိုးတွေကို အထင်ကြီးတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'အထင်ကြီးတာ မဟုတ်ပါဘူးဗျာ၊ ငွေမျက်နှာကြောင့်မြှောက်ပေးနေကြတာပါ'

'အဲဒါကိုကပဲ သူတို့အဖို့ အရသာပေါ့ဗျာ'

'အရသာတော့ မလိုချင်ပါဘူးကွာ'

'ဒါကြောင့် ခင်ဗျားအင်္ကျီကုတ်ပိုးကပြဲနေတာပေါ့'

'ခင်ဗျားစီးထားတဲ့ ရာဘာဖိနပ်လဲ အမြီးပြတ်နေပြီဗျ၊ ဟား ဟား'

သားနှင့် သားအထင်ကြီးလေးစားသော လူငယ် ရုပ်ရှင်ဒါရိုက်တာတစ်ယောက် စကားပြောနေချိန်ဝယ် အိမ်ရှေ့မှ ယနေ့ စာပေလောကမှာ နာမည်အကြီးဆုံး စာရေးဆရာတစ်ယောက်နှင့် ဝင်ငွေအကောင်းဆုံးစံချိန်ကို တင်သွားသည့် ရုပ်ရှင်ကားတစ်ကားကို ထုတ်လုပ်လိုက်သူ တစ်ယောက်ကိုရိုလာ ကားဝါဝါလေးကို မောင်းကာ ဖြတ်သွားကြလေသည်။

\+ \+ \+

'အများ မိုးခါးရေသောက်ရင် သောက်ရသတဲ့ သားရယ်၊ အမေဟာ မင်းတို့လောက် ပညာမတတ်ပါဘူး၊ မင်းလိုပဲ အနုပညာတန်ဖိုးကို နားမလည်ပါဘူး၊ အမေ့အသိနဲ့ပဲ အမေပြောပါရစေ၊ လူဆိုတာ တစ်ခါတလေတော့ ကိုယ်လုပ်ချင်တာကို ဘေးချိတ်ပြီး သူများအတွက် လုပ်ပေးရတာမျိုးတွေ ရှိတယ်'

'ကျွန်တော် နားလည်ပါတယ် အမေ၊ မလေးနွယ်နဲ့ ကလေးတွေအတွက် ကျွန်တော်အလုပ်လုပ်ပါ့မယ်၊ ကျွန်တော် သူတို့အတွက် ငွေရှာပေးပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သားက မာနကို တစ်ထစ်လျှော့ပြီး သူ့အလုပ်ကို အသစ်ပြန်စရန် ကြိုးစားလေသည်။ အသစ်ပြန်စရသည်ဆိုသည်မှာလည်း တကယ်တော့ ဆန့်ကျင်ဘက်ကို ပြန်လျှောက်ရခြင်းသာ။ ပန်းတိမ်သည်လက်က ငါးပိ ချိန်၍မည်သို့လျှင် အဆင်ပြေပါမည်နည်း။ သားအတွက် အရာရာသည် အံ့ဖွယ်ဘနန်း ဖြစ်၍နေပြီ။

'ခင်ဗျားလဲ အဆင်မပြေတဲ့အခိုက်ဆိုတော့ ကျွန်တော် ကူညီချင်ပါတယ်ဗျာ၊ ကျွန်တော့်မှာလဲ ငွေကြိုယူထားတာလေးတွေက များတော့ သူတို့ကို ကျေအောင်ရေးပေးပြီးမှ ခင်ဗျားကို ပေးပါ့မယ်၊ ဖြစ်နိုင်ရင်တော့ ကျွန်တော့်ကိုငွေနည်းနည်းကြိုပေးထား'

မိုးခါးရေသောက်တော့မည် ဆိုကလည်းက အဘယ်သို့လျှင် ချိုနိုင်ပါတော့မည်နည်း။ ပထမ သူအထင်မကြီးသော စာကို သူဝယ်ရမည်။ ဒုတိယ ထိုစာကို သူထုတ်ရမည်။ သို့မှသာ သူ့သားမယားလိုချင်သော ယခုအခါ သူလည်းလိုချင်လာပြီဖြစ်သော ငွေကို ရရှိမည်။ သို့သော် ငါးပွက်ရာ ငါးစာချရမည့် အခြေအနေမှာ သားတွင် ငါးစာမရှိ။

သားတို့အနုပညာနယ်ကို ဝင်ရောက်ခါစက အခြေအနေသည် တစ်မျိုး။ စာရေးဆရာဟူသည် သူရေးချင်သောစာကို ရေးနေရလျှင် ကျေနပ်သူ။ စာရေးဆရာဖြစ်ချင်လျှင် အငတ်ခံရမည်ဟု ယုံကြည်ထားသူတွေ။ သူတို့တစ်တွေနှင့် လက်တွဲခဲ့ရခြင်းဖြစ်သည်။ သားက မည်သည့် စာရေးဆရာကိုမျှ ငွေနှင့်မပေါင်း။ စာရေးဆရာတစ်ယောက်ကို သူ့ အနုပညာကို အထင်ကြီးလေးစားခြင်း၊ ကြည်ညိုခြင်း၊ ချစ်ခင်ရင်းနှီးခြင်း ဖြင့်သာ ပေါင်းသည်။ ယခုခေတ်စာပေနယ်မှာ တွင်ကျယ်နေသူတွေကား စာရေးဆရာကို ငွေနှင့်ပေါင်းသည်။ သူ ဘာတွေ ရေးသလဲသိစရာမလို။ သူဘယ်လောက်တတ်သလဲ သိစရာမလို။ သူဘယ်လောက်တော်သလဲ

www.burmeseclassic.com

www.burmeseclassic.com



သိစရာမလို။ တစ်ခုပဲလိုသည်။ ထိုစာရေးဆရာသည် ရေပန်းစားနေသော၊ အများကကြိုက်နှစ်သက်သော၊ အငှားစာအုပ်ဆိုင်တွေက တဖွဖွမေးနေသော နာမည်ကြီးစာရေးဆရာ ဖြစ်ရမည်။

သား၏ အယူအဆတွေက များစွာ ခေတ်နောက်ကျနေပြီ။

ယခုလို အခြေအနေမျိုးတွင် မည်သည့် နာမည်ကြီး စာရေးဆရာက ငွေသာ ပဓာနမဟုတ်၊ အနုပညာသည်သာ ပဓာနပါဟူ၍ သူ့စာမူကို ထိုးအပ်လာပါမည်နည်း။ စာအုပ်လှလှပပလေးတစ်အုပ် ထွက်လိုက်ရလျှင် ပျော်ပျော်ပါးပါး တစ်ခါလောက် ဝိုင်းလိုက်ရရုံနှင့် ကျေနပ်တတ်သော အနုပညာသမားဆိုသူတွေက ဟိုးခေတ်ဟောင်းမှာ ကျန်ရစ်ခဲ့ပြီ။ သားသည် ငွေကို ငွေနှင့်လိုက်ရမည့်အဖြစ်မှာ ငွေမရှိ၍ သူအထင်ကြီးလေးစားခဲ့သော အနုပညာသမားတွေနှင့် လမ်းခွဲရလေသည်။ သူနှင့် လက်တွဲခဲ့သော၊သူ့လိုပင် ငွေကို အလေးမထားသော အနုပညာသမားတွေလည်း သူနှယ့်ပင် မျက်မှောက်ကာလမှ လွင့်စဉ်ကျကုန်ကြပြီ။ အနှစ်မရှိသည့် တောမှာ ကြက်ဆူပင် မင်းမူနေပြီ မဟုတ်ပါလား။

'ကျွန်တော့်အနေနဲ့ကတော့ ငွေကြေးမရလို့ မဖြစ်ဘူးဗျာ၊ စာမူကိုတော့ အလှည့်ကျပေးသွားမှာပဲ၊ ဒါပေမယ့် ခင်ဗျားတို့ ထုတ်ဝေသူတွေအဖို့တော့ မနစ်နာပါဘူး၊ ဟုတ်တယ်မဟုတ်လား၊ အမြတ်ရမှ လုပ်ကြတဲ့ သူချည်းပါပဲ'

သားက တစ်ထစ်လျှော့ပြီဆိုကာမှ ဆွမ်းဆန်ထဲ ကြွက်ချေးလာရောသည့် အဖြစ်ကို သားက မခံနိုင်။

'ခင်ဗျားပြောတဲ့ ထုတ်ဝေသူဆိုတာက ထုတ်ဝေသူအစစ် မဟုတ်ပါဘူး၊ စက္ကူနဲ့ ပုံနှိပ်စက်ရှိရင် စာအုပ်ဖြစ်အောင်ရိုက်ပြီး စာအုပ်ရောင်းစားတဲ့ သူတွေပါ၊ တကယ်စာအကြောင်း စာအုပ်အကြောင်း နားလည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စာကို တန်ဖိုးထားတဲ့ ထုတ်ဝေသူစစ်စစ်က ဘယ်နှစ်ယောက်များ ရှိလို့လဲ၊ လက်ချိုးရေပြစမ်းပါဗျ’

‘ဒါကတော့ဗျာ စာအုပ်ထုတ်တယ်၊ အမြတ်အစွမ်းရတယ်ဆိုရင် ပြီးတာပေါ့ဗျ၊ လူတိုင်းမြတ်အောင် လုပ်ကြရတာချည်းပဲ မဟုတ်လား’

‘ဟုတ်တယ်လေ၊ မြတ်အောင်လုပ်တယ်၊ ငွေလိုချင်တယ်၊ ကျုပ်လဲ လိုချင်တာပဲ မလိုချင်ဘူးလို့ မညာဘူး၊ ဒါပေမယ့် ကျုပ်လိုချင်တာက ကျုပ် ယုံကြည်တန်ဖိုးထားတဲ့ ဘောင်အတွင်းကပဲ ငွေကို ရအောင်လုပ်ချင်တာ၊ လိုချင်တာ၊ ပြီးပြီးရောဆိုပြီး စာဖတ်ပရိသတ်ကို နားလှည့်ပါးရိုက်ပြီးမှ ရတဲ့ငွေကို လိုချင်တာ မဟုတ်ဘူး၊ အဲဒီလိုလုပ်စားတဲ့ သူတွေကိုလဲ ကျုပ်က ထုတ်ဝေသူလို့ မသတ်မှတ်ဘူး’

ထိုစာရေးဆရာက သားကို ကျောမခိုင်းမီ မဲ့ပြုံးပြုံးပြသွားလေသည်။ ဒီလိုဆို ခင်ဗျား ကျုပ်စာအုပ်ကို ဘာလို့ထုတ်ချင်သလဲဟူသည့် သဘော။ သား၏အကြောင်းကို သဘောပေါက်နားလည်နေပြီဖြစ်သော အမေပင် လျှင် မခံချင်။ တစ်ချိန်က သားနှင့်သား၏ အနုပညာသမား အပေါင်းအသင်းများကြားတွင် သည်လို ခံပြင်းစရာတွေ မရှိခဲ့။ သည်လို လူစားမျိုးတွေကိုလည်း သားက အပေါင်းအသင်း သိပ်မလုပ်ခဲ့။ ယခုတော့ မာနကို လျှော့ချလိုက်သည်နှင့် ဂုဏ်သိက္ခာကို ထိပါးခံရလေပြီ။

သားကတော့ သူ့စိတ်ကို ဆုံးမကာ မျက်မှောက်ကာလတွင် ဝင်ဆံ့နိုင်ရန် ကြိုးစားပါသေး၏။ အခြေအနေက သားထင်တာထက် ဆိုးဝါးလျက်ရှိ၏။

‘စာရေးဆရာက သူ့ခံယူချက်နှင့်သူ ရေးချင်တာရေး ကိုယ်နဲ့ သဘောချင်းမတူဘဲ ငွေရအောင် ထုတ်တဲ့အထိဆို တော်သေးတယ်။ ခုတော့ မိန်းမနာမည်ခံပြီး ရေးတာကို ထုတ်လိုထုတ်ကြ၊ ကိုယ်ပိုင်မရေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



စာမူဝယ်ပြီး အမည်ခံထုတ်လို ထုတ်ကြနဲ့၊ အဲဒီအထိတော့ ကျွန်တော် ရှက်တယ်ဗျာ၊ တစ်သက်လုံးလုပ်လာခဲ့တဲ့ ကိုယ့်ဂုဏ်သိက္ခာကို နှစ်ပြားမှ မတန်အောင် လုပ်ပစ်ရတာနဲ့ အတူတူဘဲ'

'ရှင်ပဲ ငွေရအောင်ရှာမယ်ဆို၊ အများတကာ ဒီလိုပဲ လုပ်နေတာ မလုပ်လို့ဖြစ်မလား'

သားသည် သူ့ဇနီးကို အထူးတလည် ပြန်လည်ဖြေရှင်းခြင်း မပြုလိုတော့သည့်တိုင် တစ်ဖက်သားအပေါ် မပြရသည့်ဒေါသတွေ အန်ကျလာ၏။

'အင်းလေ၊ မင်းက ခုချိန်မှာ ငါငွေရအောင် မရှာနိုင်တော့ ငါ့ကိုရော ငါ့စာအုပ်တွေကိုပါ အထင်သေးတာပေါ့၊ ဘယ်သူမဆို ငွေချည်းသက်သက်ရအောင်ရှာတာ ရှာလို့လွယ်ပါတယ်။ ဈေးရောင်းမလား၊ ကူလီထမ်းမလား၊ ဓားပြတိုက်စားမလား၊ နောက်ဆုံး လွယ်လွယ်ပြောရရင် မိန်းမရှင်ထောင်စားမလား၊ ဒါပေမယ့် ငွေရအောင်ရှာကြပုံချင်း မတူဘူး၊ အဲဒါကိုပြောတာ'

အမေက လှုပ်ရှားနေသော သား၏ စိတ်များကို သက်သာရာရစေရန် ဖြေသိမ့်လိုသော်လည်း စကားလုံး ရှာမတွေ့။

'ဒါပေမယ့် သား မင်းရဲ့စိတ်ကို လျှော့မှ ဖြစ်မယ်'

'လျှော့ပါတယ် အမေရယ်၊ လျှော့လို့ပဲ ကျွန်တော် ဘာစာအုပ်ဖြစ်ဖြစ် ထုတ်မယ်လို့တောင် ဆုံးဖြတ်ပြီးသားပါ၊ ဒါပေမယ့် ခံပြင်းစရာတွေ များလွန်းလို့ ပြောနေမိတာ'

သားသည် သူမျှော်မလိုက်ချင်သော ရေစီးကြောင်းကြီးများအတိုင်း လိုက်နိုင်ရန်အတွက် လိုအပ်သော အရင်းအနှီးကို ရှာရလေသည်။ ထို အရင်းအနှီးကလည်း သားပြောခဲ့သလို အရည်အချင်းမဟုတ်၊ အတွေးအခေါ် မဟုတ်၊ အနုပညာမဟုတ်၊ ငွေ။

www.burmeseclassic.com

www.burmeseclassic.com



သားတို့၏ သံယောဇဉ်ကြောင့် သားတို့အနားမှာ လာလာနေရသော အမေသည်လည်း စိတ်မော လူမောလှသဖြင့် သည်တစ်ခေါက် အညာမှာ ကြာကြာနေရန် စိတ်ကူးပြီး ပြန်လာခဲ့သည်။

သားဘဝ အစစ အဆင်ပြေပါစေဟုသာ အမေဆုတောင်းခဲ့ရလေသည်။

\+ + +

'ဘယ်လိုဖြစ်နေကြတာလဲကွယ်၊ ငါ့မြေး နေမကောင်းတာ ငါ့ကို ဘာလို့ အကြောင်းမကြားသလဲ၊ သူ့အမေကော၊ မလေးနွယ် ဘယ်သွားသလဲ'

အမေ နောက်တစ်ခေါက်ပြန်လာတော့ အိပ်ရာပေါ်မှာ ဗုန်းဗုန်းလဲနေသော မြေးမလေး နွေးနွေးကို တွေ့ရသည်။ သားသည် အမေ့ကို ရီဝေမှုန်မှိုင်း မျက်လုံးများဖြင့်သာ တုံ့ပြန်လေသည်။ သား၏ ခန္ဓာကိုယ်သည်လည်း ချုံးကျ၍ နေပါပြီကော။ သား၏ စိတ်များကို လောကဓံတရားက ထုထောင်း၍ သား၏ခန္ဓာကိုယ်ကို အရက်က လှိုက်စားလောင်ကျွမ်းစေခဲ့လေပြီ။

'ကျွန်တော် မျှော်လင့်တာတွေ ဘာတစ်ခုမှ မဖြစ်ခဲ့ဘူးအမေ၊ ကျွန်တော် မမျှော်လင့်တာတွေ အားလုံး ဖြစ်လာခဲ့ပြီ'

အမေ့မှာ ဘဝကိုရင်ဆိုင်နိုင်သည့်သတ္တိ ရှိပြီးသားမို့ မတုန်လှုပ်သော်လည်း မြေးငယ်တွေအတွက် ပူပင်သောကရောက်မိ၏။

'မလေးနွယ်၊ မလေးနွယ် ဘယ်သွားသလဲ၊ အမေ့ကို ပြောစမ်းပါ'

'သူ့လမ်းကို သူပြန်သွားပြီ အမေ'

'ဘယ်ဖြစ်မလဲကွယ် အမေ လိုက်ခေါ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သားက ခေါင်းကို တွင်တွင် ခါယမ်း၏။

'လူတိုင်းဟာ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ခွင့်ရှိပါတယ် အမေ'

'ကွယ် မင်းတို့ဟာတွေ ငါ နားမလည်ဘူး၊ ငါ့မြေးတွေ ဒုက္ခရောက်ကုန်မယ်'

ခေါင်းမာလှသော သားကတော့ အမေ့ကို ခါးသီးစွာ တားဆီးလေသည်။ အမေ သိပါသည်။ သားဟာလဲ အမေ့လိုပဲ မာနကြီးသူပဲ။ သားက အနုပညာသမားဆိုတော့ ပိုမာနကြီးသည်။ အင်းလေ လောကမှာ လူတွေဟာ မာနနဲ့ဘဝကို ရင်ဆိုင်ကြတယ်။ မာနကို ရိုက်ချိုးခံရတဲ့နေ့ဟာ အဲဒီလူအဖို့ သူတစ်ပါးထက် အခံရခက်တာ၊ အထိနာတာ အမေ အသိဆုံးပါ။

သားသည် သူ၏ ဆုံးရှုံးမှု၊ နာကျည်းမှုများကို ကြိုးစားမေ့ပျောက်ပြီး အဖတ်ဆယ်မရအောင် ပျက်စီးဆွေးမြည့်နေပြီ ဖြစ်သော သူ့အနုပညာပစ္စည်းများကို တစ်စစီလိုက်လံ စုစည်းကာ ဘဝကို အစက ပြန်လျှောက်ရန် ကြိုးစားနေလေတော့၏။

အမေက သားကို အားပေးခဲ့သည်။

လူ့ဘဝဆိုတာ နေမဝင်မချင်း အလင်းရောင်ရှိသမျှ ရုန်းကန်လှုပ်ရှားကြရမှာပါပဲ သား။ သားရဲ့ဘဝဟာ နေမွန်းတည့်ချိန်မျှပဲ ရှိပါသေးတယ် သားရယ်။

\+ + +

သား၏ ဘဝတွင် နေဝင်ချိန်ရောက်ဖို့ဆိုသည်မှာ များစွာ လိုပါသေးသည်။ နေပူသည့်ဒဏ်ကို ကြံ့ကြံ့ခံ၍ ဘဝကို ရင်ဆိုင်ရမည့် အခိုက်အတန့်သာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။ ညနေဆည်းဆာ၏ သဘာဝအလှကို ကျကျနနကြီး ခံစားဖို့ ရှိသေးသည်။ ပြီးတော့ လူ့ဘဝတွင် မိမိလုပ်ချင်ရာကို လုပ်နိုင်ဖို့ အချိန်ကောင်း အရွယ်ကောင်းမှာ ရောက်နေသည့် အချိန်ပင်ဖြစ်သည်။ လောကကြီး၏ အမြီးအမောက်မတည့်သည့် သဘာဝကို ဆန့်ကျင်တော်လှန်ကာ မိမိလိုရာခရီးကို ဆက်လက် ဦးတည်ရစမြဲပင် မဟုတ်ပါလား။

သားသည် သူ့အလုပ်ခွင်မှာ ပြန်လည် မြှုပ်နှံစပြုလာ၏။ လုပ်ချင်တိုင်း လုပ်လို့မရသော်လည်း ဒေါမနဿပွားမနေတော့ဘဲ လုပ်လို့ရသည့် ဘောင်အတွင်းမှ ပြန်လည်မတ်ထူနိုင်ရန် ကြိုးစားနေလေ၏။ အလုပ်ခွင်မှာ ဝင်ပြီဆိုသော်လည်း ထုံးစံအတိုင်း အချိန်များစွာကို စတေး ရပြန်လေသည်။ သား၏ ပင်ကိုယ်ကမကောင်းသော ကျန်းမာရေးက ယိုင်နဲ့လာသည်။

သည်လိုအခြေအနေမျိုးမှာ အမေသည် မည်သို့လျှင် သားကို ပစ်ထားခဲ့နိုင်ပါမည်နည်း။ ပြီးတော့ မြေးငယ်လေးတွေ။

နွေးနွေးသည် ကျန်းမာရေးကော စိတ်ဓာတ်ပါကျဆင်းကာ အားနည်းသော ကလေးငယ်တစ်ယောက် ဖြစ်၍နေပြီ။ ညီညီသည် မတည်ငြိမ်သော အိမ်ထောင်စု၏ အခြေအနေကို အခွင့်ကောင်းယူကာ လေလွင့်စပြုလာသည်။ပြီးတော့ အထွေးဆုံး တူးတူးသည် ပြုစုယုယမည့်သူကင်းမဲ့ကာ သနားစဖွယ်ဖြစ်၍နေသည်။ သားပြောခဲ့သလို လောကမှာ ငွေရဖို့အတွက် သူတစ်ပါးကိုနားလှည့် ပါးရိုက်စားသည်ဆိုသော လူတွေ၏ သားသမီးတွေက ကားတဝီဝီစီးကာ ဘဝ၏ အပေါ်ယံလွှာမှာ နေရာယူလျက်ရှိကြသည်။လူ့ဘဝတွင် မည်သို့နေ၍ မည်သို့ကျင့်ကြံပါမှ မိမိအတွက်အကျိုးရှိမည်ဟူ၍မပြောနိုင်တော့။ ကိုယ့်ကျင့်တရားဟူသည့် အထင်အရှား ဆိုးသွမ်းမိုက်မဲသူကာ လူဆိုးဟု အလွယ်တကူသတ်မှတ်ကာ လူ့

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှဖယ်ရှား၍ ဖြစ်သော်လည်း လူတွေကို လှည့်စားကာ အကျင့်ပျက်ဆိုးသွမ်းနေသူတွေကို ဖယ်ရှားရန် ခက်လှ၏။ သူတို့ကပင် အပေါ်စီးက နေရာယူတတ်ကြပြန်လေသည်။ ထမင်းကြမ်းကအငွေ့ထွက်နေကြပြီ။

ယခုတော့ သားသည် အခြေအနေကို ဆန့်ကျင်တိုက်ခိုက် မနေတော့ဘဲ သူ့အတွက် ကွက်ကွက်ကလေး ကျန်နေသော အစိတ်အပိုင်းကြားကပင် သူ့အလုပ်ကို အားကြိုးမာန်တက် ပြန်စနေလေပြီ။ သားသည် အားလုံးကို အလွယ်တကူ အရှုံးပေးတတ်သော လူပျော့လူညံ့မဟုတ်။ သည်အတွက် အမေ ဝမ်းသာ၏။ အဖေ အမေ၏ သတ္တိမျိုးတွေ သားမှာရှိသည်။ သည်အတွက် အမေ ဂုဏ်ယူ၏။ အမေသည်လည်း တစ်ချိန်က ဘဝကို လက်ချည်းပလာဖြင့် ရင်ဆိုင်ခဲ့ဖူးသည်။ အောင်မြင်မှုကို ရခဲ့သည်သာ။ ပြီးတော့လည်း လောကဓံ၏ အလှည့်အပြောင်းဖြင့် ဘာတစ်ခုမျှ မကျန်အောင် ဆုံးရှုံးခဲ့စဉ်ကလည်း စိတ်မပျက်ခဲ့။ လက်ရင်းကိုပြန်ရောက်သည်ဟုပင် သဘောထားကာ အစကပြန်၍ ရုန်းကန်ခဲ့သည်သာ။ သည်သို့သော သတ္တိတွေ သားဆီမှာ ရှိနေသည်မှာ မဆန်း။

BURMESE CLASSIC .com

အမေသည် သား၏ထံပါးမှ အစဉ်အမြဲ ရပ်တည်နေချင်သည်၊ သို့သော် အမေ့မှာ အချိန်အတန်ကြာ ပစ်ထားခဲ့သော လယ်ယာကိစ္စများ၊ ရှိနေသေးသည်။ သားကသူ့အလုပ်မှာ ယခင်ကလိုပင် စူးစိုက်လုပ်ကိုင်ရင်း အမေ့ကိုပြော၏။

'အမေ ပြန်ချင်ရင် စိတ်ချလက်ချသာ ပြန်ပါ အမေ၊ ကလေးတွေအတွက် ဘာမှ မပူနဲ့'

ပြန်သာလာခဲ့ရသည် အမေ့စိတ်ကတော့ လေးပါရဲ့။

လူ့ဘဝ မတည်မြဲပုံကို သိသော်လည်း သည်မျှ ရက်စက်လိမ့်မည်ဟု မထင်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုပြန်စရန် အားယူနေဆဲမှာ အလဲထိုးခံရလိမ့်မည်ဟုလည်း မအောက်မေ့။

မျှော်လင့်ချက်ရောင်ခြည်ဖြင့် အားကြိုးမာန်ဆက် ခရီးဆက်နေသူ တစ်ယောက်ကို လူ့လောကအပြင်ဘက် ရုတ်တရက် လွှင့်စဉ်သွားစေလိမ့်မည်ဟုလည်း မသိခဲ့ပါ။ တော်တည့်မှန်ကန်သော အလားအလာကောင်းတွေ ရောက်မလာမီ လှေလှော်ရင်း တက်ကျိုးရသည့်အဖြစ်မျိုးကို မတွေးခဲ့မိရိုးအမှန်။ အချိန်တန်၍သာ ဖြစ်ကြပျက်ကြမြဲ မှန်သော်လည်း စောလွန်းပါသည်ဟု နာကျည်းစွာ ထင်မှတ်မိလေ၏။

အမေ၏ အပြန်ခရီးကို သား မစောင့်ခဲ့လေတကား။

\+ \+

အရင်ရောက်နှင့်နေသူက အရင်ပြန်သွားရရိုး ထုံးစံသာ ရှိမယ်ဆိုင်တော့ အမေကသာ သားရဲ့အရင် ဘဝကို စွန့်ခွာရမှာပါ။ ယခုတော့ သားသည် အမေ့ကို နှုတ်မဆက် ဦးမချဘဲ တိတ်ဆိတ်စွာ ထွက်ခွာသွားလေပြီ။ သားသည် သူ့အဖေလိုပင် အမေ့ထံပါးမှာ စည်းစိမ်ဥစ္စာ ဗလာနတ္ထိနှင့် ရေရေရာရာ မရှိလှသေးသော သားသမီးရတနာများကို ထားရစ်ခဲ့လေသည်။

ဥယျာဉ်မှူး၏ နေဝင်ချိန်ဝယ် သူ ပြုစုပျိုးထောင်ပေးခဲ့သော ပန်းတို့သည်လည်း ပွင့်သည်ကပွင့် ငုံသည်ကငုံ၍ ကြွေသည်က ကြွေကုန်ပြီ။ သို့သော် ပန်းပေါင်းစုံသော ဥယျာဉ်နန်းသည်ကား လှပဝေဆာနေမြဲပင်။ နောက်တစ်နေ့ နေထွက်ချိန်တွင် ပန်းတို့သည် ပြန်လည်လန်းဆန်းသော သဘာဝရောင်ခြည်အောက်ဝယ် ဝင့်ထည်ကြဦးမည်မှာ အမှန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဥယျာဉ်မှူးသည် နေမင်းတစ်ဖန် ထွက်ပြူလာမည့်အချိန်ကို မစောင့်နိုင်တော့ပြီ။

သား၏ ဘဝဇာတ်သိမ်းအတွက် အမေ ပူဆွေးသော်လည်း သား၏ နောက်ဆုံးခရီး ထွက်ခွာပုံကိုကြည့်ကာ အမေ ကျေနပ်မိ၏။

တစ်ချိန်က သားနှင့်အတူ လက်တွဲခဲ့ကြသော၊ ယုံကြည်ချက်နှင့် ဘဝကို အတူရင်ဆိုင်ခဲ့ကြသော၊ အနုပညာနယ်ပယ်မှာ လည်ပင်းဖက်၍ တေခဲ့ပေခဲ့ကြသော သား၏ ရောင်းရင်း မိတ်ဆွေများသည် တစုတဝေး တပျော်တပါး သားကို လိုက်လံပို့ဆောင်နှုတ်ဆက်ကြလေ၏။

သား၏ နောက်ဆုံးခရီးမှာ ယနေ့ထိပ်သီးနာမည်ကြီး ရေပန်းစား နေသော အနုပညာကို ခုတုံးလုပ်ကာ ကြီးပွားချမ်းသာပြီး အနုပညာသမား ဟု မရှက်မကြောက်ခံယူနေကြသောသူများ ပါဝင်ခြင်းမရှိ။ သားကို လေးစား သော၊ သား၏ အနုပညာယုံကြည်ချက်ကို တန်ဖိုးထားသော သားကဲ့သို့ပင် ကျရာ အခြေအနေမှ အနုပညာဘဝခရီးကို ဆက်ဖို့ကြိုးစားနေကြသော သူတို့ကိုသာ ကျေနပ်အားရဖွယ် တွေ့ရလေသည်။ သူတို့သည် သား အတွက် နှမြောတသကောင်း နှမြောသတကြမည် ဖြစ်သော်လည်း ပူဆွေးဟန်မပြ။ မျက်ရည်မကျ။ အပိုအမို လောကဝတ်စကားကို ဟန်လုပ် ၍မဆိုဘဲ စိတ်ပါလက်ပါလိုက်ပါပို့ဆောင်ကြကုန်၏။ လောကဓံတရားကို သိနားလည်ပြီးသားသူတွေ၊ လူ့ဘဝကို ကျရာနေရာမှ သတ္တိရှိရှိ ရင်ဆိုင် နေကြသူတွေ၊ ကြမ်းတမ်းသောဘဝခရီးကို မညည်းမညူ လျှောက်နေကြ သူတွေ။ သူတို့က သားကို ချီးကျူးဂုဏ်ပြုသောအားဖြင့် ပေါင်းစုံစုဝေး ကာ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး လိုက်ပါပို့ဆောင်ကြလေသည်။

သည်မြင်ကွင်းကို သားက မြင်နိုင်သေးသည်ဆိုလျှင် သားကိုယ် တိုင်ကပင် ဝမ်းမြောက်ကြည်နူးလိမ့်မည်မှာမလွဲဟု အမေယုံကြည်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမေသည် သားမျှော်မှန်းထားခဲ့သော ဘဝရည်မှန်းချက်ရောက်အောင်တော့ ခရီးဆက်ပေးရန် မတတ်နိုင်။ သို့သော် သား၏ ယုံကြည်ချက်နှင့်စုစည်းထားခဲ့သော အနုပညာပစ္စည်းများနှင့် သားသမီးရတနာများကို ထိန်းသိမ်းကာ သား၏တစ်ပိုင်းတစ်စ ဘဝအစိတ်အပိုင်းကို ဆက်ပေးရအံ့။

မနက်ဖြန် မိုးသောက်၍ ပန်းများ ပြန်လည်ဖူးပွင့်လာချိန်ဝယ် သား၏ဝိညဉ်သည် ထိုပန်းတို့၏ မွှေးရနံ့တို့ဖြင့် ဝမ်းမြောက်ကြည်နူးခြင်းသို့ ရောက်ရှိနိုင်ပါစေသတည်းဟု အမေဆုတောင်းမိလေသည်။

**[ စစ်ပြန်။ ။ ဖေဖော်ဝါရီ၊ ၁၉၈၀ ]**

www.burmeseclassic.com

www.burmeseclassic.com



## မိုးမိုး (အင်းလျား)

(၁၉၄၄ - ၁၉၉၀)

အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင်တို့မှ ဒိုက်ဦးမြို့တွင် မွေးဖွားသည်။ ၁၉၆၄ မှ ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်သို့ရောက်သည်တွင် မိုးမိုး(အင်းလျား) ကလောင်အမည်ဖြင့် ကဗျာများ စတင်ရေးသားသည်။ ၁၉၇၄ ခုနှစ်တွင် ပထမဆုံး လုံးချင်း ဝတ္ထုရှည် လျှောက်သောလမ်းမှာ စမ်းတဝါး ကို ရေးသားသည်။ ယင်းစာအုပ်ဖြင့် ၁၉၇၄ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆုကိုလည်းကောင်း ဝတ္ထုတိုပေါင်းချုပ် စာအုပ်များဖြင့် ၁၉၈၀၊ ၁၉၈၂၊ ၁၉၈၆ ခုနှစ်တို့အတွက် ဝတ္ထုတိုဆုများကိုလည်းကောင်း ရရှိခဲ့သည်။ သူမ၏ ဝတ္ထုရှည်များကို နိုင်ငံရပ်ခြားတိုင်းပြည်များသို့ အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ ဘာသာစကားများဖြင့် ပြန်ဆို ဖော်ပြခဲ့ကြသည်။ ၁၉၈၉ မှ ၁၉၉၀ မတ်လအထိ စံပယ်ဖြူမဂ္ဂဇင်း စာတည်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ(ဝတ္ထုတို) ဆုရ မှောင်းဝတ္ထုတိုများ မှာ မှောင်းများတွင် ဝတ္ထုရှည်အဖြစ် ထည့်သွင်းဖော်ပြခဲ့သည့် ဝတ္ထုများ ပါဝင်ပြီးဖြစ်သည်။ ၁၉၈၀ ခုနှစ်တွင် မိုးမိုး(အင်းလျား)၏ မှောင်း ဝတ္ထုရှည်များ အမည်ဖြင့် ပထမအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့သည်။

www.burmeseclassic.com